



**အပ္ပမာဒေါ အမတံ ပဒံ**

ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

အပ္ပမာဒ စာစဉ်

အမှတ်(၁၈၉)၊ ရွှေဝါထွန်း(၂)ထပ်း၊ (၃၃)ဂုပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း-၅၈၄၇၃၈

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မအားလေ့လာခြင်း

**ပထမအကြိမ် ၊ အုပ်ရေ (၂၀၀၀) ၂၀၀၁ ခုနှစ် ၊ ဇန်နဝါရီလ**

| | |
|---|---|
| စာမူခွင့်ပြုချက် | – ၈၈၀/ ၂၀၀၀ (၁၂) |
| အဖုံးခွင့်ပြုချက် | – ၇၇၁/ ၂၀၀၀ (၁၂) |
| မျက်နှာဖုံးပန်းချီ | – ပန်းချီ ကျော်မင်းမောင် |
| အတွင်းပန်းချီ | – ပန်းချီ မောင်မောင်သိုက် |
| စီစဉ်ဖြန့်ချိသူ | – ဒေါ်သီဂီမိုး |
| ထုတ်ဝေသူ | – ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေတိုက်) (၀၁၂၉၉) ၊ ၈/၆၅ ၊ အုပ်စု (၃) အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံးနှင့်အတွင်းပုံနှိပ် | – ရွှေနိုင်ငံပုံနှိပ်တိုက် ဦးမောင်မောင်လှ၊ (မြ–၀၅၇၄၅) အမှတ်၊၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့ ။ |
| ဖြန့်ချိရေး | – အပ္ပမာဒစာစဉ် အမှတ်(၁၈၉) ၊ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။ ဖုန်း–၅၈၄၇၃၈ |
| တန်ဖိုး | – **(၆၀၀) ကျပ်** |


**မြသန်းစံ**

**ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း**

*http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# မာတိကာ


စာရေးသူ၏ နိဒါန်းစကား

၁။ အခန်း (၁) ၁

နိဒါန်းပိုင်း

၂။ အခန်း (၂) ၁၇

ရာဇဂြိုဟ်မြို့မှ သီရိမာ

၃။ အခန်း (၃) ၃၅

အရှင်ကုမာရကဿပ၏ မယ်တော်

၄။ အခန်း (၄) ၇၃

ခေမာမိဖုရားကြီး

၅။ အခန်း (၅) ၁၀၉

ပီတမလ္လ မထေရ်

၆။ အခန်း (၆) ၁၄၁

နိဂုံးပိုင်း

၇။ ကျမ်းကိုးစာရင်း ၁၆၈




## စာရေးသူ၏နိဒါန်းစကား

ၓၥၔၓၥၔ

(၁)

၁၉၉၉–ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့ကဖြစ်သည်။ ကျွန်တော်နှင့် ဆရာချစ်ဦးညိုတို့နှစ်ဦး ပြည်ဒီဂရီကောလိပ် ဗုဒ္ဓယဉ်ကျေးမှုဟောပြောပွဲကို သွားရောက်ဟောပြောရသည်။ဖိတ်ကြားသူမှာ ပြည်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးမြဝင်း (စာရေးဆရာမြဝင်း (ဒဿန))ဖြစ်သည်။ ဒါက ဟိုတုန်းကအသုံးအနှုန်း၊ အခေါ်အဝေါ်၊ ယခုမူ ပြည်ဒီဂရီကောလိပ်သည် ပြည်တက္ကသိုလ် ဖြစ်နေပေပြီ။ ဆရာဦးမြဝင်းမှာလည်း ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဖြစ်နေပေပြီ။ ထိုအချိန်တုန်းက ကျွန်တော်သည်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်……။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။





ဝန်ထမ်း ဘဝမှာရှိသေးသည်။ ယခုတော့ ကျွန်တော်သည် ဝန်ထမ်းမဟုတ်တော့။ သာမန်အရပ်သားတစ်ဦး ဖြစ်၍နေပေပြီ။

ဘာမျှမကြာလိုက်သော အချိန်အတိုင်းအတာအတွင်း ပြောင်းလဲမှု တွေက အများကြီးပင်။

ထားတော့။ ကျွန်တော်ပြောလိုသည်မှာ ထိုနေ့ကဟော ပြောပွဲ အကြောင်းဖြစ်သည်။ ထိုနေ့ဟောပြောပွဲတွင် ဆရာ ချစ်ဦးညိုက "သန္တိသုခ နိုင်ငံသို့ ပထမခြေလှမ်းများ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ကျွန်တော်က "ခန္ဓာအိမ် အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း"ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဟော ပြောပွဲအတွက် ခေါင်းစဉ်တစ်ခုစီပေးပါဆို၍ ထိုအချိန်ကပေါ်လာ သော စိတ်ကူးတွင် ထင်ဟပ်နေသည့် စကားလုံးအစုအတွဲကို ကောက်ကာ ငင်ကာ ပေးခဲ့မိခြင်းဖြစ်သည်။ ခေါင်းစဉ်ပေးပြီးပြီဆိုတော့ ခေါင်းစဉ်ပေါ်လွင် အောင် အကြောင်းအချက်တွေ ရှာဖွေရ၊ လေ့လာရမှတ်သားရသည်။ သို့သော်ဟောပြောသည့် အခါတွင်မူ အချိန်ကန့်သတ်ချက်၊ ပရိသတ်အပေါ် အားနာမှု၊ စာရေးဆရာ နှစ်ယောက်ဖြစ်၍ တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာနေရမှု တို့ကြောင့် စုဆောင်းမှတ်သားခဲ့သလောက် အကုန်ပြောခွင့်မရပါ။ တစ်နည်းဆိုရသော် ဟောပြောပွဲပြီးသော်လည်း ပြောစရာတွေ အများကြီးချန်ခဲ့ရသဖြင့် ကိုယ့်ကိုယ်ကိုအားမရကြ။ ဟော ပြောပွဲတိပ်ခွေကို ပြန်နားထောင်သောအခါ ကွက်လပ်ပေါင်းများ စွာ ဖြစ်နေသော ကိုယ့် ဟောပြောချက်အပေါ် ထပ်မံအားမရဖြစ် ရပြန်သည်။ မူလကစီစဉ်ထား သည်မှာ ဟောပြောပွဲပြီးပါက လုံး

ကောက်ဖော်၍ စာအုပ်ထုတ်ရန်ဖြစ်သည်။ သို့သော် ကျွန်တော် တို့ မထုတ်ဖြစ်တော့။ စာအုပ်မထုတ်ဖြစ်တော့၍ ပွဲပြီးသွားပြီဟု မထင်လိုက်ပါနှင့်။ ကျွန်တော့်ခေါင်းစဉ်ကြီးက ကျွန်တော့်ကို အမြဲ တမ်း ခြိမ်းခြောက်နေလေသည်။ ဟောပြောပွဲပြီးသော်လည်း ကျွန်တော့် စိတ်ထဲက ထိုခေါင်းစဉ်နှင့်ပတ်သက်သည့် အကြောင်း အရာတွေကို ပြောနေ ဖြစ်ပြန်သည်။ ထိုခေါင်းစဉ်နှင့် ပတ်သက် သည့် အကြောင်းအချက်တွေကို စာအုပ်ထဲမှလည်းကောင်း၊ ကျွန်တော့်ခန္ဓာအိမ်ထဲမှလည်းကောင်း ထပ်မံ ရှာဖွေနေမိပြန်သည်။ သို့နှင့် ကျွန်တော်သည် ဆရာချစ်ဦးညိုထံ ဖုန်းဖြင့်ပြောလိုက် မိသည်။

"ဆရာတော့မသိဘူး။ ကျွန်တော်တော့ ကျွန်တော်ပြော ခဲ့တဲ့ ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မအားလေ့လာခြင်း အမည် နဲ့ စာအုပ်တစ်အုပ်ရေးကြည့်မလို့"

ဤသို့ဖြင့် ဤစာအုပ်ကို ကျွန်တော်စရေးဖြစ်သွားခြင်း ဖြစ်သည်။ သည့်အတွက် ဟောပြောပွဲဖြစ်မြောက်အောင် စီစဉ်ခဲ့ သည့် ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာဦးမြဝင်း(ဒဿန)နှင့် ပြည်တက္ကသိုလ် ဆရာဆရာမများကို ကျေးဇူးတင်မိပါကြောင်း ပဏာမဆိုချင်ပါသည်။

(၂)

"ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း"

တကယ့်တကယ် ခေါင်းစဉ်အောက်၌ စာချရေးကြည့်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သောအခါ ထင်သလောက်မလွယ်လှ။ ခေါင်းစဉ်၏အဓိပ္ပါယ်က အကျယ်ကြီးဖြစ်သည်။ ကျွန်တော်က ယခုမှ 'အသိ'၏နောက် ကွယ်၌ ပုန်းအောင်းနေသည့် 'ဉာဏ်' ပိုင်းဆိုင်ရာကို ပြုစုပျိုးထောင် ဆဲကာလ။ သည်ခေါင်းစဉ်ကြီးက ကျွန်တော်နှင့် မတန်မရာဖြစ်နေ သည်။ ကျွန်တော်၏ လေ့လာအားကနည်းနေသေးသည်။ ခေါင်းစဉ် ကကြီးမားနေသည်။ သို့သော် စမိမှတော့မထူးဟုဆိုကာ ကျွန်တော် ဝီရိယစိုက်ထုတ်ရပါတော့သည်။

မဂ္ဂစာပေဆိုင်ရာစာအုပ်တွေအများကြီး ဖတ်ရသည်။ တရားထိုင် ချိန်တွေ အများကြီးပေးရသည်။ တရားမဂ္ဂနာကြားချိန် တွေ အများကြီး ရင်းနှီး ရသည်။ ဘုရားရှင်သက်တော်ထင်ရှားရှိ စဉ်က ဇာတ်ဆောင်တို့၏ ပုံရိပ် များ။ဘုရားရှင်၏ပါရမီခရီးတလျှောက် ဘဝပေါင်းများစွာကျင်လည်ခဲ့စဉ်က ကြုံခဲ့ရသော ဆက်ဆံထိတွေ့ ခဲ့ရသော ဇာတ်ဆောင်တို့၏ပုံရိပ်များ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နောက်ပိုင်းမှ ပေါ်ပေါက်လာခဲ့ကြသော ဇာတ်ဆောင်တို့၏ပုံရိပ် များ စသည်ဖြင့်စုံအောင်လေ့လာရသည်။ ဉာဏ်ဖြင့်သုံးသပ်ဆင် ခြင်ကြည့် ရသည်။ စိတ်ဝင်စားစရာတွေက အနန္တ။ သို့သော် သိသမျှ လေ့လာမိသမျှ အကုန်ချရေး၍လည်းမဖြစ်ပြန်။ များလွန်း လျှင်လည်း ဟုန်သွားမည်။ စာအုပ်ကြီး သိပ်ထူသွားမည်။ ဈေးနှုန်း မြင့်သွားမည်။ စာအုပ်သိပ်ထူပြီး ဈေးနှုန်းမြင့်သွားပြန်လျှင်လည်း ဖတ်ဖို့နေနေသာသာ မည်သူမျှ ထိကြ ကိုင်ကြတော့မည်မဟုတ် တော့။ စာအုပ်ရေးမည့်သူတစ်ဦး၊ စာအုပ်ထုတ်မည့် သူတစ်ဦးသည် ဈေးကွက်ကိုလည်း ကြည့်တတ်ရမည်။ ပရိသတ်အလိုကိုလည်း



နားလည်ရမည်။ ပရိသတ်ဘက်သို့လည်း ကိုယ်ချင်းစာ ငဲ့ညှာတတ် ဖို့လိုသည်။ ပရိသတ်ဘက်မှ ရပ်တည်၍ သဘောပေါက်တတ်ဖို့ လည်းလို သည်။ ဒါတွေကိုနားမလည်လျှင် ကိုယ်ပေးချင်သည့် Massage သည် ပရိသတ်ဆီရောက်မည်မဟုတ်တော့။

ပြီးတော့ ကျွန်တော်သည် ဓမ္မကထိကလည်းမဟုတ်။ ကမ္မဋ္ဌာနာ စရိယလည်းမဟုတ်။ ကျွန်တော်သည် ဓမ္မကိုစိတ်ပါဝင် စားစွာလေ့လာ နေ သော လူပုဂ္ဂိုလ်တစ်ဦးသာဖြစ်သည်။ ကျွန်တော့် တွင် ဓမ္မနှင့်ပတ်သက်သည့် ပြောရေးဆိုခွင့်လက်မှတ်တွေ ဘာတွေ ရထားသည်လည်းမဟုတ်သော ကြောင့် ချင့်ချင့်ချိန်ချိန်ပြောဆို တတ်ဖို့ လိုအပ်သည်ကိုလည်း ကိုယ့်ကိုယ် ကိုသတိထားမိသည်။

သို့နှင့်ကျွန်တော်သည် စာပေအနုပညာဘက်မှလှည့်၍ တင်ပြဖို့ရန် ချဉ်းကပ်ရသည်။ စာပေအနုပညာဆိုသည့် ဘက်က လည်း အကျယ်ကြီး ဖြစ်နေပြန်သည်။ အလင်္ကာ၊ ဂုဏ်၊ ရသဆို တာတွေသည် စာတစ်ပုဒ်တွင် မရှိမဖြစ်၊ မပါမဖြစ်ပါရပေဦးမည်။ သို့မှသာ ဓမ္မနှင့်ရသပေါင်း၍ 'ဓမ္မရသ' ဖြစ်မည်။ ဤတွင် ဓမ္မနှင့် စာပေရသကို ရောစပ်ရာတွင် အချိုးအဆသည် အရေးကြီးလှသည်။ ဓမ္မဘက်ကို အချိုးအဆများသွားလျှင် စာပေရသဘက်၌ ကျဆင်း သွားမည်။ ဆွဲဆောင်မှုမရှိ။ ဖတ်၍မကောင်း။ စိတ်ဝင်စားဖွယ် အားနည်းလိမ့်မည်။ ဆုံးမစာသဘောမျိုးဖြစ်မည်။ ကိုယ်က ဘုရား ကိုယ်စား ဝင်၍ ဆုံးမရလောက်အောင် ကြီးကျယ်မြင့်မြတ်လှသူ လည်းမဟုတ်သေး။ ဒါကိုလည်း သတိပြုရသည်။ တစ်ဖန်စာပေ ရသဘက် များသွားပြန်လျှင် လည်း စိတ်ကူးအတွေးနယ်ပယ်ဘက်

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆီသို့ ဦးတည်သွားလိမ့်မည်။ ဓမ္မသည် ဉာဏ်ကိစ္စ။ အတွေးသည် ဉာဏ်မဟုတ်။ ဆိုရလျှင် စကားလုံးတွေ စုဝေးထားသော စကားပြေသည်ပင်လျှင် ဓမ္မနယ်ပယ်၊ ဉာဏ်၏နယ်ပယ်မှ အကြောင်းတရားတွေကို စကားလုံးဘာသာစကားတို့ဖြင့် ပြန်လည်မှန်းဆပုံဖော်ရ ခြင်းဖြစ်သည်။ သည်တော့ သည်နေရာတွင် အချိန်အဆသိပ်လိုသည်။ သည် အချိန်အဆသည်လည်းကျွန်တော်ကချိန်ဆ၍မရပေ။ ကျွန်တော်ရောက်နေ သော ဉာဏ်အတိုင်းအထွာကသာ သူ့ဘာသာသူချိန်ဆ လုပ်ကိုင်သွားခြင်း ဖြစ်သည်။ ကျွန်တော်ဉာဏ်ထက်လျှင် ထက်မြက်သလောက် ချိန်ဆမှု၌ တိကျမှန်ကန်နေပေလိမ့်မည်။ ကျွန်တော်ဉာဏ်နုံ့လျှင် နုံ့သလောက်လည်း ချိန်ဆမှု၌ အယိုင်ယိုင် အနဲ့နဲ့ဖြစ်နေပေလိမ့်မည်။

သို့ဖြင့် ချိန်ရင်း၊ ဆရင်း၊ လေ့ကျင့်ရင်း၊ ကြိုးစားအားထုတ်ရင်းမှ ဤစာအုပ်ကို ကျွန်တော်ရေးနေမိပေသည်။

(၃)

အမှန်တကယ်တွင် ဤစာအုပ်ရေးရက်သည် (၆)ရက်မျှသာ ရှိပါသည်။ အခန်းတစ်ခန်းလျှင် တစ်ရက်ပဲရေးရပါသည်။ အခန်း (၆)ခန်း ဆိုတော့ (၆)ရက်သာကြာပါသည်။ ဒါကလက်ကချရေးချိန်ဖြစ်ပါသည်။ သို့သော်စိတ်ထဲမှာ ရေးရသည့်အချိန်က အားလုံးတစ်နှစ်နီးပါးကြာမြင့်ခဲ့သည်။ စိတ်ထဲမှာ အမြဲရေးနေခြင်းဖြစ်သည်။ အခန်းတစ်ခန်းနှင့်တစ်ခန်းကြားတွင် လက်ကချမရေးဖြစ်ဘဲ စိတ်ထဲကရေးနေသောအချိန်ချည်းသက်သက် သုံးလခန့်



ကြာချင်ကြာသွားတတ်သည်။ စဉ်းစားရင်း၊ စိတ်ထဲရေးရင်း၊ အထပ်ထပ် စစ်ချပြီးကာမှ အခန်းတစ်ခန်းကို တစ်ရက်တည်းနှင့် ရေးဖြစ်သွား ခဲ့ခြင်းဖြစ်ပါသည်။ အခန်းတစ်ခန်းရေးပြီးတိုင်းလည်း သက်ပြင်းအထပ်ထပ် ချ၍ သံဝေဂဉာဏ်တွေ ထင်ဟပ်ခဲ့သည်မှာလည်း အကြိမ်ကြိမ်ဖြစ်ပါသည်။

ကျွန်တော်ရေးသား တင်ပြနေသော ဇာတ်ဆောင်၏ လှုပ်ရှားမှုနှင့် တရားသံဝေဂဉာဏ်အမြင် ထင်ဟပ်မှုတွေထဲတွင် ကျွန်တော့်စိတ်ကူးတွေပါ တစ်ပါတည်း စီးဝင်နစ်မျောလိုက်ပါသွားခဲ့ပါသည်။ သို့သော် ကျွန်တော် ရေးသားတင်ပြနေသော ဇာတ်ဆောင်တွေကသာ အချိန်တန်၍ (စာဆုံး၍) အရဟတ္တမဂ်ဉာဏ်ရသွားကြသော်လည်း စာရေးသူ ကျွန်တော်ကား သည် အတိုင်း။ သည်အတိုင်းကျန်ရစ်ခဲ့ပါသည်။ ဇာတ်ဆောင်တို့ အရဟတ္တမဂ်ဉာဏ်ကိုရသည့်အချိန်တွင် ကျွန်တော့်စိတ်ကူးသည် လိုက်ပါသွား၍မရ တော့ပါ။ သူတို့ဖြစ်စဉ်တွေက တကယ့်အဖြစ်အပျက်၊ သူတို့ရသွားသည်က အမှန်တကယ်လွတ်မြောက်သွားခြင်း။ ကျွန်တော်က ပြန်လည်ပုံဖော်ရေးသား ပြောပြနေသူ။ ထိုအခါ ကျန်ရစ်ခဲ့သူ ကျွန်တော်သည် ရင်အမောကြီး မောသွားရပါတော့သည်။ ဤနေရာတွင် ကျွန်တော်သည် စာရေးနေရင်းမှပင် ကြီးစွာသောသံဝေဂတရားတွေ ရခဲ့မိပါသည်။ စိတ်ကူး၊ အတွေးဟူသည် ဉာဏ်မဟုတ်ပါလားလို့လည်း ကိုယ်တိုင်ခံစားနားလည် လာမိပါတော့သည်။ တစ်ချိန်တုန်းက ဥပဇ္ဈာယ်ဆရာတော်တစ်ပါးထံ ကျွန်တော်ရောက်လေတိုင်း ''စိတ်ကူးအတွေး

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်……။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နှင့် ဉာဏ်ဘယ်လိုကွာသလဲဘုရား''ဟု မေးခဲ့ဖူးပါသည်။ ဆရာတော်က ''ဒကာကြီးကိုယ်တိုင် တစ်ချိန်ချိန်နားလည်လာပါလိမ့်မယ်၊ သူများပြောလို့နားလည်တာထက် ဒကာကြီးကိုယ်တိုင် သိလာတာက အဖြေ ပိုရှင်းပါလိမ့်မယ်''ဟု ဆုံးမခဲ့ဖူးပါသည်။ ယခုတော့ ဆရာတော်ဆုံးမခဲ့သည့် စကားမှန်ကန်ကြောင်း ဆရာတော်ဆုံးမခဲ့အပြီး သုံးနှစ်ကျော်ကျော်ကြာမှ ကျွန်တော်သဘောပေါက်မိပါတော့သည်။

ဆိုရလျှင် ဤစာအုပ်ရေးသားဖြစ်ခဲ့ခြင်းကြောင့် ကျွန်တော်သင်ခန်းစာများစွာရခဲ့ပါသည်။ သိအောင်လည်းလေ့လာ ရသလို၊ လေ့လာ သမျှလည်း ဝေဖန်ဆန်းစစ်တွေးခေါ်ရပါသည်။ သို့သော် ဝေဖန်ဆန်းစစ် တွေးခေါ် ဆင်ခြင်ရုံနှင့်မပြီးပါ။ အသိ၊ အတွေးတွေ မှန်မမှန်ကျင့်ကြံရပါသည်။ ကျင့်ကြံပြီးတော့လည်း ကျင့်ကြံသည့်နယ်ပယ်ထဲမှ သိခဲ့ရသမျှတွေကို ဘုရား ဟောတွေနှင့် တိုက်ဆိုင်စစ်ဆေးရပြန်ပါသည်။ ထိုအခါမှ သိပုံသိနည်းမှန် မမှန်နှင့် သိမှု၏သဘော သဘာဝဆိုသည်ကိုလည်း နားလည်ခွင့်ရပါတော့သည်။ ထို့ကြောင့် သိရုံနှင့်မရပါ။ အသိမှန်မမှန်ကျင့်ကြံရပါသည်။ တစ်ဖန်ကျင့်ကြံနေရုံနှင့်မပြီး။ ကျင့်ကြံမှုမှန်မမှန် ''သိခြင်းတရား မှတ်တမ်းများ''နှင့် ပြန်လည်တိုက်ဆိုင်ရပြန်ပါသည်။ ကျင့်ဖို့အတွက် သိဖို့လို သလို သိရန်အတွက်လည်း ကျင့်ရပါသည်။ တစ်ဖန်ကျင့်၍ရသောအသိ မှန်မမှန်ကိုလည်း ရှေးရှေးကသိသွားခဲ့သော ပုဂ္ဂိုလ်များ၏ အဆုံးအမ ဒေသနာများနှင့် ချိန်ထိုးရပြန်ပါသည်။ ဝိဇ္ဇာ-အသိနှင့် စရဏ-အကျင့် တရားတွေသည် ယှဉ်တွဲ



ဆက်စပ်နေကြောင်း ယခုမှကျွန်တော်ပိုမိုနားလည် လာရပါသည်။

တကယ်တော့ ''ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာ ခြင်း''ဟူသည် မည်သည့်အခါမျှ ပြီးဆုံးသွားမည်မဟုတ်ပါ။ နောက်ဆုံး ထွက်သက်အထိ ဆက်လက်လေ့လာသွားနေရဦးမည်ဆိုသည်ကိုလည်း ကျွန်တော်ကိုယ် ကျွန်တော်နားလည်နေမိပါတော့သည်။


၄-၁၂-၂၀၀၁

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။


http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

အခန်း (၁)

ညိဝါည်းမှိုင်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။



ထို့ကြောင့် စိတ်ဟူသည် ကျင်လည်ကျက်စားရာ အာရုံများအား အပန်ပန်အထပ်ထပ်ပေါ်စံစားတက်သည်မို့ ထိုအာရုံတွေကို ကုသိုလ်အာရုံအဖြစ်ပန်တီးပြုလုပ်ထားဖို့ အရေးကြီးလှသည်။ သို့မှသာ အပန်ပန်အထပ်ထပ်ပုံပေါ် စံစားတိုင်းကုသိုလ်တွေ အထပ်ထပ်ဖြစ်ပေမည်။ ထိုအခါ အာစိဏ္ဏကံကောင်းသဖြင့် ဘဝကူးအတွက် စိတ်ချပေရော့။ ထို့ကြောင့်ပင် ဘုရားရှင်အဆက်ဆက်သည် "ကုသိုလ်မှန်သမျှ လုပ်ဖို့၊ အကုသိုလ်မှန်သမျှမလုပ်ဖို့၊ မိမိစိတ်ကို ဖြူစင်အောင်ထားဖို့" ဟောကြားခဲ့ကြသည်မဟုတ်ပါလား။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း

## အခန်း(၁)

(၁)

နှင်းငွေ့တွေက ပါးပါးကလေးရှိနေဆဲပင်။ နံနက်လင်းခါနီးမှ အအေးဓါတ်က ပိုကဲလာသည်။တည်းခိုဆောင်မှ ထွက်လိုက်သည်နှင့် နှင်းလွှာ တို့၏ ပွေ့ဖက်မှုကိုခံရသည်။ အေးစိမ့်သောလေသည် နှာသီးဝမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ဝင်လာသည်။ လေကောင်းလေသန့်ကို ရှူရှိုက်လိုက်ရ သဖြင့် လန်းဆန်းသွားလေသည်။

တည်းခိုဆောင်ဝင်းအတွင်း လျှောက်လမ်းကလေးများ





အတိုင်း လျှောက်လာမိသည်။ လျှောက်လမ်းကလေးတွေသည် နှစ်ပေကျော်ခန့်ကျယ် သော အုတ်စီလမ်းကလေးတွေဖြစ်သည်။ လျှောက်လမ်းဘေးတစ်ဖက်တစ်ချက်တွင် မြက်ခင်းစိမ်းစိမ်းကလေးတွေရှိသည်။ မြက်ခင်းတို့၏ အနားသတ်ကို ပန်းမျိုးစုံ၊ ပန်းရောင်စုံတို့ဖြင့် ဘောင်ကွပ်ထား၏။ မြက်ခင်းအလယ်တွင်မူ အပင်ကြီးမျိုးစုံရှိသည်။

နှင်းရိုက်ထားသဖြင့် မြက်ခင်းစိမ်းစိမ်းတို့သည် စိုစွတ်နေလေသည်။ အချို့ပန်းပွင့်တွေပေါ်မှာ နှင်းစက်တို့သီးဖွဲ့နေ၏။ ရနံ့မဲ့သော ပန်းဖြစ်စေကာမူ နှင်းခနေသဖြင့် ရနံ့ရှိသည်လို့ထင်ရသည်။ အမှန်တော့ နှင်းနံ့ပါပေ။ ရနံ့ရှိသော ပန်းတို့ကမူ နှင်းစက်တို့ ပွေ့ဖက်သဖြင့် ပင်ကိုယ်ရနံ့တွေကို ခပ်အုပ်အုပ် ကလေး ထုတ်လွှတ်ပေးနေသည်။ပန်းရနံ့တို့သည် မြေကြီးကို နှင်းရိုက်ထားသဖြင့် ထွက်လာသော မြေသင်းနံ့တို့နှင့်အတူ ထွက်ပေါ်လာနေသည်။

နံနက်(၆)နာရီကျော်ပေပြီ။ နေမထွက်သေး။ သို့သော် အလင်းမျှင် တန်းတို့ကမူ အမှောင်ထုကို ထိုးဖောက်နေရာယူစပြုနေပြီ။ထို့အတွက် ပုံရိပ် တို့ကို ပုံသဏ္ဍာန်ကွဲရုံမျှ မြင်တွေ့ခွင့်ရနေပေပြီ။ တည်းခိုဆောင်ဝင်း အပြင်သို့ ရောက်သည်။ တည်းခိုဆောင်ဝင်းကို သဘာဝခြံစည်းရိုးဖြစ်သော ရှားစောင်း ပင်တွေဖြင့် ကာရံထားသည်။ ထန်းပင်ကြီးတွေကို ထက်ခြမ်းဖြတ်ပြီး တည်းခိုဆောင် အပြင်နံရံများအဖြစ် ကာရံအသုံးပြုထားခြင်းသည် တစ်မူထူးခြားနေသည်။ သည်တည်းခိုဆောင်မှာ လာရောက်နေထိုင်သူများ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည် ထန်းလုံး အိမ်ကြီးတွေထဲနေ နေရသလိုပင်။

ထန်းလုံးဖြတ်နံရံတည်းခိုဆောင်များနှင့် တဖြည်းဖြည်း ဝေးလာခဲ့ပြီ။ မြေနီလမ်းကလေးပေါ်တွင်နောက်ထပ်တည်းခိုဆောင် များကို ထပ်တွေ့ရပြန် သည်။ နှစ်ထပ်အမြင့် မှန်နံရံစားသောက် ခန်းမကြီးထဲတွင် နံနက်စောစော စားသုံးနေကြသော နိုင်ငံခြား သားအချို့ကို လှမ်းတွေ့ရသည်။ အောက်ထပ် ဆင်ဝင်ဆောင် ရှေ့တွင် မှန်လုံကားတစ်စီးကိုတွေ့ရသည်။ လေ့လာရေးအဖွဲ့တွေ ပဲ။

မြေနီလမ်းကလေးဆုံးသောအခါ ကတ္တရာလမ်းပေါ်သို့ ရောက်သည်။ သည်နေရာတွင် ကတ္တရာလမ်းသည် ပစောက်ပုံ လမ်းကွေ့ဖြစ်နေ သည်။ ကတ္တရာလမ်းဘေးဘယ်ညာတွင်လည်း နောက်ထပ်တည်းခိုဆောင် တွေ ထပ်တွေ့ရပြန်သည်။ ကတ္တရာလမ်းက ပစောက်ပုံဖြင့် ညာဘက်သို့ ကွေ့ချိုးသွားသည်။ ကတ္တရာ လမ်းကြောအတိုင်း ဆက်လိုက်မသွားတော့ပါ။ မြေနီလမ်းပေါ်သို့ ဆင်းချလိုက်သည်။ကွင်းပြင်ကျယ်ကြီး အလယ်ကောင်သို့ ရောက်သွားရသလိုပင်။ ရှေ့နားမှာ ဆိုင်းဘုတ်ကလေးတစ်ခု။မှန်းစမ်း။ ဘာများပါလိမ့်။ ဆိုင်းဘုတ်မှာ ကွေ့သွားသော ကတ္တရာလမ်းဘက် သို့ မျက်နှာမူနေသဖြင့် အဝေးမှဖတ်၍မရ။ဆိုင်းဘုတ်ရှေ့သို့ ရောက်အောင် လျှောက်သွား ရပြန်သည်။ ဆိုင်းဘုတ်ရှေ့သို့ရောက် ပြီ။ ယှက်သန်းစပြုလာသော အလင်း ရောင်ဖြင့် ဆိုင်းဘုတ်ကို ထင်ထင်ရှားရှားမြင်လိုက်ရသည်။





## ပုဂံမြို့

ကျွန်တော်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ဘာကြောင့်မှန်းမသိ။ ကျွန်တော်သည် ပုဂံရောက် တိုင်း ကိုယ့်အိမ်ကိုယ်ရာကို ပြန်ရောက် သလိုခံစားရသည်။ ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြင်းခဲ့သော် လည်း အားလပ်မှုရှိသည်နှင့် ကျွန်တော်သည် ပုဂံသို့ ပြေးလာချင် နေသည်။ ပုဂံကို ဘယ်နှခေါက်ရောက်ရောက်၊ ကျွန်တော့် စိတ်ထဲ တွင် ရိုးသွားသည်၊ ငြီးငွေ့သွားသည်ဟူ၍မရှိ။

ကားလမ်းသင့်၍ သည်ဒေသအတွင်းရောက်ခဲ့ဖူးသည့် နေရာများစွာ ရှိသော်လည်း ကားဖြင့်သွားရန်ခက်ခဲသဖြင့် ကျွန်တော် မရောက်ဖူးသော နေရာများစွာလည်း ရှိနေသေးသည်။ သည့်အတွက် ကျွန်တော်သည် ယခု တစ်ခေါက် ပုဂံသို့ သီးသန့်လာခဲ့ခြင်းဖြစ်သည်။ တည်းခိုရာနေရာတစ်ခုတွင် အခြေပြု၍ နံနက်စောစောထကာ မြေ အနှံ့၊ ခြေဆန့်မည်။ ဝေနေယျ သတ္တဝါတွေကို မေတ္တာပို့မည်။ မကျွတ်မလွတ်သေးသူ ဝေနေယျတို့ကို ကိုယ်ပြု ခဲ့သမျှကုသိုလ်တွေ ကို အမျှအတန်းပေးဝေမည်။ ပြီးလျှင် တည်းခိုဆောင်သို့ ပြန်၍ စာဖတ်မည်။ စာရေးမည်။ တရားထိုင်မည်။ တရားခွေနာကြား မည်။ သည်ရည်ရွယ်ချက်တွေဖြင့် ကျွန်တော်သည် ပုဂံမြေသို့ ခြေချ ခဲ့ခြင်းဖြစ် ပါသည်။

သည်အခွင့်အရေးတွေ ရဖို့အတွက် ကျွန်တော်သည် အချိန် အတိုင်းအတာတစ်ခုကို မျှော်လင့်စောင့်စားခဲ့ရသည်။ ယခုတော့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လည်း ကျွန်တော် မျှော်လင့်စောင့်စားခဲ့ရသော အချိန်သည် ရောက်လာခဲ့ပြီဟု ဆိုရ ပေမည်။ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးအဖြစ် (၁၉)နှစ်ကျော်၊ အနှစ် နှစ်ဆယ် နီးပါးခန့် တာဝန်ထမ်းဆောင်ခဲ့ရာမှ အငြိမ်းစားယူခွင့်ရသောအခါ ကျွန်တော့်မှာ ဝန်ထမ်းဆိုသည့်အတိုင်း ထမ်းထားရသောဝန်ကို ပြန်လည်အပ်နှံလိုက်ရသဖြင့် လွတ်လပ် ပေါ့ပါးသွားသည်သို့ရှိသည်။

အစပထမပိုင်း၌ နေပင် မနေတတ်။ နံနက် (၉)နာရီမှ ညနေ(၄)နာရီ အထိအချိန်ကို ကိုယ်မပိုင်သောအချိန်ဟု သတ်မှတ် ထားချက်သည် စိတ်ထဲတွင် ခေါက်ရိုးကျိုးနေပေပြီ။ သည်အချိန် အတွင်း၌ ကိုယ်ဝါသနာထုံမွေ့ရာ ဓမ္မစာပေလေ့လာမှတ်သားခြင်း၊ ဓမ္မဆိုင်ရာအသိအမြင်အတွက် ကျင့်ကြံ အားထုတ်ခြင်းတို့ကို ဆောင်ရွက်မည်ဟု မူလက မှန်းထားခဲ့သမျှသည် ရုတ်တရက် ချက်ချင်းအကောင်အထည်ဖော်၍ မရနိုင်။ ''မင်းလိုချင်တဲ့အချိန် တွေ ရပြီလေကွာ။ လုပ်တော့လေ'' ဟု ကျွန်တော့်စိတ်က အမိန့် ပေးနေသော် လည်း လက်တွေ့၌ မလုပ်ဖြစ်ပါ။ရုံးချိန် ရုံးအလုပ်ဟူ သည် ကျွန်တော့်စိတ်တွင် နေရာများစွာယူထားသည်ကော။

ရုံးချိန်အတွင်း လုပ်စရာအလုပ်မရှိသောအခါ ကိုယ့်ကိုယ် ကို အလုပ်လက်မဲ့တစ်ဦးလို ခံစားလာရသည်။ ကျွန်တော်အလုပ် လက်မဲ့ဖြစ်နေပြီလော။ အမှန်တကယ်တွင် ကျွန်တော့်မှာ လုပ်စရာ များစွာရှိနေသည်။ ဓမ္မနှင့်ပတ်သက်၍၊ဘုရားရှင်၏ အဆုံးအမ တွေနှင့်ပတ်သက်၍ ကျွန်တော်ဖတ်ချင်တာ၊ ရေးချင်တာ၊ လေ့လာချင် တာတွေ အနန္တ။ သည့်အတွက် အချိန်များစွာလိုသည်။ သည်အချိန်





တွေကို ကိုယ်ပိုင်ဖြစ်ချင်လွန်း၍ ကိုယ့်သဘောနှင့်ကိုယ် အငြိမ်းစား ယူခဲ့ပြီမဟုတ်လော။ ယခုတော့ သည်အချိန်တွေ ကိုယ့်လက်ထဲ ရောက်မှပင် ဘယ်လိုအသုံးချရမှန်းမသိ ဖြစ်နေချေပြီ။

ထားခဲ့ပြီဖြစ်သော ရုံးဌာန၊ ရုံးအလုပ်ထဲမှာပင် စိတ်ထဲက ရစ်ဝဲ ရစ်ဝဲနှင့် ကျန်နေရစ်သေးသည်။ စိတ်ကို အနည်ထိုင်အောင် မနည်းကြိုးစားရ သည်။ ကိုယ့်သဒ္ဓါကို အားကောင်းလာအောင် ပြန်ပျိုးထောင်ရသည်။ မူလ ရည်မှန်းချက်မပျောက်စေရန် စိတ်ကို ဆုံးမရသည်။ သည်လိုနှင့်စိတ်သည် တဖြည်းဖြည်းအနည်ထိုင်လာ သည်။

နောက်တော့လည်း စိတ်သည် တစ်စထက်တစ်စ အသား ကျလာသည်။ နေရာအသစ်တစ်ခု၊ ပုံစံအသစ်တစ်ခုပြောင်းသော အခါ အသားကျဖြစ် သွားဖို့အတွက် အချိန်အတိုင်းအတာတစ်ခု တော့ စောင့်ရသည်။ သည်အချိန် ကလေးအတွင်း၌ ကာယကံရှင် ခမျာ လူးလိမ့်ခံပေရော့။ဒါတောင်မှ ကျွန်တော်သည် အငြိမ်းစား ယူရန်အတွက် ကြိုတင်ပြင်ဆင်ရင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့၍သာ။ အငြိမ်းစားယူလျှင် ကြုံတွေ့ရမည့် လူမှုရေးအခက်အခဲများ။ ဆုံးရှုံး သွားမည့် ရပိုင်ခွင့်များအတွက် ခံနိုင်ရည်ရှိရမည့်စိတ်ထားများကို ကြိုတင် တွေးဆ၍ အဘက်ဘက်မှ ပြင်ဆင်ထား၍သာ တော်တော့ သည်။ စိတ်သည် ကျက်စားမည့်နယ်မြေအသစ်တစ်ခုဆီသို့ ရုတ်တရက်ပြောင်းရွှေ့၍မရ။ စိတ် အတွင်းလက်ခံနိုင်သောအခြေ အနေကို တဖြည်းဖြည်းအစားထိုးပေးသွားမှ ပြောင်းရွှေ့မှု၌ လွယ်ကူ ချောမွေ့ပေမည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည့်အခြေအနေပေါ်မူတည်၍ ကျွန်တော်သည် ဘဝတစ်ခု၏ နောက်ဆုံးအချိန်ဖြစ်သည့် စုတိစိတ်မှ နောက်ဘဝအသစ်တစ်ခု၏ ပထမဆုံး အချိန်ဖြစ်သည့် ပဋိသန္ဓေစိတ်သို့ကူးပြောင်းပုံ အခြေအနေကို တွေးကြည့်မိ သည်။ ထိုအချိန်တွင် လွှမ်းမိုးနေမည့် ခွန်အားကြီးမားလှသော ဂရုကကံ၊ နောက်ဆုံးလုပ်ခဲ့သည့်လုပ်ရပ်နှင့် ထိုလုပ်ရပ်အပေါ်ထားခဲ့သည့် စေတနာအရ ပြန်လည်အကျိုးပေးမည့် အာသန္နကံ၊ နေ့စဉ်နှင့်အမျှ ပြုမူဆောင်ရွက် ကျင့်ကြံ ပြောဆိုခဲ့သည့် ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်တို့၏အကျိုးပေးဖြစ်သည့် အာစိဏ္ဏကံတို့သည် တစ်ခုမဟုတ်တစ်ခု သက်ဆိုင်ရာ ကာယကံရှင်ထံ အကျိုး ပေးတရားအဖြစ်ရောက်လာပေမည်။

စုတိစိတ်မကျမီဖြစ်နေသော မရဏာဇောတို့တွင် ကုသိုလ်စိတ် ဖြစ်ပေါ်လျှင် ကောင်းသော၊ မြတ်သောဘဝသို့ ကူးပြောင်းရောက်ရှိပေမည်။ မရဏာဇောတွင် အကုသိုလ်စိတ်လွှမ်းမိုးပါက ယုတ်သော၊ ညံ့သောဘုံဘဝသို့ ရောက်ရှိပေမည်။ စုတိစိတ်မဖြစ်ပေါ်မီအချိန်ကလေးတွင် ကုသိုလ်စိတ် ဖြစ်ပေါ်ဖို့အတွက် အာစိဏ္ဏကံသည် အရေးကြီးလှသည်။ ထို့အတွက် နေ့စဉ်နှင့်အမျှ လုပ်သမျှကိစ္စတိုင်းတွင် ကုသိုလ်စိတ်ကလေးတွေ ကိန်းဝပ်သွားဖို့ အရေးကြီးသည်။ ဆိုရလျှင် စိတ်ထဲတွင် ကုသိုလ်စိတ်သည် ခေါက်ရိုးကျိုး၊ အချိုးကျဖြစ်နေဖို့ လိုသည်။ သို့မဟုတ်ပါက မရဏာဇောတစ်ဖက်နှင့်ကုသိုလ် စိတ်ကို အတင်းလုပ်ယူ၍ ရနိုင်မည်မဟုတ်ပေ။ အာစိဏ္ဏကံကောင်းလျှင် ကုသိုလ်စိတ်သည် ပုံကျပြီးဖြစ်သဖြင့် လွယ်လွယ်ကူကူသက်သက်သာသာနှင့် ဘဝကူးကောင်းပေမည်။





ထို့ကြောင့် သေခါနီး မရဏာဇောကျနေသူကို(ဘဝတစ်လျှောက်လုံး အာစိဏ္ဏကံမရှိခဲ့၍) ကုသိုလ်တစ်ခုခုပြုစေကာ ရေစက်ချခိုင်းပြီး သေခါနီး နောက်ဆုံးကံကောင်းဖို့၊ ထိုအချိန်ကျမှ ဘဝကူးကောင်းဖို့သည် အရေးပါသော နေရာသို့ ရောက်လာပြီလား။ သာမန်အချိန် (စီးပွားရှာ၊ အလုပ်လုပ်၊ ပျော်ပါး နေချိန်)၌ ဘဝကူးကောင်းရေးအတွက် ဘဝဘယ်လိုကူးကြမလဲဆိုတာ မစဉ်းစားခဲ့ကြဘူးလား။ သည့်ထက်ပိုမိုအဆင့်မြင့်စွာ ဘဝရှိနေသရွေ့၊ ဘဝသံသရာဆိုတာ ရှိနေသရွေ့၊ဒုက္ခပါပဲဆိုတာရော မစဉ်းစားခဲ့မိဘူးလား။ ဒုက္ခ ဆိုတာ မလွဲမသွေ အမြဲတစေမှန်ကန်နေသော သစ္စာတစ်မျိုးပါလားလို့ မတွေးမိခဲ့ကြဘူးလား။ ဒါကြောင့်မို့ ဒုက္ခမရတော့ဖို့၊ ကျင့်ကြံအားထုတ်ဖို့ နည်းလမ်းနှင့်ဆရာသမားကို မရှာကြတော့ဘူးလား စသည်ဖြင့် မေးစရာတွေ အများကြီးပင်။

ဒါတောင် မိဘကို သတ်သည့်ကံ၊ ဆရာသမားကို သတ်သည့်ကံ၊ ရဟန္တာကို သတ်သည့်ကံ၊ သံဃာကို ဂိုဏ်းကွဲစေသည့်ကံ၊ ဘုရားရှင်ကို သွေးစိမ်းတည်စေသည့်ကံ စသည့် ပယ်ဖျက်၍မရသည့် ဂရုကကံ၏လွှမ်းမိုးခြင်းကို ခံရလျှင် . . . ဘုရားရှင်ကိုကြည်ညိုသည့်အရာ၌ စေတနာကြီးမားခဲ့လင့်ကစား သောတာပန်အရိယာဝင်လည်းဖြစ်၊ ဖခင်လည်းဖြစ်သည့် ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိသည့် အဇာတသတ်မင်းခမျာ ဂရုကကံလွှမ်းမိုး နှိပ်စက်မှုဒဏ်ကို လည်စင်းခံရင်း ဘဝကူးမကောင်းဖြစ်ခဲ့ရသည့် အဖြစ်တို့သည် သံဝေဂရစရာပင်။

ထို့ကြောင့် စိတ်ဟူသည် ကျင်လည်ကျက်စားရာအာရုံများ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အား အဖန်ဖန် အထပ်ထပ် ပုံဖော်ခံစားတတ်သည်မို့ ထိုအာရုံတွေကို ကုသိုလ်အာရုံအဖြစ် ဖန်တီးပြုလုပ်ထားဖို့ အရေးကြီးလှသည်။ သို့မှသာ အဖန်ဖန် အထပ်ထပ် ပုံဖော်ခံစားတိုင်း ကုသိုလ်တွေ အထပ်ထပ်ဖြစ်ပေမည်။ ထိုအခါ အာစိဏ္ဏကံကောင်းသဖြင့် ဘဝကူးအတွက် စိတ်ချပေရော့။ ထို့ကြောင့်ပင် ဘုရားရှင်အဆက်ဆက်သည် ''ကုသိုလ်မှန်သမျှလုပ်ဖို့၊ အကုသိုလ်မှန် သမျှမလုပ်ဖို့၊ မိမိစိတ်ကိုဖြူစင်အောင်ထားဖို့'' ဟောကြားခဲ့ကြသည် မဟုတ်ပါလား။

ဓမ္မရာဇကဘုရားဘက်ဆီမှ ပဌာန်းရွတ်သံ ကြားရသည်။ ပုဂံဒေသ တွင် မှန်ငါးမှန်ဘုရား ၁၆ ဆူရှိသည့်အနက် အကြီးဆုံးဖြစ်သည့် ဓမ္မရာဇက ဘုရားသည် ယခုအခါ ရွှေလုံးပြည့်စေတီအဖြစ် ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ဖြစ်ခဲ့လေပြီ။ဟိုးအဝေးဆီတွင် တုရင်တောင်တန်းကို အလျားလိုက်ကြီး ဆန့်ချ ထားသလို မြင်ရသည်။ တုရင်တောင်တန်းဟိုမှာဘက်တွင် ပြူထွက်လာမည့် နေမင်းကြီးက သူ၏ရှေ့ပြေး နီစွေးစွေးအလင်းစများကို ကောင်းကင်ပြင်၌ ကြိုတင်ပက်ဖျန်းထားနှင့်သည်။တောင်အနားကွပ် နှုတ်ခမ်းသပ်လိုင်းအထက်ဘက်တွင် ပုစွန်ဆီသွေးရောင်တွေကို ခပ်ပါးပါးတွေ့နေရပေပြီ။

နေမင်းကြီးသည် မကြာမီပင် ကောင်းကင်ပေါ်သို့ ထိုးတက်လာတော့မည်။တောင်စွယ်အကွယ်မှ ထိုးထွက်လာမည့် နေမင်းကြီးကို ကျွန်တော် စောင့်ကြည့်ချင်သည်။ နေထွက်လာပုံကို ကျွန်တော်တွေ့ဖူးချင်သည်။ သဘာဝတရားဟူသမျှထဲတွင် နေမင်းကြီးသည် အင်အားအကြီးမားဆုံးအဖြစ် ပါဝင်ပါသည်။ နေမင်းကြီး၏ စွမ်းအားများမှာ ရေးပြ၍ မကုန်နိုင်ပေ။ နေ့ည ခွဲခြားခြင်း၊ ပူနွေးမှုပေးဝေခြင်း၊





အအေးဓာတ်ဖြိုခွဲခြင်းစသဖြင့် ....။

ကျွန်တော်နှင့်နေမင်းကြီးအကြားတွင် ကျယ်ပြန့်ညီညာသော ပုဂံလွင်ပြင်ကျယ်ကြီးရှိသည်။ ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးရှိနေသော ရှေးဟောင်းဘုရားစေတီများသည် ပုဂံလွင်ပြင်ကျယ်ကြီး၏ ဘောင်အနားကွပ်အဖြစ် အရှေ့ဘက်တွင် တုရင်တောင်တန်း၊ အနောက်ဘက်တွင် တန့်ကြည့်တောင်တန်းတို့သည် ဆန့်တန်းလျက်ရှိနေသည်။ ကျွန်တော်ရောက်နေသောနေရာသည် လွင်ပြင်ကျယ်ကြီး၏ အလယ်တည့်တည့်များ ဖြစ်နေမလားဟု ထင်ရသည်။ လှည်းလမ်းကလေးအတိုင်း ချောင်းရိုးချောက်ကလေးတစ်ခုကို ဖြတ်ပြီးသောအခါ ကုန်းမို့မို့ကလေးနှင့် စေတီအစုအဝေးတစ်ခုကို တွေ့ရသည်။ ကုန်းမို့မို့ကလေးပေါ်သို့ ကျွန်တော် တက်လာမိသည်။ သည်ကုန်းမို့မို့ကလေးသည် လွင်ပြင်ကျယ်ကြီးထဲတွင်တော့ မဆိုစလောက်သော ကုန်းမြင့်ကလေးပါပဲ။ သည်ကုန်းမို့မို့ကလေးပေါ်မှနေ၍ တုရင်တောင်ဟိုမှာ ဘက်ဆီမှ ထွက်ပေါ်လာမည့် နေမင်းကြီးကို ကျွန်တော်ရပ်၍ကြည့်သည်။

နံနက် (၇)နာရီထိုးတော့မည်။နေလုံးကို မတွေ့ရသေး။ ကောင်းကင် ပြင်ပေါ်တွင်မူ ပုစွန်ဆီအရောင်အသွေးတို့ ပိုမိုရှန်းစိုလာပေပြီ။

ကျွန်တော်သည် အရှေ့ဘက်သို့ မျက်နှာမူကာ နေမင်းကြီးထွက်အလာကို စောင့်၍ကြည့်နေမိသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



(၂)

နေမင်းကြီး ထွက်လာပေပြီ။

တောင်ကုန်းနောက်ကွယ်မှ နေမင်းကြီးထိုးထွက်လာပုံမှာ သကြားလုံးနီနီဝိုင်းဝိုင်းကြီး တစ်လုံးကို ပလတ်စတစ်အိတ်ထဲမှ ညှစ်ထုတ်လိုက် သလိုပင်။ မထွက်လာသေးတော့လည်း စောင့်လိုက်ရတာ။ ထွက်လာတော့လည်း ရုတ်ခနဲပဲ။ အပေါ်သို့ထောင်တက်လာသည့်အရှိန်မှာ ရုတ်တရက် တောင်ကုန်းတစ်ဝက်ကို ကျော်သွားသည်အထိ မြန်လှသည်။ထို့နောက်မှ တဖြည်းဖြည်းချင်း တောင်ကုန်းအထက်ဆီသို့ ရွေ့လျားနေသည်။





ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးသည် ကောင်းကင်ပြင်ပေါ်၌ နေရာယူလေပြီ။ နေမင်းကြီးကို မမိုတ်မသုန်ကြည့်နေရင်းမှ နေလုံးကြီး၏အလင်းဖြာနေပုံကို လေ့လာကြည့်မိသည်။ စဦး နေရောင်ဖြစ်သည့်အတွက် ပူလောင်စူးရှမှု မရှိသေး။ နေလုံးကြီး၏ မျက်နှာပြင်အဝိုင်းကြီးသည် အရိပ်တွေ လွှမ်းနေသေးသည်။အဝိုင်း၏ အနားစွန်းတွင်မှသာ အလင်းမျှင်တို့သည် တဖျပ်ဖျပ်၊ တလှုပ်လှုပ်နှင့်။ အလင်းတန်းတို့သည် အရိပ်ကျသလိုဖြစ်နေသော နေမင်းကြီး၏ အဝိုင်းမျက်နှာပြင်ပေါ်တွင် ဟိုမှသည်၊ သည်မှဟို တဖျပ်ဖျပ်ပြေးလွှားနေလေသည်။ သည်လိုနှင့် အရိပ်ကျသလိုဖြစ်နေသော အဝိုင်းသဏ္ဍာန်ကြီးသည် တဖြည်းဖြည်းနီရဲလာ သည်။ စူးရှလာသည်။ နီရာမှတစ်ဆင့် အဝါရောင်သို့ ကူးပြောင်းကာ ထိန်တောက်လာသည်။ ပူနွေးနွေးအထိအတွေ့ကို ခံစားရသည်။

(၁၀)မိနစ်ကျော်ကြာသောအခါ နေလုံးကြီးက ပိုမိုထိန်တောက်လာပေပြီ။ လူးလာခတ်နေသော အလင်းတန်းတို့လည်း ငြိမ်သက်သွားသည်။ အဝိုင်းမျက်နှာပြင်ပေါ်မှ အရိပ်တွေသည်လည်း တဖြည်းဖြည်းချင်း ပျောက်ကွယ် သွားနေသည်။ စူးရှထိန်လင်းသော အဝါကွက်အစုအဝေးကြီးသာ နေမင်း၏ အလယ်တွင် ရှိနေတော့သည်။ နေလုံးကြီးက တောင်ကုန်းနှင့်အလှမ်းကွာသော အမြင့်သို့ပင် ရောက်ရှိသွားပြီ ဖြစ်သည်။ ခုနက မှိုင်းညို့ရီဝေနေသော မီးခိုးရောင်နုနုတောင်ကုန်းသည် ‘အညိုခြောက်’ရောင်သို့ပြောင်းသွားသည်။ ကွင်းပြင်တစ်ခုလုံးတွင် နေမင်း၏ အလင်းတန်းများသည်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြန့်ကြက်နေရာ ယူလိုက်ပေပြီ။ ညိုမှောင်နေသော ရှေးဟောင်းပုဂံ အုတ်ဘုရားများသည် ကွင်းပြင်နေရာအနှံ့ ထီးထီးမားမားပေါ်လာ သည်။

စူးရှသောအလင်းရောင် အထိအတွေ့ကြောင့် နေမင်းထံ မျက်နှာမူ ထားရာမှ ဖယ်ခွာလိုက်ရသည်။ မျက်လုံးတွင် အလင်းရောင် တွေ ဝင်နေသဖြင့် ပတ်ဝန်းကျင်အမြင်ပင်လျှင် ဝေဝေဝါးဝါးဖြစ် သွားသည်။ အလင်းထဲမှ အရိပ် ထဲသို့ ရုတ်တရက်ကူးပြောင်းရ သဖြင့် ပတ်ဝန်းကျင်သည် သဏ္ဌာန်မသဲကွဲ။ နောက်မှတဖြည်းဖြည်း ချင်း ပတ်ဝန်းကျင်ကို မြင်လာသည်။ ညာဘက်တွင် ရေကန်ဇောက် ကြီးရှိသည်။ ဟော ...ဟိုမှာ ဇရပ်ကလေးနှစ်ဆောင်ပါလား။ ဇရပ် နှစ်ဆောင်၏အလယ်မှာ ထုံးဖြူဖြူစေတီကလေး တစ်ဆူ။ သပ်သပ် ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း ပတ်ဝန်းကျင်ကလေး တစ်ခုပါလား။

စေတီအနီးသို့ လျှောက်လာရင်းမှ စေတီဘေးတွင် ကျောက်စာ အသစ်(၃)ချပ်ကို တွေ့ရသည်။ ကျောက်စာကို ဖတ် လိုက်မိမှ အဖြေရှင်း သွားသည်။သည်နေရာသည် ရှင်အရဟံ၏ ပထမသိမ်တော် အဆောက်အအုံ နေရာပေတည်း။ စေတီနှင့် (၁၀) ပေအကွာတွင် ကျောက်တုံးအတန်းကြီး တစ်ခုရှိနေသည်။ ပုဂံပြည် အနော်ရထာခေတ်တွင် ရှင်အရဟံကြွချီတော် မူလာပြီး သိမ်အဖြစ် ပထမဆုံးသတ်မှတ်ခဲ့သည့်နေရာဖြစ်သည်။ သည်နေရာမှ သိမ် အဆောက်အအုံပုံစံကိုယူ၍ ပေါက္ကံပြည်နေရာအနှံ့ သိမ်များဆောက် ခဲ့ကြသည်ဟု ကျောက်စာအရ သိရသည်။ ကျောက်စာဖတ်ရမှ ကျွန်တော် တွေ့နေရသည်မှာ ဇရပ်မဟုတ်ဘဲ သိမ်အဆောက်အအုံ





များဖြစ်ကြောင်းသိရ တော့သည်။ နိုင်ငံတော်၏ကျေးဇူးကြောင့် မူလ သိမ်အဆောက်အအုံပုံစံအတိုင်း ပြန်လည်တွေ့ခွင့်ရခဲ့လေပြီ။ သာဓု ခေါ်မိပါသည်။

ပုဂံဒေသ သာသနာတော်အလင်းရောင်သည် တစ်မူထူးခြား ထွန်း ပြောင်လာခဲ့ပြီဖြစ်သည်။ ဘုရားငုတ်တိုအပိုင်းပိုင်းအပြတ်ပြတ် တွေသည်လည်း ဦးဆောင်သူတို့၏ စိတ်ဝင်စားမှုနှင့်ကြိုးစားအား ထုတ်မှု၊ စေတနာရှင် မိဘပြည်သူတို့၏ သဒ္ဓါတရားတို့ကြောင့် လုံးပြည့်ဒြပ်ထည်တွေ ဖြစ်လာခဲ့ပေပြီ။ အချို့ဘုရားတွေမှာလည်း ရွှေလုံးပြည့်တွေ ဖြစ်ခဲ့ပြီ။ အလိုတော်ပြည့်၊ ဓမ္မရာဇကာ၊တုရင်တောင်၊ တန့်ကြည့်တောင်နှင့် ရွှေစည်းခုံ ဘုရားများသည် ညအခါတွင် ရွှေလုံးပြည့်ကိုယ်ထည်ကို ပူဇော်ထားသော ဆလိုက်မီးမောင်းများ ကြောင့် အမှောင်ထုလွင်ပြင်ကြီးထဲတွင် ရွှေရောင်တဝင်းဝင်းဖြင့် လင်းထိန် သပ္ပါယ်လျက်ရှိနေပေပြီ။

ရှင်အရဟံသိမ်တော်စေတီ၌ ဦးချရှိခိုးပြီးနောက် မေတ္တာပို့ အမျှ အတန်းဝေကာ တည်းခိုဆောင်သို့ ပြန်ခဲ့သည်။ လှည်းလမ်း ပေါ်တွင် စက်ဘီး များကို တွေ့ရသည်။ သူတို့သည် ပုဂံမြို့သစ် ဘက်မှ ပုဂံညောင်ဦးသို့ အလုပ်ကိစ္စအတွက် လာကြခြင်းဖြစ်မည်။ လှည်းလမ်းသည် အလာတုန်းကလို ကျွန်တော်တစ်ယောက်တည်း အတွက် မဟုတ်တော့။ မြို့ဟောင်းဘက်မှ မြို့သစ်ဘက်သို့သွား သော စက်ဘီးတန်း၊ မြို့သစ်ဘက်မှ မြို့ဟောင်းဆီသို့လာသော စက်ဘီးတန်းများဖြင့် ပျားပန်းခတ်စည်ကားနေသည်။ နေရောင် ကလည်း ထွန်းလင်းတောက်ပ ဝင်းထိန်လျက်ရှိနေပေပြီ။ ခပ်လှမ်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

လှမ်း ကွင်းပြင်ဆီမှ နှမ်းနုတ်သူ လုံမပျိုတို့၏ အသံကို ကြားရသည်။ တစ်ခါတစ်ခါ သီချင်းသံကို ကြားရသည်။ သူတို့သည် ကျယ်ပြန့်သော ကွင်းပြင်ကြီးထဲတွင် လွတ်လပ်ပေါ့ပါးစွာ စိတ်ကူးသီချင်းဆိုနေကြခြင်းဖြစ်မည်။

နေမင်းကြီး ကောင်းကင်အမြင့်ထက် အတော်ရောက်နေပေပြီ။ အရှေ့ဘက်သို့ ကြည့်လိုက်သည့်အခါ တုရင်တောင်စေတီကို လှမ်းတွေ့ရသည်။ တုရင်တောင်ကို တွေ့လေမှ တုရင်တောင်ခြေက မြကန်ကို သတိရမိသည်။ မြကန်နှင့်ဆက်လျက် ပိဋကတ်တိုက်ကလေး။သည့်နောက် ပိဋကတ် တိုက်ကလေးနှင့်ရာဇာကုမာရ်။ သူ့နှလုံးသား။ သူ၏ နူးညံ့သိမ်မွေ့မှု။ စာပေ၌ ထုံမွေ့မှု။

"မြေးကား အရင်း ၊ သားကား အဖျားဖြစ်ခဲ့လေပြီ" ဟု ဖခင်ကျန်စစ်သားမင်းကြီး ရေရွတ်သောအခါ ထီးနန်းအမွေတည်းဟူသော မက်မော စရာလောကီဂုဏ်ဒြပ်ကြီးတစ်ခု ဆုံးရှုံးသွားလင့်ကစား ပုန်စားပုန်ကန် မပြု။ ထောင်ထားခြားနားခြင်း မပြု။ဖခင် တည်ဆောက်နေသည့်နိုင်ငံတော်၊ ဖခင် စုစည်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဖခင် ယုံကြည်ကိုးကွယ် အားထားနေသည့် ထေရဝါဒဗုဒ္ဓသာသနာ စသည်တို့ကို အားကောင်းလာဖို့ တစ်ဖက်တစ်လမ်းမှ သူကြိုးစားသည်။ အများကောင်းဖို့၊ တိုင်းပြည်ကောင်းဖို့ အရေးသည် အိမ်ရှေ့မင်းအရာမှမဟုတ်။ စေတနာ၊ သဒ္ဓါတရားရှိနေပါက ဘယ်ထောင့်၊ ဘယ်နေရာရောက်ရောက် နိုင်စွမ်းသမျှ လုပ်သွားဖို့အဓိက ဆိုသည်ကို ရာဇကုမာရ်က သက်သေပြသွားခဲ့သည်။



## မြသန်းစံ

ဤသည်ပင်လျှင် ရာဇကုမာရ်၏ အရည်အချင်းဖြစ်လာသည်။ ရာဇကုမာရ်၏ သမိုင်းဖြစ်လာသည်။ မြစေတီကျောက်စာသည် ရာဇကုမာရ်၏ မြင့်မြတ်ဖြူစင်သောနှလုံးရည်ကို ထုတ်ဖော်ပြသရာသက်သေ သာဓကတွေ ဖြစ်လာခဲ့သည်။

ပုဂံဒေသရာဇဝင်တွေသည် သံဝေဂယူ၍ မဆုံးနိုင်။ သင်ခန်းစာယူ၍ မဆုံးနိုင်။ သည်သင်ခန်းစာ၊ သည်ပုံရိပ်၊ သည်ဖြစ်စဉ်တွေထဲမှာ ရာဇ ကုမာရ်၏စိတ်ဓာတ်နှင့်နှလုံးသားသည် ကျွန်တော့်စိတ်ထဲတွင် စွဲထင် အငြိတွယ်ဆုံးဖြစ်သည်။

ရှင်အရဟံ၏ကျေးဇူးကြောင့် ပုဂံဒေသတွင် ထေရဝါဒသာသနာ ပျံ့နှံ့လာသည့်အခါ စာပေမွေ့လျော်သူ ရာဇကုမာရ်သည် ဘုရားရှင်၏ သားတော် ရာဟုလာ၏စိတ်ထား။ နှလုံးသားကို လေ့လာမိရင်းမှ အားကျခုံမင်ခဲ့လေသလား မသိပါ။အတုမရှိဘုရားရှင်၏ သားတော်ဖြစ်လင့်ကစား။ အများက ဝိုင်းဝန်းစောင့်ရှောက် ချစ်မြတ်နိုးအရေးပေးလင့်ကစား၊ ဖခင်ဘုရားရှင်၏ သာသနာတော်ကို (ဘုရားသားတော်တည်းဟူသော အခွင့်အရေးယူခြင်းဖြင့်) ညှိုးနွမ်းအောင် မည်သည့်အခါမျှ လုပ်ဆောင်ခြင်း မရှိခဲ့။ အဆုံးအမဟူသမျှ နာယူသည်။ တလေးတစားလိုက်နာသည်။ သို့နှင့် အဆုံးအမနာယ ။ခြင်းအရာ၌ပင် ဧတဒဂ်ရခဲ့သည်။ ရဟန္တာဖြစ်ခဲ့သည်။ ဖြဟ္မာပြည်၌ ပရိနိဗ္ဗာန်ပြုခဲ့သည်။ဤသို့ဖြင့် ဖခင် ဘုရားရှင်အပေါ်၌ ချစ်ခြင်းကို လုပ်ရပ်ဖြင့် သက်သေပြသွားခဲ့သည်။ မည်မျှမြင့်မြတ်လိုက်ပါသနည်း။

ဘုရားရှင်လက်ထက် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

ကာလမှသည် ပုဂံခေတ်အထိ၊ ပုဂံခေတ်မှသည် ယနေ့ခေတ်အထိ၊ ဇာတ်ကောင် ဇာတ်ရုပ်အမျိုးမျိုးတို့သည် ကိုယ်သန်ရာသန်ရာ၊ ကိုယ်စွဲမိစွဲရာ ကပြသွားခဲ့ကြလေပြီ။ စေတနာထားပုံ မတူညီမှုကြောင့် ဇာတ်ကောင်ဇာတ်ရုပ်တို့သည် ပုံသဏ္ဌာန်မျိုးစုံ၊ အကျိုးပေးမျိုးစုံ ရှိခဲ့ကြလေပြီ။

သည်ဇာတ်ကောင်၊ သည်ဇာတ်ရုပ်တို့သည် လူ့ဘဝ၊ လူ့ခန္ဓာကို အသီးသီးရရှိပိုင်ဆိုင်သွားခဲ့ကြသူများ ဖြစ်သည်။တစ်နည်းအားဖြင့် ခန္ဓာအိမ်ကို အသီးသီးတည်ဆောက် အသုံးပြုသွားခဲ့ကြသူများပင်၊ ဟိုတစ်ချိန်က မင်းညီ မင်းသားသည် ယခုမူ အရိုးစုရုပ်ကလာပ်သာ ရှိချိမ့်မည်။ ထိုအရိုးစု ရုပ်ကလာပ်တို့သည် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်မြေကြီးထဲ ကိန်းဝပ် နစ်မြုပ်နေမည်ကို မသိနိုင်ပါ။ ကဲ ... အခုဘယ်မှာလဲ။သူတို့အသီးသီး၏ ခန္ဓာအိမ်...

တစ်ချိန်က သည်ခန္ဓာအိမ်ကို အမှီပြု၍ ဖြစ်ခဲ့သောငါ...။

ခန္ဓာအိမ်ကြောင့် ဖြစ်ခဲ့ရသော လောဘ ...။

ခန္ဓာအိမ်ကြောင့် ထွက်ခဲ့ရသော ဒေါသ ....။မောက်မာခဲ့ရသော မာန ...။

ငါ့ခန္ဓာအိမ်တည်းဟူသော အထင်အမြင်မှားမှုဒိဋ္ဌိ ...။

ကျွန်တော်သည် ခန္ဓာအိမ်ကြီးကို စိတ်ဝင်စားလာမိသည်။

ဘဝသံသရာအဆက်ဆက်မှ တွယ်တာကပ်ငြိလာခဲ့သော တဏှာ၊ မာန၊ ဒိဋ္ဌိများကြောင့်ပင် ကျွန်တော်တို့သည်လည်း ယခုလက်ရှိသည်ခန္ဓာအိမ် အသီးသီးကို ရရှိနေပေပြီ။ဘယ်လိုမျှ ငြင်း၍မရသော အမှန်တရားတစ်ခု။



## မြသန်းစံ

ယခုမှတော့ ...သည်ခန္ဓာကိုယ်ကြီးကို မလိုချင်၍ မရတော့။ ပစ်ပယ်၍ မရတော့။ ရရှိထားနှင့်ပြီ၊ အသုံးပြုနေရပြီ။ တစ်ချိန်ချိန်မှာတော့ ထားပစ်ခဲ့ရပေမည်။သို့ဆိုလျှင် ထားပစ်ခဲ့ရခြင်း မရှိသေးမီ သည်ခန္ဓာအိမ်ကြီးကို မည်သို့အသုံးချမည်နည်း။

သည်ခန္ဓာကြီးကို လေ့လာကြည့်ဖို့ပဲ ဖြစ်ပါသည်။

သည်ခန္ဓာအိမ်ကြီးထဲမှာ သဘာဝတရားကြီးသည် ရှိနေသည်။

သည်ခန္ဓာအိမ်ကြီးထဲမှာ ဓမ္မတရားတွေလည်း ပေါင်းစုံပြည့်နှက်နေသည်။

သည်ခန္ဓာအိမ်ကြီးထဲမှာ လေ့လာ၍ မကုန်နိုင်လောက်အောင် နက်ရှိုင်းကျယ်ဝန်းလှသည့် ပညာရပ်တွေ ကိန်းဝပ်နေသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့ရရှိထားသော သည်ခန္ဓာအိမ်ကြီးကိုပင် အရင်းပြု၍ သဘာဝဓမ္မကို လေ့လာကြည့်ရမည် ဖြစ်ပါသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

## အခန်း (၂)
## ရာဇဂြိုဟ်မြို့မှ သီရိမာ



http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ခန္ဓာအိမ်အရင်းပြု၍ သဘာဝမှုကို လေ့လာခြင်း

## အခန်း (၂)

### (၁)

ရာဇဂြိုဟ်မြို့တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေလေပြီ။

မြို့လုံးအနှံ့ တလှုပ်လှုပ်၊တရွရွဖြစ်နေသည်။ အိမ်တံခါး ပိတ်သူပိတ်၊ အစောင့်ချသူချ၊ အိမ်နီးချင်း အချင်းချင်းမှာသူမှာ နှင့် ဆူညံနေ၏။ ဟိုအိမ်က ထွက်လာ၊သည်အိမ်က ထွက်လာနှင့် လမ်းမအသီးသီးပေါ်တွင် လူစီးကြောင်း ကြီးများ ပေါ်ထွန်းလာပေ ပြီ။ လူအားလုံးတို့သည် လမ်းသွယ်၊ လမ်းများမှ တစ်ဆင့် မြို့ပြင် တစ်နေရာဆီသို့ ဦးတည်သွားနေကြသည်။



ရာဇဂြိုဟ်ပြည့်ရှင်ဗိမ္ဗိသာရမင်းကြီး၏ အမိန့်တော်သည် စည်တော်သံနှင့်အတူ မြို့တွင်းနေရာအနှံ့ ပဲ့တင်ထပ်နေဆဲ။

''ရာဇဂြိုဟ်မြို့သူမြို့သားအပေါင်းတို့၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး အမိန့်တော်မှတ်လိုက်သည်။ ရာဇဂြိုဟ် မြို့သူ သီရိမာ၏ အလောင်းကို သုသာန်၌ လာရောက်ကြည့်ရှုကြရ မည်။ သက်ကြီးရွယ်အို၊ ကလေးများနှင့် မသွားနိုင်၊ မလာနိုင်သူ ပုဂ္ဂိုလ်များမှလွဲ၍ ကျန်သူအားလုံး သုသာန်သို့ မပျက်မကွက်သွား ရောက်ကြရမည်။ သွားရောက်ရန် ပျက်ကွက် ပါက ဒဏ်ငွေအသပြာ ရှစ်ကျပ်ပေးဆောင်ကြရမည်။ မင်းတရားကြီး အမိန့်တော် ...''

သီရိမာသည် လွန်ခဲ့သောသုံးရက်ခန့်က သေဆုံးသွားခဲ့ ပြီဖြစ်သည်။

ဤသည်ကိုမြို့သူမြို့သားများ သိရှိခဲ့ကြပြီးပြီ။ သို့သော် သီရိမာ၏ အလောင်းကို ယခုထက်တိုင် သင်္ဂြိုဟ်ခြင်း မပြုရသေး။ အဘယ့်ကြောင့်နည်း။ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်။ ဟော ကြည့် ... သည်အကြောင်းသည် ယခုပေါ်လာချေပြီ။သီရိမာ၏ အလောင်းကို မြို့သူမြို့သားအားလုံး သွားရောက် ကြည့်ရှုကြရမည် တဲ့။ မင်းတရားကြီးက အမိန့်တော်ချမှတ်နေပြီလေ။

သုသာန်သို့ သွားနေသူ လူအုပ်ကြီးထဲတွင် ကာလသားတို့ လည်း ပါသည်။ကာလသားတို့ တရှိုက်မက်မက်စွဲလမ်းခဲ့ရတဲ့ သီရိမာ။ ညို့ငင်အားအလှ တွေဖြင့် ကာလသားတို့အပေါ် ဆွဲဆောင်နိုင်ခဲ့သော သီရိမာ။ ပြိုင်ဘက်ကင်း အဆင်းတန်ဆာဖြင့် ကာလသားတို့အပေါ် အလွှမ်းမိုးကြီး လွှမ်းမိုးနိုင်ခဲ့သော သီရိမာ။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထိုသီရိမာသည် ယခုတော့ သုသာန်တစပြင်တွင် အလောင်းကောင်ကြီးအဖြစ် ကာလသားတို့ကို စောင့်ကြိုနေလေပြီ။ သူတို့စိတ်ထဲ၌ သီရိမာကို မသေစေချင်ကြသေးပါ။ သီရိမာကို အသက်ရှင်လျက် ငေးမော ရီဝေ ကြည့်နေချင်ကြသေးသည်။ သီရိမာ၏ ချော့မွေ့နူးညက်သော အလှအပကို သူတို့သည် အထပ်ထပ် အခါခါကြည့်လိုကြသေးသည်။ သီရိမာ၏ စွဲမက်ဖွယ် အလှအပ၌ သူတို့တစ်တွေ မူးယစ်ရင်ခုန်နေချင်ကြသေးသည်။

သို့သော် ....

သူတို့တွေထဲတွင် သီရိမာနှင့်အနီးကပ် နှစ်ဦးသားပျော်မြူးခဲ့ကြဖူးသူတွေလည်း ပါသည်။ အသပြာငွေကြေးတတ်နိုင်သူ မင်းညီမင်းသားတွေပဲ ဖြစ်သည်။သီရိမာသည် ရာဇဂြိုဟ်မြို့၏ ပြည့်တန်ဆာတစ်ဦး ဖြစ်သည်။ သူနှင့်အတူ တစ်ရက်တာပျော်ပါးလိုလျှင် အသပြာတစ်ထောင် အခကြေးငွေ ပေးရသည်။သို့သော် သီရိမာသည် မျိုးရိုးညံ့သူမဟုတ်။ သူမ၏ အစ်ကိုဖြစ်သူ မှာ ဘုရားရှင်၏ သမားတော်ဖြစ်သူ ဆရာဇီဝကပင်တည်း။ သူတို့မောင်နှမသည် မှူးမတ်မျိုးနွယ်ထဲကပေပဲ။

သို့ဆိုလျှင် သီရိမာသည် အဘယ်ကြောင့် ပြည့်တန်ဆာဖြစ်ခဲ့ရသနည်း။ ပြည့်တန်ဆာဟူသော အကျိုးတရားကို သီရိမာ အဘယ့်အကြောင်း ကြောင့် ရရှိခဲ့ပါသနည်း။ လှပချောမွေ့လွန်းသော သူမ၏ ရုပ်ရည်ရူပကာ ကြောင့်ဟု ဆိုရမည်ပင်။

သူမသည် ဝေသာလီမြို့မှ ပြည့်တန်ဆာမ အမ္ဗပါလီ၏ အလှကို မမီချင်သာနေလိမ့်မည်။ ရာဇဂြိုဟ်မြို့တွင်တော့ သီရိမာ





သည်လည်း ပြိုင်ဘက်ကင်းသော အလှပိုင်ရှင်တစ်ဦးပင်။ အမ္ဗပါလီသည် သူမ၏အလှအပက သူမကို နိုင်ငံတော်၏ ပြည့်တန်ဆာဘဝသို့ ပို့ဆောင်ပေးခဲ့သည်သာ။အမ္ဗပါလီ၏ အလှအပကို ပိုင်ဆိုင်လိုသူ မင်းညီမင်းသားတို့ကြောင့် တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင် စစ်ခင်းမည့်အဆင့်ထိ ဖြစ်လာခဲ့သည်။ နောက်ဆုံးတွင် ဂဏလွှတ်တော်က ဆုံးဖြတ်ချက်ချရသည်။ အမ္ဗပါလီသည် တစ်ဦးတည်းပိုင် မဖြစ်စေရ။ အများပိုင် ပြည့်တန်ဆာဖြစ်စေရမည်။ အမ္ဗပါလီနှင့် ပျော်ပါးလိုသူ တို့သည် မြင့်မားသောအခကြေးငွေပေး၍ ပျော်ပါးစေရန် ....။

အမ္ဗပါလီနည်းတူ ရာဇဂြိုဟ်တွင်လည်း သီရိမာသည် သူ့အလှကြောင့်ပင် ပြည့်တန်ဆာဘဝသို့ရောက်ရှိခဲ့ရသည်။ သို့သော် အမ္ဗပါလီ သည် ဘုရားရှင်၏ အရိပ်တော်အောက် ခိုလှုံရောက်ရှိကာ ဘာဝနာတရားဖြင့် ထုံမွှေ့သွားချိန်၌ သီရိမာကား ပြည့်တန်ဆာ အဖြစ် လူအများအား အသုံးတော်ခံနေရဆဲ ဖြစ်သည်။

သုမနသူဌေးကတော် ဥတ္တရာ၏ဖိတ်ခေါ်ချက်အရ သီရိမာသည် ဥတ္တရာ၏အိမ်သို့ ရောက်ခဲ့သည်။ ဥတ္တရာ၏ ခင်ပွန်းသည် သုမနသူဌေးသားနှင့် (၁၅)ရက်တာမျှ အဖော်ပြုပျော်ပါးပေးရန် ဖြစ်သည်။ သည် (၁၅)ရက်အတွင်း တွင် ဥတ္တရာသည် ဘုရားရှင်နှင့် သံဃာတော်များကို ကိုယ်တိုင်ချက်ပြုတ် ဆွမ်းလောင်းလှူမည်ဖြစ်သည်။ ဥပုသ်သီတင်းဆောက်တည်မည် ဖြစ်သည်။ ခင်ပွန်းသည် သုမနသူဌေးသားကလည်း သီရိမာကို မြင်သည်နှင့် နှစ်ခြိုက်သွားသဖြင့် ဥတ္တရာ၏အစီအမံကို ကြည်ကြည်သာသာ ခွင့်ပြုခဲ့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

သည်။သီရိမာသည် (၁၅)ရက်တာ အခကြေးငွေ အသပြာတစ်သောင်းငါးထောင်ကို ရခဲ့ပြီးဖြစ်သည်။ သုမနသူဌေးသားနှင့်လည်း အပျော်ကြီး ပျော်ခဲ့ရပြီး ဖြစ်သည်။ သို့သော် သီရိမာ၏လောဘသည် ဤမျှနှင့် ရပ်တန့်မသွား။ သီရိမာသည် ဥတ္တရာ၏ နေရာကို အပြီးအပိုင်လိုချင်လာသည်။ သုမနသူဌေးသား၏ ကြင်ယာတော် ဖြစ်ချင်လာသည်။သုမနသူဌေး၏ စံအိမ်သခင်မ ဖြစ်ချင်လာသည်။ သို့ဆိုလျှင် ဥတ္တရာမရှိမှ အေးမည်။ သီရိမာသည် အိမ်အပေါ်ထပ်မှနေ၍ ဆီပူရည်များဖြင့် ဥတ္တရာအား ပက်လိုက်သည်။

ဘုရားရှင်ကို ကြည်ညိုစိတ်၊ တရားကို ပူဇော်လိုသောစိတ်၊ သံဃာ တော်အရှင်မြတ်များကို ကြည်ညိုသဒ္ဓါပွားနေရသောစိတ်တို့ဖြင့် (၁၅)ရက်တာမျှ ကုသိုလ်ကောင်းမှုလုပ်ခွင့်များကို ရနေသည့်အတွက် ဥတ္တရာသည် သီရိမာကို အထူးကျေးဇူးတင်နေချိန် ဖြစ်သည်။ ဥတ္တရာက သီရိမာအပေါ် မေတ္တာစိတ်ဖြင့် ကျေးဇူးတင်နေသည်။ ထိုအခါ ဆီပူတို့သည် ဆီးနှင်းပေါက်တွေအလား အေးစက်သွားပေပြီ။ ဥတ္တရာ၏ ကျေးကျွန်တွေက သူတို့သခင်မအပေါ် မကောင်းကြံနှိပ်စက်ရပ်ါမလားဟုဆိုကာ သီရိမာကို ဝိုင်း၍ရိုက်ပုတ်ကြသည်။ ဥတ္တရာက အတန်တန်တားယူ ဆွဲထူဖေးမရသည်။ သီရိမာသည် ဥတ္တရာကို တောင်းပန်သည်။ ဥတ္တရာက သူ့အစား ဘုရားရှင်ထံ တောင်းပန်ရန်ပြောသည်။ နှစ်ဦးသား ဘုရားရှင်ထံ ရောက်သည်။ ဘုရားရှင်၏ အဆုံးအမဖြင့် သီရိမာသည် သောတာပန် အရိယာဖြစ်ခဲ့လေပြီ။

သည့်နောက် သီရိမာသည် ဘုရားရှင်၏ သမီးတော်အဖြစ်



## မြသန်းစံ

သဒ္ဓါ တရားအပြည့်ဖြင့် ဘုရားရှင်နှင့်သံဃာတော်များကို (ဥတ္တရာ ကဲ့သို့) ကိုယ်တိုင် ချက်ပြုတ်ဆွမ်းလောင်းလှူသည်မှာ နေ့စဉ်နှင့် အမျှပင်။ ဆွမ်းခံသော ရဟန်း သံဃာတို့က သီရိမာ၏မွန်မြတ်သော ဆွမ်းအလှူကို ချီးမွမ်းပြောဆိုကြရာမှ သီရိမာ၏အလှကိုပါ ထည့်သွင်းချီးမွမ်းပြောဆိုကြသည်။ သီရိမာ၏ဆွမ်းအလှူကို မခံရသေးသော ကိုယ်တော်လေးတစ်ပါး ကြားချေပြီ။ ကိုယ်တော်လေးသည် မမြင်ရခင်ကတည်းက သီရိမာကို စွဲလမ်းနေပြီဖြစ်သည်။

ကိုယ်တော်လေး ဆွမ်းခံအလှည့်ကျ၍ သီရိမာအိမ်သို့ ရောက်ခဲ့သည်။ ထိုနေ့က သီရိမာသည် နေမကောင်းပါ။ သီရိမာ၏ ဘဝနောက်ဆုံးနေ့လည်း ဖြစ်သည်။ သီရိမာသည် အားယူ၍ ဘေးလူတို့၏ အထူအမဖြင့် သံဃာတော်တို့ကို နေ့စဉ်ပြုနေကျအတိုင်း ဆွမ်းထွက်ကပ်သည်။ နွမ်းဖျော့နေသော သီရိမာကို ကြည့်၍ပင် ကိုယ်တော်လေးခမျာ ပိုမိုစွဲလမ်းသွားရချေပြီ။ နေမကောင်း၍ ကပိုကရိုလေးနဲ့တောင် သည်လောက်လှနေရင် ...။

ကိုယ်တော်လေးသည် ကျောင်းသို့ပြန်ရောက်သောအခါ ဆွမ်းမစားနိုင်တော့။ သူ့အာရုံတွင် သီရိမာသည် တရစ်ဝဲဝဲရှိနေသည်။ သပိတ်ထဲပါလာသောဆွမ်းတို့သည် သည်အတိုင်းပိတ်လျက်သား။ ထိုနေ့ညမှာပင် သီရိမာ ဆုံးသွားရှာသည်။ ဘုရင်ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်ထံ လျှောက်ထားသည်။ ဘုရားရှင်က သီရိမာ၏အလောင်းကို သုသာန်တစပြင်၌ လင်းတ၊ ကျီးတို့ မထိုးဖောက်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်စေရန် မှာကြားလိုက်သည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

ယခုသုံးရက်မြောက်လေပြီ။ဘုရင်မင်းမြတ်၏ လျှောက်ထားချက်အရ ဘုရားရှင်ကိုယ်တော်တိုင် သံဃာများခြံရံလျက် သုသာန်သို့ ကြွချီတော် မူလေပြီ။

"သီရိမာ၏အလောင်းကို ရှုမှားရန်အတွက် ဘုရားရှင်ကိုယ်တော်တိုင် သုသာန်သို့ ကြွတော်မူနေပြီ။ ကိုယ်တော် မလိုက်ဘူးလား"

အဖော်ရဟန်းတစ်ဦး၏ သတိပေးချက်အရ သီရိမာကို အစွဲလမ်းကြီး စွဲလမ်းစိတ်ဖြင့် သုံးရက်တိုင်တိုင် ဆွမ်းမခံ၊ ဆွမ်းမစားဘဲ တလူးလူး တလိမ့်လိမ့်နှင့် ရာဂမီးတောက်လောင်နေသော ကိုယ်တော်လေးသည် ငေါက် ခနဲထထိုင်သည်။ ထိုအခါကျမှ သီရိမာ လောင်းလှူလိုက်သော လွန်ခဲ့သော သုံးရက်ကျော်က ဆွမ်းတို့သည် သပိတ်ထဲ၌ သည်အတိုင်းရှိနေသည်ကို သတိရသည်။ သပိတ်ဖွင့်လိုက်သောအခါ ဆွမ်းအဟောင်းတို့သည် ရိဆွေးပုပ်အက်နေပေပြီ။ ကိုယ်တော်လေးသည် သပိတ်ကို ကမန်းကတန်းဆေးကြော၍ သုသာန်တစပြင်သို့ အပြေးလာခဲ့သည်။ သီရိမာကို ကြည့်ချင် လှပေပြီ။

သုသာန်တစပြင်တွင် ဘုရားအမှူးရှိသော သံဃာတော်များသည် သီရိမာ၏ခေါင်းရင်းနေရာမှ နေရာယူထားကြပြီ။ မိထွေးတော်ဂေါတမီတို့ အဖွဲ့က သီရိမာ၏ လက်ဝဲဘက်မှာ။သီရိမာ၏ လက်ယာဘက်မှာ ဗိမ္ဗိသာရမင်း နှင့်တကွ မှူးမတ်များ။ မင်းညီမင်းသားများ။ ခြေရင်းဘက်မှ မြို့သူမြို့သားများ။ ပရိသတ်အပေါင်း စုံညီလေပြီ။



## မြသန်းစံ

သုံးရက်တာ သုသာန်တစပြင်၌ လျောင်းစက်နေသော သီရိမာ၏ အလောင်းသည် နဂိုအတိုင်း ရှိမနေတော့ပါ။ရုပ်အလောင်းသည် ဖူးရောင်ကာ ကြွထနေ၏။ဒွါရကိုးပေါက်မှ သွေးပြည်ပိုးလောက်တို့သည် ထွက်ကျနေလေ ပြီ။ တစ်ကိုယ်လုံးသည်လည်း အက်ကွဲ၍ ပုပ်နေလေပြီ။ ယင်ကောင်တွေ တလောင်းလောင်းနှင့်။

ကိုယ်တော်လေးသည် ဘုရားရှင်အနီးအနားတွင် နေရာယူကာ သီရိမာ၏အလောင်းကို မမှိတ်မသုန်ကြည့်နေမိသည်။ သူအလွန်တွေ့ချင်၊ မြင်ချင်လှသော သီရိမာသည် ယခုအခါ ...။ ဘုရားရှင်၏နှုတ်တော်မှ နူးညံ့ ချိုသာသော အသံတော်ထွက်ပေါ်လာသည်။

"ယခုတွေ့နေရသည်မှာ မည်သူနည်း"

"သီရိမာဖြစ်ပါသည်"

ပရိသတ်အားလုံးဖြေကြသည်။ ဘုရားရှင်က သုံးကြိမ်မေးသည်။

ပရိသတ်က သုံးကြိမ်ဖြေသည်။

"သီရိမာ"

"သီရိမာ"

"သီရိမာ"

ပရိသတ်၏အာရုံသည် သီရိမာအပေါ်၌ စူး၍ကျနေပေပြီ။ ဘုရားရှင် သည် ဗိမ္ဗိသာရမင်းကြီးကို မေးလိုက်သည်။

"အရှင်မင်းကြီး ... ဖူးဖူးရောင်ထ၊ သွေးပြည်ယိုစီးကာ ပိုးလောက်တို့ တရွရွဖြစ်နေသော သီရိမာအလောင်းကို ယူလိုလျှင်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အသပြာတစ်ထောင် ပေး၍ ယူကြလော့ဟု အရှင်မင်းကြီး အမိန့်ထုတ်ပြန်ခဲ့သည်မှာ ယခုယူ မည့်သူ မရှိပြီလော"

"မှန်ပါ၊ အသပြာတစ်ထောင်ပင်မဟုတ်။ ငါးရာ၊ နှစ်ရာ၊ ငါးဆယ် စသဖြင့် တဖြည်းဖြည်းဈေးလျှော့၍ ယူစေသော်လည်း မည်သူမျှမယူ တော့ပါဘုရား"

"ဒါဖြင့် အခမဲ့ယူစေလျှင်ရော"

"မှန်ပါ၊ အခမဲ့ယူမည့်သူပင် မရှိတော့ပါ အရှင်ဘုရား"

"ကဲ ...ချစ်သားရဟန်းတို့၊ ဤသီရိမာ မာတုဂါမကို ကြည့်ကြ ကုန်လော့။ အသက်ရှင်စဉ်က တစ်နေ့အတွက်ပင် အသပြာတစ်ထောင် ပေးကြရသည်။ ယခုမူ အဖိုးအခမပေးရဘဲ ယူမည့်သူမရှိ။ ရုပ်မည်သည် ဤသို့ပျက်စီးတတ်ကုန်၏။ ချစ်သားရဟန်းတို့၊ ရောဂါဝေဒနာနှိပ်စက်တတ်သော ဤခန္ဓာကိုယ်အတ္တဘောကို ကြည့်ရှုကုန်လော့" ဟု မိန့်တော်မူ ပြီးနောက် အောက်ပါ ဂါထာကို ရွတ်ဆိုလေသည်။

ပဿစိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

(ဆန်းကြယ်စွာ တန်ဆာဆင်ထားအပ်သော ပန်းပုရုပ်နှင့်တူသော အရိုးနှင့်ဆောက်လုပ်အပ်သော ရောဂါဖြင့်ပြွမ်းထသော အမျိုးမျိုးကြံစည် စိတ်ကူး၍စီရင်အပ်သော ကိုးပေါက်ဒွါရ အနာဝရှိသောကိုယ်ကို စေ့စေ့ရှုပါလော့ ...အကြင်ကိုယ်၏ အမြဲတည်နေခြင်းသည် မရှိခဲ့ပါတကား)

ဒေသနာအဆုံးတွင် ပရိသတ် ၈၄၀၀၀ တို့သည် သံဝေဂ





ဉာဏ်ဖြင့် အကျွတ်တရားရကုန်ကြလေသည်။ သီရိမာ၏ရှုပကာ အပေါ်၌ ရာဂဖြစ်ခဲ့ သော ကိုယ်တော်လေးသည်လည်း သောတာပတ္တိဖိုလ်၌ တည်ခဲ့သည်။ဥတ္တရာ၏ ခင်ပွန်းသည် သုမနသူဌေးသားသည်လည်း သောတာပန် ဖြစ်ခဲ့သည်။ သောတာပန်ဖြစ်ပြီးသူ ဥတ္တရာသည် သကဒါဂါမ်ဖြစ်ခဲ့သည်။ ပရိသတ်ထဲ၌ ပါခဲ့သော ဘုရားရှင်၏ နှမတော်တစ်ဦးဖြစ်သည့် အဆင်းမာန်ဖြင့် ယစ်မူး ဝင့်ကြွားနေသူ ဇနပဒကလျာဏီ မင်းသမီးသည်လည်း သောတာပန်တည် ခဲ့သည်။ သောတာပန်ဘဝနှင့် ယာမာနတ်ပြည်သို့ ဘဝကူးခဲ့သော သီရိမာ နတ်သမီးသည်လည်း မိမိ၏အလောင်းကို မိမိပြန်လည်ရှုပွားဆင်ခြင်ရင်းမှ ဘုရားရှင်၏ ဝိဇယသုတ္တန်ကို နာကြားရသောအခါ အနာဂါမ်ဖြစ်ခဲ့လေသည်။

ဝိဇယသုတ္တန်ကြောင့် သောတာပန်ဖြစ်ခဲ့ရာမှ ၎င်းဝိဇယသုတ္တန်ကို နှုတ်ငုံဆောင်၍ ထပ်မံရှုပွားဆင်ခြင်ခဲ့သဖြင့် သီရိမာကို အစွဲလမ်းကြီး စွဲလမ်း ခဲ့သော ကိုယ်တော်လေးသည်လည်း ရဟန္တာဘဝသို့ပင် ရောက်ရှိခဲ့လေသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## (၂)

ရာဇဂြိုဟ်မှ သီရိမာ၏အသုဘရှုပွဲကြီးကား လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပါသည်။ ထိုအသုဘရှုပွဲကြီး၌ ပါဝင်ခဲ့သူ အသီးသီးတို့သည်လည်း ကိုယ်စီ တရားအသိဉာဏ်နှင့် ထိုက်တန် သောဘဝတွေကိုလည်း ရရှိနေပြီဖြစ်ပါသည်။ အချို့သည် မြင့်မြတ်သောဘုံ၊ မြတ်သောဘဝ၊ မြတ်သောဌာနတွေမှာ စံစားနေပေပြီ။ အချို့လည်း နိဗ္ဗာန် သို့ မျက်မှောက်ပြုခဲ့ကြပြီ။ သီရိမာကို အကြောင်းပြု၍ တရားဒေသနာချီးမြှင့်ခဲ့သော ဘုရားရှင်ကိုယ်တော်တိုင်ပင် ပရိနိဗ္ဗာန်ပြုခဲ့ရပြီ မဟုတ်ပါလော။

သီရိမာကို စွဲလမ်းစိတ်ဖြစ်ခဲ့စဉ်က ရာဂစိတ် အဓိပတိဖြစ်ခဲ့ရသော ကိုယ်တော်လေးသည် သုသာန်တစပြင်မှ သီရိမာ၏





ရုပ်အလောင်းကို မျက်ဝါးထင်ထင်မြင်တွေ့ရင်းမှ ဘုရားရှင်၏ ဒေသနာတော်ကို နာကြားလိုက်ရ သောအခါ ...။

တင့်တယ်ခြင်းနှင့်မတင့်တယ်ခြင်း။ သုဘနှင့်အသုဘ။

သုဘနိမိတ်ကိုမြင်သောအခါ စိတ်သည် စွဲလမ်းသည့်ဘက်သို့ ဦးတည်သည်။အသုဘနိမိတ်ကို မြင်သောအခါ စိတ်သည် စက်ဆုပ်ရွံရှာသည့် ဘက်သို့ ပြောင်းလဲသွားသည်။ မြင်ကွင်းပြောင်း သည့်အခါ စိတ်ပြောင်းသွား သည်။ မြင်ကွင်းအပြောင်းအလဲကို မည်သူက ဖန်တီးသနည်း။ ပုဂ္ဂိုလ်တစ်ဦး တည်းက ဖန်တီးခြင်းဖြစ်သည်။

ထိုပုဂ္ဂိုလ်ကား သီရိမာ။

သီရိမာ၏ ခန္ဓာအိမ်နေရာတွင် အခြားသူတစ်ဦး၏ ခန္ဓာ အိမ် အသစ် တစ်ခု အစားထိုးဝင်ရောက်လာခြင်း မဟုတ်ပါ။ နဂိုရှိရင်းစွဲ သီရိမာ၏ ခန္ဓာ အိမ်ကြီးကသာ ဖောက်ပြန်ပြောင်းလဲသွားခြင်း ဖြစ်ပါသည်။ လွန်ခဲ့သော (၃)ရက်ခန့်က ကပိုကရိုအလှကလေးနှင့်ပင် ကြည့်၍မဝနိုင်ဖြစ်ခဲ့ရသော သီရိမာ။ ယခုတော့ ဖရိုဖရဲ ပြိုကွဲ၊ ယိုစီး၊ နံစော်၊ မြင်မကောင်း၊ ရှုမကောင်း၊ ယင်တလောင်းလောင်းနှင့် နှစ်ခါပြန်ကြည့်ချင်စရာ မကောင်းတော့သည့် သီရိမာ။ ဖြစ်နိုင်လျှင် မကြည့်ချင်တော့။ မျက်လုံးစုံမှိတ်ထားလိုက်ချင်တော့ သည်။

ဘယ်မှာလဲ...ဟိုတစ်နေ့က ဆွမ်းမစားနိုင်လောက် အောင်စွဲလမ်းခဲ့ရတဲ့ သီရိမာရဲ့အလှပုံရိပ်တွေ။ ကိုယ်တော်လေး သည် အငွေ့အသက်ကို မမေ့ရက်စရာအဖြစ် သတ်မှတ်သိမ်းဆည်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ထားခဲ့သည်ပဲ။ မျက်စိဖြင့် သီရိမာကို မြင်သည်။ မြင်သိစိတ်ဖြစ်ပေါ်သည်။ မြင်သိစိတ်နောက်က လိုချင်စိတ်ကလေး ကပ်လျက်ပါလာသည်။ ကြည့်စမ်း . . . မြန်လိုက်သည့်စိတ်။

တပ်မက်မှုတဏှာစိတ်ကလေးက အမြစ်စတွယ်ပေပြီ။ အမြစ်တွေ ပွားလာသည်။ လိုချင်စိတ်သည် ကင်ဆာရောဂါနှင့် တူသည်။ အမြစ်ပွားနှုန်း မြန်လှသည်။ရှေ့စိတ်သည် နောက်စိတ်ဆီသို့ လောဘ၏သတ္တိကို အဆင့်ဆင့် လက်ဆင့်ကမ်းပေးသွားသည်။ လောဘအိုးကြီးသည် တဖြည်းဖြည်းကြီးထွား လေပေပြီ။ စိတ်နှင့်မဆန့်အောင် ကြီးထွားလာသောအခါ စိတ်သည် ထိုလောဘ၏ ဝန်ထုပ်ကို အလေးအပင်တစ်ခုအနေဖြင့် ပြန်ထမ်းနေရတော့သည်။ စိတ်ကြီးကား လေးလံလှချေပြီ။ လေးလံသောအခါ ထိုင်းမှိုင်းလာစမြဲ။ ကိလေသာဟူသမျှ ပူရမည်မှာမလွဲ။ ကိလေသာခေါင်းဆောင်ဖြစ်သော လောဘသည် အပူဓာတ်တွေကို ယူဆောင်လာသည်။ ထိုအပူဓာတ်သည် တည်ငြိမ်အေးချမ်းမှု မရှိတော့။ ဘယ်မှာလာ၍ ငြိမ်းအေးနိုင်ပါတော့မလဲ။

ထို့ကြောင့်ပင် ကိုယ်တော်လေးသည် သီရိမာလောင်းလှူလိုက်သော ဆွမ်းကိုပင် မစားနိုင်တော့သည့်အထိဖြစ်ခဲ့ရသည်။ ကိုယ်တော်လေး၏ စိတ်အတွင်းဝယ် သီရိမာ၏ပုံရိပ် အငွေ့အသက်တွေသည် သုံးရက်တိတိဝင်မွှေ လောင်ကျွမ်းနေခဲ့သည်။ သတိလက်လွှတ်ဖြစ်နေသောအခါ၊ မောဟကြီး နေသောအခါ၊ ပမာဒဖြစ်နေသောအခါ၊ သညာသည် တန်ခိုးထွားလာသည်။ ခုနက မှတ်ထားခဲ့သော သီရိမာ၏ပုံရိပ်ကို သညာက အထပ်ထပ်ပုံဖော်ပေး





နေသည်။ ကိုယ်တော်လေးသည် သညာခေါ်ရာသို့ လိုက်သည်။ အငွေ့အသက်ကို တကယ့်အရှိတရားဟု ကိုယ်တော်လေး ယုံကြည်နေသည်။ အမြင်မှားပေပြီ။ ဒိဋ္ဌိဝင်ပြီ။ ကိုယ်တော်လေး၏ အာရုံရိပ်တွင် အငွေ့အသက် အဖြစ်ပုံဖော်နေသော သီရိမာသည် အမှန်တကယ်တွင်မူ သုသာန်တစပြင်၌ အလောင်းကောင်အဖြစ် ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေချိန်ဖြစ်သည်။ ဤသည်ကို ကိုယ်တော်လေးသည် မသိမမြင်။

သည်တော့ သညာက္ခန္ဓာကြီးက ပုံဖော်ပေးလိုက်၊ ဝေဒနာက္ခန္ဓာက ချဲ့ပြီးခံစားပေးလိုက်။ ဝိညာဏက္ခန္ဓာကြီးက လိမ်ပြီးသိနေလိုက်၊ သင်္ခါရက္ခန္ဓာကြီးကအမှားနောက် တကောက်ကောက်လိုက်လံပြုပြင်ပေး နေလိုက်နှင့် ကိုယ်တော်လေး၏စိတ်သည် အလုပ်များခဲ့ရသည်။ ပင်ပန်းခဲ့ရသည်။ အဆမတန်ပူလောင်ခဲ့ရသည်။ အမြင်မှားမှုကို အခြေခံသော မိစ္ဆာဒိဋ္ဌိ၏နောက်၌ တန်းလန်းတန်းလန်းပါလာသော အကျိုးတရားများမှာ အကုသိုလ်သတ္တိတွေသာ ကိန်းအောင်းနေပေသည်။

ကိုယ်တော်ကလေးခမျာ သုံးရက်လုံးလုံး ဆွမ်းခံမထွက်၊ ဆွမ်းမစား။ တပိန်ပိန် ၊တလိမ်လိမ်။ သူ့စိတ်ထဲမှာတော့ သီရိမာမှသီရိမာ။ ထိုသုံးရက် လွန်ပြီးနောက် သီရိမာဆိုသောအသံကို ကြားရမှ သပိတ်ကို ဆေးခဲ့သည့်သူ့အဖြစ်။ ထိုအခါမှ သပိတ်ထဲမှ ပုပ်သိုးနံစော်နေသော ဆွမ်းပုပ်တွေကို တွေ့ရသည်။ မေ့မြောရာမှ သတိလည်လာသူပမာ။ ဒါတောင် ဘုရားရှင် ဆိုသော အသံထက် သီရိမာဆိုသောအသံကိုသာ သူကြားခဲ့ခြင်းဖြစ်သည်။ သုသာန်သို့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

အပြေးတစ်ပိုင်းနှင့်ထွက်လာခဲ့၊ ကဲ ... တွေ့ပြီ ... သီရိမာ။

အလို...သူထင်သလို မဟုတ်တော့ပါလား။ သုံးရက်လုံးလုံး သူ့စိတ်ထဲ၌ အချိန်ပြည့်နေရာယူခဲ့သည့် သီရိမာတည်းဟူသော အငွေ့ အသက်သည် သည်ပုံစံမဟုတ်။ သူနောက်ဆုံးတွေ့ခဲ့သည့် ကပိုကရိုအလှကလေးနဲ့သီရိမာသည် သည်ပုံစံမဟုတ်။ လုံးဝမဟုတ်။ သူ ထင်မှတ်မှား နေရော့လား။ သူ ဇဝေဇဝါဖြစ်နေရော့လား။ စိတ်တွေထွေပြား၍ အမြင်မှားနေ ခြင်းပေလား။

ဟော...ဘုရားရှင်၏အမေးတွင် ပရိသတ်အပေါင်းက တစ်ခဲနက် ညာသံပေး၍ ဖြေကြပေပြီ။ သည်ရုပ်အလောင်းကြီးသည် သီရိမာတဲ့။ မဖြစ် နိုင်တာ။ သူ့စိတ်ထဲက မည်သို့ငြင်းပယ်၊ ငြင်းပယ်၊ သည်ရုပ်အလောင်းကြီး သည် သီရိမာအစစ်ပင်တည်း။ အားလုံးတစ်ခဲနက်ထောက်ခံနေကြပြီ။ ဟော... အသက်ရှင်စဥ်က တစ်ရက်လျှင် အသပြာတစ်ထောင်တန်သည့်သီရိမာသည် ယခုတော့ အခကြေးငွေ မဆိုထားနှင့်။ အခမဲ့ယူမည့်သူပင် မရှိတော့ပြီကော။ ကဲ...ဘယ်မှာလဲ သီရိမာရဲ့တန်ဖိုးဆိုတာ...။

သီရိမာရဲ့တန်ဖိုးတွေသည် သီရိမာရဲ့ဆံပင်တွေထဲမှာလား။ဘယ်မှာဟုတ်နိုင်ပါတော့မလဲ။ မဖြီးမလိမ်း ၊ မပြင်မဆင်ထားတော့ ဘယ်မှာလဲ ဆံပင်ပုံ၊ ဆံထုံးပုံ။ဖွာလန်ကြဲမွဲခြောက်နေတဲ့ ဆံပင်တွေမှာ ဖုန်တွေအလိမ်းလိမ်းနဲ့။ ရုပ်ပျက်လိုက်တာ။

ကိုယ်တော်လေးရဲ့စိတ်ထဲမှာ အငွေ့အသက်အဖြစ် အရိပ်ခိုခဲ့တဲ့၊ ကိုယ်တော်လေးရဲ့စိတ်ကို အလွှမ်းမိုးကြီး လွှမ်းမိုးနိုင်ခဲ့တဲ့ သီရိမာရဲ့ မျက်နှာလေးသည်ရော ... ဘုရား။ ဘုရား။ ကြည့်နေရင်း



## မြသန်းစံ

မှပင် မျက်လုံးကြီး နှစ်ဖက် ထပေါက်တော့မယ့်အတိုင်းပါလား။ ဖူးရောင်ရှန်းကြွ ခုံးထနေတာ။ ဖောက်ခနဲပေါက်သွားလိုက်ရင်ဖြင့် ...။ နှာခေါင်းကြီးကလည်း ပွထ။ အထက် နှုတ်ခမ်း၊ အောက်နှုတ်ခမ်းအစုံကလည်း ထူလပျစ်။ ပါးကြီးနှစ်ဖက်ကလည်း ပါးချိတ်ရောင် သွားကိုက်ဝေဒနာသည်လို ရောင်ကားဖောင်းထနေလိုက်တာ။ အလို ...ပါးစပ်ထဲက အပုပ်ရည်တွေ စီးကျနေလိုက်တာ။ အခုရနေတဲ့ အပုပ်နံ့တွေဟာ အဲသည်အပုပ်ရည်တွေဆီကလားမသိ။

ကိုယ်တော်လေးသည် စိတ်မသက်သာစွာဖြင့် မျက်လုံးအစုံကို မှိတ်လိုက်သည်။ သူ့စိတ်ထဲတွင် နေရာယူထားသောသီရိမာ၏ ပုံရိပ်အငွေ့အသက်တို့သည် တဖြည်းဖြည်းလွင့်ပြယ်စပြုလေပြီ။ သည်ပုံကြီးဆိုရင်ဖြင့် သီရိမာကို ဘယ်လိုလုပ်ပြီး စိတ်ထဲမှာ ထည့်သွင်းသိမ်းဆည်းထား နိုင်ပါတော့မလဲ။ ဘယ်လိုလုပ်ပြီး ပုံဖော်စိတ်ကူးယဥ်နိုင်ပါတော့မလဲ။ ခဏ တစ်ဖြုတ်ကြည့်လိုက်ရတဲ့ အချိန်ကလေးမှာတောင် ဆက်မကြည့်ချင်တော့လို့ မျက်စိကို မှိတ်လိုက်ရတာ။

ကြည့်ပါဦး။လည်ပင်းကြီးကလည်း အဆမတန်ရောင်ကိုင်းကြီးထွား နေပါပကောလား။ ပခုံးတွေ၊ လက်တွေသည် ရောင်ကိုင်းပွထနေလိုက်တာ။ ဝတ်ထားတဲ့ အရှက်လုံအင်္ကျီဖျင်စတွေပင်လျှင် အချို့နေရာမှာ ချုပ်ရိုးပြုတ် လိုပြုတ်။ ကွဲထွက်လိုကွဲထွက်ဖြစ်နေပါရော့လား။ ရင်ဘတ်ကြီးမို့မောက် လိုက်ပုံကလည်း တောင်ကုန်းတစ်ကုန်းလို။ အို ... ဗိုက်ပေါ်က အဝတ်စ တွေမှာ စိုရွှဲရွှဲလို့။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

အပုပ်ရည်တွေ စွန်းထင်းပေကျံနေပါရောလား။ နံလိုက် တာနော်။

ပေါင်မှသည် ခြေသလုံး။ နည်းသည့်ရောင်ကိုင်းပွထမှုကြီး မဟုတ်။ သီရိမာသည် မူလခန္ဓာကိုယ်ထက် နှစ်ဆကျော်ကျော်၊ သုံးဆနီးပါးရှိနေချေပြီခြေချောင်းတို့၏တုတ်ခိုင်ပွထမှုများက တော့မပြောပါနဲ့ တော့။ အဝလွန်နေ သည့် မိန်းမတစ်ယောက်၏ ဖဝါးတွေ။ ခြေချောင်းတွေလို။ အဝလွန်သည့် မိန်းမကြီးတစ်ယောက် ပိုးစိုးပက်စက် ပစ်စလက်ခတ်အိပ်နေသည့်ပုံကြီးနှင့် တူလွန်းလှသည်။

ဒါဟာ ... အလှဘုရင်မတစ်ယောက်ရဲ့ ရုပ်ကလာပ်တ ှလား။

တစ်ကိုယ်လုံးခြုံကြည့်လိုက်လျှင် မှိုင်းဝနေသော မီးပုံးပျံ ကြီးလို ဖြစ်နေသည့်သီရိမာ။

ပြုပြင်ပြောင်းလဲပေးနေရသော နာမ်ခန္ဓာတစ်ပါးဖြစ်သည့် သင်္ခါရက္ခန္ဓာကြီး အလုပ်မလုပ်တော့သောအခါ သည်ခန္ဓာအိမ်ကြီး သည်ပိုင်ရှင်မဲ့သူတစ်ဦးအဖြစ်ကျန်ခဲ့ရသည်မှတ်သားခြင်း၊သိမြင် ခြင်း၊ခံစားခြင်း၊ပြုပြင်ခြင်းကိစ္စများဆောင်ရွက်နေသောနာမ် ခန္ဓာလေးပါးသည် သူတို့ အမှီပြု အလုပ်လုပ်ရာ ကာယခန္ဓာကြီးကို ရက်စက်စွာထားရစ် စွန့်ပစ်ခဲ့ကြလေပြီ။ ရုပ်ခန္ဓာတစ်ပါးဖြစ်သော ရူပက္ခန္ဓာကြီးသည်လည်း ညီတော်၊ နောင်တော် ပီသစွာ နာမ်ခန္ဓာ လေးပါးနောက်သို့ တစ်ပါတည်းလိုက်သွားခဲ့ပေပြီ။သူတို့ ငါးပါး အုပ်စု သည် နောက်ခန္ဓာအိမ်အသစ်တစ်ခုစီ၌ အလုပ်တွေ လုပ်နေကြပေ ပြီ။ သို့သော်သီရိမာ၏ ခန္ဓာအိမ်အဟောင်းတွင် ဖြစ်ခဲ့သောခန္ဓာငါးပါး တော့ မဟုတ်တော့ပါချေ။ အဟောင်းချုပ်ငြိမ်း၍ အသစ်အသစ်



## မြသန်းစံ

ဖြစ်ပေါ်လာသော ခန္ဓာငါးပါးတို့သာဖြစ်ပါသည်။ ထိုအခါ မူလက သူတို့အမှီပြုအလုပ်လုပ်ရာဌာနကြီးဖြစ်သောသီရိမာ၏ခန္ဓာအိမ် အဟောင်းကြီးသည် ယခုမူ ပိုင်ရှင်မဲ့ အဖြစ် သုသာန်တစပြင်၌ ဖြစ်ချင်တိုင်း ဖြစ်နေလေပြီ။

ဤသည်ကို တရားနာပရိသတ်အဖြစ် ရောက်ရှိနေသော သီရိမာ နတ်သမီးကိုယ်တိုင် ပြက်ပြက်ထင်ထင်သိမြင်နေရသည်။ ယခင်က ရာဇဂြိုဟ် မြို့က ပြည့်တန်ဆာသီရိမာ။ယခုတော့ယာမာ နတ်ပြည်က နတ်သမီးသီရိမာ။ သူ့ခန္ဓာအိမ်အဟောင်းကို သူ ကိုယ်တိုင် အသုဘပြန်ရှုနေရသောအဖြစ်။ သည် ခန္ဓာအိမ်ကို အမှီပြု ၍ သီရိမာသည် ငါမှငါ ဖြစ်ခဲ့သေးသည်။ ငါ့ခန္ဓာ၊ ငါ့အလှ ဟူ၍ မာန်တွေတက်ခဲ့သေးသည်။ ထိုမာန်တွေကြောင့်ပင် ဥတ္တရာကို ဆီပူနှင့်လောင်းချခဲ့သည်အထိ ကျူးလွန်ခဲ့မိသေးသည်။ ဥတ္တရာ၏ ခင်ပွန်း သည် သုမနသူဌေးသားကို ပိုင်ဆိုင်လိုစိတ်တွေ ဖြစ်ခဲ့သေး သည်။ အဲဒီ သီရိမာဆိုတာကြီးကို အခုဘယ်မှာ အသုံးချနိုင်ပါတော့ မလဲ။အခုတော့သီရိမာ ဆိုသော အပေါင်းအစု၊ အစုအဝေးကြီး သည် ဘာမျှတုံ့ပြန်ပြောဆို မပြုနိုင် တော့ပြီကော။ သည်အစုအဝေး ကြီးကို ကိုင်စွဲ၍ ငါဟဲ့ ... သီရိမာဟဲ့ဟု ပြောဆိုဆက်ဆံခဲ့တာ တွေသည်....။

ကြည့်စမ်း။ ငါတည်းဟူသော သီရိမာ၏ခန္ဓာကို အစွဲလမ်း ကြီး စွဲလမ်း၍ သောကပရိဒေဝမီး တောင်လောင်နေရှာတဲ့ ကိုယ်တော်လေး။ သီရိမာရဲ့ခန္ဓာလို့ ထင်နေတဲ့ ကိုယ်တော်လေးခမျာ မသက်မသာ ပင်ပန်းနေရှာ ပါလား။ သည်မှာ .. ကိုယ်တော်လေး။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

တပည့်တော်မဟာ ယာမာနတ်ဘုံမှာ နတ်သမီးသီရိမာ ဖြစ်နေပါပြီ။ အခုဘုရားရှင်က တပည့်တော်မ အလောင်းကို ရှုကြည့်ပြီး တရားဟောမယ်ဆိုလို့ တပည့်တော်မ ယာမာနတ်ပြည်ကနေအပြေးလာခဲ့ရတာ။ တပည့်တော်မရဲ့ ခန္ဓာအိမ်အသစ်ကို ကိုယ်တော်လေး ဘယ်မြင်နိုင်ပါဦးမလဲ။ ကောင်းပါပြီလေ။ ကိုယ်တော်လေး အခုမြင်နေတဲ့ တပည့်တော်မရဲ့ ခန္ဓာအိမ်အဟောင်းဟာ ကိုယ်တော်လေးရှေ့မှာပဲ ဖောက်ပြန် ပြောင်းလဲနေပုံကို ကိုယ်တော်လေး မြင်ရင်းက သံဝေဂရပါစေတော့...။

ကိုယ့်ရုပ်အလောင်းကို ကိုယ်ပြန်ကြည့်ရင်းက ဖြစ်ပျက်တရား၊ပြုပြင်မှု တရား၊ ဖောက်ပြန်မှုတရားတွေကို ဉာဏ်ဖြင့် အထပ်ထပ်ဆင်ခြင် ရှုပွားလေသော် ဘုရားရှင်၏ဒေသနာအဆုံး၌ နတ်သမီးသီရိမာသည် အနာဂါမ်တည်ခဲ့လေပြီ။

ကိုယ်တော်လေးကား လက်ငင်းမြင်တွေ့နေရသည့် အမှန်တရားကို လက်မလွှတ်စတမ်း ဆုပ်ကိုင်ဖမ်းယူရင်းမှ ဖြစ်ပျက်၊ ဖောက်ပြန်၊ ပြုပြင်မှု အနိစ္စလက္ခဏာတို့ကို ရှုပွားဆင်ခြင်မိသော အခါ သောတာပတ္တိမဂ်သို့ ဆိုက် ရောက်တော့သည်။

ကိုယ်တော်လေး၏ အမြင်သည် မိစ္ဆာဒိဋ္ဌိမှသည် သမ္မာဒိဋ္ဌိသို့ပြောင်း ခဲ့လေပြီ။

တကယ်တော့ သီရိမာဟူသည် ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဟူသော ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ၊ အရေးပြားစသည့် ၃၂ ကောဋ္ဌာသ အစိတ်အပိုင်းတို့ ပေါင်းစုထားသော အစုအဝေးကို တိုတိုနှင့်လွယ်လွယ်ခေါ်





လိုက်ခြင်း မဟုတ်လော...။


ကိုယ်တော်လေး၏ ဉာဏ်အမြင်ပြောင်းသွားလေပြီ။ ကိုယ်တော် လေးသည် သီရိမာ၏ခန္ဓာအိမ်မှတစ်ဆင့် သဘာဝဓမ္မတစ်ခုကို တွေ့ရှိသွား ခဲ့ပြီ ဖြစ်သည်။ သည့်အတွက် သီရိမာ၏ခန္ဓာအိမ်သည် အရင်းအနှီးတစ်ခု အဖြစ် ပေးဆပ်ခဲ့ရသည်။ နတ်သမီးသီရိမာအတွက်ပင်လျှင် သူမ၏ ဘဝ ဟောင်းခန္ဓာအိမ်သည် သူမ အနာဂါမ်ဖြစ်ဖို့အတွက် အရင်းအနှီးတစ်ခု ဖြစ်ခဲ့ သည်သာ။

ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာမိခြင်းကြောင့် ရရှိသော အကျိုးကား ကြီးမားလှပေစွ။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

# အခန်း (၃)
# အရှင်ကုမာရကဿပ၏ မယ်တော်



http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း

## အခန်း (၃)

(၁)

မင်္ဂလာဦးည ချစ်စကားတို့ကို ချိုမြိန်သာယာစွာ ကြားရလိမ့်မည်ဟု သူထင်မှတ်ခဲ့သည်မှာ မှားချေပြီ။ မျှော်လင့်ကြီးစွာ စောင့်စားမျှော်လင့်ခဲ့ရ၊ ရင်ခုန်တမ်းတ ယစ်မူးစွာ စောင့်ဆိုင်းခဲ့ရသော မင်္ဂလာဦးညသည် လေထဲက တိုက်အိမ်လို ဖြိုကွဲပျက်စီးခဲ့ရလေပြီ။ သူမထံမှ သည်စကားကို စတင်ကြား လိုက်ရချိန်၌ သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်ရသည်။ အိပ်မက်များဖြစ်နေ မလားဟု သံသယဝင်မိသေးသည်။ သို့သော်





အိပ်မက် မဟုတ်ပါချေ။ သူမ ပြောနေသော စကားတို့ကို သူ့နားဖြင့် ဆတ်ဆတ်ကြားနေရခြင်းသာ ဖြစ်ပါ သည်။ပြောသူဘက်(သူမ)က ငြိမ်သက်တည်ငြိမ်နေသလောက်၊ နားထောင်သူ ဘက်(သူ)ကမူ ပြင်းထန်စွာ စိတ်လှုပ်ရှားနေရသည်။

"အရှင့်သား။ ကျွန်မရဲ့ခန္ဓာကိုယ်ကြီးဟာ (၃၂)မျိုးသော အပုပ် တွေနဲ့ ပြည့်နေပါတယ်။အပုပ်တွေနဲ့ ပြည့်နေတဲ့ ခန္ဓာကိုယ်ကြီးပါ၊ ဒီအပုပ်အသိုး ခန္ဓာကိုယ်ကြီးကို တန်ဆာဆင်ခြင်းဖြင့် ဘာအကျိုးရှိမှာလဲ"

ပြောပြောဆိုဆိုပင် သူမခန္ဓာကိုယ်ပေါ်၌ ဝတ်ဆင်ထားသော လက်ဝတ်ရတနာတွေသည် တစ်ခုပြီးတစ်ခု စားပွဲပေါ်သို့ စီလျက်သားကျ လာသည်။ လည်ဆွဲမြဘယက်၊ အဖိုးတန် စိန်ပွင့်ကြီးနှင့် နားကပ်တစ်စုံ၊ ကျောက်မျိုးစုံခြယ်လက်ကောက် ထူထူကြီးများ။ ပြီးတော့ သူအမြတ်တနိုး ဆင်မြန်းပေးခဲ့သည့် လက်ထပ်လက်စွပ်၊ ဒါတွေ ဒါတွေကို သူ့ကိုယ်ပေါ်မှ ခွာချနေပါရော့လား။

သူမ၏ လှုပ်ရှားမှုတွေကို နှစ်သက်၍ ကြည့်နေမိခြင်းတော့ မဟုတ်ပါ။ နားမလည်နိုင်သလို အံ့ဩစိတ်ဖြင့် မှင်သက်မိနေခြင်းသာ ဖြစ်ပါသည်။ သည့် နောက်သူမသည် နောက်ဖေးအဆောင်ဘက်ဆီသို့ ထွက်ခွာသွားသည်။ သူမ ထွက်ခွာသွားသည့် ဘက်တွင် အဝတ်လဲဆောင် ရှိနေသည်။ သူမ မရှိတော့ သောအခါ အခန်းတွင်း၌ မင်္ဂလာမွေ့ရာခုတင်ကြီးပေါ်တွင် သူတစ်ယောက်တည်း ကျန်ရစ်သည်။ ခပ်လှမ်းလှမ်းစားပွဲပေါ်မှ ဖြန့်ကြဲစီချထားသော



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျမဟာ အရှင့်သားရဲ့ဇနီးအဖြစ်သို့ ရောက်ရှိနေပါပြီ၊ အရှင့်သားနဲ့ အကြင်လင်မယားမဖြစ်မီမှာ ကျမစိတ်ထဲရှိတာတွေကို ပြော ခွင့်ပြုပါအရှင့်သား''

လေးလံစွာဖြင့် ခေါင်းကိုညိတ်လိုက်မိသည်။ သူမ ဘာတွေ ပြောဦး မလဲ။ သူ မကြားချင်၊ သို့သော် သူနားဆင်နေမိသည်သာ

''ကျွန်မဟာ အရှင့်သားနဲ့ အခုလိုလက်မထပ်သေးခင်က ကျွန်မ မိဘများထံမှာ ရဟန်းမအဖြစ် ခံယူဖို့ တောင်းဆိုခဲ့ပါသေးတယ်။ သို့သော် မိဘများက ခွင့်မပြုတဲ့အတွက် မိဘများသဘောကျသလို စီစဉ်ပြီးတဲ့နောက် ပိုင်းမှာ လင်ယောကျ်ားဖြစ်တဲ့ အရှင့်သားထံမှာ ရဟန်းမအဖြစ် ခံယူဖို့ ခွင့် တောင်းမယ်လို့ စိတ်ကူးခဲ့သူ ဖြစ်ပါတယ်။ ဒီလိုပြောလိုက်တဲ့အတွက် အရှင့်သား စိတ်မကောင်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်''

ပြောရက်လိုက်တာနမရယ်။ အိမ်ထောင်ဦးညမှ သတို့သမီးဘက်က ရဟန်းမအဖြစ်ခံယူဖို့ သတို့သားဆီ ခွင့်တောင်းရတယ်လို့ ..။ကြား ..မကြား ဖူးပေါင် ရှင်မ၊ စိတ်အတွင်း တီးတိုးစကားများဖြင့် ပြည့်သိပ်နေသော်လည်း စကားလုံးတွေသည် လည်ချောင်းမှတစ်ဆင့် အပြင်သို့ ထွက်မလာ၊ရင်ထဲသို့သာ ပြန်လည်စီးကျသွားခဲ့သည်။ သူမကမူ သူမ၏ ယုံကြည်ချက်များကို ဆက်လက်ပြောကြားနေဆဲ ....။

''ကျွန်မ ဒီလိုဘာကြောင့်ပြောနေရသလဲဆိုတော့ အဓိကကတော့ ကျွန်မရဲ့ခန္ဓာကို ကျွန်မ သုံးသပ်ဆင်ခြင်မိလို့ပါပဲ ... . ..





လက်ဝတ်တန်ဆာများမှာ မီးရောင်အောက်တွင် ဖိတ်ဖိတ်လက် တောက်ပ နေလျက်။ ဒါဟာ သူနဲ့ ရာဇဂြိုဟ်မြို့ သူဌေးသမီးလေးတစ်ယောက်နဲ့ လက်ထပ်တဲ့ညတဲ့လား ...။

သူဘယ်လိုမှ စဉ်းစားမရနိုင်။ သူသည် အဘယ်ကဲ့သို့သော သူဌေး သမီးလေးကို လက်ထပ်ထိမ်းမြားမိပြီနည်း။ သူနှင့်အကြောင်းဖက် ရေစက် ဆုံရမယ့် ဖူးစာရှင်သည် မည်သို့သော အမျိုးသမီးပေနည်း။ သူ့စိတ်တွေ တွေဝေနေစဉ်မှာပင် သူဌေးသမီးလေးသည် မင်္ဂလာအခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည်။ သူ့ကိုယ်ပေါ်မှာ အဝတ်အစားတွေ လဲခဲ့ပေပြီ။ အိမ်နေရင်း အဝတ အစားကလေးနှင့်ပင် သူဌေးသမီးလေးမှာ လှချင်တိုင်း လှနေပြန်သည်ဟု သူ မှတ်ယူနေမိသည်။သူကမူ ယခုအချိန်ထိ သတို့သားဝတ်စုံကို မလဲသေး။ သူဌေးသမီးလေးသည် သူထိုင်နေသော မင်္ဂလာခုတင်အနီးသို့ ချဉ်းကပ်လာသည်။ သူ ရင်ခုန်လာသည်။ သွေးတိုးနှုန်းတွေ မြန် လာသဖြင့် ခန္ဓာကိုယ်အနှံ့ နွေးထွေးသွားလေသည်။ သို့သော် .... . . ...သူဌေး သမီးလေးသည် ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ ထို့နောက် သူ့ကို ရိုသေပျပ်ဝပ်စွာ ဦးသုံးကြိမ်ချသည်။ သူမ၏ လှုပ်ရှားမှုများကို သူ နားမလည် နိုင်စွာ ကြည့်နေမိသည်။

''အရှင့်သား။ ကျွန်မဟာ အရှင့်သားနဲ့ အိမ်ထောင်မပြုဖို့ရာ မိဘများ ထံမှာ အထပ်ထပ်တောင်းပန်ခဲ့ပါတယ်။ သို့သော် မရပါ။ နောက်ဆုံးမှာ မိဘတွေရဲ့ စိတ်ဆင်းရဲမှုကို မပြုချင်တဲ့အတွက်ကြောင့်သာ အရှင့်သားနဲ့ လက်ထပ်ထိမ်းမြားဖို့အတွက် လက်ခံခဲ့ရခြင်း ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာတော့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အရှင့်သား။ ကျွန်မရဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ နတ်တွေ၊ ဗြဟ္မာတွေ ဖန်ဆင်းထားတဲ့ ဖန်ဆင်းခံ ခန္ဓာကိုယ်ကြီး မဟုတ်ပါဘူး။ တကယ်လို့သာ နတ်တွေ၊ ဗြဟ္မာတွေ သာ ဖန်ဆင်းခဲ့ရင် ကျွန်မရဲ့ ခန္ဓာကိုယ်ကြီးဟာ မွှေးကြိုင်လို့နေမှာပါပဲ၊ အခုတော့ ကျွန်မဟာ အပုပ်အညှီထူပြောတဲ့ အမိရဲ့သွေးအိုင် ဝမ်းခေါင်းထဲက မွေးလာရတဲ့အတွက် ပုပ်လို့ ၊ ညှီလို့ ၊ နံလို့ရှိနေပါတယ်''

''ကျွန်မကို ဝမ်းနဲ့လွယ်ခဲ့ရတဲ့အတွက် ကျွန်မရဲ့မိခင်ရော၊ ကျွန်မပါ ဒုက္ခတွေကို ခါးစည်းခံခဲ့ရပါတယ် အရှင့်သား၊ အမိဝမ်းထဲမှာ ပဋိသန္ဓေ တည်ရတာ အလွန်ကြောက်စရာကောင်းလှပါတယ်။ အလွန်ကံကောင်းမှပဲ အမိဝမ်းတွင်းကနေ မွေးဖွားသန့်စင်နိုင်ပါတယ်။ ဒါကြောင့် အသက်ရှင်ဖို့ ခဲယဉ်းလှပါတယ်။ကျွန်မ ပဋိသန္ဓေနေစဉ်က မိခင်ရဲ့ဝမ်းဗိုက်ထဲမှာ အစာသစ်နဲ့ အစာဟောင်းကြားမှာနေရတဲ့ ဒုက္ခက ကြီးမားလှပါတယ်။ အဲဒီအချိန်မှာ ကျွန်မဟာ အိမ်သာထဲက လောက်ကလေးလို အပုပ်အစပ်ထဲမှာ နေနေရပါတယ်။ မိခင်က အပူ၊ အစပ်၊ အခါးတွေ စားတဲ့အခါမှာလည်း မိခင် ဝမ်းဗိုက်တွင်း အမှောင်ကြီးထဲမှာ နေနေရတဲ့ ကျွန်မဟာ မချိထန်ပြင်း ဆင်းရဲ ခြင်းဒုက္ခကို ခံစားရပြန်တယ်။ မိခင်က ခုန်ပေါက်ပြေးလွှားလို့၊ ကုန်းကွ လှုပ်ရှားလို့ အစရှိတဲ့လှုပ်ရှားမှုတွေ ရှိတဲ့အခါ ကျွန်မဟာ ဝမ်းဗိုက်ထဲမှာ ကျွမ်းထိုးမှောက်ခုံနဲ့ အနေရခက်တဲ့ ဒုက္ခတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ဒါကတော့ ကျွန်မဘက်ပေါ့လေ၊ ကျွန်မ မိခင်ဘက်ကို ကြည့်ရင်လည်း အမေ့ခမျာ မသက်သာပါဘူး။ ကျွန်မကို ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် ဗိုက်ထဲမှာ





လွယ်ထား ရတဲ့ဒုက္ခကြီးလေ၊ အမေ့ခမျာ အသွားခက်၊ အလာခက်၊ အထိုင်ခက်၊ အထခက်၊ အစားအသောက်ခက်၊ အအိပ်ခက်၊ အဝတ်ခက်နဲ့ အခက်အခဲ ဒုက္ခတွေကို ရင်ဆိုင်ရပြန်တယ်။ ဒါတွေကို ကျော်လွန်နိုင်မှပဲ ဒီကိုယ်ဝန် ကိစ္စဟာ ပြီးငြိမ်းမယ် မဟုတ်လား၊ ဒါဟာ ကျွန်မအမေနဲ့ ကျွန်မကိုယ်တိုင် နှစ်ဦးသား အပြန်အလှန်ခံခဲ့ရတဲ့ ဒုက္ခတွေပါ''

သူမ၏စကား နားထောင်နေရင်းမှပင် သူသည်ပင်လျှင် သူ့မိခင် ဝမ်းထဲ ပြန်ရောက်သွားသလို ခံစားရသည်။ သူမနှင့် သူမ၏ မိခင် ခံစားခဲ့ ရသလို သူနှင့်သူ့မိခင်တို့လည်း ခံစားခဲ့ရမှာပါပဲ။ ဤဒုက္ခသည် ငြင်းပယ်၍ မရနိုင်သော ဒုက္ခတစ်ခု။ လူ့ဘဝ စရခြင်း၏ဒုက္ခ။ သူ့စိတ်ထဲ၌ ဘာမှန်းမသိ သော ရေးတေးတေးသဘော ပေါက်မှုတစ်ခုကို လှမ်းတွေ့လိုက်ရသလို. . ...။

''အရှင့်သား၊ ကျွန်မ၏ ဟောဒီကိုယ် အကောင်ပုပ်ကြီးဟာ ဒီက လက်ဝတ်ရတနာတွေလို ရွှေတွေ၊ ပတ္တမြားတွေနဲ့ ပြုလုပ်ထားတဲ့ ခန္ဓာ ကိုယ်ကြီး မဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ခန္ဓာကြီးသာ ရွှေတွေ၊ ပတ္တမြားတွေလို တန်ဖိုးရှိနေမယ်ဆိုရင် ကျွန်မရဲ့ခန္ဓာကိုယ်ပေါ်မှာ ရွှေတွေ၊ ပတ္တမြားတွေနဲ့ လုပ်ထားတဲ့ လက်ဝတ်ရတနာတွေ ဝတ်ဆင်ဖို့လိုမယ် မဟုတ်တော့ပါ။ လူတွေနဲ့ဆက်ဆံတဲ့အခါမှာ လူတွေက ကျွန်မရဲ့ခန္ဓာကိုယ်ကြီးထက် ကျွန်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်ထားတဲ့ ရတနာတွေရဲ့တန်ဖိုးကို သာ အထင်ကြီး ပြောဆိုဆက်ဆံကြတာ အရှင့်သား အမြင်ပဲမဟုတ်လား။ ဟို.... . .မြောက်ပြင် သူဌေးကြီးဆိုရင်လေ၊



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လူကြားထဲမှာ မနေနိုင်၊ မထိုင်နိုင် ချီးမွမ်းခန်းဖွင့်တာလေ၊ အရှင့်သား ကြားရဲ့မဟုတ်လား၊ ဟယ်. . . သူ့ဒွေးကတော်လေးရဲ့ လည်ဆွဲက အသပြာအဖိုးသိန်းချီထိုက်တန်သပ၊ အရည်အသွေးကလည်း ကောင်းလိုက်တာနော်. . . ဆိုတာလေ၊ အဲဒါကိုပဲကြည့်၊ ကျွန်မထက်ကို ကျွန်မခန္ဓာကိုယ်ပေါ်က လက်ဝတ်ရတနာကို ပိုအာရုံညွတ် တယ်၊ သတိထားကြတယ်ဆိုတဲ့ လူတွေရဲ့ မနောလေ၊ အခုနေ ကျွန်မ သေသွားရင် ကျမခန္ဓာကိုယ်ပေါ်က လက်ဝတ်လက်စားတွေကို ကျွန်မရဲ့ အလောင်းနဲ့အတူ မီးသင်္ဂြိုဟ်ခွင့်ပေးမတဲ့လား၊ ဝေးပါသေးတယ်၊ အားလုံး ချွတ်ယူထား လိုက်ကြမှာပဲ မဟုတ်လား၊ မကောင်းတတ်လို့ အရုက်လုံရုံ ဝတ်ပေးလိုက်တဲ့ ဝတ်စုံတောင်မှ နှမြောကြဦးမှာ မဟုတ်လား၊ ဒါကြောင့် ကျွန်မရဲ့ ခန္ဓာကိုယ် အကောင်ပုပ်ကြီးဟာ ရွှေတွေ၊ ပတ္တမြားတွေလောက် အဖိုးမထိုက်တန်ဘူးဆိုတာ ထင်ရှားလှပါတယ်။ တန်ဖိုးမရှိလို့ သုံးမရလို့ပဲ သင်္ချိုင်းဝ သုသာန်တစပြင်မှာ လွှင့်ပစ်ထားခဲ့ကြမှာ သေချာလှပါတယ် အရှင့်သား . . .။

ဘာတွေပြောနေတာလဲ နှမရယ်။မောင်တော် မကြားချင်တော့ပါဘူး . . . . .၊ ချစ်နှမကို လွှင့်ပစ်လိုက်ရမယ်တဲ့လား၊ နှမရဲ့ ကိုယ်ပေါ်က လက်ဝတ် ရတနာတွေကို ချွတ်ယူပြီးမှ နှမကို သင်္ချိုင်းဝ သုသာန်တစပြင်မှာ ထားခဲ့ ရမယ်တဲ့လား၊ နိမိတ်မရှိ၊ နမာမရှိကွယ်။ တော်ပါတော့ နှမရယ်၊ ဆက်မပြော ပါနဲ့တော့။ သူမစကားများကို သူ နားထောင်နိုင်စွမ်း မရှိတော့ပါ။ သူသည် သူမကို တော်ခိုင်းချင်နေသည်။ သို့သော် သူမ၏ အမှန်တရားကို ပြောဆို





နေသည့် စကားများကို တားဆီးပိတ်ပင်ခြင်းငှာ မစွမ်းသာ . . .။

"အရှင့်သား၊ ကျွန်မရဲ့ခန္ဓာကိုယ် အကောင်ပုပ်ကြီးဟာ အင်မတန်မွှေးကြိုင်လှတဲ့ အဖိုးလည်းထိုက်တန်လှတဲ့ စန္ဒကူးနံ့သာနဲ့ပြီးတဲ့ ခန္ဓာကိုယ်ကြီး မဟုတ်ပါ။ ဒါကြောင့်မို့လည်း အရှင့်သားဟာ ကျွန်မအတွက် အမွှေးနံ့သာ တွေဝယ်ပေးရတယ် မဟုတ်လား၊ ဒီအမွှေးနံ့သာတွေကို ကျွန်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ လိမ်းခြယ်စေခဲ့တယ် မဟုတ်လား။ တကယ်တော့ အဲဒီအမွှေးနံ့သာတွေသာ သူ့သဘာဝအလျောက် မွှေးကြိုင်သင်းပျံ့နေခြင်း ဖြစ်ပါတယ်။ ဒီအမွှေးနံ့သာတွေက ကျွန်မကိုယ်ပေါ် ရောက်လာတဲ့ အချိန်မှာ သူတို့ရဲ့ ဂုဏ်သတ္တိကို သူတို့ လုစ်ထုတ်ပြသလိုက် ကြခြင်းသာဖြစ်ပါတယ်။ ကျမရဲ့ ခန္ဓာကိုယ်ကတော့ အကောင်ပုပ်ပါ။ ဒါပေမယ့် ကြည့်လေ ဒီအမွှေးနံ့သာတွေ ရောဘယ်လောက်ခံသတဲ့တုံး . .။ ကြာတော့ ကျွန်မရဲ့ ခန္ဓာကိုယ် အကောင် ပုပ်ကြီးက ထွက်နေတဲ့အနံ့ အသက် မကောင်းဆိုးဝါးတွေဟာ ဒီရေမွှေးနံ့သာတွေကို ဖုံးလွှမ်းသွားပြီး ပြန်နံသွားတာပဲ မဟုတ်လား။ ဒီတော့တစ်ခါထပ် ရေချိုး အမွှေးနံ့သာတွေ ထပ်လိမ်းနဲ့ ပြန်ပြုပြင်ရတာပဲ မဟုတ်လား၊ အဲဒီတော့ ကျွန်မရဲ့ခန္ဓာကိုယ်ဟာ ပြင်ပက အငှားပစ္စည်းတွေကြောင့်သာ ခေတ္တခဏ မွှေးကြိုင်သွားရခြင်း ဖြစ်ပါတယ်။ နောက်တော့လည်း ကျွန်မခန္ဓာကိုယ် ကြီးရဲ့ မူလဇာတိ အပုပ်နံ့ကြီးက ပြန်လွှမ်းမိုးသွားတာပဲ မဟုတ်လား"

သူခေါင်းညိတ်လိုက်သည်။ သည်တစ်ခါတွင်တော့ သူပါ ရင်မောလာသည်။ အတုနှင့်အစစ်ကို သူခွဲခြားကြည့်မိသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

ဘယ်ဟာသည် အတုလဲ။ ဘယ်ဟာသည် အစစ်လဲ။ အတုအပေါ် သာယာနေသည့်အခါ အစစ် အပေါ်ကို အမှန်အတိုင်း မမြင်နိုင်တော့။ သလာတိမ်ဖုံးပေပြီ။

''ကဲ ‥ မောင်တော်လည်း အတော်အသင့် သဘောပေါက်ပါပြီ နှမတော်၊ နှမလည်း ပင်ပန်းလှရော့မယ်၊ ခဏနားချည်ဦးနော် ...''

သူ လက်လှမ်းလိုက်သည်။သူမသည် လက်အုပ်ချီလျက်က အလိုက် သင့် ပါလာသည်။ သူဌေးသမီး၏ အပြစ်ကင်းစင်သော မျက်ဝန်းတို့သည် မင်္ဂလာခန်းမ၏ ဆီမီးရောင်အောက်တွင် ကြွေရနေသည်။ မြူမရှိသော ကောင်းကင်ပြင်လို လင်းလက်ကြည်စင်လျက်။ သူကမူ လှိုင်းထန်သော ပင်လယ်ပြင်လို နောက်ကျိရှုပ်ထွေးနေလျက် ...။

ခဏအကြာတွင် မင်္ဂလာခန်းမဆောင်တွင်းမှ ဆီမီးတိုင်တို့သည်လည်း မှောင်အတိကျသွားလေတော့သည်။



နှလုံးတုန်တာ ၊ ရင်ခုန်တာ ၊ ရင်တုန်တာ ၊ ဇူ ၊ အဆုတ် ၊ အသည်းစတာတွေမှာ ရောဂါမျိုးစုံဖြစ်တာ၊ မရှိမရဲဖြစ်တာ၊ နှမ် ၊ တံတွေး ၊ ချွေး ၊ ကျင်ကြီး ၊ ကျင်ငယ်တွေ အမြဲယိုစီး စွန့်ထုတ်နေရတာဟာ ဖရိုဖရဲ ဖြိုကွဲတဲ့သဘောကို အမြဲ တမ်းပြနေတာပါ၊ ဝါကြောင့် တူရားရှင်ကဟောတာပေါ့၊ တရားရှာရင် ကိုယ့်ခန္ဓာကို ကိုယ်ကြည့်ပါတဲ့ . . . ၊ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ဥာဏ်နဲ့သေသေချာချာကြည့်ဖြစ်ရင် ကိုယ်ခန္ဓာကာပဲကိုယ့်ကို နေ့စဉ်တရားတွေပြသနေပါတယ်၊ အရှင့်သား . . . ၊

http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၂)

နံနက်လင်းသောအခါ သူမကို မတွေ့ရတော့။ဘယ်ရောက်သွားပြီ လဲ။ အဖိုးထိုက်တန်လှသော မင်္ဂလာခုတင်ကြီးပေါ်တွင် သူတစ်ယောက် တည်း ထီးတည်းကျန်ရစ်သည်။ မင်္ဂလာခန်းမဆောင်၏ မျက်နှာကျက်ကို မော့ကြည့်ရင်းမှ ညက သူမ ပြောခဲ့သော စကားတွေကို ပြန်ကြားနေရသလိုလို . . . . . . ထိုစကားတွေကို သူ နလုံးမသွင်းချင်တော့ပါ။ လတ်တလောအရေးကြီး သည်မှာ သူ့အနားတွင် သူမရှိနေဖို့ပဲ ဖြစ်သည်။

မင်္ဂလာခုတင်ပေါ်မှဆင်းကာ နောက်ဖေးဆောင်ဘက် ထွက်လာခဲ့ သည်။ တစ်အိမ်လုံး လှုပ်ရှားမှုတွေ မရှိ။ အသံဗလံ မကြားရ။ ငြိမ်သက် တိတ်ဆိတ်နေသည်။ တစ်ဦးတစ်ယောက်မျှ မရှိတော့ပြီလော။

"ဟဲ့ . . သုဇာတာတို့ ၊ မယ်ဥမ္မာတို့၊ ဘယ်ရောက်ကုန်ကြပြီလဲ"





နောက်ဖေးဆောင်ထဲမှ ကမန်းကတန်းပြေးထွက် လာသော သုဇာတာကို တွေ့ရသည်။ သူ့ပုံစံမှာ ကတုန်ကယင်။

"သခင်ကလေး နိုးလာပြီထင်တယ်"

"ငါနိုးလာတာ မနိုးတာက အရေးမကြီးဘူး . . . ဘယ်မှာလဲ နင်တို့ သခင်မလေး"

"အဲဒါပြောမလို့ပါပဲ သခင်လေး . . . သခင်မလေးက မနက် အစောကြီးကတည်းက ဝေဠုဝန်ကျောင်းဆောင်ဘက်ကို သွားပါတယ်။ ဒီနေ့ ဘုရားရှင် တရားဟောမယ်တဲ့၊ အဲဒါတရားနာ ရင်းနဲ့ ဥပုသ်သီလဆောက်တည် ဦးမယ်ဆိုပြီး ထွက်သွားပါတယ်။ မယ်ဥမ္မာကို အဖော်ခေါ်သွားပါတယ်။ ဟောဒီမှာ သခင်လေးအတွက်ပေ စာတစ်စောင်ရေးပေးသွားပါတယ်"

ပေစာကို ကမန်းကတန်းလှမ်းယူလိုက်မိသည်။ မျက်ဝတ်တို့ ခိုကပ် နေသောမျက်လုံးအစုံကို လက်ဖမိုးတွေဖြင့် ပွတ်ချလိုက်ရသည်။ မျက်နှာ သစ်ပြီးမှ စာဖတ်ရင်ကောင်းမလားဟု စိတ်ကူးလိုက်မိသေးသော်လည်း စာထဲက အကြောင်းအရာကို သိချင်လှပေပြီ။ လက်တွင်း၌ရောက်နေသော ပေရွက်ပေါ်တွင် ဝိုင်းစက်သောလက်ရေးတွေကို လှမ်းတွေ့လိုက်ရသည်။

အရှင့်သား –

အရှင့်သား နိုးတဲ့အထိ ကျွန်မစောင့်နေပြီးမှ အရှင့်သား ဆီက ခွင့်တောင်းပြီး ဘုရားရှင်သီတင်းသုံးရာ ဝေဠုဝန်ကျောင်းဆောင်ကို သွားမလို့ပါပဲ။ ဒါပေမယ့် အရှင့်သားက မနေ့က မင်္ဂလာပွဲမှာ စီမံခန့်ခွဲရ တာတွေနဲ့ ပင်ပန်းလို့ နားပါစေလေဆိုတဲ့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စေတနာနဲ့ အရှင့်သားကို မန္တီးရက် တာက တစ်ကြောင်း ၊ ဘုရားရှင်နဲ့ တပည့်သားသံဃာတော်တွေကို အရဏ် ဆွမ်းလောင်းလှူချင်တာက တစ်ကြောင်း။ဒါကြောင့် အရှင့်သားကို ခွင့်မတောင်း ဘဲ အိမ်က ထွက်ခဲ့ရတာကိုတော့ အရှင့်သားအနေနဲ့ နားလည် ခွင့်လွှတ်ပေးပါလို့ ကျွန်မ ပထမဦးစွာ တောင်းပန်ပါရစေ ...။

သည်ပေစာကိုရေးနေတဲ့အချိန်မှာ အရှင့်သားက ကောင်းစွာ အိပ်မောကျနေတာပေါ့။ မျက်လုံးလေးပိတ်လို့၊ ပါးစပ်လေးဟလို့၊ ဟောက်သံ လေး တစ်ချက်တစ်ချက်လွှင့်ပျံလို့၊ အိပ်မောကျနေတဲ့ အရှင့်သားကို ကျွန်မ လှမ်းကြည့်နေမိတယ်။ မင်္ဂလာခန်းမဆောင် ကျယ်ကြီးထဲမှာ အရှင့်သားနဲ့ ကျွန်မ နှစ်ယောက်တည်းရှိနေတယ်။ အရှင့်သားဆီက အသံထွက်နေတယ်။ ကျွန်မစိတ်ထဲက အသံထွက်နေတယ်။ ကျွန်မစိတ်ထဲက အသံတွေက အခု ကျွန်မ ရေးလိုက်တဲ့စကားလုံးတွေ ဖြစ်လာတော့တာပါပဲ။

လဲလျောင်းအိပ်စက်နေတဲ့ အရှင့်သားရဲ့ ခန္ဓာကိုယ်ကြီးကို ကြည့် နေရင်းက ကျွန်မ သံဝေဂတွေ ရနေမိပါတယ်။ သြော် ... နိုးနေချိန်မှာတော့ စိတ်၏ဆောင်ရာ လှုပ်ရှားသွားလာလုပ်ကိုင်နေတဲ့ ခန္ဓာကိုယ်ကြီးဟာ အခု အိပ်စက်နေချိန်မှာ သေနေတာနဲ့ မခြားပါလားဆိုတဲ့ အတွေးဝင်မိသွားတယ်''

သူမ၏ ပေစာကို ဖတ်နေရင်းမှ ရုတ်တရက်အသက်ရှူရပ်သွားသလို ခံစားရသည်။ သူမသည် သူ့ကို ခင်ပွန်းတစ်ယောက်အဖြစ် စွဲလမ်းတပ်မက် ရှုမြင်နေခြင်း မဟုတ်ပါလား။ သူမသည် သူ့ကို အသေကောင် အသုဘသို့ ထင်မှတ်ရှုမြင်နေခြင်းပါလား။





ဘုရား ... ဘုရား သူမ၏ အတွေးအမြင်တွေက တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှပါဘိ။ ပေစာကို ဆက်ဖတ်လိုက်မိသည်။

''အရှင့်သား ... အရှင့်သားနဲ့ကျွန်မတို့အသီးသီး ပိုင်ဆိုင်ရရှိ ထားကြတဲ့ သည်ခန္ဓာကိုယ် အကောင်ပုပ်ကြီးဟာ အမြိုက်သုဓာတွေနဲ့ ပြည့်နေခြင်းမဟုတ်တာ ထင်ရှားလှပါတယ်။ စင်စစ်မှာတော့ ကျွန်မတို့ရဲ့ ဟောဒီခန္ဓာကိုယ်ယုတ် အကောင်ပုပ် ကြီးဟာအဟောင်းအပုပ်ထဲက မွေးလာ ရတဲ့ အကောင်ပုပ်ခန္ဓာကိုယ်ကြီးပါ။ စဉ်းစားကြည့်ပါအရှင့်သား ...။အမိဝမ်းထဲမှာ အဟောင်းအပုပ်တွေပဲ ရှိပါတယ်။မွှေးကြိုင်တဲ့ အမြိုက်သုဓာဆိုလို့ ဘာမျှ မရှိပါ။ နံနက်ပိုင်းမှာ စားတဲ့အစာဟာ ညနေဆိုရင် ဝမ်းခေါင်းထဲမှာ ပုပ်နေပါပြီ။ ညနေပိုင်းမှာ စားတဲ့အစာဟာလည်း နံနက်ပိုင်းမှာ ပုပ်ကုန်ပါပြီ။ ဟင်းသီးဟင်းရွက်၊ သစ်သီး ၊ အသား၊ ငါး ကြိုက်ရာစားပါ။ နံနက်စားရင် ညနေပုပ်ပါတယ်။ ညစားရင် နံနက်ပုပ်ပါတယ်။ဒါကြောင့်မို့ ဒီခန္ဓာကိုယ်ကြီး ဟာ အပုပ်တွေကို သိုလှောင်ထားတဲ့ လှောင်အိမ်ကြီးနဲ့တူလှပါတယ်။ မိခင်တွေဟာ ခန္ဓာကိုယ်လိုအပ်ချက်အရ နေ့စဉ်နေ့စဉ်စားနေရတော့ ကျွန်မတို့ဟာလည်း ညှီနံသိုးပုပ်တဲ့ အမိဝမ်းခေါင်းထဲက ထွက်လာရတာ ထင်ရှားလှပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ခန္ဓာကိုယ်ကြီးက အမိအဘတို့ရဲ့ သုက်သွေးကြောင့် ဖြစ်လာခဲ့ရတာမို့ ဒီခန္ဓာကြီးဟာ သွေးအညစ်အကြေးကြား ထဲက မွေးလာရတဲ့ ''သွေးညစ်အကြောင်း ခန္ဓာကိုယ်ကြီးပါ''

ပေစာဖတ်နေခြင်းကို ရပ်လိုက်ရသည်။သူမသည် ညကပြော



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လက်စ စကားတွေ မကုန်သေး၍ စာဖြင့် ဆက်၍ပြောနေသလို ပါလား . . ...။ သည် စကားတွေကို သူမ ဘာကြောင့် အထပ်ထပ် အခါခါပြောချင်နေရပါသလဲ။ ခင်ပွန်းလင်ယောကျ်ားအပေါ် စာနာ ငဲ့ညှာမှုဆိုတာရော သူမထံပါး မရှိ တော့ပြီလော . . . ...။ ချစ်ခြင်း တရားတို့ဖြင့် နှောင်ဖွဲ့အပ်သော မင်္ဂလာရွှေလက် ဂဟေဆက် သမျှကို သူမဘက်မှ အဘယ့်ကြောင့် ငြင်းဆန် ဖြုတ်ဖျက်ချင် နေရသနည်း။ သက်ပြင်းရှည်တစ်ချက်ချလိုက်ရင်းမှ စာကို ဆက်ဖတ်မိသည်။

"အရှင့်သား . . .. ... ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ မမြဲ မခိုင်တဲ့ သဘောရှိပါတယ်။ အကြမ်းဖျင်းကြည့်လိုက်ရင်တောင် ၊ ကျွန်မတို့ဟာ မွေးစ အချိန်နဲ့ အခုအချိန်ရဲ့ ခန္ဓာကိုယ်ဟာ မတူ တော့ပါဘူး။ အရောင်အဆင်း၊ အလေးချိန်၊ ပုံသဏ္ဍာန် ၊ အရွယ် အစား ၊ နူးညံ့မှု ၊ မာကျောမှု စသဖြင့် မတူတော့ပါဘူး။ ဒါကို ကြည့်ရင်ပဲ မမြဲတဲ့သဘောဟာ ပေါ်လွင်နေပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ အချိန်ပိုင်းအတွင်း မှာ ရုပ်သဘာဝ၊ နာမ်သဘာဝတွေ အမြဲတမ်း ပြောင်းလဲနေပါတယ်။ ပြီးတော့ ဒီခန္ဓာကိုယ်ကြီးကို ရေရှည်တည်တံ့ဖို့ ကျွန်မတို့တစ်တွေ စောင့်ရှောက် ထိန်းသိမ်းရတယ်။ ဆုပ်နယ်ပြုပြင်ပေးရတယ်။ ညောင်းညာကိုက်ခဲရင် နင်းနှိပ် ပေးရတယ်။ စေ့စေ့တွေးကြည့် လိုက်ရင် သည်ခန္ဓာကိုယ်ကြီးက ရလိုက်တဲ့ သုခဆိုလို့ တစ်ခုမျှ မရှိပါဘူး။အမြဲတမ်း အစားထိုးပြီး ပြုပြင်ပေးနေရတာပါပဲ။ ဆံပင်တွေ ဆိုရင်လည်း အမြဲတမ်းကျွတ်ကျ၊ ပြတ်ကျနေတာ၊ မွေးညင်း





ပေါင်းစုံလည်း သည်လိုပါပဲ။ကျွတ်ကျ ၊ပြတ်ကျနေလိုက်ကြတာ။ လက်သည်း တွေဆိုရင် လှီးဖြတ်ပေးနေရတယ်။ သွားတွေဆိုရင် ငယ်သွားလဲခဲ့ရတယ်။ အသက်ကြီးတော့လည်း တစ်သက်လုံး အစာမျိုးစုံဝါးခဲ့တဲ့သွားတွေဟာ မခိုင် တော့ဘူး။ ကျိုးကျကုန်ကြရ တာ။ အရေခွံတွေလည်း ကွာကျ၊ ပွန်းပွဲ့။ အသား တွေ၊ အကြော တွေ၊ အရိုးတွေလည်း ကျိုးတယ် ၊ ပြတ်တယ် ၊ ကွဲတယ်၊ အက်တယ်နဲ့ အမြဲတမ်း ဖရိုဖရဲပျက်စီးနေတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်ပါတယ်။ အပျက်ခန္ဓာကိုယ်ကြီးပေ့ါရှင် . . . ....။

နှလုံးတုန်တာ ၊ ရင်ခုန်တာ၊ ရင်တုန်တာ၊ အူ ၊အဆုတ် ၊ အသည်း စတာတွေမှာ ရောဂါမျိုးစုံဖြစ်တာ၊ ဖရိုဖရဲ ဖြစ်တာ၊ နှပ်၊ တံတွေး ၊ ချွေး၊ ကျင်ကြီး ၊ ကျင်ငယ်တွေ အမြဲယိုစီး စွန့်ထုတ်နေရတာဟာ ဖရိုဖရဲပြိုကွဲ တဲ့သဘောကို အမြဲတမ်းပြ နေတာပါ။ ဒါကြောင့် ဘုရားရှင်က ဟောတာပေါ့။ တရားရှာရင် ကိုယ့်ခန္ဓာကိုယ်ကို ကြည့်ပါတဲ့ ...။ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ဉာဏ် နဲ့ သေသေချာချာကြည့်ဖြစ်ရင် ကိုယ့်ခန္ဓာကပဲ ကိုယ့်ကို နေ့စဉ် တရား တွေပြသနေပါတယ် အရှင့်သား . . . ....။

သူမနှင့် အိမ်ထောင်ပြုခဲ့သည်မှာ သူ၏ မဟာအမှားတစ်ခု ဖြစ်ခဲ့ပြီဟု ခံစားနေရသည်။ သူမတွင် ထိုကဲ့သို့သော စိတ်ကူး စိတ်သန်းများရှိသည်ကို သူ့မိဘတွေက တစ်ခါမျှပြောမပြခဲ့စဖူး။ အကယ်၍သာ သူမ၏ စိတ်ကူးများ အတွေးအမြင်များကို လက်ထပ်မထိမ်းမြားမီက သူကြိုတင်သိခွင့်ရခဲ့ပါလျှင် မည်မျှ ကောင်းမည်နည်း။ ယခုတော့ လက်လွန်ကုန်ပေပြီ။ သူသည် သူမ၏



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

တရားဓမ္မလမ်းကြောင်းပေါ်တွင် ဆူးငြောင့်ခလုတ်တစ်ခု ဖြစ်နေပြီလော။ သူမ၏ ဆင်ခြင်သုံးသပ်မှုတွေသည် သာမန်လူတို့၌ မရှိနိုင်။ ယုတ်စွအဆုံး သူ့၌ သည်အတွေးအမြင်တွေ လုံးဝမရှိ။ ယခု သူမ ပြောပြရေးပြမှပင် သူ့ခမျာ တုန်လှုပ်ချောက်ချားစွာ နားထောင်နေရသည်သို့ . . . သူမသည် သူ့ကို အလွန် တရာ နက်သော ချောက်ကမ်းပါးကြီးထဲမှ တရားကြိုးခွေပစ်ချ၍ ကယ်ဆယ် ဆွဲတင်နေသလို ခံစားနေရသည်။ သူမ၏ သုံးသပ်ရှုမြင်ပုံ တစ်ရက်ကိုလည်း ကြည့်ဦး. . . .

''အရှင့်သား၊ ကျွန်မတို့ရဲ့ ဟောဒီခန္ဓာကိုယ် အကောင်ပုပ်တွေ ဟာ သချိုင်းမြေကို တိုးပွားဖို့ ခန္ဓာကိုယ်ကြီးတွေ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အလောင်းကောင်တွေနဲ့ သချိုင်းမြေကို တိုးပွားဖို့ ဖို့ရဦးမှာပါ။ ဒါနဲ့ပတ်သက်ပြီး ဘုရားရှင် ဟောခဲ့တဲ့တရားကို ကျွန်မ တစ်ဆင့်နာကြားခဲ့ရပါတယ်။ ဘုရားရှင်က တပည့်သား ရဟန်းသံဃာတော်များကို တရားဟောကြားရာမှာ။ **ရဟန်းတော် များ အိုချစ်သားတို့ - ဒီခန္ဓာ အာယတန ဓာတ်တွေရဲ့ မပြတ်မကွာ ဆက်စပ်၍ ဖြစ်နေတဲ့ သံသရာစရီး ကန္တာရခရီးကြီးဟာ ငါဘုရားရှင်ရဲ့ ဉာဏ်တော်ကို ဖြန့်ကြက် ကြည့်ရှုတဲ့အခါမှာတောင် အဲဒီကန္တာရကြီးရဲ့ အစွန်းအစကို မသိအပ်တဲ့သဘောရှိတယ်။ အဝိဇ္ဇာအမှောင် ပိတ်လှောင် နေကြတဲ့အတွက် တဏှာသံယောဇဉ်တွေနဲ့ သံသရာတစ်ကြော ရှန်ဆန် မျောလွင့် ကျင်လည်နေကြတဲ့ သတ္တဝါတွေရဲ့ ရှေးအစွန်းဟာ ငါဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်အား သော်လည်း မထင်ရှားအောင် ရှည်လျားခဲ့ လေ၏''လို့**



## မြသန်းစံ

ဘုရားရှင်ဟောခဲ့ဖူးတာကို ကြားရတဲ့အခါ သံသရာ ဘယ်လောက် ရှည်တယ်ဆိုတာ သိလာရတယ်။ သံသရာရှည်သလောက် ကျွန်မတို့တွေရဲ့ ခန္ဓာကိုယ်တွေ အမျိုးမျိုးအဖုံဖုံ၊ အဖန်တလဲလဲဖြစ်ပျက်ခဲ့တာတွေဟာ ဘယ်မှာ ရေတွက်၍ ဆုံးနိုင်ပါတော့မလဲ၊ ဘယ်လောက်ကြောက်စရာ ကောင်းလိုက် သလဲ။

ဒါကြောင့်မို့ ဒီလိုပုံစံအမျိုးမျိုးနဲ့ ဖြစ်ပျက်နေတဲ့ ခန္ဓာကိုယ် တွေဟာ သချိုင်းမြေကြီးကို တိုးပွားစေတယ်ဆိုတဲ့စကားဟာ သိပ်ပြီးမှန်ကန်လှပါတယ်။ အလောင်းတစ်လောင်း မြှုပ်လိုက်တယ် ဆိုရင်ပဲ သချိုင်းမြေဟာ မို့မောက် တိုးပွားလာပါတယ်။သူများ အလောင်းတွေကို အသာထားပါဦးလေ၊သံသရာက ရှည်လွန်းတော့ ကိုယ့်အလောင်းလွတ်တဲ့မြေကြီးတောင် ဒီကမ္ဘာမြေပေါ်မှာ မရှိနိုင် ပါဘူး။ ကျွန်မတို့ အခုနေတဲ့အိမ်သည်ပင်လျှင် ကျွန်မတို့ရဲ့ အလောင်း ကောင်တွေနဲ့ ဖြစ်တည်နေတဲ့ သည်မြေကြီးပေါ်မှာ တူးဆွပြီး ဆောက်ထားရ တာပါ။ ပြီးတော့လည်း ကျွန်မတို့ရဲ့ သချိုင်း မြေပေါ်မှာတွင်ပဲ၊ ကျွန်မတို့ရဲ့ အလောင်းကောင်မြေသြဇာတွေနဲ့ စိုက်လို့ရတဲ့ အသီးအနှံဆန်စပါးတွေကို စားသောက်နေရတာပါ။ ပြီးတော့ ကျွန်မတို့ သုံးဖို့ရေတွေဟာလည်း ဒီ အလောင်း ကောင်မြေကြီးပေါ်ကပဲ ရပြီး သုံးစွဲနေရတာပါ။

ဘုရားရှင် ဟောတဲ့တရားကတစ်ဆင့် ကျွန်မအနေနဲ့ ဒါတွေကို သိရှိဆင်ခြင်လာမိတဲ့နောက်ပိုင်း သံဝေဂဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်မ အိမ်ထောင်မပြုချင်ခဲ့တာပါ။ ဒါပေမယ့် အခုတော့ ကျွန်မဟာ မလွန်ဆန်နိုင်တဲ့ အကြောင်းတွေကြောင့် အရှင့်သားရဲ့ ဇနီးမယားအဖြစ်ကို ရောက်ခဲ့ရပြီ ဖြစ်ပါတယ်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

ဘာပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ အရှင့်သားအပေါ် မယား ဝတ္တရား ငါးပါးကျေပွန်အောင် ပေးဆပ်ပါ့မယ်။ ဒါပေမယ့် ကျွန်မ စိတ်အားထက်သန်တဲ့ ဘုရားသွား ကျောင်းတက်၊ ဥပုသ်စောင့်၊ တရားနာခြင်း အမှုကိစ္စတွေကိုတော့ အရှင့်သားအနေနဲ့ ကြည်ကြည် ဖြူဖြူ ခွင့်ပေးပါနော်။ ပြီးတော့ ကျွန်မ သိမြင် လာတဲ့ တရားဓမ္မ တွေကို သံဝေဂပွားများဖို့ အရှင့်သားတစ်ယောက် စိတ်ဝင်တစား နားထောင်ပေးပါနော်...''

ပေစာက ဆုံးသွားပြီဖြစ်သည်။ စာအဆုံးတွင် ''ချစ်ဇနီး'' ၊ ''အရှင့် သား ချစ်တဲ့'' ဟူသော အသုံးအနှုန်းအရေးအဖွဲ့တွေမပါ။ ပကတိ ခန်းခန်း ခြောက်ခြောက်ကြီး တိခနဲဆုံးသွားလိုက်တာ ... ။ ချိုသာခွန်းနွဲ့ သံစဉ် ကလေးမျှပင် မကြားလိုက်ရတော့...။

ပေစာရွက်ကို စနစ်တကျ သိမ်းထားလိုက်သည်။ အိမ်ရှေ့ လသာ ဆောင်သို့ထွက်လာမိသည်။ သူ့ခြေလှမ်းတွေသည် သိသိ သာသာ လေးလံ နေသည်။ စိတ်အာရုံတွေလည်း သိသိသာသာ ထိုင်းမှိုင်းနေသည်။ လသာ ဆောင်မှနေ၍ သူမ ပြန်လာမည့် လမ်းမဆီသို့ မျှော်ရည်ငေးမောနေမိခြင်း ဖြစ်ပါသည်။ သူမကတော့ ညနေတရားနာပြီးမှ အိမ်သို့ ပြန်လာပေမည်။ သည်အိမ်တော်ကြီး ထဲတွင် သူတစ်ဦးတည်း အဖော်မဲ့ တစ်နေကုန် မည်သို့ စခန်းသွား ရပါ့မလဲ ...။

သူမ ပြန်လာသောအခါ သူမနှင့်သူ၏ အနာဂတ်ရေးကို ပွင့်ပွင့် လင်းလင်းတိုင်ပင်ဆွေးနွေးရပေဦးတော့မည် ။ ။ ...။

"အရှင့်သား ကျွန်မတို့ရဲ့ ယောဒိစန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို ငိုကြွေးမှုမရှိစေဝတို့ရဲ့ တည်ရာရွာနကြီး ဖြစ်ပါတယ်၊ သည်ဘဝအတွက်တို့ပဲကြည့်၊ အမိဝမ်းထဲက ထွက်တတည်းက ကျွန်မတို့အငိုနဲ့ စခဲ့ရတယ်၊ စန္ဓာကိုယ်ကြီး ကို မြင်မလေနဲ့ထိလိုက်တဲ့အခါ စပ်ဖျဉ်းဖျဉ်းဖြစ်ပြီး ငိုရတာ လေ၊ ဒါဟာ ခန္ဓာကိုယ်ကြီးအတွက် ငိုခဲ့ရတာပဲမဟုတ်လား၊ အစုလည်းတွက်ကြည့် မွေးကတည်းက အခုအချိန်အထိ ခန္ဓာ ကိုယ်ကြီးအတွက် ငိုခဲ့ရတာတယ်နှကြိမ်ရှိခဲ့ရပြီလဲ၊ ဒီဘဝ ခန္ဓာ အတွက် အစပိုင်းမှာလည်း ငိုခဲ့ရ၊ အခုအလယ်ပိုင်းမှာလည်း ငိုနေရဆဲပါပဲ၊ နောက်ဆုံး ခန္ဓာကြီးသေဆုံးသွားတဲ့အခါ မှာလည်း ကျန်တဲ့လူတွေက ငိုကြဦးမှာပါပဲ၊ ဒါကြောင့်မို့ ခန္ဓာကိုယ်ကြီးဟာ ငိုကြွေးမှု မရှိစေဝတို့ရဲ့တည်ရာရွာနကြီး ဖြစ်တယ်ဆိုရင် မမှားဘူးပေါ့ မဟုတ်လား . . . အရှင့်သား"



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၃)

လမ်းချိုးကွေ့ကလေးရောက်သည်နှင့် အိမ်ရှေ့လသာဆောင်ကို လှမ်းမြင်လိုက်ရသည်။ ထင်သည့်အတိုင်းပါပဲ။ သူ့ကို လသာဆောင်ထိပ်ဖျား တွင် ရပ်လျက်သား တွေ့ရသည်။ သူစိတ်ဆိုးနေမလား။ စိတ်မဆိုးတောင်မှ စိတ်ကသိကအောက်ဖြစ်နေပေလိမ့်မည်။ မယ်ဥမ္မာနှင့်အတူ အိမ်ခြံဝင်းဝဆီသို့ တရွေ့ရွေ့လာနေသော သူမကို သူငုံ့ကြည့်နေသည်ကို သတိထားမိသည်။

အိမ်ထဲရောက်သည်နှင့် မယ်ဥမ္မာကို လုပ်စရာရှိတာတွေ လုပ်ခိုင်း လိုက်ရသည်။ပြီးသည်နှင့် အိမ်အပေါ်ထပ်သို့





သူမ တက်လာမိသည်။ သူနှင့် တွေ့ရအောင်လေ။

ဆည်းဆာရုပ်သိမ်းသွားပြီဖြစ်သဖြင့် အပေါ်ထပ် လသာဆောင်သည် အနည်းငယ်မှောင်ချင်နေသည်။ ကိစ္စမရှိပါ။ သည်နေ့လပြည့်နေ့ပေပဲ။ မကြာမီဘော်ငွေရောင်တွေသည် လသာဆောင်အပေါ်ထပ်ကို ထိန်ညီး လင်းလက်စေတော့မည်။ သူ့အနားသို့ သူမရောက်လာခဲ့ပြီ၊ သူမ ရောက်လာ သည်ကို သူသိလျက်နှင့် လှည့်မကြည့်တော့ပြီလား ....။

"အရှင့်သား"

တိုးတိတ်ညင်သာစွာဖြင့် သူမက လှမ်းခေါ်လိုက်သည်။ သူလှည့် မကြည့်။ ထူးလည်း မထူး။ သည်အတိုင်း မတုန်မလှုပ်။ ဒုတိယအကြိမ်ထပ် ခေါ်လိုက်သည်။

"အရှင့်သား"

သည်တစ်ခါတော့ သူသည် လှုပ်ရှားအသက်ဝင်လာသည့်အလား။ လမ်းမဘက်သို့ ငေးကြည့်နေရာမှ သူမဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာ သည်။ သူ့မျက်လုံးတွေသည် အေးတိအေးစက်။ သို့သော် ရီဝေဝေနှင့် နွမ်းလျနေလေသည်။

"အရှင့်သား ကျွန်မအပေါ် စိတ်ခုနေမယ်ဆိုတာ ကျွန်မခန့်မှန်း မိပါတယ်"

"စိတ်ခုတယ်ရယ်လို့ မဟုတ်ပါဘူး၊ စဉ်းစားနေတာပါ။ ကျုပ်တို့ နှစ်ယောက် ရှေ့ကို ဘယ်လိုစခန်းသွားကြရင် ကောင်းမလဲ ဆိုတာ တွေးကြည့် နေတာ"

"မှန်ပါတယ် အရှင့်သား။ ဒါဟာ တွေးလောက်စရာပေပဲ။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်မ လည်း စိတ်မကောင်းမိတာ အမှန်ပါ။မိဘတွေ စိတ်ချမ်းသာစေချင်လို့ မင်္ဂလာ ကိစ္စကို ခေါင်းညိတ်ခဲ့တာဟာ ယခုတော့ အရှင့်သားကို ဒုက္ခပေးနေမိသလို ဖြစ်နေတယ်ဆိုတာ. . ."

"ဟုတ်တယ်၊ ဒုက္ခ . . ဒုက္ခတော့ ဖြစ်ကုန်ကြပြီပေါ့လေ။ ကျုပ်က နုမလို့အသိဉာဏ်တွေ စိတ်ဓာတ်တွေ မရင့်ကျက်သေးတော့ ခက်တယ်။တရား သံဝေဂတွေဆိုတာ ကျုပ်က နုမဆီက အခုမှကြားရဖူးတာ။

"အရှင့်သားဘက်က ကြည့်တော့လည်း မှန်နေတာပါပဲ။ အိမ်ထောင် ဦးကာလမှာ ဇနီး ၊ ခင်ပွန်းဆိုတာ တစ်ယောက်ကို တစ်ယောက် မျက်စိ အောက်က အပျောက်မခံနိုင်လောက်အောင် ယုယကြင်နာချင်ကြတာပါ။ ဒါတွေဟာ ဓမ္မတာပါ။ ဒါကို ကျွန်မဘက်က ဖောက်ဖျက်ပြီး အိမ်ထောင်ဦး အရသာအဖြစ် အရှင့်သားကို မပေးဆပ်နိုင်တာ ကျွန်မ စိတ်မကောင်း ပါဘူးရှင်"

သူ သက်ပြင်းချ၍တစ်ဖက်သို့ လှည့်သွားသည်။ သည်အချိန်တွင် သူ့ကို တောင်းပန်တိုးလျှိုးသောစကားတွေ ပြောနေခြင်းထက် အမှန်ကို အမှန် အတိုင်း ပြောနေခြင်းက ပို၍သင့်တော်မည်ဟု သူမ ထင်သည်။သို့နှင့်. . . . . .

"တရားတွေချည်းပဲ ထပ်ကာထပ်ကာပြောနေတော့ တာပဲလို့ အရှင့်သား ထင်ချင်လည်း ထင်နိုင်ပါတယ်။ ကျွန်မ အခု လမ်းမှာ လာရင်းနဲ့ စဉ်းစားကြည့်မိတယ်။ အခုဆိုရင် အရှင့်သားနဲ့ ကျွန်မကြားမှာ လင်နဲ့မယား ဆိုတဲ့ သတ်မှတ်ချက်အရ စွဲလမ်းမှု တဏှာတွေ ဖြစ်တည်ခဲ့ကြပါပြီ။ တကယ်တော့ ဒီခန္ဓာကိုယ်ယုတ်





အကောင်ပုပ်ကြီးတွေကို ကျွန်မတို့ဟာ တဏှာနဲ့ ချစ်ခင်တွယ်တာကြပြီး ဥပါဒါန်ကြောင့် စွဲလမ်းနေကြတာပါ။ ခန္ဓာရှိတဲ့သတ္တဝါမှန်သမျှဟာ မိမိခန္ဓာကိုယ်ကို မိမိပြန်ပြီးချစ်ခင်တွယ်တာ စွဲလမ်းကြပါတယ်။ သူတစ်ပါးခန္ဓာတွေကိုလည်း သွားပြီးတော့ ချစ်ခင်တွယ်တာ စွဲလမ်းကြပါတယ်။ ထို့အတူပဲ၊ မိမိခန္ဓာကိုယ်ကို သူတစ်ပါးတွေကလည်း ချစ်ခင်တွယ်တာ စွဲလမ်းကြပါတယ်။ ဒီလို သူများက ချစ်ခင်တွယ်တာ စွဲလမ်းကြတာကိုလည်း သဘောကျကြပါတယ်။

ဒါကြောင့်မို့ လူတွေဟာ တစ်နေ့တစ်နေ့ မိမိခန္ဓာကိုယ်ကို မိမိ စွဲလမ်းဖို့နဲ့ သူတစ်ပါးတွေက မိမိခန္ဓာကိုယ်ကို စွဲလမ်းဖို့အတွက် အချိန်တွေ၊ ငွေတွေ၊ အကုန်အကျခံပြီး ပြင်ကြ၊ဆင်ကြ၊လိမ်းကြ၊ ခြယ်ကြနဲ့၊ ပြီးတယ်လို့ကို မရှိပါဘူး။ သည်လို ပြင်ဆင်ဖီးလိမ်းခြယ်သနေတဲ့အချိန်မှာ ဘေးလူ တစ်ယောက်က လှလည်း မလှဘဲနဲ့လို့ ပြောကြည့်ပါလား။အဲဒီလူဟာ မခံမရပ်နိုင် ဖြစ်ရပြန်တယ်။ ဒါဟာ ကိုယ်နှစ်သက်တွယ်တာ စွဲလမ်းတဲ့ သည်ခန္ဓာ ကိုယ်ကြီးကို ထိခိုက်ပုတ်ခတ်လို့ ထွက်လာရတဲ့ ဒေါသပေါ့။ တစ်နည်းအားဖြင့် ခန္ဓာအတွက်ဖြစ်ရတဲ့ 'သောက'ပေါ့ အရှင့်သား"

ဒါဟာ ခန္ဓာကိုယ်ကြီးကို ခိုင်တယ်၊ မြဲတယ်၊ ချမ်းသာတယ်ထင်ပြီး အချစ်ဝင်စွဲလမ်းနေလို့ သောကဖြစ်ရတာပါ အရှင့်သား။ တကယ်လို့သာ လူတိုင်းဟာ ကိုယ့်ခန္ဓာကိုယ်ကြီးမှာ (၃၂)မျိုးသောပစ္စည်းပေါင်းစုံအပုပ်တွေ ပြည့်နေပုံ၊ မခိုင်မမြဲ ဆင်းရဲပုံ၊ ကိုယ်ဖြစ်ချင်သလို မဖြစ်ရပုံတွေကို မြင်မယ်။ သိမယ်ဆိုရင် ချစ်ခင်တွယ်တာမှုတွေ ဘယ်မှာလာဖြစ်ဦးတော့မလဲ။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

မိမိခန္ဓာ ကိုယ်ပေါ်မှာ အပြစ်မြင်တတ်ရင်၊ သူတစ်ပါး ခန္ဓာကိုယ်ကိုလည်း တရား သံဝေဂနဲ့ ရှုမြင်ဆင်ခြင် အပြစ်မြင်တတ်လာမှာပါပဲ။ အဲဒီလို ကိုယ်ရော ၊ သူများရော နှစ်ဦးစလုံးရဲ့ ကိုယ်ခန္ဓာပေါ်မှာ အပြစ်မြင်တတ်ရင် ကိုယ်ရော သူတစ်ပါးရော ခန္ဓာတွေပေါ်မှာ ချစ်ခင်တွယ်တာမှု နည်းသွားပါလိမ့်မယ်။ ဒီလို ချစ်ခင်တွယ်တာမှုကင်းရင် စိုးရိမ်သောကလည်း ကင်းသွားပါလိမ့်မယ် အရှင့်သား''

စကားပြောနေရင်းမှ သူ့ကို လှမ်းကြည့်ရသည်။ သူ စိတ်မှဝင်စားပါ့ မလား။ ဘေးတိုက်မြင်နေရသော သူ့မျက်နှာပေါ်တွင် စိတ်ပါဝင်စားမှု အရိပ်အယောင်တွေ တွေ့နေရ၍သာ တော်တော့သည်။ သူသည် သူမ၏ စကားလုံးများမှတစ်ဆင့် သူ့ခန္ဓာအိမ်ကို နိုင်သလောက်ထိုးဖောက်ကြည့် နေဟန်ရှိသည်။ စူးနစ်သွားသော သူ့မျက်လုံးအစုံကို ခန့်မှန်းရင်းမှ စကားကို ဆက်ရသည်။

''အရှင့်သား . . . ..ကျွန်မတို့ရဲ့ ဟောဒီခန္ဓာကိုယ် အကောင်ပုပ် ကြီးဟာ ငိုကြွေးမှုပရိဒေဝတို့ရဲ့ တည်ရာဌာနကြီး ဖြစ်ပါတယ်။ သည်ဘဝ အတွက်ကိုပဲ ကြည့်။ အမိဝမ်းထဲက စထွက်ကတည်းက ကျွန်မတို့ အငိုနဲ့ စခဲ့ရတယ်။ ခန္ဓာကိုယ်ကြီးကို ပြင်ပလေနဲ့ ထိလိုက်တဲ့အခါ စပ်ဖျဉ်းဖျဉ်းဖြစ်ပြီး စငိုရတာလေ။ ဒါဟာ ဒီခန္ဓာကိုယ်ကြီးအတွက် ငိုခဲ့ရတာပဲ မဟုတ်လား။ အခုလည်း တွက်ကြည့်၊ မွေးကတည်းက အခုအချိန်ထိ ဒီခန္ဓာကိုယ်ကြီးအတွက် ငိုခဲ့ရတာ ဘယ်နှစ်ကြိမ်ရှိခဲ့ပြီလဲ။ ဒီဘဝ ဒီခန္ဓာအတွက် အစပိုင်းမှာလည်း ငိုခဲ့ရ၊ အခု အလယ်ပိုင်းမှာလည်း ငိုနေရဆဲပါပဲ၊နောက်ဆုံး



## မြသန်းစံ

ဒီခန္ဓာကြီး သေဆုံးသွားတဲ့ အခါမှာလည်း ကျန်တဲ့လူတွေက ငိုကြဦးမှာပါပဲ၊ ဒါကြောင့်မို့ ဒီခန္ဓာ ကိုယ်ကြီးဟာ ငိုကြွေးမှု ပရိဒေဝတို့ရဲ့ တည်ရာဌာနကြီး ဖြစ်တယ်ဆိုရင် မမှား ဘူးပေါ့ မဟုတ်လား . . . အရှင့်သား''

သူ ဘာမျှမပြော။ ငြိမ်နေဆဲ။ မဟူရာကောင်းကင်ပြင်ပေါ်မှ ဝိုင်းစက် နေသော လမင်းကြီးကို သူ လှမ်းကြည့်နေသည်။ သူ့ပုံစံမှာ စဉ်းစားတွေးဆ နေဟန် . . .။

''အရှင့်သား ၊ ကျွန်မတို့ရဲ့ ဟောဒီခန္ဓာကိုယ်ယုတ် အကောင် ပုပ်ကြီးဟာ ရောဂါမျိုးစုံတို့ရဲ့ တည်နေရာ အိမ်ဂေဟာကြီး ပါ။ ပြီးတော့ ပိုးမျိုးရှစ်ဆယ်တို့ရဲ့ နေအိမ်ကြီးလည်း ဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ ရောဂါတွေ ဘယ်မှာဖြစ်သလဲ။ ကျွန်မတို့ရဲ့ ဒီခန္ဓာကိုယ်ကြီးပေါ်မှာပဲ ဖြစ်တယ်မဟုတ်လား။ကျွန်မတို့ရဲ့ ခန္ဓာဟာ ရောဂါမျိုးစုံကို လက်ခံထားတယ်။ ဘယ်သူကမျှ ရောဂါကို မလိုချင်ကြပါဘူး။ ဒါပေမယ့် ခန္ဓာကိုယ်ကတော့ ရောဂါကို အလိုရှိပုံပါပဲ . . . . .။ဒီမှာတွင် ကျွန်မတို့ရဲ့အလိုက တစ်မျိုး။ ခန္ဓာကိုယ်ရဲ့ အလိုကတစ်မျိုးနဲ့ အလိုနှစ်မျိုးကွဲပြားနေတာ တွေ့ရပါလိမ့်မယ်။ ကျွန်မတို့က ရောဂါကို လက်ခံမထားဘဲ ချမ်းသာကိုအလိုရှိပေမယ့်၊ ခန္ဓာကတော့ ရောဂါကို လက်ခံထားပြီး ကျွန်မတို့ကို ဆင်းရဲမ ။ပဲ ပေးနေပါတယ်။အဲဒီတော့ ကျွန်မတို့ဟာ ဒီခန္ဓာရှိနေသရွေ့ ဘယ်မှာချမ်းသာနိုင်ပါတော့မလဲ။ ဒါကြောင့်မို့ ရောဂါမျိုးစုံ တွေ စုလာရာအရပ်ဖြစ်တဲ့ ခန္ဓာအိမ်ကို ကျွန်မတို့ ကြည့်တတ်ဖို့ လိုနေပါပြီ။ ရောဂါဟာ ခန္ဓာက လာတယ်။ခန္ဓာရှိရင် ရောဂါရှိတယ်။ ရောဂါရှိရင်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆင်းရဲ မယ်။ ခန္ဓာမရှိရင် ရောဂါမရှိပါ။ ရောဂါမရှိရင် မဆင်းရဲပါ။ ဒါကြောင့်မို့ ရောဂါထက်ကြောက်စရာကောင်းတာက ကျွန်မတို့ ခန္ဓာကိုယ်ကြီးပါ။ဒါကြောင့် ခန္ဓာကိုယ်ကိုချစ်နေရင် ရောဂါကို ချစ်နေတာနဲ့ အတူတူပဲပေါ့။ ဒါကြောင့်မို့ ခန္ဓာကိုယ်ကို မနှစ်သက်ဖို့ အတွက် အဲဒီခန္ဓာကိုယ်ရဲ့ သဘော၊ သဘာဝကို မြင်အောင် သိအောင် ရှုပွားအားထုတ်ဖို့ လိုတယ်လို့ ဘုရားရှင်က ဟောတော် မူပါတယ်အရှင့်သား . . ”

“နောက်ပြီး . . . ဒီခန္ဓာကိုယ်ကြီးဟာ ပိုးမျိုးရှစ်ဆယ်တို့ရဲ့ အိမ်ဂေဟာကြီးလို ဖြစ်နေတာလည်း အမှန်ပါ။ ကျွန်မတို့ ခန္ဓာကိုယ်ထဲမှာ ပိုးအမျိုးပေါင်းရှစ်ဆယ် ရှိသတဲ့။ ဒါတောင်မှ အမျိုးအရေအတွက်ပဲရှိပါသေး တယ်။ အကောင်အရေအတွက် ကတော့ သေးလွန်းလို့ ရေတွက်လို့မရ နိုင်ပါဘူး။ အဲဒီပိုးတွေဟာ ကျွန်မတို့ ခန္ဓာအိမ်ကြီးထဲမှာပဲ ကျင်ကြီးကျင်ငယ် တွေ စွန့်ကြ၊ မျိုးပွားကြ၊သေကြ၊ အစားအသောက်တွေ စားကြနဲ့ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ ပိုးပေါင်းစုံရဲ့ သင်္ချိုင်းဖြစ်မှန်းမသိဖြစ်၊ ပိုးအချင်း ချင်းစစ် ခင်းရာ၊ စစ်တလင်းဖြစ်မှန်းမသိဖြစ်နဲ့ ရှိနေပါတယ်။ ဘယ်လောက်တရား ကျစရာကောင်းလိုက်ပါသလဲ အရှင့်သား”

ခရီးရှည်ကြီး လျှောက်လာခဲ့ရသူပမာ သူမလည်း မောဟိုက်သွား သည်။ လသာဆောင်ဘက်တွင် သူမ၏ တိုးတိတ် ညင်သာသော အသံတွေ ရပ်ဆိုင်းသွားသည်နှင့် ပတ်ဝန်းကျင်သည် သိသိသာသာတိတ်ဆိတ် သွားသည်။ လရောင်ကြောင့်ပင် သူနှင့်သူမတို့၏ အရိပ်များသည် လသာ ဆောင်ကြမ်းပြင်ပေါ်သို့





ထိုးကျနေသည်။ လသာဆောင်မျက်နှာကျက်ဆီမှ အိမ်မြှောင် စုပ်ထိုးသံတွေကို ကြားလိုက်ရသည်။

“နှမပြောချင်တာတွေ ဒါအကုန်ပဲလား”

တိတ်ဆိတ်ခြင်းကို သူကပင် စတင်၍ဖြိုခွဲလိုက်သည်။ သူခွင့်ပြုမယ် ဆိုရင်တော့ သူမ ဆက်ပြောချင်သေးတာပေါ့။ ဒါပေမယ့် ဆက်ပြီး မပြောသင့် တော့ပါဘူးလေ၊ သူ့ခမျာ တရားသံဝေဂညည်းချင်းတွေကြောင့် စိတ်တွေ လေးလံထိုင်းမှိုင်းနေပေ လိမ့်မည်။ ခေါင်းကို ညိတ်ပြလိုက်ရသည်။ ထိုအခါ သူ့ထံမှ စကားသံတို့ အဆက်မပြတ်ထွက်ပေါ်လာသည်။

“ဒါဆိုရင် ကျုပ်ပြောမယ်၊ နှမနားထောင်”

ဆတ်ခနဲခေါင်းညိတ်လိုက်ရပြန်သည်။ သူ တစ်ခုခု ဆုံးဖြတ်ချင် နေပုံရသည်။ သူ့မျက်နှာကို လှမ်းကြည့်မိသည်။ သူသည် အလွန်လေးနက်စွာ စဉ်းစားနေပုံရသည်။

“ကျုပ်နဲ့နှမဟာ သည်ပုံအတိုင်းဆို အိမ်ထောင်ဖက်အဖြစ် တစ်ယောက်ကိုတစ်ယောက် စိတ်တူကိုယ်တူလက်တွဲပြီး လျှောက်ကြဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဒါကို ကျုပ် အခုသိလိုက်ပြီ။ ကျုပ်က နှမထံက မျှော်လင့် တောင့်တနေတာက ဇနီးမယား အဖြစ် သိမ်းပိုက်လိုမှု၊ ပြီးတော့ ကျုပ်ကို နှမက ခင်ပွန်းယောကျ်ား အဖြစ် ပြုစုယုယလိုမှု၊ ဒါပေမယ့် နှမက ကျုပ်ကိုပေး နေတာက တရားဓမ္မသံဝေဂနဲ့ ကျုပ်တို့ခန္ဓာအိမ်တွေရဲ့ အပြစ်တွေကို တစ်စစီ ဖော်ပြနေတဲ့ စကားတွေ။ အဲဒီတော့ မတူတဲ့အမြင်နှစ်ခုဟာ အိမ်ထောင်ရေး ခရီးတစ်ခုကို ဘယ်လိုမျှလျှောက်လှမ်းနိုင်မှာ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မဟုတ်ဘူး။ ကြာရင် ကျုပ် မှာလည်း အပြစ်တွေ စွန်းထင်းပေ ကျံလာလိမ့်မယ်။ နှမကို နားလည်မှုမပေး နိုင်ရင် ကျုပ်မှာ ကုသိုလ် မရတဲ့အပြင် အကုသိုလ်တွေ ပိုတိုးလာစရာ အကြောင်းရှိတယ်။ ဒါကြောင့်မို့…”

သူသည် စကားကို ဖြတ်လိုက်ရင်းမှ သူမကို လှမ်းကြည့် နေသည်။ သူ ဘယ်လိုဆုံးဖြတ်ချက်ချတော့မည်နည်း။ သူမ သိချင်လှပေပြီ…

“ကျုပ် ဘာဆက်လုပ်ရင် ကောင်းမလဲဆိုတာ တွေ့ရပြီ။ အဲဒါက နှမကို ကျုပ် ခွင့်ပြုလိုက်ဖို့ပဲ။ နှမဖြစ်ချင်တဲ့၊ နှမဆန္ဒ ပြင်းပြနေတဲ့ ဘိက္ခုနီမ အဖြစ်ကို ကျုပ် လိုလိုလားလား ခွင့်ပေး လိုက်ဖို့ပဲ”

သူ့ထံမှ မမျှော်လင့်သောစကား ကြားလိုက်ရ၍ သူမ ဝမ်းသာသွားရ သည်မှာ မပြောပါနှင့်တော့။ မမျှော်လင့်သောဟု ဆိုလိုက်ရသော်လည်း သည်စကားကို သူမ မျှော်လင့်ခဲ့ရသည်မှာ သူမကိုယ်သူမ အသိဆုံးပင်။ မကောင်းတတ်၍ ပြောမထွက်၍သာ သူမသည် ဝေ့ဝိုက်နေရခြင်းဖြစ်သည်။ ယခုတော့ သူမလိုချင် သောအဖြေ သူ့ထံမှရပြီလေ. . …။

တောင်းဆိုခြင်း မဟုတ်ပါဘဲ နားလည်မှုဖြင့် ရလိုက်သော ခွင့်ပြုချက် တစ်ခုကို သူ့ဘက်မှ ပေးလိုက်ပြီ ဖြစ်သည့်အတွက် သူမသည် သူ့အပေါ် လေးစားချင်းမက လေးစားသွားရပေပြီ။ သူ့ကို စိတ်ထဲက အထပ်ထပ် အခါခါကျေးဇူးတင်နေမိသည်။ လသာဆောင်ကြမ်းပြင်ပေါ်သို့ သူမ ဒူးအစုံတို့ တဖြည်းဖြည်း





ညွတ်ကျသွားသည်။ လက်အုပ်ချီလျက်က သူ့ကို ကျေးဇူးရှင် တစ်ယောက်အနေဖြင့် တလေးတစားကန်တော့မိသည်။

“နှမအပေါ်မှာ နားလည်ခွင့်လွှတ်တဲ့စိတ်နဲ့ ဘိက္ခုနီမ ဝတ်ဖို့အတွက် ခွင့်ပြုပေးတဲ့အတွက် အရှင့်သားရဲ့ကျေးဇူးကို နှမ အမြဲတမ်းအမှတ်ရ နေပါ့မယ်”

“မလိုပါဘူး နှမရယ် …၊ ကဲ ..ကဲ နှမရဲ့ အလိုဆန္ဒ လည်းပြည့် ပါတော့မယ်. . …ဥပုသ်သီတင်းလည်း ဆောက်တည် လာတာမို့ သွားနားချေ ဦးတော့ …မနက်ဖြန်မနက် ဘိက္ခုနီမ လုပ်ဖို့ရာအတွက် လိုအပ်တာတွေ ပြင်ဆင်ချေဦး”

သူ့အနားမှ အသာအယာထွက်လာမိသည်။ သူကမူ လသာဆောင် တွင် ကျန်ရစ်ခဲ့ပေပြီ၊ ဒါဟာ သူတို့နှစ်ဦးရဲ့ အပြီး အပိုင်ခွဲခွာခဲ့တဲ့ည လေလား.။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်……။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



(၄)

အတိတ်ဖြစ်စဥ်ဟူသည် ဖြစ်ပေါ်နေသည့် အချိန်ကာလကတည်းက ပြီးဆုံးသွားပြီ ဖြစ်သည်။ သို့သော် အရိပ်ကား ပျောက်ပျက်၍ မသွားနိုင်။ ထိုပုံရိပ်တွေကို သိမ်းဆည်းထားနိုင်သည့် ''စိတ်''ကြီးသည် အံ့သြဖွယ်ကောင်း လေစွ။ သတိရ တမ်းတလိုက်သည်နှင့် အတိတ်ပုံရိပ်တို့သည် စီကာစဥ် ကာ ပေါ်လာလေသည်။ ဆယ့်နှစ်နှစ်ကျော်ကာလတည်းဟူသော အချိန်အတိုင်းအတာသည် မနည်းလှ။ သည်အချိန်အတိုင်းအတာအတွင်း၌ သူမ သည် ခံစားမှုဝေဒနာမျိုးစုံနှင့် ထိတွေ့ရင်ဆိုင် ခံစားခဲ့ရသည်။ သည်ခံစားမှု တွေကို သတိလက်လွတ်ခံစားမိခဲ့၍လည်း





သူမတွင် သောကပရိဒေဝမီးတွေ အလျှံညီးညီးတောက်လောင်ခဲ့ရလေသည်။

ခင်ပွန်းဖြစ်သူ၏ ခွင့်ပြုချက်ဖြင့် သူမသည် တင့်တောင့်တင့်တယ်စွာ သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ရခဲ့ပါသည်။ မိမိအပေါ် နားလည်နိုင်စွမ်း ကြီးမားလှသော ခင်ပွန်းဖြစ်သူကို လေးစားစွာ ကျေးဇူးတင်မိပါသည်။ ခင်ပွန်း ဖြစ်သူ၏ ကြီးစွာသော ပူဇော်သက္ကာရတို့ဖြင့် ပို့ဆောင်ပေးမှုကြောင့် ဘိက္ခုနီမ အဖြစ်သို့ မျက်နှာမငယ်ဘဲ ရောက်ခဲ့ရပါသည်။ သို့သော် သူမ ရောက်ခဲ့သည့် ဘိက္ခုနီမ အသင်းအဖွဲ့၏ အဓိပတိမှာ အရှင်ဒေဝဒတ်ဖြစ်နေသည်။ သူမအနေ ဖြင့် ထိုစဥ်က အရှင်ဒေဝဒတ်၏ သံဃာကိုဏ်း ခွဲလိုစိတ်တွေကိုမသိခဲ့ပါ။ ဘုရားရှင်၏ ယောက်ဖတော်လည်းဖြစ် ဘုရားရှင်၏သားတော် သံဃာတစ်ပါး လည်း ဖြစ်သဖြင့် ဘုရားရှင်နှင့်အတူတူပဲဟု သဘောထားကာ အရှင်ဒေဝဒတ် ထံပါး၌ ဘိက္ခုနီမ အဖြစ် ခံယူမိခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နီးစပ်ရာ၊ ကြုံရာ၌ သူမဘဝကို သာသနာတော်အတွက် အရင်းအနှီးပေးလိုက်မိခြင်းပင်။

သို့သော် တဖြည်းဖြည်းနှင့် သည်အဖွဲ့၏ အနေအထားကို ရိပ်မိလာ သည်။ သူတို့သည် ဘုရားရှင်ကို စင်ပြိုင်၍ ယှဥ်ပြိုင်လိုစိတ်ကြီးမားမှန်း သတိထားမိလာသည်။ သူမအနေဖြင့် ဘုရားရှင်ကို စိတ်ဖြင့်ပင် မပြစ်မှားနိုင်။ မပြစ်မှားရက်။ သို့ဆိုလျှင် ဘုရားရှင်၏ ခြေတော်ရင်းသို့ မည်သို့သက်ဆင်း ရမည်နည်း။ သည်အဖွဲ့၌ ပညတ်၊ စည်းကမ်းတွေက များပါဘိသနဲ့။ ဟို မသွားရ၊ သည်မလာရ စသည်ဖြင့် ... အဓိကမှာ သည်အဖွဲ့ဝင်တိုင်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘုရားရှင် ရှေ့တော်မှောက် ရောက်မသွားကြဖို့သည် အဓိက။

သည်အဖွဲ့အစည်းကြီးထဲမှ မည်သို့ရန်းထွက်ရမည်ကိုစဉ်းစားနေခိုက် ကံကြမ္မာအကြောင်းတစ်ခုသည် မိမိဘက်သို့ ပံ့ပိုးလာချေပြီ။ ထိုနေ့က အိမ်ကထွက်လာခဲ့ပြီး ဘိက္ခုနီမအဖြစ် သုံးလပြည့်သည့်နေ့။

ထူးထူးခြားခြား ထိုမနက်တွင် ပျို့အန်လိုက်သည်မှာ မပြောပါနှင့် တော့။ခေါင်းထဲမှာ တရိပ်ရိပ်မူးလာသည်။ကျောင်းဆောင်မှအဆင်း လှေကား ရင်းတွင် မူးလွန်းသဖြင့် ခွေလဲကျသွားသည်။ ဘိက္ခုနီမတွေ ဝိုင်းလာသည်။ ပြုစုကြသည်။ သူမ သတိရလာတော့ သူမသည် အားလုံး၏အလယ်မှာ ရောက်နေသည်။ တစ်ဖက်မှာ အရှင်ဒေဝဒတ်၏တပည့်သား သံဃာအချို့ ရှိနေသည်။ တစ်ဖက်မှာ ဘိက္ခုနီမတွေ ငြိမ်သက်စွာ ထိုင်နေသည်။ သူတို့ သည် အမိန့်တစ်ခုကို စောင့်ဆိုင်းနားထောင်နေသည်သို့ရှိသည်။

''သတိရပြီလား''

ပလ္လင်ပေါ်မှ အရှင်ဒေဝဒတ်၏အသံကြောင့် တုန်လှုပ်သွားသလို ခံစားရသည်။ ဘေးဘယ်ညာကို ကြည့်လိုက်သည်။ အားလုံး၏မျက်လုံး အစုံသည် သူမအပေါ်မှာ ကျရောက်နေသည်။ မျက်လုံးအားလုံးတို့သည် အေးစက်မာကျောလျက်။

''ဘိက္ခုနီမ၊ အသင့်မှာ ကိုယ်ဝန်ရှိတယ်လို့ သည်က ဘိက္ခုနီမတွေက တညီတညွတ်တည်း ဆုံးဖြတ်ကြပြီ။ ဒီအဖွဲ့အစည်းထဲ ဝင်လာတဲ့ ဘိက္ခုနီမ တစ်ဦးအနေနဲ့ ကိုယ်ဝန်ရှိလာပြီဆိုတော့ သည်အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာ လည်း ထိခိုက်ပေတယ်။ ကျန် အဖွဲ့





အစည်းတွေက မေးငေါ့ပြီး ပြောကြ လိမ့်မယ်။ အရှင်ဒေဝဒတ်ရဲ့ အဖွဲ့အစည်းမှာ ဘိက္ခုနီမတွေ ကိုယ်ဝန်ရှိ ကုန်ကြပြီ။ သည် အဖွဲ့အစည်းထဲမှာ မရိုးမသားမှုတွေရှိတယ်လို့ စွပ်စွဲပုတ်ခတ် လာကြတော့မယ်။ အသင့်ကြောင့် ကျုပ်တို့ အဖွဲ့အစည်းကြီးရဲ့ ဂုဏ်သိက္ခာ အညိုးအနွမ်းမခံနိုင်ဘူး။ ဒါကြောင့်မို့ ဘိက္ခုနီဖြစ်လျက်နဲ့ ကိုယ်ဝန်ရှိအောင် နေခဲ့တဲ့သင့်အပြစ်ကို ဒဏ်ခတ်သောအားဖြင့် လူဝတ်လဲ၍ ကျုပ်တို့ အဖွဲ့အစည်းထဲက သင်ထွက်စေ''

အရှင်ဒေဝဒတ်၏ အမိန့်သည် ပြင်းထန်လှချေသည်။ သာသနာကို ချစ်လွန်း၍ သာသနာ့ဘောင်သို့ တမြတ်တနိုးဝင် လာခဲ့သူကိုမှ အရှင် ဒေဝဒတ်သည် သာသနာတော်အတွင်းမှ မောင်းထုတ်နေချေပြီ။ သူမသည် ကိုယ့်ကိုယ်ကို ပြန်ဆင်ခြင်မိသည်။

ဘိက္ခုနီမ ဖြစ်သည်မှစ၍ သူမသည် အဖြူဟူစရိယသိက္ခာပုဒ်ကို မကျိုးမပေါက်စောင့်ထိန်းခဲ့သည်မှာ သေချာပါသည်။ ဤသည်မှာ သူမကိုယ် သူမ အသိဆုံး ဖြစ်ပါသည်။ သူမသည် သံဃာအဖွဲ့အစည်းထဲရောက်မှ သည်ကိစ္စမျိုးပေါ်ပေါက်ရအောင် မည်သူနှင့်မျှ လျှပ်ပေါ်လော်လီခြင်း မရှိခဲ့ပါ။ စင်စစ်သူမသည် ဘိက္ခုနီမ မဖြစ်ခင်က ကာမပိုင်လင်ယောကျ်ားဖြစ်သူနှင့် လင်ခန်းမယားခန်း နေခဲ့ဖူးသည်ကလွဲ၍ အခြားမရှိခဲ့ဘူးမှန်း သူမကိုယ် သူမ သိပါသည်။

လောကဓံတရားသည် သူမ ဘဝအတွင်းသို့ ဒဏ်ရာ ဒဏ်ချက် တစ်ခုကို စတင်ပေးအပ်လာပြီ ဖြစ်ပါသည်။ သူမသည်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကိုယ့်သီလ ကိုယ်ယုံ သည်။ သူမ ဘိက္ခုနီမ အဖြစ်မှ ခင်ပွန်းအိမ်သို့ မျက်လွှာအောက်ချ၍ ပြန် မသွားလိုတော့။ သည်အဖွဲ့အစည်းမှာ နေခွင့်မရလျှင်လည်း ဘုရားရှင်ထံသို့ သွားဖို့ အခွင့်အရေးရလိုက် သလိုပါပဲ။

''အရှင်ဒေဝဒတ်၊ တပည့်တော်မသည် သီလကျိုးပေါက်ခဲ့သူ မဟုတ်ပါ။ ထို့ကြောင့် တပည့်တော်မသည် လူဝတ်မလဲနိုင်ပါ။ တပည့်တော်မ သည် မြတ်စွာဘုရား၏ သမီးတော်အဖြစ် ခံယူ၍ ဘိက္ခုနီမပြုခဲ့ခြင်း ဖြစ်သည့်အတွက် တပည့်တော်မအား မြတ်စွာဘုရားထံသို့သာ ပို့ဆောင် ပေးပါ''

''ကဲ ကောင်းပြီလေ ..သူ့ကို ဘုရားရှင်ထံ ပို့ပေးလိုက ကြပါ။ အဓိကကတော့ သင်ဟာ ကျုပ်တို့ အဖွဲ့အစည်းထဲမှာ မရှိရင်ပြီးတာပါပဲ''

သည်လိုနှင့် သူမသည် ဘုရားရှင် ခြေတော်ရင်းသို့ ရောက် ခွင့်ကြုံခဲ့ရ သည်။ ဘုရားရှင်သည် ဉာဏ်တော်ကြီးမားသူပီပီ သည်ပြဿနာကို ပေါ်လွင် စေရန် စုံစမ်းခိုင်းသည်။ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပေးသည်။ အရှင်ဉပါလိမထေရ်ကို ထိုအဖွဲ့အား ဦးဆောင်ခိုင်း သည်။

''ချစ်သား ..ဉပါလိ၊ ပရိသတ်အလယ်၌ ဤရဟန်း မိန်းမငယ်၏ အမှုကို သုတ်သင်ရှင်းလင်းလေလော့'' ဟု ဆိုသည်။ ပသေနဒီကောသလ မင်းကြီး၊ အနာထပိဏ်သူဌေးကြီး၊ ကျောင်းအမကြီးဝိသာခါတို့ကို သက်သေ ထား တိုင်တည်သည်။ ကျောင်းအမကြီးဝိသာခါက သူမကို စနစ်တကျ စစ်ဆေးသည်။





မေးမြန်းသည်။နောက်ဆုံးတွင် ကျောင်းအမကြီး၏ အဖြေသည် သူမ၏ ရဟန်းမိန်းမဘဝကို ဆက်လက်ခံယူခွင့်ရစေခဲ့သည်။

''အရှင်ဘုရား ..သည်ရဟန်းမိန်းမငယ်၏ ကိုယ်ဝန်သည် လူ့ဘဝ ကတည်းက ရရှိခဲ့ခြင်းဖြစ်ပါသည်ဘုရား''

ဤသို့ဖြင့် သူမသည် ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့်ပင် ဘုရားရှင်၏ သာသနာတော်အတွင်း၌ ဘိက္ခုနီမအဖြစ် ဆက်လက် နေထိုင်ခွင့် ရခဲ့သည်။ သို့သော် ယခင်ကလို လွတ်လွတ်လပ်လပ် မဟုတ်တော့သဖြင့် သာသနာ့ တာဝန်ထမ်းဆောင်ရာတွင် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ ကိုယ်ဝန် ကလည်း တစ်စထက် တစ်စ ရင့်သန်လာသည်။ သန္ဓေသားသည် သားလား၊ သမီးလား သိချင်လာသည်။ မိခင်စိတ်က လွှမ်းမိုးလာပြီဖြစ်သဖြင့် သူမသည် သာသနာအပေါ်၌ သိသိသာသာစိတ်လျော့ကျသွားသည်။ သူမ၏ စိတ်တွင် မိခင်စိတ်က အဓိပတိဖြစ်နေသည်။ သားလေးဖြစ်လျှင် တယုတယထွေးပိုက် ချင်သည်။ တီတီတာတာပြောချင်နေသည်။ နို့ချိုစို့၍ အိပ်ပျော်နေသော သားလေး၏မျက်နှာကို တဝကြီး ကြည့်ချင်နေမိသည်။ မမြင်ရသေးသော သားလေးအပေါ်၌ ချစ်ခင်မြတ်နိုးစိတ်က ယခုကတည်းက အားကောင်းနေပြီ တည်း။

သို့သော် သူမစိတ်ကူးတွေသည် အကောင်အထည် ပေါ်မလာခဲ့ပါ။ ရဟန်းမိန်းမတစ်ဦးအနေဖြင့် သားသည်မိခင်ဘဝ နှင့် မသင့်တော်သဖြင့် သားလေးမွေးဖွားပြီးသည်နှင့် ကောသလ အရှင်မင်းကြီးက မွေးစားလိုက် လေသည်။အရှင်မွေး နေ့ချင်းကြီး ဆိုသလို သားလေးသည် ဘုရင်မင်းမြတ်၏ အုပ်ထိန်းမှုအောက်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အစောင့်အရှောက်ဖြင့်ကြီးပြင်းခွင့်ရသဖြင့် လိုလေသေးမရှိ ပြည့်စုံခဲ့သည်မှာ မှန်ပါသည်။ သို့သော် သားလေးကို မတွေ့ရတော့ခြင်းသည် သူမအတွက် အခံရခက်ဆုံး၊ အဆိုးဝါးဆုံး ဝေဒနာ ပင်တည်း။

ထိုအချိန်တွင် သူမကိုယ်တိုင် ခင်ပွန်းဖြစ်သူအား ခန္ဓာကိုယ်၏ အပြစ်များကို ပြောပြ၊ ဟောပြခဲ့သည်ကိုလည်း မေ့နေလေပြီ။ သူမ ခန္ဓာ အိမ်ကိုလည်း ရှုမြင်ဆင်ခြင် သံဝေဂပွားလိုစိတ်လည်း မရှိတော့ပေပြီ။ မွေးကင်းစကတည်းက မတွေ့ခဲ့ရသော ဝေးကွာခဲ့ရသော သားလေးအပေါ် လွမ်းဆွတ်စိတ်တို့သည် သူမအား ဝေဒနာအဖြစ် ဖိစီးနှိပ်စက်လေပြီ။ ခန္ဓာ အိမ်၏ အပြစ်များကို ဆင်ခြင်သံဝေဂကြီးစွာဖြင့် လူ့ဘောင်မှ သာသနာ့ဘောင်သို့ ကူးပြောင်းရောက်ရှိလာခဲ့သော သူမ၏ဘဝကို သူမ မေ့နေချေပြီ။ သူမတွင် မေ့လျော့ခြင်းဟူသော "ပမာဒ"တရားတွေ လွှမ်းမိုးလာချေပြီ။ သူမ၏ သာသနာအပေါ်၊ တရားဓမ္မအပေါ် မေ့လျော့နေခြင်းသည် သားဟူသော သံယောဇဉ်မီးက ကြီးမားသောအကြောင်းအချက် ဖြစ်နေပေသည်။ သူမ သည် သမုဒ္ဒယသစ္စာကို မျက်ကွယ်ပြု၍ သမုဒယနွံအတွင်း၌ ရှုံးရှုံးမူးမူး လက်ပစ်ကူးနေသည်သို့ရှိသည်။

ဤသည်ကို အတူနေ ဘိက္ခုနီများက သတိထားမိကြသော်လည်း မိခင်မေတ္တာဟူသော အရှိန်အဝါကြောင့် အပြစ်မပြောရက်ကြ။ သား သမီးနှင့်ပတ်သက်လာလျှင် မိမိကိုယ်မိမိ သံသရာမှလွတ်မြောက်ကြောင်း တရားကို ရှာဖွေဖို့ပင် မေ့တတ်ကြသော မိခင်တို့၏မေတ္တာသည် ကြီးမားလှ ပေစွ။ ကိုယ်တိုင် သံသရာ





ဝဲသြယတွင် နစ်မြုပ်မျောပါစေဦးတော့ မိခင် တိုင်းသည် မိမိတို့၏ မေတ္တာကို စွန့်ပစ်နိုင်ဖို့ ခဲယဉ်းလှသည်။ ကိုယ့်ကိုယ်ကို သိလျက်နှင့် အနစ်နာခံနိုင်သော မိခင်တို့၏မေတ္တာအစွမ်းသတ္တိကို မည်သည့် မေတ္တာမျိုးမျှ လိုက်မမီ၊ နှိုင်းမမီပြီတည်း။ သို့ကြောင့် ဘုရားရှင်သည် မေတ္တ သုတ္တန်ဒေသနာ၌ "မာတာယထာ နိယံပုတ္တ = အမိသည် တစ်ဦးတည်းသော သားကို ချစ်သကဲ့သို့"ဟု မေတ္တာထားပုံနှင့် ပတ်သက်၍ အာရုံပြုစရာ၊အာရုံ ထားတတ်ရန် တစ်ဦးတည်းသော သား၏ အမိမေတ္တာကို နမူနာအဖြစ် ထုတ်ဖော်ညွှန်းဆို ဟောကြားခဲ့ခြင်း ဖြစ်သည်။

သူမဘက်က မိခင်၏မေတ္တာဖြင့် သားအပေါ် လွမ်းစိတ်ဖြာနေ သဖြင့် ရဟန်းအလုပ်တွေ ပျက်နေသော်လည်း သူမ၏ သားဖြစ်သူကား ပါရမီရှင်တည်း။ ကောသလမင်းကြီး၏ သားအရင်းမဟုတ်မှန်း သူ့ကိုယ်သူ သိလာသော ကုမာရကဿပ မင်းသားသည် အဖေအမေအရင်းကို မေး၏။ မင်းကြီးကလည်း အမျိုးမျိုးလွှဲ၍ဖြေဆိုသည်။ သို့သော် နောက်ဆုံးတွင် ဝန်ခံရတော့သည်။ ကုမာရကဿပသည် မိခင်ရဟန်းမ ဖြစ်သည်ကို သိသည်နှင့် သံဝေဂ ရကာ ရဟန်းအဖြစ်ခံယူရန် ခွင့်တောင်းခဲ့သည်။ ဤသို့ဖြင့် ကုမာရကဿပ မထေရ်အဖြစ် ထင်ရှားလာသည်။

ကုမာရကဿပ မထေရ်သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းနည်းကို အဖန်ဖန်နာကြား၍ တောရဆောက်တည်ပြီး စနစ်တကျ တရားအားထုတ် သောအခါ နောက်ဆုံးတွင် အရဟတ္တမဂ်သို့ ဆိုက်ရောက်ကာ ရဟန္တာထေရ် မြတ် ဖြစ်ခဲ့လေသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မငြိမ်းအေးဖွယ်ရာ ဘဝဇာတ်တို့ကို သိမ်းဆည်းနိုင်ခဲ့ပြီ ဖြစ်သဖြင့် ဘဝ၊ ဇာတိတို့ ချုပ်ငြိမ်း၍ သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့ပြီဖြစ်သော ကုမာရကဿပ မထေရ်နှင့် သားအပေါ် အစွဲလမ်းကြီး စွဲလမ်းကာ အောက်မေ့ သတိရစိတ်ဖြင့် (၁၂)နှစ်လုံးလုံး မျက်ရည်မိုးတွေ ဖြိုင်ခဲ့ရသော သူမတို့နှစ်ဦး ဆွမ်းခံလမ်းမ တစ်နေရာ၌ မျက်နှာချင်းဆိုင် တွေ့ကြလေပြီ . . .။

၁





(၅)

ကျွန်ကြွေငါးပါး စောင့်ထိန်းလုံခြုံနေပြီဖြစ်သော ရဟန္တာ အရှင်မြတ် ကုမာရကဿပ မထေရ်သည် ဘိက္ခုနီမ(သူမ)အား အဝေးမှလှမ်းမြင် ကတည်းက အရှင်မြတ်၏ မယ်တော်ဖြစ်မှန်း ဉာဏ်တော်ဖြင့်သိနှင့်ချေပြီ။ အာသဝေါကုန်ခန်းပြီး ဖြစ်သဖြင့် တုန်လှုပ်သောစိတ်တို့ကား မရှိတော့ပြီ။အရှင် မြတ်အပေါ် သံယောဇဉ်ဇဉ်နှောင့်ဖွဲ့စိတ် ကြီးမားလွန်းလှသော မယ်တော်၏စိတ် အစဉ်ကို မှန်းဆကြည့်မိသည်။ အကယ်၍ မယ်တော်သည် သူ့အား ချက်ချင်း မှတ်မိသည်ရှိသော် မယ်တော့်အပေါ်၌ မည်သို့ပြုမူ ဆက်ဆံရလျှင် ကောင်းမည်နည်းဟု ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်……။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြည့်မိသည်။ ကုမာရကဿပ မထေရ်မြတ်သည် အဖြေတစ်ခုကို တွေ့ရှိလေသည်။

သွေးက စကားပြောသည်ဟူသော အဆိုသည် အကြွင်းမဲ့ မှန်လေစွ။ (၁၂)နှစ်တိုင် ခွဲခွာခဲ့ရသော်လည်း သူမ၏ သားဖြစ်သူကို ကောင်းကောင်းကြီး မှတ်မိနေသည်။ သူမချစ်သော သားရတနာ။ သူမမြတ်နိုးသော သားရတနာ။ ထိုသားရတနာသည် သူမကဲ့သို့ပင် သာသနာ့ဘောင်အတွင်း၌ ဘုရားသားတော် ဖြစ်နေချေပြီ။ ဦးပြည်းခေါင်းတုံးနှင့် တင့်တယ်ကြည်ညိုဖွယ်ရာ ရဟန်းငယ်တစ်ပါးသည် သူမ၏သား ဖြစ်နေပါရော့လား။ ရဟန်းမို့သာ လက်အုပ်ချီမိုး၍ ဖူးမြော်နေရပါသော်လည်း အမှန်တကယ်တွင်မူ သူမသည် သားရှိရာသို့ အပြေးသွားလိုက်ချင်သည်။ "သားရေ . . သား . . အမေ့ချစ်တဲ့သားလေးရေ" ဟုဆိုကာ အားရပါးရ ပွေ့ဖက်နမ်းရှုတ်လိုက်ချင်သည်။ မေတ္တာရေကြည် တို့သည် မိခင်ဖြစ်သူ သူမ၏ကိုယ်ခန္ဓာမှ စိမ့်ကျယိုစီးလာခဲ့ချေပြီ။

ကုမာရကဿပ မထေရ်သည် မယ်တော်ဖြစ်သူနှင့် မျက်နှာချင်းဆိုင် တွေ့သော်လည်း မျက်လွှာကိုချလျက် ဆက်လက်ကြွမြန်းသွားလေသည်။ သူမသည် မျက်လွှာချလျက် ရှေ့တူရူဆီသို့ ထွက်သွားသော သားရဟန်း နောက်သို့ အပြေးလိုက်သည်။ "သား . . . သား . . ချစ်သားရဟန်း . . . ရပ်ပါဦးလေ့" ဟုဆိုကာ နောက်မှ အပြေးလိုက်လာသော မယ်တော်ဖြစ်သူ၏ အသံကို မကြားယောင်ပြုကာ ကုမာရကဿပ မထေရ်သည် ဆက်လက် ကြွမြန်းနေသည်။ သူမ ခမျာမှာတော့ အော်ဟစ်ပြေးလိုက်ရင်းမှ





ချော်လဲကျ၊ ပြန်ထရ၊ ပြေးရ၊ လိုက်ရ၊ အော်ရနှင့် မောလှပါဘိသနဲ့။

ခဏအကြာတွင်မူ မထေရ်မြတ်အနီးသို့ မယ်တော်ကြီး (သူမ)သည် မီလာခဲ့လေပြီ။

"ချစ်သားရဟန်း ရပ်ပါဦးလေ့၊ မယ်တော့်ကို သနားပါဦးလေ့၊ သားတော်ကို လွမ်းတသောစိတ်ဖြင့် မယ်တော်နေ့စဉ်ငိုခဲ့ရသည်မှာ နှစ်ပေါင်း ဆယ့်နှစ်နှစ်တိုင်တိုင် ရှိခဲ့ပါပြီ။ သားတော၏ မျက်နှာကို မယ်တော်တဝကြည့် လိုက်ချင်စမ်းပါဘိ"

ကုမာရကဿပ မထေရ်သည် ရပ်တန့်ရင်းမှ နောက်လှည့်ကြည့် လိုက်သည်။ ချွေးသံရဲရဲနှင့် အပူလှိုင်းကြွနေသော မယ်တော်ဖြစ်သူကို တွေ့ လိုက်ရသည်။

"အသင်သည် သာသနာတော်ထမ်း ရဟန်းမတစ်ဦး ဖြစ်နေပါလျက် ချစ်ခြင်းကို ဖြတ်တောက်ခြင်းငှာ မစွမ်းနိုင်ပါသလော"

"အလို သားတော်ရဟန်း . . မည်သို့ဆိုလိုက်ပါသနည်း။ ရက်စက် လှပေစွတကား"

"ကျွန်ုပ် မရက်စက်ပါ၊ အသင်သည် ချစ်ခြင်း၏တဏှာကြောင့် စွဲလမ်းတပ်မက်မှု၏ ဦးဆောင်ရာသို့ လိုက်ပါနေရသဖြင့် ပူလောင်ပြင်းပြ နေရပေသည်။ သို့အတွက်ကြောင့် သင့်ကိုယ်သင်ပင် သာသနာတော်ထမ်း ရဟန်းမတစ်ဦးအဖြစ် မေ့မေ့လျော့လျော့ဖြစ်နေသည်ကို သတိရအောင် သတိပေးလိုက်ရခြင်း ဖြစ်သည်။ သင်သည် စွဲလမ်းမှုတဏှာကို ရှုံ့မုန်း၍ ခန္ဓာအိမ်ကို အပြစ်မြင်ကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ခြင်း မဟုတ်လော။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အခုတော့ သင်၏ သံဝေဂတရားတို့သည် အဘယ်နေရာရောက်၍ ပျောက်ဆုံး ကုန်ပြီနည်း။ အခုတော့ သားဖြစ်သူအပေါ် စွဲလမ်း စိတ်ကြီးမားလှသော တဏှာက သင့်အား အရာရာကို မေ့ဖို့ အကြောင်းဖြစ်ခဲ့ပြီတည်း။ အို ... မယ်တော် အကျွန်ုပ်အပေါ် ချစ်ခင်စွဲလမ်းနေရုံမျှဖြင့် အသင်သည် သံသရာမှ လွတ်မြောက် နိုင်ပါဦးတော့မည်လော''

သားရဟန်း၏ ဆုံးမစကားတွေသည် နားစည်မြွေးကို ရိုက်ခတ်လာ သည်။ အချို့စကားလုံးတို့သည် နှလုံးသားထိတိုင် စူးနစ်စီးဝင်၏။ သူမကဖြင့် ချစ်ခင်စွဲလမ်းတွယ်တာလိုက်ရတာ၊ သားဖြစ်သူထံမှ ချိုနွဲ့တီတာ ချစ်ခင် ဖွယ်ရာစကားတွေ ကြား ချင်လိုက်ရတာ။ သို့သော် သားဖြစ်သူကတော့ စိမ်းစိမ်းကြီး စကား ဆိုနေလေပြီ။

''ဒီမှာမယ်တော်၊ ခန္ဓာအိမ်ကို အပြစ်မြင် သံဝေဂရရုံနှင့် တရားဓမ္မဟူ သည် သင့်ကိုယ်၌ ဖြစ်၍မလာနိုင်။ သံဝေဂတရား ဟူသည် ဒုက္ခသစ္စာရှာဖွေဖို့ တွန်းပို့ပေးနိုင်သော အရာသာ ဖြစ်သည်။ ရေရှည်တွင် အားကိုးလောက်သော အသိဉာဏ်မဟုတ်။ဒုက္ခသစ္စာ နှင့် သံသရာ၏အပြစ်ကို မြင်တတ်လေမှ ခိုင်မြဲ သောဉာဏ် ဖြစ်မည်။ ထိုဉာဏ်ရရှိမှသာ တရားဓမ္မဟူသည် ကိုယ်နှင့်မကွာ သင့်သန္တာန်၌ အမြဲကိန်းအောင်းနေပေလိမ့်မည်။ သံဝေဂဉာဏ်မျှလောက်နှင့် ရပ်တန့်နေခြင်းဖြင့် အသင့်တွင် ဘာအကျိုးရှိနိုင်မည်နည်း။ ယခုပင်ကြည့်၊ သင်သည် ကျွန်ုပ်အပေါ် တမ်းတ လွမ်းဆွတ် စိတ်ကြောင့် သင့်တွင် တစ်ချိန်က အားကောင်းခဲ့သော ခန္ဓာအိမ်





ကို အပြစ်မြင် ရှုမြင်ခဲ့သည့် သံဝေဂဉာဏ်တို့ပင် ဆိတ်သုဥ်းခဲ့ပြီ မဟုတ်လော။ ရုပ်တရားကို ရှုမြင်ရင်းမှ ဖြစ်ပေါ်သည့် သံဝေဂ ဉာဏ် ဟူသည် ခိုင်မြဲသောအရာမဟုတ်၊ ရုပ်နှင့်နာမ်တို့၏ ဖောက်ပြန် ပြောင်းလဲတတ်သောသဘာဝနှင့် ထိုသဘာဝတွေသည် ကိုယ်နှင့် မဆိုင် သူ့ သဘောနဲ့သူ ဖြစ်ပျက်နေပါလားလို့ ရှုမြင်ဆင်ခြင်တတ် လေမှ ထိုသို့ ရှုမြင်ဆင်ခြင်ရင်းမှ အနတ္တအသိဉာဏ်အဆင့်သို့ လှမ်းတက်ဆွဲကိုင်နိုင်မှသာ တရားကိုယ်အဖြစ် ခိုင်ခိုင်မြဲမြဲရှိပေမည်။ တရားကိုယ်ဆိုရာ၌ တရားသည် ကိုယ်နှင့်မကွာ ထပ်တူထပ်မျှ ဖြစ်နေရမည်ကို ဆိုလိုခြင်းဖြစ်သည်။ တရားဟူ သည် ကိုယ်၊ ကိုယ် သည်ပင်လျှင် တရားဖြစ်ချေသည်။ သင်ပိုင်ဆိုင်ရရှိ ထားသော လက်ရှိခန္ဓာအိမ်မှတစ်ဆင့် ကျွန်ုပ်အပေါ် စွဲလမ်းတွယ်တာ စိတ်တွေ ဖြစ်နေရုံမျှသည် အချည်းနှီးပင်တည်း။ တကယ်မူ သင် သည် သင်ပိုင်ခန္ဓာ အိမ်မှတစ်ဆင့် အနတ္တဉာဏ်ဖြင့် ကျယ်ပြန့်သော သဘာဝဓမ္မတွေကို သိမြင်နိုင်အောင် လေ့လာသင့်လှပေသည်''

ကုမာရကဿပ မထေရ်မြတ်သည် သိမ်မွေ့နက်နဲ သော ဆုံးမစကား တို့ကိုဆိုလျက် မယ်တော်(သူမ) အနီးအပါးမှ ထွက်ခွာသွားချေပြီ။ သူမ၏စိတ် အတွင်းသို့ အလင်းတန်းတစ်ခု ရုတ်တရက် ဝင်ရောက်လာသည် သို့ရှိသည်။ သားရဟန်း၏ စကားတို့သည်သံယောဇဉ်ကင်းပလျက် တင်းမာပြတ်သား လှသည်။ သူသည် ငါ့အပေါ် မချစ်မနှစ်သက်၊ ဥပေက္ခာပြုနိုင်နေသော သား ရဟန်းကို လွမ်းဆွတ်တမ်းတနေရုံဖြင့် ငါ့မှာ ဘာအကျိုးရှိနိုင်ပါ မည်နည်း။ ငါသည် သားဖြစ်သူအပေါ်၌ ချစ်ခြင်းကို ဖြတ်တောက်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပစ်မှ တော်တော့မည်။ သံယောဇဉ်မီးကြောင့်ပင် ငါ၏နှလုံးသားသည် ပူလောင်ပြင်းပြခဲ့ရပြီ။ စိတ်ထဲမှာ အမြဲတစေမီးလောင်သလိုလည်း ဖြစ်ခဲ့ရပြီ။ မျက်ရည်တို့သည် မကုန်မခန်းနိုင် ယိုစီးကျခဲ့ရပြီ။ သားရဟန်း ဆုံးမသကဲ့သို့ ငါသည် ရဟန်းမတစ်ဦးပီသဖို့ ကြိုးစားရတော့မည်။ မီးလောင်ပြင်လို ဖြစ်နေသော ငါ့စိတ်ထဲမှ ငါရုန်းထွက်ရတော့မည်။

ခံပြင်းစိတ်၊ နာကျည်းစိတ်တို့သည် စိတ်ဓာတ်ကို အခြေအနေ တစ်မျိုးသို့ ပြောင်းလဲပေးနိုင်သော အစွမ်းရှိလေသည်။ သူမသည် ကျောင်း တော်သို့ ပြန်ရောက်သောအခါ တရားကို အားကြိုးမာန်တက်အားထုတ်တော့ သည်။ သို့နှင့် ထိုနေ့ညနေ၌ပင် သူမသည် အာသဝေါကုန်ခန်းသော ရဟန္တာထေရီမအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

သည်တော့မှ သူမသည် အရာရာကို အမှန်အတိုင်း သုံးသပ်ရှုမြင် ဆင်ခြင်နိုင်လာသည်။ ဩော် ‥ သားရဟန်းသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ထူးကဲသောပါရမီအရှိန်အဟုန်ဖြင့် ရဟန္တာဖြစ်နေပါရော့လား ‥ ။သို့ကြောင့်ပင် ရဟန္တာဉာဏ်၊ ရဟန္တာတို့၏ နှလုံးသားဖြင့် မယ်တော်ဖြစ်သူ သူမအပေါ် ဆုံးမခဲ့ခြင်းပါလား။ သို့ကြောင့်ပင် သားရဟန္တာ၌ သံယောဇဉ်အမျှင်တန်းတို့ ကင်းရှင်းနေသော သဏ္ဌာန်နှင့်ဟန်ပန်ကို တွေ့ခဲ့ရသည်ကိုး ‥‥ ။

ကုမာရကဿပ မထေရ်နှင့် မယ်တော်ဖြစ်သူဘိက္ခုနီမတို့ ရဟန်း ကိစ္စများပြီးစီး၍ အရဟတ္တမဂ် ဆိုက်ရောက်ပြီးကြပြီကို ဘုရားရှင် သိတော်မူသောအခါ ဘုရားရှင်သည် သံဃာတို့ကိုစုရုံးစေ





သည်။ ကုမာရ ကဿပမထေရ်၏ မယ်တော်ကို အကြောင်းပြုကာ အောက်ပါဒေသနာကို ဟောကြားလေသည် –

– **“အတ္တာဟိ အတ္တနော နာထော၊**
**ကောဟိ နာထော ပရောသိယာ။**
**အတ္တနာဝ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။**

– **မိမိသည်သာ မိမိ၏ကိုးကွယ်ရာ၊**
**မိမိမှတစ်ပါးဖြစ်သော အဘယ်မည်သူသည်**
**အဘယ်သူ၏ ကိုးကွယ်ရာ ဖြစ်နိုင်ငြိမ့်အံ့နည်း။**
**မိမိသည်သာလျှင် မိမိကိုယ်တိုင်သာလျှင်**
**ကောင်းစွာဣန္ဒြေကို ဆုံးမခြင်းဖြင့် ရခဲသော**
**အရဟတ္တဖိုလ်တည်းဟူသော မှီခိုရာကို ရနိုင်၏။**

ဒေသနာအဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြသည်ဟု ဆိုသည်။ ကုမာရကဿပ မထေရ်၏ မယ်တော်ဖြစ်သူ (သူမ)သည် သူမ၏ခန္ဓာအိမ်ကို ဉာဏ်ဖြင့်ယှဉ်၍ စနစ်တကျပြန်လည်လေ့လာ ရှုပွားသောအခါမှသာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။ သစ္စာတရားအမှန်ကို သိမြင်ခဲ့ရခြင်း ဖြစ်ပါသည်။

ယခုတော့လည်း သူမသည် ခန္ဓာငါးပါးကို တစ်စစီမြင်ခဲ့ ရပြီဖြစ် သည်။ အငှားရထားသော (၃၂)ကောဋ္ဌာသ အစိတ် အပိုင်းများကို ကျော်လွန်၍ ခန္ဓာငါးပါးဖြစ်တည်ပုံ၊ လှုပ်ရှား သက်ဝင်ပုံ၊ ချုပ်ငြိမ်းနေပုံတွေကို အချိန် တိုင်း၌ မျက်ဝါးထင်ထင်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

တွေ့မြင်နေရပြီ ဖြစ်သည်။ ခန္ဓာငါးပါးအပေါ် ဥပါဒါန်ဖြင့် စွဲလမ်းခဲ့ရသော အတိတ်ကာလများ၏ သဘောထားများကိုလည်း ပြန်လည်ဆင်ခြင်ကြည့်မိသည်။ ယခုတော့ ထိုဥပါဒါန်တို့သည် လည်း ဝေးကွာ လွင့်စဥ်ခဲ့ရလေပြီ။ ခန္ဓာငါးပါးကတော့ မသေဆုံး သေးသည့် သူ့ခန္ဓာအိမ် ကိုမှီလျက် အလုပ်တွေ လုပ်နေဆဲ ရှိသေး သည်။ သို့သော် သူမ သည်တစ်ခါ သေဆုံးခြင်းသည် နောက်ဆုံး ဖြစ်သည်ကို သူမ ကြိုသိနေရပေပြီ။ သည် တစ်ခါ သူမ သေဆုံး ခြင်းသည်ပင်လျှင် နိဗ္ဗာန်သို့အပြီးတိုင်မျက်မှောက်ပြုလိုက်ခြင်း ပင် ဖြစ်တော့မည်ကို သူမကိုယ်သူမ သိနေပါသည်။သူမ ခန္ဓာအိမ် ပေါ်တွင် အမှီပြုနေသော ခန္ဓာငါးပါးဖြစ်စဥ်တို့သည်လည်း ထိုအချိန်၊ ထိုကာလတွင် နောက်ထပ်လုပ်စရာရှိကြမည် မဟုတ်တော့။

သူမသည် သူတို့ကို အပြီးတိုင်စွန့်လွှတ်ခဲ့ပြီးပြီပဲ ..။

တစ်နည်းအားဖြင့် သူမသည် အရာအားလုံးကို အပြီး တိုင်စွန့်လွှတ် လိုက်ပြီပဲ ...။

သူမသည် အပြီးတိုင်ငြိမ်းချမ်းမှုကို ထာဝရပိုင်ဆိုင်ခွင့် ရတော့ မည်လေ ...။





http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း

## အခန်း(၄)

(၁)

နဖူးပေါ်သို့ကျလာသော ဆံနွယ်စကလေးများကို ညာလက်ဖြင့် အသာအယာ သပ်တင်လိုက်၏။ သည်နောက် နံ့သာမှုန့်တို့ဖြင့် စိမ့်ထုံ နေသော တို့ဖတ်ပဝါစဖြင့် နဖူးပြင်ထက်ကို ဖြန့်ကျက်တို့ထိလိုက်သည်။ သည်လိမ်းခြယ်မှုသည် သည်နေ့ မနက်ခင်းအတွက် အပြီးသတ်မှုတစ်ခုပေပဲ။ ကြေးမုံပြင်ပေါ်တွင် ပေါ်နေသော ပုံရိပ်ကို အထပ်ထပ်ကြည့်မိပြန်သည်။ ခေါင်းမှသည် ခါး၊ ခါးမှသည် ခေါင်း၊ အပြန်ပြန်အလှန်လှန် ရှင်းသန့်စင်းချော နေ





သော ဆံနွယ်စတို့၏ ပိရိသပ်ရပ်မှု။သည်ဆံနွယ်စတို့၏အထက် မှာ မြောက်ပြင်အရပ်က နာမည်ကြီးပန်းထိမ်ဆရာ၏ အနုလက်ရာ စိန်ဆံထိုးက တလက်လက် တဖိတ်ဖိတ်။ မဟာဆန်သူတို့၏ ဆံထုံးထက်တွင် နေရာယူ တတ်သော ရွှေဘီးကြီးမှာလည်း ဦးခေါင်းပုံသဏ္ဌာန်အနေအထားနှင့် လိုက်ဖက်ညီစွာ။ ပြေညက်ချောမွတ်သော မျက်နှာအလှပေါ်တွင် မွေးညင်း ပေါက်အသီးသီးထဲသို့ စိမ့်ဝင်နေရာယူထားသော နံ့သာမှုန်တို့မှာလည်း ပိပြား ညီညာစွာ။ သည်နေ့ဝတ်ဆင်သည့် ခိုပြာရောင်အကျီအဆင် အသွေးနှင့် လိုက်ဖက်ညီစွာ မောင်တော်ဘုရင်မင်းမြတ်ကိုယ်တိုင် လက်ထပ်မင်္ဂလာ နေ့တုန်းက ဝတ်ဆင်ပေးခဲ့သည့် ခိုပြာရောင် အဖိုးတန်နီလာနားကပ်အစုံနှင့် လည်ဆွဲရတနာ နီလာဘယက်။ ခိုပြာရောင်နုသွေးနှင့် ပျော့အိနူးညံ့လှသည့် ပိုးအကျီ၊ မြကို စိန်နှင့်ရံကာ ရွှေဖြင့်ဘောင်သပ်ထားသည့် အဖိုးတန် လက်ကောက်များ၊ ခိုပြာရောင်ပိုးထဘီနှင့်အတူ စိန်ရောင်တောက်နေသည့် ပိုးဇာတို့ဖြင့် ချုပ်လုပ်ထားသည့် ပဝါဖြူ။ အားလုံးသည် သူ့နေရာနှင့်သူ နေသားတကျ။ သည်မနက်အဖို့ မိမိလိုချင်သည့် အခြယ်အမှုန်းတွေကို စိတ်တိုင်းကျ မွမ်းမံခြယ်သလို့ ပြီးခဲ့ပြီ။

ကြေးမုံပြင်ရှေ့ အလှပြင်ခုံပေါ်တွင် ထိုင်နေရာမှ မတ်တတ်ရပ် လိုက်သည်။ ရံရွေတော်များက အလိုက်သိစွာ သူ့ထက်ငါ အလုအယက် ထိုင်ခုံကို ဖယ်ပေးကြလေသည်။ သူမသည် ကိုယ်လုံးပေါ်ကြေးမုံပြင်ရှေ့၌ ဘယ်မှညာ၊ညာမှဘယ် ညင်သာစွာလှည့်ကာ ဘေးနှစ်ဖက်ကိုလည်ကောင်း၊



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

မြင်ရသလောက် ကျောဘက်ကို လည်ပြန်ကြည့်၍လည်းကောင်း ကြည့်ရှုနေပြန်သည်။

ကြေးမုံပြင်ပေါ်တွင် ပေါ်နေသော သူမ၏ပုံရိပ်။ သည်ပုံရိပ်သည် နှယ်နှယ်ရရပုံရိပ်ဖြစ်မတဲ့လား။ ရေမြေသနင်း ပြည့်ရှင်မင်းဗိမ္ဗိသာရမင်းကြီး၏ မြတ်သောအဂ္ဂမဟေသီမိဖုရားကြီးလေ။ ဖြစ်နိုင်လျှင် ဇမ္ဗူဒိပ်တစ်ခွင်လုံးသို့ပင် ပြိုင်လိုက်ချင်ပါသေးသည်။ ''သူမလောက်လှတဲ့သူ ရှိပါသေးရဲ့လား''ဟု ''ခေမာမိဖုရားကြီးလောက်လှတဲ့ အမျိုးသမီးများ ရှိနိုင်ပါသေးရဲ့လား''ဟု॰॰

ကြေးမုံပြင်ကို ကြည့်သည့်အချိန်တိုင်း၌ သည်စိတ်ကူး၊ သည်အတွေးမျိုးတွေသည် သူမထံ၌ ဖြစ်ပေါ်လာစမြဲ။ ယခုလည်း ကြေးမုံပြင် ထက်ပေါ်နေသော သူမပုံရိပ်ကို ကြည်နူးကျေနပ်စွာ ကြည့်နေရင်းမှ သူမ၏ ရံရွှေတော်တွေကို မေးလိုက်သည်။

''ဘယ်လိုလဲ၊ လှရဲ့လား ရံရွှေတော်တို့''

''လှပါတယ်၊ လှလွန်းပါတယ် မိဖုရားကြီး''

ရံရွှေတော်တွေဆီက တစ်ပြိုင်နက်တည်း အသံတွေ ထွက်လာကြသည်။ သူတို့၏ အသံတွေသည် ဇာတ်တိုက်ထားသည့်အလား တညီတညာ တည်း။ သည်အသံတွေကို သူမနေ့စဉ်ကြားခဲ့ရစမြဲ။ ကြားနေရစမြဲ။ သို့သော် ကြား၍မဝ။ နားထောင်၍မဝ။ နောက်ထပ်လည်း ကြားလိုသေးသည်။ နေ့စဉ်နှင့်အမျှ ဆက်ကာဆက်ကာ နားထောင်ချင်နေသေးသည်။ သည်အထဲ၌ သက်တမ်းရင့်နေပြီဖြစ်သော ရံရွှေတော်ကြီးကမူ။

''လှတယ်ဆိုတဲ့ စကားလုံးကတောင်မှ အရှင်မရဲ့အလှကို





အမိပ္ပါယ် ပြည့်ဝအောင် မဖော်ဆောင်နိုင်ပါဘူး အရှင်မ။ ဘယ်လိုပြောရမလဲ။ ကျွန်တော် မျိုးမတို့မှာ အရှင်မကို ငေးသာကြည့်နေရတာ။အရှင်မမှ ဟုတ်ပါလေမလား။ သည်ကမ္ဘာပေါ်မှာရှိတဲ့ အလှအပဆိုး အရာတွေမှန်သမျှဟာ အရှင်မရဲ့ ကိုယ်ပေါ်ကို ရုတ်တရက်များ ရောက်လာသလားလို့တောင် အထင်မှတ် မှားရပါတယ်။ တကယ်တော့ ဒီအလှအပအားလုံးရဲ့ စုဝေးရာသည် အရှင်မဖြစ်နေပါလားဆိုတာကို ကျွန်တော်မျိုးမတို့ သိလိုက်ရပါတယ်''

''ရံရွှေတော်ကြီးက သက်တမ်းအရင့်ဆုံးပီပီ စကားပြောအရာမှာ လိမ္မာကျွမ်းကျင်လှပေတယ်။ ရော့ ဆုလာဘ်တော်''

ကြေးမုံပြင်ရှေ့ ခုံပေါ်တွင် စီချထားသော လက်စွပ်တွေအနက်မှ ရွှေလက်စွပ် ခပ်ထူထူတစ်ကွင်းကို ယူ၍ ရံရွှေတော်ကြီးကို ချီးမြှင့်လိုက်သည်။ ရံရွှေတော်ကြီးသည် ဝမ်းသာလွန်းသည့်အမူအရာဖြင့် လှမ်းယူလေသည်။ ဘေးမှာရပ်နေသော ရံရွှေတော်လေးတွေကိုမူ ရွှေလက်စွပ် ခပ်ပါးပါးလေးတွေ တစ်ကွင်းစီ ချီးမြှင့်လိုက်ပြန်သည်။ ရံရွှေတော်တို့ထံမှ အသံတွေ တညီတညာတည်း ထွက်လာသည်။

''သခင်မ၊ အရှင်မ၊ မိဖုရားကြီး အမြဲတမ်း အလှအပတွေ ပိုင်ဆိုင်နိုင်ပါစေ''

သူမသည် ကြည်နူးကျေနပ်စွာ ပြုံးလိုက်မိသည်။ ပြီးလျှင် အလှပြင် ဆောင်မှ ထွက်မည့်ဟန်ပြင်လိုက်သည်။ သူ့နောက် ကျောဘက်ဆီသို့ ပဝါစ ကိုင်မည့် ရံရွှေတော်နှစ်ဦးက စွေ့ခနဲ နေရာယူလိုက်သည်။ ရှေ့မှာလည်း ရံရွှေတော် နှစ်ယောက်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သက်တမ်းရင့်ရုံရှေတော်ကြီးက သူမကို လှမ်းမေး လိုက်သည်။

"အရှင်မ ဘယ်ကိုများ ကြွမြန်းချင်ပါသလဲ"

"မောင်တော်ဘုရင်မင်းမြတ် အဆောင်တော်ဘက် ကူးရင်ကောင်း မလားလို့"

"မှန်လှပါ အရှင်မ၊ ဘုရင်မင်းမြတ်ကြီး ဝေဠုဝန် ကျောင်းတော် ဘက်သို့ ခုနကပင် ကြွသွားပါတယ် အရှင်မ"

"ဟို့ . . ဟို မြတ်စွာဘုရားဆီကို ကြွသွားတာလား"

"ဟုတ်ပါတယ် အရှင်မ၊ ဘုရင်မင်းမြတ်က သည်အချိန်ဆို ဝေဠုဝန် ကျောင်းတော်ကို ကြွသွားပြီး ဘုရားနှင့်တကွ သံဃာတော် အရှင်မြတ်တွေကို ဆွမ်းသွားကပ်နေကျလေ"

"အင်း . . . ဟုတ်ပေသားပဲ။ မောင်တော်ဘုရင်မင်းမြတ်က မြတ်စွာဘုရားအပေါ်မှာ အတော်ကြည်ညိုစိတ်ပြင်းတာပဲနော်။ တို့များကတော့ မြတ်စွာဘုရားဆီကို မသွားလိုပါဘူး။ မြတ်စွာဘုရား က အလှအပ၊ အဆင်း ရူပကာတို့ရဲ့ အပြစ်တွေကို မကြာခဏ ဟောတော်မူတယ်ဆို"

"ဟုတ်ပါတယ် အရှင်မ"

"အင်း၊ အဲဒါကြောင့် တို့များက မြတ်စွာဘုရားဆီ မသွား ချင်တာပေါ့။ ဘယ့်နှယ့်ကွယ်၊ အလှအပဆိုတာ လူတိုင်းရနိုင်တဲ့ အရာမှ မဟုတ်တာ။ လူတစ်သောင်းမှာ တစ်ယောက်၊ တစ်သန်းမှာ တစ်ယောက်၊ တစ်ကုဋေမှာ တစ်ယောက်သာ ရနိုင်တာ။ ဒီလောက် ခက်ခက်ခဲခဲရထားတဲ့ အလှအပကိုမှ အပြစ်တင်စကား။ အပြစ်ဖို့ စကား ပြောရက်တယ်လို့၊ မြတ်စွာ ဘုရားနှယ် အခြားတရားတော်





တွေ ဟောပါတော့လား။ ဒီအလှအပကို အပြစ်တင်တဲ့တရား ကိုများ ဟောရတယ်လို့"

"မှန်လှပါ အခြားတရားတော်များကိုလည်း ပုဂ္ဂိုလ်၊ သတ္တဝါအလိုက် ဟောတော်မူပါပေတယ် အရှင်မ။ အရှင်မလည်း တစ်ခေါက်တစ်ခါတော့ သွားရောက်နာကြည့်ရင်း မြတ်စွာဘုရားကို ကြည်ညိုစေချင်ပါတယ်"

"တော်တော့ရုံရှေတော်ကြီး၊ရုံရှေတော်ကြီးတို့သာ သွားပြီးနာကြား ကြပေတော့ . . တို့များက ကြည်ညိုလို့ သွားနာ တဲ့အချိန်မှာမှ ဒီအလှအပ၊ ရုပ်အဆင်းရဲ့အပြစ်ကို တရားအဖြစ် ဟောလိုက်ရင်ဖြင့် တို့များခံရခက် လှချည်ရဲ့၊ တို့များရဲ့ အလှအပတွေ ကို တစ်နေ့ထက်တစ်နေ့ နေရာမယွင်းအောင် ထိန်းသိမ်းစောင့်ရှောက် ရတာက လွယ်တယ်များမှတ်လို့။ တို့များက တရားမရချင်နေပါစေ။ ထာဝရအလှပိုင်ရှင် ဘုရင်မကြီး ဖြစ်ရင်တော်ပါပြီ၊ ရုံရှေတော်ကြီး"

"မှန်လှပါ အရှင်မ၊ ကျွန်တော်မျိုးမ စကားပြောလော သွားတဲ့ အပေါ်မှာ ဗွေမယူဘဲ ခွင့်လွှတ်တော်မူပါ အရှင်မ"

"ရပါတယ် ရုံရှေတော်ကြီး။ ကဲ . . လုပ်စရာရှိတာတွေကိုသာ ဆက်လုပ်ပေတော့၊ တို့များ ဒီရုံရှေတော်လေးတွေနဲ့အတူ နန်းဥယျာဉ်ထဲ လျှောက်လည်ကြည့်ချေဦးမယ်"

ရုံရှေတော် အခြံအရံတို့နှင့်အတူ သူမ နန်းဥယျာဉ်ထဲသို့ ရောက်လာ သည်။ လမ်းတစ်လျှောက် သူမနှင့် မျက်နှာချင်း ဆိုင်တွေ့ရသော မင်းညီ မင်းသားအချို့၊ မှူးမတ်အချို့တို့သည် သူမကို မင်းမိဖုရားတစ်ပါးအဖြစ် အရိုအသေပြုသွားရင်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မျက်လွှာချသွားကြသည်ကို တွေ့ရသည်။ သည်လို တွေ့ရလေတိုင်း သူမ၏ရင်ထဲမှာ လှုပ်ခတ်ရစမြဲ။ တကယ်တော့ သူတို့သည် ခေမာမင်းသမီးဟု နှလုံးသွင်းကာ သူမ၏ အလှအပကို တဝ့်တစား ကြည့်လို၊ ရှုလို၊ မြင်လိုကြပေလိမ့်မည်။သို့သော် ရေမြေ့အရှင် ကောရာဇ်မင်း၏ ကြင်ယာ တော် မိဖုရားဟူသော အသိကြောင့် သူမ အလှအပအပေါ် ရင်သပ်ရှုမော ငေးမောကြည့်လိုစိတ်တွေ ချုပ်တည်းသိမ်းဆည်းနေရသည်ကိုလည်း သူမ သိနေသည်။ အလှအပအပေါ်၌ မှင်သက်မိကာ ကြောင်ကြောင်ကြီး ငေးစိုက်ကြည့်နေပြန်လျှင်လည်း ဘုရင်၊ မိဖုရားတို့၏ ရာဇဣန္ဒြေကို မထီမဲ့မြင် ပြုရက်လေသလားဟု သူတို့တစ်တွေ အထင်ခံရမှာလည်း စိုးရိမ်ပုံရသည်။ အထင်ခံရခြင်း၏ နောက်ကွယ်၌ ပါလာမည့် အပြစ်ဒဏ်တွေကိုလည်း သူတို့ ကြောက်ရွံ့နေပါလိမ့်မည်။ထို့ကြောင့်ပင် သူမ မည်မျှပင် လှနေပါစေ၊ သူမကို ရှူးရှူးရှဲရှဲ ဝံ့ဝံ့စားစားကြည့်မိသူတို့မှာ သူမ အနီးအပါးတွင် အမြဲတမ်းခံစားနေသော ရုံရွှေတော်တို့မှတစ်ပါး အခြားမရှိပါ။

သို့ဆိုလျှင် နေ့စဉ်နှင့်အမျှ သူမ၏ အလှအပတွေ ပေါ်လွင်သည်ထက် ပေါ်လွင်အောင် ခြယ်သမွမ်းမံပြင်ဆင်နေရခြင်း၏ အဓိပ္ပါယ်သည်ကား အဘယ်နည်း။ တစ်ခါတစ်ခါ သူမ သည်လို တွေးမိတိုင်း စိတ်အား ငယ်ချင်လာသည်။ အလှအပဟူသည် ကိုယ့်ဘက်က မွမ်းမံခြယ်သနေရုံနှင့်၊ ကိုယ့်ဘာသာ ကိုယ်လှချင်တိုင်း လှနေရုံနှင့် မပြီးပေ။ ပတ်ဝန်းကျင်၏ အထင်အမြင်၊ ထောက်ခံမှု၊ အားပေးမှု၊ အသိအမှတ်ပြုမှုတွေ လိုအပ်သေးသည်။





ဒါတွေမရှိလျှင် မပြည့်စုံ။ သည်တော့ ကြာသောအခါ တစ်ဖက်တည်း တီးသောလက်ခုပ်လို အသံမမြည်တော့။ သည်အပေါ်မှာ သူမသည် စိတ်ပျက်လာသည်။

ကြည့်စမ်း–မနက်မိုးလင်းကတည်းက သူမ ပြင်ဆင်လိုက်ရတာ၊ သည်နေ့ဝတ်ဆင်မယ့် အင်္ကျီအရောင်အသွေးနဲ့ လက်ဝတ်ရတနာတွေကို လည်း မနေ့ကနဲ့ မတူအောင်၊ ထပ်မနေအောင် ရွေးချယ်ပြင်ဆင်လိုက် ရတာ၊ ပြီးတော့ အလှအပခြယ်မှုန်းချိန်၊ အချောသပ်မွမ်းမံချိန် စသည်ဖြင့် အချိန်တွေ ကုန်လိုက်ရတာ။ ကျေနပ်အားရလောက်အောင် အလှပြင်ပြီးလို့ မောင်တော်ဘုရင်မင်းမြတ်ရဲ့ အကြည့်တွေ ခံယူဖို့ အဆောင်တော်ကူးမယ် ဆိုခါမှ မောင်တော်က မရှိတော့ပြန်။ မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတိုက်ကို သွားသတဲ့။ ဝေဠုဝန်ကျောင်းတော်ဆိုတာ ဘယ်နားမှာရှိမှန်း သူမ မသိ။ သိလည်း သိစရာမလို။ အဲ့ဒီ ဝေဠုဝန်ကျောင်းတော်ထဲမှာ သီတင်းသုံးတော်မူနေတဲ့ မြတ်စွာဘုရားက အလှအပတွေကို တကယ် ရွံရှာ စက်ဆုပ်ဖွယ်ရာအဖြစ် ပြောတတ်သတဲ့။ အလှအပထိပ်ခေါင်တို့သည် မြတ်စွာဘုရားအနားကို မကပ်ဝံ့၊ မသီဝံ့တဲ့။ သူမလည်း ထိုသတင်းကြားကတည်းက ဝေဠုဝန်ကျောင်းတော်ကို သူမစိတ်ထဲမှာ မသွားရနယ်မြေ အဖြစ် သတ်မှတ်ထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မောင်တော့်နောက်သို့လည်း လိုက်မသွားဝံ့တော့ပါ။

သည်တော့လည်း အလှအပပြင်ပြီးသူတို့၏ ထုံးစံအတိုင်း ကြည့် မည့်၊ရှုမည့်၊ ငေးမောရင်းက ချီးကျူးမည့် ပုဂ္ဂိုလ်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တို့ကို ရှာဖွေစမြဲ။ သည်တော့ အကြောင်းမရှိ အကြောင်းရှာ နန်းဥယျာဉ်ထဲ ထွက်ခဲ့ရသည်ပေါ့။ ဒါပေမယ့် စဉ်းစားကြည့်။ သူမလို မိဖုရားတစ်ယောက်ကို မည်သူက စေ့စေ့ကြည့်၍ အံ့သြချီးကျူးဝံ့ပါမလဲ။ သည်တော့ နန်းဥယျာဉ်ထဲ လျှောက်နေသော သူမ ခြေလှမ်းများသည် ဘယ်မှာ အဓိပ္ပါယ်ရှိနိုင်ပါ့မလဲ။ ကြာတော့ ပျင်းခြောက် ခြောက်ကြီးဖြစ်လာသည်။ တုံ့ပြန်သူမဲ့ခြင်း၏ ဘဝ တစ်ခုသည် မည်မျှ ခြောက်သွေ့လိုက်ပါသနည်း။ အသံတစ်ခု ထုတ်လွှင့်ခြင်း၏နောက်တွင် ပဲ့တင်သံဆိုတာ ရှိလေမှ မိမိ၏အသံကို ပြန်ကြားရပေမည်။ သို့မဟုတ်လျှင် လေထဲဖြတ်သန်းပျောက်ဆုံးသွားသော အသံလှိုင်းတို့သည် အဘယ်မျှ အကျိုးမဲ့လိုက်ပါသနည်း။

သူမ စိတ်မရှည်နိုင်တော့။ နန်းဥယျာဉ်စည်းရိုးအစပ်သို့ မရောက် သေးခင်မှာပင် လှည့်ပြန်ချင်လာမိသည်။ သူမ ခြေလှမ်းတွေကို တုံ့ခနဲရပ် လိုက်သည်။ သူမ နောက်ကျောမှ ပဝါစကိုင် ရံရွေတော်နှစ်ဦးက သူမကို အလန့်တကြားလှမ်းကြည့်သည်။

"တော်ပြီ၊ ရှေ့ဆက်မသွားတော့ဘူး။ အဆောင်တော်ဘက်ကိုပြန်မယ်"

"ဘာများဖြစ်လို့ပါလဲ မိဖုရားကြီး၊ ကျွန်တော်မျိုးမတို့နဲ့များ သက်ဆိုင်လေမလား"

ကျေးကျွန်ဟူသည် သူတို့အပေါ် အပြစ်ဒဏ်တစ်ခုခု တံဆိပ်ခတ်နှိပ်ခံရမည်ကို အကြောက်ဆုံးပေပဲ။ သူတို့၏ဘဝသည် အရှင်သခင်တို့၏ ကြည်သာမှု၊ ငြိုငြင်မှုတို့နှင့် အမြဲတစေ





ဆက်စပ်နေသည်မဟုတ်လား ...။

"ရံရွေတော်တို့နှင့် ဘာမျှမဆိုင်ပါဘူး။တို့များဘာသာ အဆောင်ထဲ ပြန်နားချင်တာနဲ့ ရပ်ပစ်လိုက်တာ။ ကဲ.. အဆောင်တော်ဘက်ဆီသာ ခြေဦးလှည့်ပေတော့"

သည်တုန်းမှာပင် နန်းဥယျာဉ်စည်းရိုးအနားဆီမှ လွင့်ပျံလျှံထွက်လာသော စောင်းသံချိုချိုကို ကြားလိုက်ရလေသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

(၂)

ကြည်လင်ချိုမြသော စောင်းသံကြောင့် နန်းတော်အဆောင်ဘက် ဆီသို့ လှမ်းလှဆဲခြေလှမ်းတို့ ရပ်တန့်သွားရသည်။ စောင်းသံနှင့်အတူ ထွက်ပေါ်လာသော တေးသွား။ တေးသွားနှင့် ယှဉ်လျက်က တေးစာသား။ သူမ၏ စိတ်နှလုံးအိမ်သည် ဂီတ၏ အနှောင်အဖွဲ့ ကွန်ယက်၌ ငြိတွယ်မိပေပြီ။ စောစောက မှိုင်းညစ် သလိုဖြစ်နေသော စိတ်အလျဉ်သည် ဂီတ၏ရေစီး အောက်တွင် စင်ကြယ်ကြည်လင်သွားသည်သို့ရှိသည်။ ဂီတဟူသည် ဆွဲဆောင် အားကောင်းလှသော ညို့အားတစ်ခုပါလား။

- သရဖီ အင်ကြင်း နှင်းပန်းတို့ ရောင်စုံပွင့်လန်းနေတာ
  စိန်စီခြယ်ထား ရတနာကိုးပါး ပြန့်ကြဲထားသည့်အလားထင်စရာ
- ရေကန်သာ စိမ်းလဲ့လဲ့ ဘေးမဲ့ငှက်တို့ စံပျော်ရာ
  ပျံချည် ဆင်းချည် သာယာငြိမ့်ပြောင်းနွဲ့ဟန်ချိုကာ
- ညိုညို့အုပ်အုပ် သစ်ပင်အုပ်ပေါ်က သစ်ရွက်တို့လှုပ်သမျှ
  ဂီတသံသာ
  နေခြည်အခင်းအကျင်း အမှောင်အလင်း အဝင်းအမှိန်
  ပူနွေးအေးမြ ခံစားစရာ
- ပန်းရနံ့သင်းပျံ့ ကျေးငှက်တို့အသံ ပဲ့တင်ထပ်
  ခံစားရ အလွမ်းဓာတ် ဝေမျှသလိုရှိလေမှာ••••
- ထိုဥယျာဉ်သာယာ ထိုဥယျာဉ်သာယာ ကြွမြန်းလှည့်ပါ
  ခံစားလှည့်ပါ အရောက်လာလှည့်ပါ
  တစ်ခေါက်လာကြည့်ပါ
- တာဝတိံသာ နတ်ပြည်အလား ထင်မှားစရာ
  သာယာကြည်မွေ့ ချမ်းမြေ့ဖွယ်ရာ သည်ဥယျာဉ်ကြီး
  သာသာယာယာ••••။





စောင်းသံသည် တဖြည်းဖြည်းနှင့် တိုးမှိန်ဖျော့တော့သွားပြီဖြစ် သည်။ စောင်းသံနှင့်အတူ ထွက်ပေါ်နေသော ချိုလွင်လွင် အသံသာသည်လည်း ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်သည်။ သည်တော့မှ သူမ သတိရသည်။သူမ သည် လျှောက်လမ်း

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကလေးပေါ်တွင် ရုံရွှေတော်တို့နှင့် အတူရပ်လျက်သား။ ခုနက အဆောင်ဘက်ဆီ ခြေဦးလှည့်မည်ဟု ရည်ရွယ်ထားသော ခြေလှမ်းတို့သည် အဘယ်ကြောင့် တုံ့ဆိုင်းကုန်သနည်း။ သူမသည် အိပ်ပျော်ရာမှ နိုးလာသူတစ်ယောက်ပမာ ငေါင်ငေါင်စင်းစင်း။ ခုနကသီချင်းသည် ဘယ်နေရာ ဘယ်အရပ်ဌာနအကြောင်းကို ရေးဖွဲ့ထားပါသနည်း။ သူမ သိချင်လှပြီ၊ သီချင်းထဲကလို သာယာအေးချမ်းလှသော ထိုနေရာလေးသို့ သူမ သွားလိုလှပါဘိ။

"ဟဲ့ . . . ရုံရွှေတော်တို့ ခုနကြားလိုက်ရတဲ့ သီချင်းထဲမှာပါတဲ့ ဥယျာဉ်ကြီးဆိုတာ ဘယ်ဥယျာဉ်ကို ပြောတာလဲ"

"မှန်လှပါ ၊ ကျွန်တော်မျိုးမတို့ မသိရကြောင်းပါ မိဖုရားကြီး"

"အင်း . . . သင်တို့ကလည်း ခက်ပါပေတယ်၊ ဒါလေးတောင် သိအောင် မလေ့လာထားကြဘူးလား"

ရုံရွှေတော်တို့၏ ခေါင်းကလေးတွေ ပုဝင်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန်ကြည့်ကြသည်။ သည်တုန်း မှာပင် သူမ၏နောက်မှ အသံတစ်သံထွက်ပေါ်လာလေသည်။

"ကျွန်တော်မျိုးမ သိပါတယ် အရှင်မ"

"ဟင် . . . ရုံရွှေတော်ကြီးပါလား၊ ဘယ်တုန်းက ရောက်နေတာတုံး"

"မှန်လှပါ . . . စောင်းသံသီချင်းတစ်ဝက်လောက် အရောက်မှာ ကျွန်တော်မျိုးမ ဒီနေရာကို ရောက်လာခဲ့ပါတယ်၊





အရှင်မ အာရုံပြု နားထောင် နေတာတွေ့ရလို့ ကျွန်တော်မျိုးမ အသံမပြုဘဲ ငြိမ်နေတာပါ ၊ ပြီးတော့ ကျွန်တော်မျိုးမ ကိုယ်တိုင်လည်းပဲ သီချင်းကို ကြိုက်တယ်လေ"

"ခုနကဆိုသွားတဲ့ သီချင်းကို ရုံရွှေတော်ကြီး ကြားဖူးသလား"

"မှန်လှပါ၊တေးကဗျာအလင်္ကာ စပ်ဆိုရေးဖွဲ့တဲ့နေရာကို ကျွန်တော် မျိုးမ အမှတ်မထင်ရောက်ခဲ့လို့ သိခဲ့ရပါတယ် အရှင်မ"

"အင်း. . . ဒါဖြင့်ရင် အမြန်လျှောက်တင်စမ်းပါ ရုံရွှေတော ်ကြီး"

"မှန်လှပါ၊ ဒီသီချင်းဟာ ဝေဠုဝန်ကျောင်းဝင်းအတွင်းမှာ ရှိတဲ့ ဝေဠုဝန်ဥယျာဉ်ကြီးရဲ့ သာယာလှပပုံကို ဖွဲ့စပ်သီဆိုထားတာပါ"

"ဝေဠုဝန်ဥယျာဉ် ဟုတ်လား – ရုံရွှေတော်ကြီး"

"မှန်လှပါ ဝေဠုဝန်ဥယျာဉ်ပါ အရှင်မ"

"ဟို– ဟို– မြတ်စွာဘုရားသီတင်းသုံးတဲ့ ဝေဠုဝန် ကျောင်းထဲက ဥယျာဉ်ကို ပြောတာလား"

"မှန်လှပါ အရှင်မ၊ အဲဒီဥယျာဉ်ပါပဲ"

"သြော်. . . ဝေဠုဝန်ဥယျာဉ်ကြီးရဲ့ အကြောင်းပါလား၊ ဒါဖြင့် သီချင်းထဲကအတိုင်း ဆိုရင်ဖြင့် ဝေဠုဝန်ဥယျာဉ်ကြီးဟာ အတော်သာယာ မှာပဲနော်၊ တို့များ သွားကြည့်ရင် ကောင်းမလား မသိဘူး"

"မှန်လှပါ – သင့်မြတ်ကြောင်းပါ အရှင်မ"

"ကောင်းပြီ၊ ဒါဆိုရင် မနက်ဖြန် မနက်ပိုင်းလောက်ကို



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ဝေဠုဝန် ဥယျာဥ်ထဲ သွားကြည့်ကြရအောင်''

''မှန်လှပါ၊ ကျွန်တော်မျိုးမတို့ ပြင်ဆင်ထားပါ့မယ် အရှင်မ''

သူမ၏ ခေါင်းအညိတ်တွင် ရုံရွှေတော်ကြီးသည် အမိပွါယ် ပါစွာပြုံးလိုက်မိသည်။ တစ်ဆက်တည်းမှာပင် ဘုရင်ဗိမ္ဗိသာရ မင်းတရားကြီး၏ အမိန့် စကားကို ပြန်လည်ကြားယောင်မိသည် –

''မြတ်စွာဘုရားအပေါ်မှာ ရုံရွှေတော်ကြီး သက်ဝင် ယုံကြည်တဲ့ အတွက် ငါကိုယ်တော်မြတ် ကျေနပ်အားရလှပါပေ တယ်၊ ဒါပေမယ့် ရုံရွှေတော်ကြီး ကြည်ညိုရုံနဲ့ မပြီးဘူး၊ ခေမာ မိဖုရားကြီးကိုလည်း မြတ်စွာဘုရားအပေါ်မှာ သက်ဝင်ယုံကြည် လာအောင် ရုံရွှေတော်ကြီးတို့က တိုက်တွန်း နှိုးဆော် ဆွဲဆောင် စည်းရုံးရပေဦးမယ်၊ သည့်အတွက် ရုံရွှေတော်ကြီးတို့မှာ အဓိက တာဝန်ရှိပေတယ်။ ငါကိုယ်တော်မြတ်ပင်လျှင် မြတ်စွာဘုရားရဲ့ တပည့်သာဝကဖြစ်နေပါလျက် မိဖုရားကြီးခေမာဟာ မြတ်စွာ ဘုရားရဲ့ သာသနာအပေါ်မှာ ယုံကြည်သက်ဝင်မှု မရှိဘူးဆိုရင် လူကြားလို့မှ မသင့် တော်ပေဘူး။ အင်း. . . ခေမာမိဖုရားကြီးက လှလည်း လှတာကိုး ။ ဒါကြောင့် အလှမာန်ယစ်ပြီး လောကမှာ သူစိတ်အဝင်စားဆုံးအရာက သူ့အလှပဲ ဖြစ်နေတော့တာကိုး။ သူ့ကို မြတ်စွာဘုရားနဲ့ သိပ်တွေ့ပေးချင်တယ်။ မြတ်စွာ ဘုရားနဲ့ တွေ့မှသာလျှင် သူ အမှန်တရားကို မြင်နိုင်ပေလိမ့်မယ်။ ဒါကြောင့်မို့ သူ့ကို ဥပါယ်တံမျဥ်နဲ့ မြတ်စွာဘုရားရှေ့တော်မှောက်ရောက်ဖို့ ငါကိုယ်တော် မြတ် စီမံထားတယ်။ ခေမာမိဖုရားကြီးဟာ





အလှကြိုက်တတ်သူမို့ သဘာဝ အလှတရားကိုလည်း သူ မျက်မြင် ဒိဋ္ဌခံစားကြည့်ချင်မှာပဲ။ ဒါကြောင့်မို့ စာဆိုရှင်တွေကို ဝေဠုဝန်ဥယျာဉ်ကြီးရဲ့ သာယာလှပပုံကို စာဖွဲ့စေပြီး တေးသံအဖြစ် စီမံနိုင်းထားတယ်။ မိဖုရားကြီး ကြားအောင်နဲ့ နားထောင် ဖြစ်အောင်သာ ရုံရွှေတော်ကြီးက ပံ့ပိုးကူညီ စီမံပေတော့''

ယခုတော့ သည်အစီအမံသည် အောင်မြင်ခဲ့ပြီ ဖြစ်သည်။ မိဖုရားကြီးသည် မနက်ဖြန်မနက် ဝေဠုဝန်ဥယျာဉ်သို့ သွားရောက် ကြည့်ရှုမည်ဟု ကြေညာထားပြီ မဟုတ်လား။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၃)

ထင်ထားသည်ထက်ပင် ပိုမိုသာယာနေသေးတော့သည်။

မြင်းရထားပေါ်မှ ဆင်းလိုက်ကတည်းက အေးချမ်းသာယာသော အထိအတွေ့ကို ခံစားလိုက်ရသည်သို့ရှိသည်။ သဘာဝတရားကြီး၏ ဆီးကြို ပွေ့ဖက်မှုက ရင်ကို အေးမြသွားစေလိုက်တာ။ သည်နေရာ၊ သည်ဌာနသို့ အရောက်နောက်ကျခဲ့သော ကိုယ့်ကိုယ်ကို အပြစ်တင်ရမလိုပင်။ ဥယျာဉ် တော်မုခ်ဦးအဝင်ဝ ရောက်စပင် ရှိသေးသည်။ ငြိမ်သက်အေးချမ်းသော အငွေ့အသက်က စိတ်နှလုံးအိမ်ကို ညင်သာစွာရိုက်ခတ်လာသည်။ နန်း ဥယျာဉ်၏ သာယာလှပပုံသည် ဝေဠုဝန်ဥယျာဉ်ကြီး၏ ညို့အားနှင့်





ဆွဲဆောင်အားကို လိုက်၍မမီဟု ထင်သည်။ သည်တော့မှ မောင်တော်ဘုရင်မင်းမြတ်၏ သည်ဥယျာဉ်ကြီး သာယာလှပရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ပုံတွေကို အမှတ်ထင်ထင်သတိရလာမိသည်။ သည့်အတွက် မောင်တော်ဗိမ္ဗိသာရမင်းကြီးကို ကျေးဇူးတင်ရပေတော့မည်။

ကြည့်လေ။နေ့စဉ်နှင့်အမျှ ကိုယ်လုံးပေါ်ကြေးမုံပြင်ကြီးရှေ့မှာ ရပ်ရင်း ရွေးချယ်လိုက်ရတဲ့ အဝတ်အစားတွေ၊ ဆင်မြန်းလိုက်ရတဲ့ လက်ဝတ် ရတနာတွေ၊ ခြယ်သလိုက်ရတဲ့ နံ့သာမှုန့်တွေ၊ ဆွတ်ဖျန်းလိုက်ရတဲ့ အမွှေး နံ့သာတွေ၊ ဒါတွေ ဒါတွေနှင့်ပင် ဘဝသည်အကျဉ်းကျနေသည်နှင့် တူတော့သည်။ လှအောင်ဆင်မြန်း၊ အနီးကပ်ရံရွေတော်တို့၏ လှ–မလှ ထောက်ခံအားပေးမှု ခံယူ၊ကိုယ့်အလှကို ကြည့်ရှုအားပေးသူကို ရှာဖွေ၊ပွဲလမ်းသဘင်ဆင်ယင်ကျင်းပမယ့်နေ့ကို မျှော်ရ၊ အခမ်းအနားတစ်ခုခုကို တောင့်တရ၊ ''ဟယ် ... မိဖုရားကြီး ခေမာက လှလိုက်တာနော်''ဟူသော အသံကို မျှော်လင့်ရနှင့်၊ စိတ်တွေသည် အတော်ပင်ပန်းခဲ့ရပါပြီကော။

အခုလို သဘာဝတရားရဲ့ ရင်ခွင်ထဲ တိုးဝင်ရောက်ရှိလာသလိုတော့ ပေါ့ပါးလွတ်လပ်မှု မရှိလိုက်တာနော်၊ မနေ့က ကြားခဲ့ရသော ဂီတသံသာကို ပြန်အမှတ်ရမိသည်။

***သရဖီ အင်ကြင်း နှင်းပန်းတို့ရောင်စုံပွင့်လန်းနေတာ***
***စိန်စီခြယ်ထား ရတနာကိုးပါး ဖြန့်ကြဲထားသည့်အလား***
***ထင်စရာ ....တဲ့။***



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြည့်စမ်း ဂီတစာဆိုသည် သစ်ပင်ကြီးတို့ပေါ်မှ ပွင့်သော ပန်းမျိုးစုံတို့ကို ခြုံငုံ၍သာ ဖွဲ့ဆိုသွားနိုင်သည်။ အရောင်အသွေး အချို့တစ်ဝက် ကိုသာ ညွှန်းဆိုဖော်ကျူးသွားနိုင်သည်။ ပန်းတို့၏ အနံ့အသက်၊ မွှေးရနံ့ သင်းပျံ့ပုံတွေသည် သီချင်းထဲတွင် အသေးစိတ် ပါမလာ။တေးသွားသံစဉ်တွင် နှစ်မျောအာရုံခံမိသည့် သူမ၏ အဖြစ်ကိုတွေ့ခဲ့သော ရုံရှေ့တော်ကြီးက အလိုက်သိတတ်စွာဖြင့် ထိုဂီတလုလင်ကို အဆောင်တော်သို့ ဖိတ်ခေါ်ခဲ့သည်။ သို့အတွက် ဝေဠုဝန်ဥယျာဉ်၏ တေးသွားကို သူမသည် မနေ့ညက တစ်ညလုံး အထပ်ထပ်အခါခါကြားခဲ့ရသဖြင့် တေးစာသားတို့ပင် အလွတ်ရ သလောက် ဖြစ်ခဲ့ပေပြီ။

သို့သော် ဂီတတေးသွားဟူသည် သဘာဝတရား၏ ကိုယ်စားလှယ် မျှသာ။ ဂီတစာဆိုသည် သူကိုယ်တိုင် သဘာဝတရား သို့ တိုးဝင်ခံစားမိ သလောက်တော့ သူ၏ ပြန်လည်ရေးသား သီကုံးမှု၌ အကုန်အစင်ပါမလာနိုင်ပေ။ သံစဉ်၊ နရီ၊ စည်းဝါး စသော ဂီတစည်းကမ်းတွေကို ဂီတစာဆိုသည် တစ်ဖက်က လိုက် နာရသေးသည်။ သည်အကန့်အသတ်ဘောင်ထဲသို့ သဘာဝတရား ထဲမှ သူ၏ တွေ့ရှိခံစားမှုတွေကို စကားလုံးတို့ဖြင့် ထည့်သွင်းစပ် ဆိုသည့်အခါ၊ မလိုအပ်ဟု ထင်ရသော အရေးမကြီးဟု ထင်ရ သော အဖွဲ့အနွဲ့ တွေကို သူ့ခမျာ သုတ်သင်ဖယ်ရှားပစ်ခဲ့ရပေမည်။ သို့နှင့် သူ၏ တေးသွား။ တေးကဗျာသည် သဘာဝ၏ရသကို ကုန် စင်အောင် ဖော်ညွှန်းနိုင်မှုမရှိတော့။ သို့သော် ဂီတသံစဉ်ဟူသော ဘေးအထောက်အမတွေကြောင့် ထိုမျှလောက်နှင့်ပင် ဆွဲဆောင်





မှုအားကောင်းလှပေပြီ။ ထိုဆွဲဆောင်အားကြောင့်ပင် သူမကိုယ် တိုင် သည်ဝေဠုဝန်ဥယျာဉ်ကြီးထဲသို့ ရောက်ခဲ့ရပြီ မဟုတ်လား။

လေထဲတွင် လွင့်ပျံ့လာသော ပန်းရနံ့တွေကို သတိထားမိ သည်။ အင်ကြင်းတို့ ပွင့်ချိန်ဖြစ်သဖြင့် အင်ကြင်းပန်းတို့၏ ရနံ့က နှအိချိုမွှေ့စွာ သင်းပျံ့နေသည်။ ကြည့်စမ်း ‥ ညီညာစွာစိုက်ထား တဲ့ အရောင်အသွေးစုံ ပန်းခင်း ‥။ သည်ပန်းထဲက အချို့ အရောင်တွေသည် သူမထံ၌ရှိသော လက်ဝတ်ရတနာတို့၏ အရောင်အသွေးနှင့် တူလှသည်။ သို့သော် အချို့ပန်းပွင့်တို့၏ အရောင်တွေကတော့ လက်ဝတ်ရတနာအဖြစ် ဘယ်လိုမျှမရှိနိုင်။ ဪ ‥ သဘာဝဟူသည်လည်း သူ့နေရာနှင့်သူ၊ သူ့ဂုဏ် သတ္တိနှင့်သူ၊ သူ့စွမ်းဆောင်မှုနှင့်သူပါလား ….။

ဘယ်ညာနှစ်ဖက် စီတန်းနေသော ပန်းရောင်စုံတွေကြား ထဲမှာ လမ်းကလေးသည် သူ့ဘာသာသူ ပုံဖော်ပြီးသား ဖြစ်နေသည်။ သဘာဝလမ်း ကလေး။ သည်လမ်းကလေးအတိုင်း ဥယျာဉ်တော် ကြီးအတွင်းသို့ တဖြည်း ဖြည်းဝင်လာမိခဲ့သည်။ သစ်ပင်ကြီးတို့ အုပ်ဆိုင်းနေသဖြင့် နေခြည်ပြောက် ကလေးတွေကိုသာ ဟိုတစ်စ သည်တစ်စ တွေ့နေရသည်။ သစ်ပင်ကြီးထက်တွင်လည်း သစ်ခွ ပွင့်တွေက အရောင်အသွေးစုံလှပါဘိ။ ပန်းကြိုက်တတ်သော သူမ ကို သစ်ပင်မြင့်ကြီးတွေပေါ်က သစ်ခွပွင့်တွေက လက်ယပ်ခေါ်နေ သည့်နှယ်။နန်းတော်တွင်း ပန်းဆက်သမား မဆက်သဖူးသေးသော ပန်းတို့သည် သည်သစ်ပင်ကြီးတွေပေါ်၌ ရှိနိုင်သေးသည်။ သူ့ကို ပြောဦးမှပဲဟု စိတ်ကူးရလိုက်မိသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်……။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"သြော် ‥ ရုံးရှေ့တော်ကြီး။ ဟိုမှာတွေ့လား၊ လှလိုက်တဲ့ သစ်ခွပွင့်တွေ၊ ဒီအပွင့်မျိုးတွေကို ပန်းဆက်သမား လာမဆက်ဖူး သေးဘူးနဲ့တူတယ်၊ နောက်တစ်နေ့ ဒီပန်းမျိုးတွေ လာဆက်ပါဦးလို့ သတိပေးလိုက်ပါဦး"

"မှန်လှပါ သခင်မ"

ဝေဠုဝန်ဥယျာဉ်သို့ ရောက်ကတည်းက ငြိမ်သက် နှုတ်ဆိတ်လာ သော သူမက ရုတ်တရက်လှည့် စကားဆိုလိုက်သဖြင့် ရုံးရှေ့တော်ကြီးသည် တုန်လှုပ်သွားပုံရသည်။ ရုံးရှေ့တော်ကြီးမှာ လည်း သူ့စိတ်ကူးနှင့်သူ။ မိဖုရားကြီးသည် ဝေဠုဝန်ဥယျာဉ်ကြီး ကို ဆုံးခန်းတိုင်လှည့်လည်ကြည့်ပါ့မလား၊ စိတ်ဝင်စားပါ့မလား၊ တစ်ဝက်တစ်ပျက်နှင့် လှည့်ပြန်သွားရင်ဖြင့် ဘုရင် မင်းမြတ်၏မိန့် မှာထားချက်တွေသည် ‥‥

"ဟယ် ‥‥ ဟိုမှာ ရေကန်သာကြီး"

မိဖုရားကြီး၏ ပေါ့ပါးလွတ်လပ်သော အသံကြောင့် ရုံးရှေ့ တော်ကြီး၏ အတွေးတို့ ရပ်ဆိုင်းသွားရသည်။ မိဖုရားကြီးသည် လည်း ရေကန်စပ် သစ်ပင်ကြီး အရိပ်အောက်၌ ရပ်လိုက်လေသည်။

"ကဲ ‥ ဂီတကို ဝါသနာပါတယ်ဆိုတဲ့ ရုံးရှေ့တော်ကြီး၊ ညက တစ်ညလုံးကြားခဲ့ရတဲ့ သီချင်းထဲက ရေကန်သာကြီး အကြောင်းပါတဲ့ တေးသွားပိုဒ်ကို ရွတ်ဆိုချေစမ်းပါဦး"

"ဟို့ ‥ ဟို့ ‥ နေဦး အစပိုင်းလေး မေ့သွားသလိုလို"

ရုံးရှေ့တော်ငယ်တို့က ဝိုင်းရယ်ကြလေသည်။ သူမသည် လည်း ရုံးရှေ့ တော်ကြီးကို ကြည့်ကာ လွတ်လပ်စွာရယ်မိလိုက်သည်။





အားလုံးစိတ်ချမ်းသာ နေကြလေပြီ။

"သြော်‥ သတိရပါပြီ အရှင်မ၊ ဟို ဘာတဲ့ ရေကန်သာ စိမ်းလဲ့လဲ့ ဘေးမဲ့ငှက်တို့ စံပျော်ရာ ပျံချည်ဆင်းချည် သာယာငြိမ့် ညောင်း နွဲ့ဟန်ချီကာ‥"

"ဟုတ်ပြီ‥ ဟုတ်ပြီ ရုံးရှေ့တော်ကြီးက အသံကောင်းပေ သားပဲ၊ အဆောင်ပြန်ရောက်မှ ဆုလာဘ်တော်တွေ ချီးမြှင့်ရဦးမယ်။ ကဲ‥ ‥ အားလုံး လက်ခုပ်တီးပြီး ရုံးရှေ့တော်ကြီးကို အားပေးလိုက်ကြ ပါဦး"

လက်ခုပ်သံတွေကြောင့် ရေကန်ဟိုဘက်အစပ်က ဗျိုင်း အုပ်တွေ ထပျံသွားသည်။ ရွှေရောင်အဆင်းနှင့် ဟင်္သာငှက်တို့ ကား ရေပြင်ထက်တွင် လည်ပတ်စီးမျောနေလျက် ‥‥။

"အဲ ‥‥ ဟိုက ငှက်တွေက ဘာငှက်တွေပါလိမ့် ရုံးရှေ့ တော်ကြီး"

"ဟင်္သာငှက်တွေပါ အရှင်မ"

"သြော် ‥ ရွှေရောင်အဆင်းနဲ့ လှလိုက်တာနော်"

"မှန်ပါ အရှင်မ"

"ကဲ ‥ ကဲ ဟိုရေကန်အစပ်ဘက်ဆီကို လျှောက်သွား ကြည့်ကြစို့"

ရုံးရှေ့တော်ကြီးသည် အတိုင်းမသိပျော်သွားလေပြီ။ မိဖုရားကြီးသည် ဥယျာဉ်တော်အတွင်းသို့ တစ်စထက်တစ်စ တိုး ဝင်နေချေပြီ။ ဥယျာဉ်တော်၏ ဆွဲဆောင်မှုသည် မိဖုရားကြီးအပေါ် ၌ အားကောင်းနေပေပြီ။ ဗိမ္ဗိသာရ မင်းမြတ်၏ စီမံဆောင်ရွက်မှု ကောင်းမွန်ပုံတွေကိုလည်း ကြည့်ညိုလေးစား မိရသည်။သည်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရေကန်သာကြီး၏ ဟိုမှာဘက်တွင် ဝေဠုဝန်ကျောင်းတော်ကြီး ရှိနေသည်။ သစ်ပင်အုပ်တွေ ကွယ်နေသဖြင့် ဝေဠုဝန်ကျောင်းတော်ကြီးကို သည်မှာဘက်က မမြင်ရသေးပေ။ ဟိုဘက်ရေကန်စပ်ရောက်၍ သစ်ပင် အုပ်ကြီး လွန်လေလျှင် ဝေဠုဝန်ကျောင်းတော်ကြီးကို တွေ့မြင်ရပေမည်။ သည်ကျောင်းတော်ကြီးပေါ်တွင် မြတ်စွာဘုရားရှင်သည် သီတင်းသုံးနေ သည်။ ဩော် ..ဒီအချိန်မှာ မြတ်စွာဘုရား ရှိနိုင်ပါ့မလား။ ဟင် ..မသေချာ။ နေ့စဉ်သည်အချိန်၌ မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာတော်တို့နှင့်အတူ ဆွမ်းခံထွက်နေကျ။ ဒုက္ခပါပဲ။ ခဲလေသမျှ သဲရေကျဖြစ်ကုန်တော့ မည်။မိဖုရားကြီးသည် မြတ်စွာဘုရားရှင်နှင့် ရင်မဆိုင်လိုသည်ကို ရုံရှေ့တော်ကြီး သိပြီးသားဖြစ်သည်။ မိဖုရားကြီးသည် သူ့အလှကို ပုတ်ခတ်ထိပါးသော အပြောအဆိုကို ခံဝံ့သူမဟုတ်။ သို့ဆိုလျှင် ....

"ဘာတွေတွေးနေတာလဲ ရုံရှေ့တော်ကြီးရဲ့ အသံတွေ တိတ်လှချည့်လား"

"မှန်လှပါ၊ ရေကန်သာကြီးရဲ့ လှပတဲ့သဘာဝတရားကို ခံစားနေမိ လို့ပါ အရှင်မ"

"အင်း ..ရုံရှေ့တော်ကြီးတို့ကလည်း ခံစားတတ်သကိုး။ ဘာလဲ လွမ်းစရာတွေဘာတွေ ရှိနေလို့လား"

"မဟုတ်ရပေါင် အရှင်မ၊ လွမ်းစရာတွေ မရှိလို့လည်း အရှင်မအပါးမှာ ဟိုးငယ်ငယ်ကတည်းက အခုအချိန်ထိ အသက်ထက်ဆုံး သစ္စာ စောင့်သိစွာ နေခဲ့ခြင်းဖြစ်ပါတယ် အရှင်မ"





"အင်း ...ရုံရှေ့တော်ကြီးတို့ကတော့ ပြောလိုက်ရင် စကားကလည်း ကြွယ်ပါဘိသနဲ့"

ရုံရှေ့တော်ကြီးကို ချီးကျူးစကားဆိုလိုက်ရသည်။ ရုံရှေ့တော်ကြီး ပြောသလိုပင်။ သူမဘဝသည် ရုံရှေ့တော်ကြီး၏ အထိန်းအကွပ်အောက်၌ ကြီးပြင်းခဲ့ရသည်မှာ အမှန်။ သည့်အတွက်လည်း သစ္စာစောင့်သိလွန်းလှသော ရုံရှေ့တော်ကြီးအပေါ် သံယောဇဉ်ဖြစ်ရသည်။ ကရုဏာသက်ရသည်။

ကန်ဘောင်ရိုးအတိုင်း လျှောက်လာခဲ့ကြသည်။ကန်ရေပြင်ကို ဖြတ် သန်းတိုက်ခတ်လာသော လေညှင်း၌ အအေးဓာတ်တွေ ပါနေသည်။ သန့်ရှင်း လတ်ဆတ်သော သဘာဝလေကို ရှူလိုက်ရသဖြင့် စိတ်တွေသည် ပိုမို လန်းဆန်းလာသည်။

ရေကန်အစပ်သို့ ရောက်လာခဲ့ပေပြီ။ သူမတို့အဖွဲ့လာမှပင် ဟင်္သာ မောင်နှံစုံအုပ်သည် ရုတ်တရက်ထပျံတော့သည်။ သူတို့၏ တောင်ပံအခတ် တွင် နေရောင်ခြည်နှင့်ပေါင်းဆုံကာ ရွှေရောင်တွေ တလက်လက်။ သို့သော် သူတို့သည် ဝေးဝေးသို့ ပျံမသွားပါ။ ရေကန်အစပ် သစ်ပင်ကြီးတွေထဲသို့ ဝင်ရောက်ပျံသန်းသွားကြသည်သာ။ အချို့သစ်ပင်ကြီးတွေအထက်မှာ ဗျိုင်း ဖြူဖြူတွေ နားခိုနေသည်ကို လှမ်းတွေ့နေရသည်။ ဗျိုင်းတွေ နားခိုနေသဖြင့် အချို့သစ်ကိုင်းတွေ ပင်လျှင် အောက်သို့ အိကျနေလေသည်။

ရေကန် သည်ဘက်အစပ်က သစ်ပင်အုပ်တွေသည် နေခြည်ပြောက် မတိုးနိုင်လောက်အောင်ပင် သိပ်သည်းထူထဲလှသည်။ သစ်တောအုပ်အရိပ် အောက်သို့ ရောက်သည်နှင့် သူမ



http://sagarwarmyae.net/ စကားဝါမြေမှ ကြို့ဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နှုတ်ဖျားမှ မှတ်ချက်ချသံသည် အလိုအလျောက် ထွက်ပေါ်လာလေသည်။

"အင်း ‥ အေးလိုက်တာနော်၊ ရင်ထဲကို စိမ့်သွားတာပဲ"

"မှန်ပါတယ် အရှင်မ၊ အရှင်မက နန်းတော်အဆောင်ထဲမှာပဲ အနေများတော့ ပြင်ပသဘာဝပတ်ဝန်းကျင်ရဲ့ လွတ်လပ်မှု၊ သာယာမှု၊ ငြိမ်း ချမ်းမှုတွေကို ဘယ်ခံစားနိုင်ပါ့မလဲ၊ ပြီးတော့ အရှင်မအာရုံပြုတာကလည်း အရှင်မခန္ဓာကိုယ်ရဲ့ အလှအပတွေကိုပဲ မဟုတ်လား။ တကယ်တော့ သဘာဝ တရားကြီးကို အာရုံပြုတာလောက် စိတ်ချမ်းသာတာ မရှိနိုင်ပါဘူး အရှင်မ"

သည်သို့လျှင် ပြောချလိုက်ချင်စိတ်တွေ ဖြစ်ပေါ်လာသော်လည်း ရံရွေတော်ကြီးခမျာ ပြောမထွက်၊ မပြောဝံ့၊ ငယ်မွေးခြံပေါက် ကိုယ့်လက်ပေါ်မှာ ကြီးလာသည်ဆိုသော်ငြား၊ သူမသည် ခေမာမိဖုရားဟူသော ရာဇအဆောင်အယောင်တွေ လွှမ်းခြုံထားပြီ မဟုတ်လား။ ထို့ကြောင့် အချို့ စကားတွေကို မိခင်တစ်ယောက်၏ မေတ္တာစိတ်အရင်းခံဖြင့် ပြောလို လှသော်လည်း ရံရွေတော်နှင့် မိဖုရားဟူသော ကွာဟချက်ကြောင့် မျိုသိပ်ခဲ့ရသည်က များလှပြီ။ ခုလည်း ကြည့်လေ။ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေသော ဘုရားရှင်ကို ဖူးမြော်ဖို့ကိစ္စ။သူမ စိတ်ကောင်းဝင်နေသည့် အချိန်နှင့် သူမမျက်နှာအရိပ်အကဲ အခြေအနေကို ကြည့်၍ မသိမသာတိုက်တွန်းခဲ့ သော်လည်း မအောင်မြင်ခဲ့။ယခုတော့ မင်းတရားကြီး၏ ဥပါယ်တံမျဉ်စီမံမှုနှင့် ဂီတရသဟူသော ဆက်သွယ်ရေးပေါင်းကူးတံတားကြောင့်သာ သည်ဝေဠုဝန် ကျောင်းဥယျာဉ်ကြီး





ထဲသို့ အလိုက်သင့်ရောက်လာခြင်း မဟုတ်ပါလော။

"ဟယ် ‥ ဟိုမှာ ကျောင်းဆောင်ကြီးပါလား။ ခမ်းနားလိုက်တာ"

"ဟုတ်ပါတယ် အရှင်မ၊အဲဒါ ဝေဠုဝန်ကျောင်းတော်ကြီးပါ အရှင်မ"

"ဟင် ‥ ဒါဆို ဘုရားရှင်ဟာ အဲဒီကျောင်းဆောင်ထဲမှာ ရှိနေမှာပေါ့"

"မှန်လှပါ၊ ဒီအချိန်ဟာ ဘုရားရှင်နဲ့ နောက်လိုက်သံဃာတော်များ မြို့အတွင်းသို့ ဆွမ်းခံထွက်နေချိန်ပါ အရှင်မ"

"ဒါဆိုရင် အခုဒီကျောင်းပေါ်မှာ ဘုရားရှင် ရှိမနေဘူးပေါ့ ဟုတ်လား"

"ထင်ရကြောင်းပါ အရှင်မ"

"ကဲ ‥ ဒါဖြင့်ရင် ဘုရားရှင် မရှိတုန်း ကျောင်းတော်ပေါ် တစ်ချက် တက်ကြည့်ရအောင်လား။ မောင်တော် ဝါသနာပါလှတဲ့ အနုပညာလက်ရာတွေနဲ့ ကျောင်းတော်ကြီးကို ဘယ်လိုခြယ်မှုန်း ဆောက်လုပ်ထားတယ်ဆိုတာ လည်း သိရတာပေါ့"

"မှန်လှပါ၊ သင့်မြတ်လှကြောင်းပါ အရှင်မ"

"ကဲ ‥ ဒါဖြင့်ရင် ရံရွေတော်တွေ အောက်မှာနေခဲ့ကြ၊ ရံရွေတော်ကြီးသာ ခေမာ့အနားက ခစားရင်း လိုက်ခဲ့ပေတော့"

စိတ်ထားအလွန်နူးညံ့ တည်ငြိမ်သွားသည့်အခါတိုင်း သူမသည် ရာဇမာန်တွေ လျော့ပါးပျောက်ကွယ်သွားတတ်စမြဲ။ ထိုအခါမျိုးတွင် သူမ သည် သူမကိုယ်သူမ ဧကရာဇ်မိဖုရားဟု မထင်တော့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည့်အလား။ထိုအချိန်၌ သူမသည် ကိုယ့်ကိုယ်ကို 'ခေမာ'ဟူသော နာမ်စားဖြင့် သုံးစွဲတတ်သည်ကို ရုံရွှေတော်ကြီး ရိပ်မိနေသည်။ သည်လိုစိတ်ထားလေးတွေ နူးညံ့သိမ်မွေ့ သွားချိန်၌ ဘုရားရှင်နဲ့ တွေ့လိုက်ရရင်ဖြင့် ......။

သူမနှင့် ရုံရွှေတော်ကြီးတို့ နှစ်ဦးသား ဝေဠုဝန်ကျောင်းတော်ပေါ်သို့ ညင်သာစွာတက်လှမ်းလာခဲ့ကြသည်။ လှေကားထိပ်တွင် စကြံပတ်လမ်းရှိ သည်။ တရားဟောဓမ္မသဘင်ဆောင် ပတ်လမ်းဖြစ်သည်။ စကြံပတ်လမ်း တစ်လျှောက် အနုလက်ရာတို့ဖြင့် ခြယ်မှုန်းထားသော ပြတင်းပေါက်တွေ အစီအရီ လစ်ဟနေသော ပြတင်းပေါက်တစ်ခုအနားကပ်၍ သူမသည် အတွင်းသို့ အသာအယာလှမ်းကြည့်လိုက်မိသည် ....

"ဟယ် ......"





(၄)

အို ....လှလိုက်သည့် မိန်းကလေး ....။

သိပ်လှတဲ့မိန်းကလေး ....လှလွန်းတဲ့ မိန်းကလေး တစ်ယောက် ပါလား ....။

သည်တစ်သက်တွင် သည်လောက်လှတဲ့ မိန်းကလေးကို မြင်ရလိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့။ ကြည့်စမ်း။မယုံနိုင်လောက်အောင်ပါပဲ။ အရွယ်အားဖြင့် သူမထက်လည်း ငယ်ပုံရသည်။ ဖြူစင်ကြည်လင်သော လက်ချောင်း သွယ်သွယ်ပေါ်မှ အကြောစိမ်းလေးတွေကိုပင် လှမ်းမြင်နေရသေးတော့။ ကြည့်ပါဦး။ ရှင်းလိုက်တဲ့ နဖူးပြင်။ ဆံစတွေ သိမ်းကျစ်ထားသဖြင့် ဦးကင်းထက်ဖျားတစ်လျှောက် ဆင်စွယ်နုရောင်သန်းနေပုံမှာ အထင်းသားပေါ်နေသည်။ မျက်နှာအချိုးအဆစ်ကိုလည်း ကြည့်ဦး။ တမင်လုပ်ထား



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရသည် မဟုတ်ပါဘဲ နဂိုအတိုင်းရှိနေသော မျက်ခုံးအစုံမှာ စင်ရော်တောင်ပံနှစ်ဖက် ချထားသလို။ ရွဲလုံးအလတ်စားတွေလို တောက်လက်ဝိုင်းစက်သော မျက်ဝန်း အစုံ။ သူတို့အလယ်မှ နယ်နိမိတ်မျဉ်းသဖွယ်ကန့်သတ်စည်းခြားထားရင်းမှ ဖြောင့်စင်းနေသောနှာတံ။ ဟောပိရိသေသပ်လှသော နှုတ်ခမ်းအစုံကလည်း လေးကိုင်းတွေလို။ နှုတ်ခမ်းအစုံအောက်မှ ယောင်ယောင်ကလေးနိမ့်ဆင်း ချိုင့်ဝင်နေသော မေးဖျားနှစ်ခွလေး။ ပြီးတော့ နီရဲမို့မောက်နေသော ပါးစုံနှစ်ဖက်။

နဖူး၊ ပါးပြင်၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ မေးဖျား အားလုံးသည် သူ့နေရာနှင့်သူ အချိုးအစားကျကျ နေရာယူလျက်။ ပြီးတော့ ဆင်နှာမောင်းလို သွယ်လျပျော့ဆင်းနေသော လက်မောင်းလက်တံတွေ။ ကိုယ်နေခါးကျ အချိုးအဆစ်တို့ကလည်း ပြေပြစ်လှပါဘိ။ မိန်းမအချင်းချင်းမို့ သူ့ကိုယ်ကာယ အချိုးအဆစ်တို့ လှပမည်ကိုလည်း ခန့်မှန်း၍ သိနေမိသည်။ ပြီးတော့ သည် မိန်းကလေးသည် အခြယ်အမှုန်းတွေ ကင်းစင်လျက် ပကတိ ကြည်ကြည် စင်စင် လှပနေခြင်းကပင် တစ်မူထူးခြားသလိုဖြစ်နေပြန်သည်။

သည်မိန်းကလေးကို မြင်ရမှပင် သူမကိုယ်သူမ သိမ်ငယ်ချင်သလို ဖြစ်သွားရသည်။ သူမကိုယ်သူမ 'ဇမ္ဗူဒိပ်တစ်ခွင်လုံးမှာ ခေမာမိဖုရားသည် အလှဆုံး''ဟူသော ဘွဲ့ဂုဏ်ထူးကို အမြဲတစေ ခံယူထားမိသည်။ မနေ့ကအထိတော့ သူမသည် အလှဆုံး ဖြစ်ပေလိမ့်မည်။ယနေ့တော့ သူမ၏ အလှသရဖူကို ယခုမြင်နေရသော မိန်းကလေးက လုယူသွားချေပြီ။ ထိုမိန်းကလေးနှင့် သူမ နှိုင်းယှဉ်





ကြည့်လျှင် ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ရဲရှာဆိုသလိုပင် အလှအပချင်း ကွာချင်တိုင်း ကွာနေတော့သည်။သည်မိန်းကလေးသည် ဘယ်အရပ်ဒေသက ရောက်လာပါလိမ့်။ မိန်းကလေးသည် ရာဇဂြိုဟ်မြို့သူတစ်ဦး ပေလား။ သည်မိန်းကလေးကို ကြည့်ရင်းမှ သူမသည် ကတုန်ကယင် ဖြစ်ချင် လာသည်။နေ့စဉ်နှင့်အမျှ ကြေးမုံပြင်ကြည့်ရင်းမှ သူမကိုယ်သူမ အကျေနပ်ကြီး ကျေနပ်ခဲ့သလောက် ယခုတော့ ထိုအရာတွေသည် သဲထဲ ရေသွန်သလို ဖြစ်ရချေပြီ။ သည်မိန်းကလေးကို မောင်တော်ဘုရင်မင်းမြတ် မြင်လေလျှင် သူမကို 'ခေမာအလှမိဖုရား'ဟု ချစ်စနိုးခေါ်ပါဦးတော့မလား။ ဤသည်မှာ မသေချာ။ ရုံးရွှေတော်ကြီး၊ ရုံးရွှေတော်ငယ်တွေကရော 'အရှင်မသခင်မ'သာ အလှဆုံးလို့ ဆက်လက်ပြောဆိုကြပါဦးတော့မလား။ ဤသည်မှာလည်း မသေချာ။ သူမတစ်ကိုယ်လုံး ပူလောင်ဆူပွက်လာချေပြီ။ သူမထက် လှသူ တစ်ဦးကို သူမရှေ့မှောက်တည့်တည့်မှာ အထင်အရှားမြင်နေရပြီ မဟုတ်လား။ သူမစိတ်တွေသည် ယောက်ယက်ခတ်လှုပ်ရှားနေပေပြီ။ သည်လောက်လှတဲ့ မိန်းကလေးငယ်တစ်ယောက်က သည်ဝေဠုဝန်ကျောင်းတော်ကြီးပေါ်မှာ ဘာလာလုပ်နေတာတုံး ......။

မှန်းစမ်း ...ကလေးမ ယပ်ခတ်နေတာကိုး ...။ သားမွေးအရိုး ရှည်ယပ်တောင်ဖြင့် သူမ ယပ်ခတ်နေပုံကလေးမှာ နရီစည်းဝါးနှင့် လိုက်ဖမ်း ကြည့်လျှင် ဟန်ချက်ညီလှပါဘိ။ ယိမ်းနွဲ့သွားသော ကြာဖူးလက်အစုံကလေး တွေသည် လေညင်းအဝေ့တွင် ယိုင်သွားသော ဆီမီးအလင်းရောင်တွေအလား။ပြတင်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

တံခါးတစ်ချပ်ပိတ်ထားရာ ပုဏ္ဏားကွယ်မှနေ၍ ကလေးမ၏ အလှကို မှင်သက်ငေးမောကြည့်နေမိသဖြင့် မည်သူကို ယပ်ခတ်ပေးနေသည်ကို သူမ မသိရသေး။ မမြင်ရသေး။ပုဏ္ဏားကွယ်ရှေ့သို့တိုး၍ ဓမ္မသဘင် အတွင်းသို့ စောင်းငဲ့ကြည့်လိုက်သောအခါ . . . . .

ဟင် . . . . ဘုရားရှင်၊ ဘုရားရှင်ပါလား . . . ဘုရားရှင်သည် မျက်ဝန်းတော်အစုံ မျက်လွှာချလျက်။ ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေ တော်ဖြင့် ပလ္လင်တော်ထက်၌ သီတင်းသုံးနေပါလား။ ဒါဖြင့်ရင် . . . ဘုရား ရှင်ထံပါး အလှမယ်တွေ မချဉ်းကပ်ဝံ့ကြဘူးဆိုတဲ့စကား မမှန်ပါလား . . ။ အခု ဘုရားရှင်ရှေ့မှာ ဘုရားရှင်ကို ယပ်ခတ်ရင်း ကြည်ညိုပူဇော်နေတဲ့ မိန်းမလှလေးတစ်ယောက် ဘာကြောင့်ရောက်နေရသတုံး။ ဒါဆိုလျှင် ဘုရားရှင် သည် အလှအပ၏ အပြစ်တွေကို ဟောပြောတတ်တယ်ဆိုတဲ့စကား . . . မှန်နိုင်ပါဦးတော့မလား။ ဒါပေမယ့် မဖြစ်သေးပါဘူးလေ . . . ဘုရားရှင် သူမကို တွေ့သွားလို့ မဖြစ်သေး . . . ။ သူမထက်လှတဲ့မိန်းကလေးကို ဘုရားရှင်သည် မည်သို့ပြောဆိုဆုံးမဦးမည်နည်း။ သူမသည် သည်မြင်ကွင်းကို စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာသည်။ သို့နှင့်ဘုရားရှင်မမြင်သာအောင်ပုဏ္ဏားကွယ် နောက်သို့ ပြန်ဝင်လိုက်သည်။ ဟုတ်ပြီ၊ သူမ ယခုရပ်နေသောနေရာသည် ဘုရားရှင်က သူမကို မမြင်ရ။ မမြင်နိုင်။ သူမကလည်း ဘုရားရှင်ကို မမြင်လို။ မမြင်ချင်။ သူမ မြင်ချင်နေသည်မှာ သူမထက်လှသော ယပ်ခတ်နေသည့်မိန်းကလေး . . . ။သူမ မြင်လိုသည်မှာ သူမ၏ အလှအပကို စိန်ခေါ် အနိုင်ယူသွားသော အလှပဂေး . . ထိုမိန်းကလေး။



## မြသန်းစံ

သူမသည် အသက်ပင် မရှူရဲလောက်အောင် ငြိမ်သက်စွာဖြင့် ထိုမိန်းကလေးကို လှမ်းကြည့်နေမိသည်။ နောက်မှာကပ်လျက်ပါလာသော ရုံရွှေတော်ကြီးကို ငြိမ်ငြိမ်နေရန် လက်ဟန်ပြ၍ သတိပေးလိုက်ရသည်။ ရုံရွှေတော်ကြီးက အံ့သြတုန်လှုပ်သော မျက်လုံးအစုံဖြင့် လှမ်းကြည့်သည်။ ရုံရွှေတော်ကြီးကို အသေးစိတ်ရှင်းမပြလိုတော့။ အရေးကြီးသည်မှာ သူမ အနေဖြင့် ဓမ္မသဘင်ဆောင်ထဲက လှမိမယ်ကလေးကို ကြည့်ရှုနေဖို့ပင်။ လှမိမယ်ကလေးသည် သူမတို့ ရောက်ရှိနေသည်ကို သတိပြုမိဟန်မတူ။ သားမွေးယပ်ကိုသာ နရီစည်းဝါးညီစွာ အချက်ကျကျလွှဲခတ်နေလေသည်။

သူမ၏ အာရုံတွင် ထိုလှမိမယ်ကလေးမှတစ်ပါး အခြားမရှိတော့ ပြီ . . . ။သူမ၏ မျက်လုံးအစုံသည်လည်း လှမိမယ်ကလေးထံ၌သာ စူးစိုက်နေမိတော့သည်။

အလို . . . ဘယ်လိုဖြစ်သွားတာပါလိမ့်။ လှမိမယ်ကလေးသည် ယပ်ခတ်နေရင်းမှ ဆတ်ခနဲတစ်ချက်တွန့်သွားသည်။ အိပ်ငိုက်လို့များလား။ အို . . မဟုတ်ရပါလား။ ကြည့်ပါဦး . . လှမိမယ်ကလေး ဘယ်လိုဖြစ်သွားတာပါလိမ့်။ ဆင်စွယ်လို ဖြူစင်ဝင်းပနေသော သူ့အသားအရေတို့သည် အညို ရောင်သန်းလာသယောင်။ ပြီးတော့ သူ့အသားတွေသည် တင်းရာမှ ရုတ်တရက်လျော့ကျလာ။ ဟင် . . ပါးရေတွေပင် တွန့်တွဲလာပါလား . . ။ ဟာ . . သူ့ခန္ဓာကိုယ်သည် ရှေ့ကို ရုတ်တရက်ကိုင်းကျသွားပါလား။

သူမသည် မှင်သက်မိသလို ကြည့်နေမိသည်။ ကြည့်နေရင်းမှပင် တုန်လှုပ်ချောက်ခြားလာသည်။ သူမကိုယ်ကိုလည်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရုတ်တရက် ပြန်လည် ကိုင်တွယ်စမ်းသပ်ကြည့်မိသည်။ သူမရော ပြောင်းလဲနေသလား ...။ ဆန်းစစ်ကြည့်သည်။ ရုံရွှေတော်ကြီးကို ကြေးမုံပြင် အမြန်ပြန်ယူခိုင်းရရင် ကောင်းလေမလား ...။

အပြောင်းအလဲတွေက မြန်လွန်းလှသည်။ သူမ စဉ်းစားနေဆဲမှာပင် ခုနကလေးမသည် ပကတိအဘွားအိုအသွင်သို့ လုံးဝပြောင်းလဲသွားပေပြီ။ အရိုးတွေ ငေါစင်းစင်းဖြစ်လာသည်။ အရိုးပေါ်မှ အရေပြားတွေသည် ပဲကြီးခွံ ရေစိမ်ထားသလို တွန့်ကြေနေသည်။ အကြောလုံးကြီးတွေကလည်း ရှန်းထ ထွက်ပေါ်လာသည်။ ဆံပင်တွေလည်း ပါးလွှာကျဲတောက်သွားပါရောလား။

ခန္ဓာကိုယ်ကြီးလည်း ရှေ့ကို ပိုကိုင်းသည်ထက် ကိုင်းလာပါရော လား။ ပါးပြင်သည် အတွင်းသို့ ချိုင့်ခွက်ဝင်သွားပေပြီ။ ခုနကလို မို့ဖောင်း ဖောင်းပါးပြင် မဟုတ်တော့။ ရုပ်ဆိုးသွားလိုက်တာ.. မသတီစရာ ... အော်ဂလီဆန်စရာပါလား။ ဘယ်လိုက ဘယ်ပုံပြောင်းလဲသွားသည်လည်း မသိ။ သည်အတိုင်းဆိုရင် သူမကမှ စွဲမက်ဖွယ်ကောင်းနေသေး။ အို..ဒီလို လည်းမဟုတ်။ သူမရော ဒီလိုမဖြစ်နိုင်တော့ဘူးတဲ့လား။ တစ်ချိန်ချိန်တော့ သူမသည်လည်း သည်လိုအိုခြင်းတရားနှင့် ရင်ဆိုင်ရမည်ကို သတိရလာမိသည်။ ထိတ်လန့်တုန်လှုပ်စိတ်က အားကောင်းစွာဖြင့် အလုံးအရင်းလိုက်ဝင်ချလာသည်။ သို့သော် သူမစိတ်ထဲ၌ ဖြေသာသောအတွေး တစ်ခု ထပ်မံ ဖြစ်ပေါ်ပြန်သည်။ သည်လိုတော့ဖြစ်မှာပေါ့လေ။ ဒါပေမယ့် နောင်နှစ်ပေါင်း အတော်ကြာမှ ဖြစ်မှာပါ။ ခုနကလေးမလိုတော့ ရုတ်တရက်ကြီး ပြောင်းမသွား တန်ရာ။ စိတ်ကူးမည့်သာ





ကူးနေရသည်။ သူမသည် ကိုယ့်ကိုယ်ကိုပင် မယုံချင်သလို ဖြစ်လာမိသည်။ ပါးတွေကို လက်ဖြင့်စမ်းကြည့်သည်။ တော်ပါသေးရဲ့၊ တင်းတင်းရင်းရင်းရှိနေသေးလို့ ... အရိုးတွေလည်း ငေါထွက်မလာသေး။ အကြောတွေလည်း အပြိုင်းပြိုင်းပေါ်မလာသေး ...။

အလို ..ကြည့်နေရင်းမှာပင် မြင်ကွင်းက ရုတ်တရက်ပြောင်းသွား ပြန်သည်။ ခုနကအဘွားအိုသည် ကြမ်းပြင်ပေါ်သို့ ညင်သာစွာ ပုံကျသွားခဲ့ ပါရောလား။ သားမွေးယပ်တောင်သည်လည်း ကြမ်းပြင်ပေါ်သို့ လဲကျသွား ပေပြီ။ပုံလျက်သား လဲကျသွားသော အဘွားအို၌ အရေပြား၊အသား၊အကြောတို့သည် ဘယ်ရောက်ကုန်ပြီမသိ။ အရိုးစုသာ ကြွင်းကျန်တော့သည်။ သူမ၏ ထိတ်လန့်တုန်လှုပ်မှုသည် အထွတ်အထိပ်သို့ ရောက်ခဲ့ပေပြီ။

ဒါဟာ ငါ့ဘဝရဲ့ နောက်ဆုံးအဖြေ၊ ငါသေသွားပြီးရင် ဖြစ်လာမယ့် ငါ့ခန္ဓာဟာ သည်အရိုးစုပဲ ..။ သည်အရိုးစုပေါ်မှ အရေပြားတွေ၊ အကြော တွေ၊ အသားတွေ ပေါင်းစပ်ဖွဲ့စည်းထား၍သာ ခေမာဟူသော မိဖုရားကြီး ဖြစ်နေတာပေါ့။ တကယ်တော့ ငါဟာ ငါမပိုင်နိုင်၊ ငါထိန်းမထားနိုင်တဲ့ အရာတွေကို အတင်းအဓမ္မ ဆန့်ကျင်ထိန်းကျောင်းနေသူ ဖြစ်နေပါရော့လား ...။ ငါပိုင်ဆိုင်နေသော ခန္ဓာကိုယ်လို့ အတင်းအဓမ္မ မှတ်ထင်နေမိပါ ရော့လား။ တကယ်တော့ အဆင်းဟူသည် ခြယ်မှုန်းမှု၊ ပြုပြင်နိုင်မှုကြောင့်သာ တောက်ပလင်းလက် ရှုချင်စဖွယ် ဖြစ်နေခြင်းပါလား ...။ ဒါကြောင့် အဆင်း ဆိုတာ အနှစ်သာရ မရှိနိုင်ပါလား။ ခြယ်မှုန်းမှု



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရဲ့ လက်အောက်ခံဖြစ်တဲ့ အဆင်းကို ငါဟာ တပ်မက်ပြီးရင်း တပ်မက် နေပါပေါ့လား ...။

သည်တုန်းမှာပင် ပလ္လင်တော်ထက်ဆီမှ ဘုရားရှင်၏ နူးညံ့ ချိုသာ သော အသံတော်ကို ကြားလိုက်ရလေသည် ..

**"အာတုရံ အသုစိံ ပုတိံ ၊ ပဿခေမေ သမုဿယံ။**
**ဥဂ္ဃရန္တံ ပဂ္ဃရန္တံ ၊ ဗာလာနံ အဘိပတ္ထိတံ။"**

သူမသည် ဘယ်အချိန်က ဘယ်လို ဓမ္မသဘင်ဆောင်ထဲသို့ လှမ်းဝင် ခဲ့ပြီကို မမှတ်မိနိုင်တော့။ ဘုရားရှင်၏ နူးညံ့ချိုသာသော အသံတော်ကို ကြားနေစဉ်မှာ သူမသည် ဘုရားရှင်ကို လက်အုပ်ချီမိုး ဖူးမြော်မိလျက်သား ဖြစ်နေချေပြီ။ ဘုရားရှင်က သူမကို ဆုံးမစကား ဆိုနေလေပြီ ....။

"ခေမာ ... ခေမာမိဖုရား။ အာတုရံ၊ အမြဲတစေနာကျင် ခြင်း သဘော ရှိထသော။ အသုစိံ ၊ မစင်ကြယ်သောသဘောရှိထ သော။ ပုတိံ၊ အပုပ်အတိသဘော ရှိထသော။ ဥဂ္ဃရန္တံ ၊ အထက် သို့ လျှံတက်အန်ထွက်ခြင်း သဘောလည်း ရှိထသော။ ပဂ္ဃရန္တံ ၊ ကိုးပါးသော ဒွါရမှ တတွေတွေယိုစီးခြင်း သဘောလည်း ရှိထ သော။ ဗာလာနံ၊ မလိမ္မာသောသူတို့၏။ အဘိပတ္ထိတံ၊ အလွန် တောင့်တ နှစ်သက်အပ်ထသော။ သမုဿယံ ၊ ရုပ်နာမ်စုဆောင်း ခန္ဓာငါးပါး အပေါင်းကို။ ပဿ ၊ ကြည့်ရှုလေတော့ ...."

❍





(၅)

မျက်လုံးအစုံကို မှိတ်ထားရင်းမှ ဘုရားရှင်၏ ဆုံးမစကား ကို နာကြား နေမိသည်။ ဘုရားရှင်၏ အသံတော်ကား တန့်ရပ်သွား ပေပြီ။သို့သော် သူမ၏ အာရုံသည်ကား လှုပ်ရှား၍ ကောင်းနေဆဲ။ တဖျပ်ဖျပ်ပေါ်လာသော ပုံရိပ် တွေကို ပကတိထိုင်ကြည့် နေရသလို ဖြစ်သည်။သူမခန္ဓာအိမ်။ သည်ခန္ဓာအိမ် အတွင်းမှ စုပေါင်း၊ စပ်ပေါင်းပစ္စည်းများ။ ခန္ဓာကိုယ် အစိတ်အပိုင်းများ၊ အမည်နာမ အမျိုးမျိုးတို့ဖြင့် သူ့နေရာနှင့်သူ၊ သူ့အလုပ်သူ လုပ် နေကြပုံများကို အာရုံ၌ ထင်ထင်ရှားရှားသိမြင်လာခဲ့ပြီ။

နာကျင်ခြင်းဟူသော ခံစားမှုကို အမြဲပေးတတ်သော၊ သူမ၏ခန္ဓာအိမ်၊ မစင်ကြယ်သော သွေးပုပ်၊ ပြည်ပုပ်၊ ချွေးပုပ်၊ သလိပ်ပုပ်၊ ဆီးပုပ်၊ အစာပုပ်တွေနှင့် ပြည့်နှက်တင်းကျပ်နေသော



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူမ၏ခန္ဓာအိမ်။

သည်အပုပ်တွေ သိုလှောင်ထားသဖြင့် အထက်သို့ လျှံတက် အန်ထွက်ခဲ့ရပေါင်း များခဲ့ပြီဖြစ်သော သူမ၏ခန္ဓာအိမ်။

မျက်စိနှစ်ပေါက်၊ နားနှစ်ပေါက်၊ နှာခေါင်းနှစ်ပေါက်၊ ပါးစပ်တစ်ပေါက်၊ ကျင်ကြီးစွန့်ရာ တစ်ပေါက်၊ ကျင်ငယ်စွန့်ရာ တစ်ပေါက် စသော ကိုးပါးသောဒွါရတို့မှ မျက်ချေး၊ နဖာချေး၊ နှပ်ချေး၊ သွားချေး၊ ကျင်ကြီး၊ ကျင်ငယ်စသည့် အညစ်အကြေးတွေ အမြဲတမ်းယိုစီးစိမ့်ထွက်နေသော သူမ၏ခန္ဓာအိမ်။

သည်ခန္ဓာအိမ်ကြီးရဲ့ အတွင်းပိုင်းတွေကို ရှုကြည့်နိုင်တဲ့ အသိဉာဏ်တွေ သူမမှာ ခေါင်းပါးလွန်းခဲ့ ...။ ထို့ကြောင့်ပင် အရေပြားပေါ်က မွမ်းမံခြယ်သမှုတွေကိုသာ သူမသည် နေ့စဉ်လိုစိတ်ဝင်စား အားသန်ခဲ့ ...မလိမ္မာသောသူတို့သည်သာ သည်ခန္ဓာအိမ်အညစ်အကြေး အစုအဝေး ကြီးကို တွယ်တာ မက်မော စွဲလမ်းတပ်မက်နေကြ ....။ တကယ်တော့ ဒါတွေသည် ဖောက်ပြန်ပြောင်းလဲနေသော ရုပ်တရားကြီးနှင့် သည်ရုပ်တရားကြီးကို သိရှိခံစား၊ မှတ်သား၊ ပြုပြင်နေသော နာမ်တရား။ သည်တရား (၂)ခုသာရှိပါလား။ ရုပ်တရားတစ်ခု၊ နာမ်တရား လေးခု၊ တစ်နည်းအားဖြင့် ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါးစတဲ့ ရုပ်နာမ်တွေ စုပေါင်းထားတဲ့ ခန္ဓာ ငါးပါးအပေါင်းသာ ဖြစ်နေပါရော့လား။

သည်ရုပ်နာမ်စုဆောင်း ခန္ဓာငါးပါးအပေါင်းသည် သူမဟူသည့် ခေမာမိဖုရားတွင်သာ မဟုတ်။ ရံရွေတော်ကြီးမှာရော





သည်ခန္ဓာငါးပါးပေပဲ။ ရံရွေတော်ငယ်တွေမှာရော သည်ခန္ဓာငါးပါးပေပဲ။ ဒါဖြင့်ရင် မောင်တော် ဘုရင်မင်းမြတ်ထံမှာရော၊ သည်ခန္ဓာငါးပါးပေပဲ ....။ နန်းတွင်းသူ နန်းတွင်းသား အားလုံးမှာရော၊ ရာဇဂြိုဟ်မြို့သူ မြို့သား အားလုံးမှာရော သည်ခန္ဓာငါးပါး ကလွဲ၍ တခြားမရှိနိုင်ပါ။

သည်ခန္ဓာငါးပါးကို ရရှိထားသည့်အခါ ဘာတွေဖြစ်နိုင်ပါသနည်း။ ဆင်းရဲဒုက္ခမှလွဲ၍ အခြားမဖြစ်နိုင်။ ခန္ဓာငါးပါးကို မမြင်သောအခါ ငါပဲ၊ ခေမာပဲ၊ ဗိမ္ဗိသာရပဲဟု အတ္တစွဲကြီးကြီးနှင့် ပြောကြဆိုကြ တိုင်းတာကြ၊ တိုင်းထွာကြနှင့်။

သူမ၏ အာရုံတွင် သံဝေဂ၊ဆင်ခြင်ဉာဏ်နှင့် မှတ်သိမှုတို့ ရောထွေး နေသည်။ ဘုရားရှင်၏ ဆုံးမစကားကို ထပ်မံကြား ယောင်လာသည်။

"သမုဿယံ၊ ရုပ်နာမ်စုဆောင်း ခန္ဓာငါးပါးအပေါင်းကို။ ပဿ၊ ကြည့်ရှုလေလော့"

သူမ၏ အာရုံထဲတွင် လက်ခနဲဖြစ်သွားသည်။ ခန္ဓာငါးပါးကို မြင်အောင် ကြည့်ရှုရမည်။ ခုနက ယပ်ခတ်ပေးနေသော လှမိမယ်ကလေး၏ ဖောက်ပြန်ပျက်စီးသွားသော ပုံရိပ်သည် သူမ အာရုံတွင် ပြက်ပြက်ထင်ထင် မြင်လာလေသည်။

ရုပ်တရားဟူသည် မမြဲပါလား ....အနိစ္စ။

ရုပ်တရား၏ ဖောက်ပြန်မှုကို သိနေရသော၊ နာမ်တရားသည်လည်း မမြဲပါလား ...အနိစ္စ။

ရုပ်ရှိနေသမျှ ရုပ်ဖောက်ပြန်နေသမျှ ခံစားနေရတာသည်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒုက္ခ။

နာမ်ရှိနေသမျှ နာမ်ဖောက်ပြန်နေသမျှ ခံစားရမှုမှန်သမျှသည် ဒုက္ခ။

ရုပ်နာမ်တို့ အစိုးမရ ဖြစ်ပျက်ပြောင်းလဲနေတာတွေသည် အနတ္တ။

ရုပ်ဖောက်ပြန်၊ နာမ်ဖောက်ပြန်၊ ရုပ်နာမ်ခန္ဓာ ပျက်ယွင်းသမျှတို့ ဉာဏ်တွင် ထင်လင်းလာသောအခါ သူမ၏ အသိတရားနယ်ပယ်သည် အပြောင်းလဲကြီး ပြောင်းလဲသွားပေပြီ။

ခေမာမိဖုရားကြီးသည် အောက်ထစ်ဆုံး အရိယာနယ်ပယ်သို့ ကူး ပြောင်းရောက်ရှိသွားချေပြီ။ ဘုရားရှင်သည် ခေမာမိဖုရားကြီး သောတာပတ္တိဖိုလ်၌ တည်သွားပြီကို သိရှိရင်းမှ ထပ်မံ၍ ဆုံးမစကားဆိုပြန်သည်။

"ခေမာမိဖုရား။ သတ္တဝါတို့သည် ရာဂဖြင့် တပ်ခြင်းရှိကြကုန်၏၊ ဒေါသဖြင့် ပြစ်မှားခြင်းရှိကြကုန်၏၊ မောဟဖြင့် တွေဝေမိန်းမောခြင်းရှိကြ ကုန်၏၊ မိမိ၏တဏှာဟူသော အလျဉ်ကို ကောင်းစွာလွန်မြောက်ခြင်းငှာ မစွမ်းနိုင်ကြရှာကုန်။ ထိုတဏှာဟူသော အလျဉ်၌သာလျှင် ကပ်ငြိကြကုန်၏"

ရှင်တော်မြတ်ဘုရား၏ ချိုသာသောအသံတော်ကို ကြားနာနေလုံးသွင်းနေမိသည်။ ထိုအခါ ခေမာမိဖုရားကြီးတွင် ဘုရားရှင်အပေါ် ကြည်ညိုစိတ်တွေသည် အတိုင်းမသိဖြစ်ပေါ်လာလေသည်။ တရားတော် အပေါ် ကြည်ညိုစိတ်တွေသည်လည်း အတိုင်းအဆမဲ့စွာ ဖြစ်ထွန်းပေါ်ပေါက်လာသည်။ ဘုရားရှင်၏တပည့်သား သံဃာ





တော်အရှင်မြတ်တွေအပေါ် မှာလည်း ကြည်ညိုစိတ်တွေသည် အဟုန်ပြင်းစွာ ဖြစ်ထွန်းလာသည်။ ကြည်ညိုစိတ်အဟုန်ကြောင့် ခေမာမိဖုရားကြီးတွင် ပီတိ၊ ပဿဒ္ဓိတို့သည် မရပ်မနားဖြစ်ပေါ်လာနေသည်။ သဒ္ဓါတရားသည်လည်း မြင့်မားသည်ထက် မြင့်မားလာတော့သည် ....။

ဘုရားရှင်၏နှုတ်တော်မှ အေးငြိမ်းချိုသာသော အသံတော်တို့သည် ထပ်မံထွက်ပေါ်လာချေပြီ ....

**"ယေ ရာဂရတ္တာ နု ပတန္တိသောတံ၊**
**သယံ ကတံ မက္ကဋကောဝ ဇာလံ၊**
**ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊**
**အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ"**

ပင့်ကူသည် မိမိပြုလုပ်ထားသော ပင့်ကူကွန်ရက်သို့ ထပ်ကာထပ်ကာ ကျရောက်နေသကဲ့သို့ ရာဂဖြင့်တပ်မက်သောသူတို့သည် မိမိတို့ပြုလုပ်ထားသော တဏှာအလျဉ်သို့ ထပ်ကာထပ်ကာ ကျရောက်နေကြရကုန်၏။ ပညာရှိတို့သည် ဤတဏှာအလျဉ်ကို ဖြတ်၍ ငဲ့ကွက်ခြင်းမရှိဘဲ ဆင်းရဲအကုန်လုံးကို ပယ်လျက် နိဗ္ဗာန်ရောက်အောင် သွားကြကုန်၏။

သတ္တဝါအနန္တတို့၏ အာသာစရိုက်တွေကို ဇောဝီထိအလိုက် ဘဝင် ခိုက်အောင် သိမြင်တော်မူသော ဘုရားရှင်၏ အာသယာနုသယ ရွှေဉာဏ်တော် ကြီးကား ကြီးကျယ်မြင့်မြတ်လှပေသည်။ အံ့ချီး၍ မကုန်နိုင်လောက်အောင် ကျယ်ပြန့်နက်နဲလှ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

ပေသည်။ ထိုအာသယာနုသယ ဉာဏ်တော်ဖြင့်ပင် ဘုရားရှင်သည် ခေမာမိဖုရား၏ အာသာစရိုက်၊ ဇောဝီထိတွေကို ခန့်မှန်းသိရှိသည့်အလျောက် ခေမာမိဖုရား၏ သဒ္ဓါအပြောင်းအလဲ ဉာဏ်အပြောင်း အလဲပေါ်မူတည်၍ တရားဒေသနာကို ဟောကြားခဲ့သည့်အတွက် ဒေသနာအဆုံး၌ ခေမာမိဖုရားကြီးသည် အရဟတ္တဖိုလ်၌ တည်ခဲ့လေပြီ။

လူဝတ်ကြောင်နှင့်ပင် အရဟတ္တဖိုလ်တည်ခဲ့ပြီ ဖြစ်သည့်အတွက် ခေမာမိဖုရားကြီးသည် သည်နေ့အတွင်း၌ပင် ပရိနိဗ္ဗာန်စံရတော့မည်ဖြစ်၏။ ခေမာမိဖုရားကြီးကား တရားနှလုံးသွင်းနေဆဲ။

ထိုအချိန်၌ ဗိမ္ဗိသာရမင်းကြီးသည် ဓမ္မသဘင်ဆောင်အတွင်းသို့ ညင်သာစွာလှမ်းဝင်လာသည်။ မင်းကြီးနောက်၌ ရံရွေတော်ကြီးက ခပ်ခွာခွာ လိုက်ပါလာသည်။ ဗိမ္ဗိသာရမင်းကြီး၏ ကြည်ညိုလေးမြတ်စွာ ဖူးမြော် ကန်တော့ခြင်းကို ခံယူပြီးသောအခါ ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးအား မေးခွန်းထုတ်လေသည်။

''မြတ်သောမင်းကြီး၊ ခေမာမိဖုရားကြီးအား ရဟန်းပြုခြင်းငှာ လည်းကောင်း။ ပရိနိဗ္ဗာန်ပြုခြင်းငှာလည်းကောင်း သင့်ပေပြီ''

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်၏ စကားတော်ကို ကြားလိုက်ရသည်နှင့် ခေမာမိဖုရားကြီး အရဟတ္တမဂ်ဆိုက်ရောက်ခဲ့ပြီကို သိရှိလိုက်၏။ ယခုပင်လျှင် ဘုရားရှင်က မေးချေပြီ။ မည်သို့ဖြေဆိုလျှင် သင့်မည်လဲဟု ဗိမ္ဗိသာရဘုရင်မင်းမြတ် တစ်ခဏတာမျှ





စဉ်းစားနေမိသည်။ ပြီးမှ ..

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...ထိုခေမာမိဖုရားကြီးကို ရဟန်းပြုပေးတော်မူပါဘုရား၊ ပရိနိဗ္ဗာန်ပြုခြင်းဖြင့် မသင့်လျော်ပါဘုရား''

သုဂတော့ဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့၏ စကားသည် အဓိပ္ပါယ်များစွာပြည့်နှက်နေ၏။ မေးခွန်းဖြင့်ပင် ခေမာမိဖုရားအား ကာမပိုင် လင်ယောကျ်ားဖြစ်သူ၏ ရဟန်းဘောင်သို့ဝင်ရောက်ခွင့် ခွင့်ပြုချက်ကို တစ်ပါတည်းရယူပြီးသား ဖြစ်သွားလေသည်။

ခေမာမိဖုရားကြီးကား ရဟန္တာထေရီမ ဖြစ်ခဲ့လေပြီ။

ခန္ဓာအိမ်ကို တပ်မက်တွယ်တာလွန်းသော တစ်ချိန်က ''သူမ''သည် ဘုရားရှင် ဖွင့်လှစ်ပြသော ခန္ဓာအိမ်တံခါးမှတစ်ဆင့် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ သဘာဝကို လေ့လာရှုပွားမိပြီးသည့်နောက် သံသရာမှ အပြီးတိုင်လွတ်မြောက်ခဲ့ရလေပြီ။


သည်ဘဝ သည်ခန္ဓာဇာတ်သိမ်းပါက ရဟန္တာထေရီ ခေမာမိဖုရား ကြီးသည် နောက်ဘဝ၊ နောက်ခန္ဓာတို့ မဖြစ်ပေါ်ရာ မြတ်နိဗ္ဗာန်၌ ထာဝရ ငြိမ်းအေးစွာ စံဝင်ရပ်နားနိုင်တော့မည် ဖြစ်ပါတော့သည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

# အခန်း (၅)

# ပီတမလ္လ မထေရ်



http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။

## ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း

### အခန်း(၅)

(၁)

အာရုံနှင့်စိတ်။

စိတ်နှင့်အာရုံသည် တစ်ထပ်တည်းဖြစ်လုနီးပါး ရှိနေချေပြီ။ လာရာ လမ်းအသီးသီးမှ ဝင်လာမစဲ တသဲသဲဖြစ်နေသမျှ အာရုံတို့သည်လည်း ယခု အခါ ရပ်ဆိုင်းသွားသည်သို့ရှိသည်။ ထိုအခါ စိတ်သည် တစ်ခုတည်း ကျန်နေတော့သယောင် ထင်ရသည်။ ပကတိ ဟင်းလင်းပြင်။ ဘာမျှ အနှောင့်အယှက်မရှိသော





အခြေအနေတစ်ခု (သို့မဟုတ်) ငြိမ်သက်နေသော အာရုံ။

ထို ငြိမ်သက်မှုကြီးကိုပင် ကြည့်နေရသည်သို့ရှိသည်။

ထို ငြိမ်သက်မှုကြီးတွင် အနိမ့်၊ အမြင့်၊ အဝေး၊ အနီးမရှိ။ အဖြူ၊ အမည်း၊ အပြာ၊ အဝါ အရောင်အသွေးမရှိ။မျက်စိဖြင့် ပြင်ပလောကကို မြင်ရစဉ်ကကဲ့သို့ ကြိုက်ခြင်း၊ မကြိုက်ခြင်းလည်းမရှိ။ ထပ်မံလိုလား တောင့်တခြင်း၊ ပယ်ဖျက် လွှင့်ပစ်လိုခြင်းလည်းမရှိ။ ဤသည်ကိုလည်း သိနေပြန်သည်။ တစ်ဖန် ထိုသို့သိလိုက်သော စိတ်ကလေးကိုလည်း သိလိုက် ပြန်သည်။

တစ်နည်းအားဖြင့် ရှေ့စိတ်သည်ပင်လျှင် အာရုံအဖြစ် သရုပ်ပြရင်းမှ သေဆုံးသွားပြီ။ ထိုသေဆုံးမှုကိုပင် နောက်ထပ် အသစ်ပေါ်လာသောစိတ်က သိနေမိခြင်းဖြစ်သည်။ ထို့နောက် နောက်ထပ်ပေါ်လာသော စိတ်သည် ပင်လျှင် အာရုံအဖြစ် ညွတ်ကိုင်းကူးပြောင်းသွားပြီး ထပ်မံပေါ်လာသော သိမှုကလေး တစ်ခုက အာရုံ၏နယ်မြေအတွင်း၌ ဖြစ်ပေါ်ခဲ့သော အခြေအနေမှန်သမျှကို သိခွင့်ရလိုက်ပြန်ပါသည်။

အာရုံ။ စိတ်။ သိမှု။

တကယ်တော့ စကားလုံးတွေပါလား။

အမှန်တကယ်တည့်တည့် သိနေချိန်တွင် ဘယ်ဟာသည် 'အာရုံ'၊ ဘယ်ဟာကတော့ 'စိတ်' ၊ ဘယ်ဟာကတော့ 'သိမှု'ဟု ပြောရန်ခက်သည်။ နောက်ဆုံးတော့ 'သိနေခြင်း'သာ ကျန်တော့သည်။ သိနေခြင်း၏ သဘော သဘာဝကို အသေးစိတ် သိခွင့်ရနေသည့် အချိန်အခိုက်အတန့်လည်း ဖြစ်သည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

သိမှုတွင် လှုပ်ရှားမှုက ရှိနေသည်သာ။ သိမှုကလေးတွေ တစ်ခုပြီး တစ်ခု ဆက်တိုက်ပေါ်လာနေသည်။ ရှေ့မှသိမှုကလေးတွေ မဆုံးခင်မှာ နောက်မှသိမှုတွေက အသင့်စောင့်နေပေပြီ။ သိမှုတစ်ခုဆုံးလျှင် နောက် သိမှုတစ်ခု မွေးဖွားလာစမြဲ။ ပေါ်လာစမြဲ။ အစပျိုးလာစမြဲ။ ကြည့်စမ်း သိမ်မွေ့လိုက်တာ ...။

သည်အခြေအနေတွင် ရုပ်က ပကတိပျောက်သွားသကဲ့သို့ရှိသည်။ ဘယ်မှာလဲ 'ရုပ်'။ ခန္ဓာကိုယ်ကြီးလား။ အကောင်အထည် ဒြပ်အတုံးအခဲ ကြီးလား။ လက်၊ ခြေထောက်၊ ခေါင်း၊ ကိုယ်လုံးတွေ ဘယ်မှာလဲ။ အားလုံး သည် အာရုံနှင့်အလှမ်းဝေးကွာလျက် ပျောက်ဆုံးကုန်ကြပြီ။ ကြမ်းတမ်းလှသော အာရုံတို့ ပေးဝေရာ ခန္ဓာကိုယ်ရုပ်၊ သဏ္ဌာန်၊ အစိုင်အခဲ၊ အတုံးအတစ်များသည် မည်သည့်နေရာသို့ ရောက်ကုန်ပြီနည်း။ အနားမှာ မခွဲမခွာ၊ မကွဲမကွာရှိလျက်နှင့် ရုပ်အကြမ်းစားများသည် အာရုံထဲ၌ အရိပ်အဖြစ်ပင် ပုံရိပ်လာမထင်တော့ပြီလော။ သူတို့သည် သိမ်မွေ့လွန်းလှသော သိမှု သက်သက်အာရုံ၏ နယ်ပယ်တွင် အဘယ်ကြောင့် နေရာမယူနိုင်တော့ သနည်း။

သည်အခြေအနေသည် သူ့အတွက် အလွန်တရာ အံ့ဩစရာဖြစ် နေသည်။ ခက်ခဲနက်နဲလှသော ပြဿနာတစ်ရပ်ကို ကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းနေရသည်သို့ရှိသည်။ သည်သဘာဝကို အတွင်းအသိဉာဏ်ဖြင့် ထင်ထင်ရှားရှားမြင်တွေ့ရသော အခါမှ ဟိုတုန်းက သူ့အာရုံတွင် စကားလုံးအဖြစ် မှတ်သားသိမ်းဆည်းခဲ့သမျှတို့ကို အဓိပ္ပါယ်ကုန်စင်အောင် သိလိုက်ရသည်။



## မြသန်းစံ

**"ရုပ် ဘိက္ခဝေ န တုမှာကံ = ရဟန်းတို့ ၊ ဤရုပ်ခန္ဓာသည် သင်တို့ဟာ မဟုတ်ချေ။ တံ ပဇဟထ = ထို ရုပ်ခန္ဓာ၌ (တွယ်တာနေသော တဏှာ)ကို ပယ်စွန့်ကြကုန်လော့ ..."**

ဟုတ်သည် ရုပ်ခန္ဓာကြီးသည် သူပိုင်၊ သူ့ဥစ္စာမဟုတ်မှန်း ယခုတော့ သူကောင်းကောင်းကြီး သိခွင့်ရနေပေပြီ။ ထိုအခါ သူသည် နက်နဲသိမ်မွေ့သော သိမှုအာရုံမှတစ်ဆင့် ရုပ်ခန္ဓာအပေါ်၌ တွယ်တာမက်မောခဲ့သော စွဲလမ်းမှု တဏှာ၏သဘာဝကို သွားတွေ့သည်။ တကယ်တော့ စွဲလမ်းမှု တဏှာသည် သူမဟုတ်ပါလား။ စွဲလမ်းမှု တဏှာသည်ပင်လျှင် စွဲလမ်းစေတတ်သော သဘောသဘာဝတစ်ခု၊ အငွေ့အသက်တစ်ခု၊ အာရုံဖြစ်စေသော အကြောင်းတစ်ခုပါလား ...။

သဘော သဘာဝတို့သည် သူ့ဉာဏ်အမြင်တွင် ထင်ထင်ရှားရှား၊ ရှင်းရှင်းလင်းလင်းဖြစ်နေပေပြီ။ အသိဉာဏ်ကြောင့် ဖြစ်ပေါ်လာသည့် ပီတိလှိုင်းရိပ်တို့က တသိမ့်သိမ့်တက်လာသည်။ လှိုင်းလုံးတွေ တစ်လုံးပြီး တစ်လုံး ကမ်းခြေစပ်ကို ရိုက်ခတ်သကဲ့သို့ ပီတိတို့သည်လည်း အာရုံ၏နယ်မြေ အတွင်းသို့ တစ်သုတ်ပြီး တစ်သုတ် လှိမ့်ဝင်ရိုက်ခတ်လာသည်။

ပီတိကြောင့် ဖြစ်ပေါ်လာသော စိတ်အဟုန်၏ လှုပ်ရှားမှုတို့ကို သတိထားကြည့်နေမိသည်။ သည်အချိန်သည် သူ့အဖို့ အလွန်အရေးကြီး သောအချိန်။ သူ့အလုပ်သည် ပေါ်လာသမျှ အာရုံကို စောင့်ကြည့်နေဖို့ပဲ ဖြစ်သည်။ ရုပ်ကို မှီ၍ဖြစ်စေ၊ နာမ်ကို မှီ၍ဖြစ်စေ၊ အာရုံတစ်ခုခုကတော့ အစဉ်မပြတ်ပေါ်နေမှာပဲ။ ယခု



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လောလောဆယ်တွင် နာမ်ကို မှီ၍ဖြစ်သော အာရုံကို သူသိခွင့်ရနေသည်။ ရုပ်တရားသည် ဘယ်နေရာမှာပုန်းခို ပျောက်ဆုံးနေပြီလဲမသိ။

သူ့စိတ်ထဲ ခေတ္တခဏငုပ်လျှိုး ပျောက်ဆုံးနေသည့် 'ရုပ်' တရားကို ရှာချင်သည့် စိတ်ကူးကလေး ပေါ်လာသည်။ အတွေးဝင်လာပေပြီ။သူ့အတွေး၏ အစပျိုးရာသည်ပင်လျှင် သူလက်ရှိ ရှုမှတ်နေသည့် ရုပ်တရားပျောက်ဆုံး နေခြင်းအပေါ်၌ အခြေခံနေသည်။

''ရုပ်တရားသည် သင်တို့ဟာ မဟုတ်၊ ထိုရုပ်ခန္ဓာ၌ တွယ်တာနေ သောတဏှာကို ပယ်စွန့်ကြကုန်လော့''

သည်အသံကို နားထဲကြားယောင်လာသည်သို့ရှိသည်။ သည်အသံ၊ သည်စကားလုံးတွေကြောင့်ပင် သူ၏ဘဝ အကြီးအကျယ်ပြောင်းလဲခဲ့ရခြင်း မဟုတ်လော။ သည်အသံ၊ သည်စကားလုံးကို ကြားရုံမျှဖြင့် သူသည် အောင်လံတွေ တလူလူလွှင့်နေသည့် သူ၏အလုပ်ကို စွန့်လွှတ်ခဲ့ခြင်း မဟုတ်လော ...။

အတိတ်ပုံရိပ်တို့သည် မတိုင်ပင်ထားပါဘဲ သူ့အာရုံအတွင်းသို့ တစ်ခုပြီးတစ်ခု ဝင်ရောက်လာပေပြီ။ အတွေးဘက်ကို နည်းနည်းကလေး ဖောင်းပေးလိုက်ရုံမျှဖြင့် အသင့်စောင့်နေသော သညာက္ခန္ဓာကြီးက ပုံရိပ်တွေ တန်းထုတ်ပေးတော့သည်။





(၂)

သတ်မှတ်ထားသော မြေဗိုင်းကလေးထဲသို့ ဝင်လိုက်သည်နှင့် လေးဖက်လေးတန်မှ အသံတွေ ဝေါခနဲလျှံထွက်လာသည်။

''ဟေး .. ဝီတမလ္လကွ၊ ယောကျ်ားဘသား ကျားဆိုမှကျားကွ''

အားပေးသံတို့ကြောင့် သူ့တစ်ကိုယ်လုံးမှ သွေးတွေသည် ရုတ်တရက်ဆူပွက်လာသည်သို့ရှိသည်။ သူ့သွေးတွေ ကြွလာသည်။ မကြာမီ သူ့အစွမ်းကို လူပုံအလယ်တွင် ပြသခွင့်ရတော့မည်။ သူ့ပြိုင်ဘက်ကား မြေဗိုင်းအတွင်းသို့ ဝင်မလာသေးပေ။ သူသည် သူ့ပြိုင်ဘက်ကို စောင့်ရင်းမှ ဟန်ရေးပြရတော့မည်။ သူ့အတွက်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သတ်မှတ်ထားသော ထောင့်ဆီသို့ သွားသည်။ ပူဇော်စရာရှိတာတွေကို ခါတိုင်းလိုပင် လက်အုပ်မိုး ပူဇော်လိုက်သည်။ ကိုယ်ကိုဆန့်သည်။ ခေါင်းကို ခါသည်။ လက်ခြေတို့ကို လှုပ်ရှားလိုက်သည်။ သူ့ကိုယ်ရုံပဝါကို သူ့အဖော်ထံ လှမ်းပေးလိုက်သည်။ သူ့ခန္ဓာကိုယ်သည် ဗလာကျင်းသွားပေပြီ။ တင်းရင်းဖုထစ်နေသော သူ့ကာယအလှတွေသည် အားလုံးရှေ့မှောက်မှာ အထင်းသားပေါ်လွင်နေသည်။

''ပီတမလ္လက တောင့်တယ်ကွ၊ အရပ်လည်း ကောင်းတယ်၊ ကြွက်သားကြီးတွေက မနည်းမနောပဲ၊ တို့ဆီကကောင်က သူ့ကို ဖြိုနိုင်ပါ့မလားမသိဘူး''

အသံတွေကို သူကြားနေရသည်။ ဟိုထောင့်က တီးတိုး တီးတိုး။ သည်ထောင့်က တီးတိုး တီတိုးနှင့်။ သူတို့ထင်မြင်ချက်တွေ ဘယ်လိုပေးပေး၊ အဓိကမှာ သူ့ပြိုင်ဘက်ကို သူနိုင်အောင်ထိုးဖို့၊ လဲအောင်ထိုးဖို့ မဟုတ်လား။ ဝိုင်းအလယ်သို့ သူလှားခနဲခုန်ဝင်ရင်းမှ လက်ဝှေ့ဟန်ရေးပြလိုက်သည်။ ပခုံးနှစ်ဖက်ကို လက်ယှက်ထိုးကာ ဖေါင်းခနဲရိုက်လိုက်သော အသံကြောင့် ပရိသတ်တို့၏ အသံတွေသည် ရုတ်တရက်ငြိမ်ကျသွားသည်။ နောက်မှ 'ဟေး' ခနဲ အော်ရင်း အားပေးကြသည်။

သူ လက်ဝှေ့ရေးပြ လှုပ်ရှားမှု၌ အဝါရောင်အလံကလေးက တဖျပ်ဖျပ်လှုပ်ခါနေသည်။တစ်နည်းအားဖြင့် အဝါရောင်အလံကလေးသည် သူလက်ဝှေ့ရေးပြရာ၌ ရောလျက် ပါဝင်နေသည်။ သည်အလံဝါလေးသည် သူ၏ အောင်မြင်မှုသင်္ကေတ၊





အောင်မြင်မှုတံခွန်လေး၊ သို့မဟုတ် အောင်လံ တော်ကလေး။ သည်အလံဝါကလေးကို လက်ဝှေ့ကြိုးဝိုင်းများစွာ၏ ထောင့်အသီးသီး၌ စိုက်ထူခဲ့ရင်းမှ အောင်ပန်းတွေ အလီလီဆွတ်ခူးရခဲ့ပြီး ဖြစ်သည်။

ပဏ္ဍုတိုင်း။ စောဠတိုင်း။ ဂေါဠတိုင်းများသို့ သူ လှည့်လည်ခဲ့ပြီးပြီ။ ထိုတိုင်းတို့၏ လက်ရွေးစင်လက်ဝှေ့အကျော်တွေနှင့်လည်း ရင်ဆိုင်ထိုးသတ်ခဲ့ပြီးပြီ။ လက်ဝှေ့ပွဲစဉ်တစ်လျှောက် သူသာ အနိုင်ရခဲ့သည်ချည်း။ သူ၏ အဝါရောင်အလံကလေးသည်လည်း ပရိသတ်မျိုးစုံအလယ်၌ မျက်နှာပန်း လှခဲ့ရသည်ချည်းဖြစ်သည်။

ယခုလည်း ပွဲချီအဆက်ဆက်ကို အောင်ပန်းတွေ ဆွတ်ခူးရင်းမှပင် လက်ဝှေ့ဝါသနာကြီးလှသော သီဟိုဠ်တိုင်းဒေသသို့ သူရောက်လာခဲ့ရခြင်း ဖြစ်သည်။ သီဟိုဠ်တိုင်းတစ်ခုလုံးသည် လက်ဝှေ့ဝါသနာထုံလှသည်။ သီဟိုဠ်ဘုရင်မင်းမြတ်များသည် ပင်လျှင် လက်ဝှေ့ဝါသနာထုံလှသဖြင့် လက်ဝှေ့သမား၊ လက်ဝှေ့အကျော်အမော်များအား အထူးမြှောက်စားလေ့ရှိသည်ဟု သူကြားခဲ့ရသည်။

သည်နေ့ပွဲသည် သူ့အတွက် အရေးကြီးလှသည်။ သူ့ပြိုင်ဘက် သည် သီဟိုဠ်လက်ဝှေ့ အကျော်အမော်တစ်ဦး ဖြစ်သည်။ ပရိသတ်ကလည်း သူ့ပြိုင်ဘက်၏ နိုင်ငံသားတွေ၊ ကျင်းပသည့်နေရာကလည်း သူ့ပြိုင်ဘက်၏ နိုင်ငံပိုင်နယ်မြေ အတွင်း။ ပြီးတော့ ဘုရင်မင်းမြတ်ကိုယ်တိုင်လည်း သည်ပွဲကို လာရောက်ကြည့်ရှု၍ နိုင်သူကို ချီးမြှောက်ဦးမည်ဟု ဆိုသည်။ သူသည် အခြားနယ်မြေမှ သူစိမ်းတစ်ရုံဆံ။ သူများနယ်မြေ၊



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူများရှင်ဘုရင်၊ သူများ ပရိသတ်ရှေ့တွင် ယှဉ်ပြိုင်အနိုင်ရယူဖို့ ကိစ္စသည် မလွယ်ကူလှ။ သို့သော် မည်သည့်အခါမျှ အလံမလဲခဲ့ဖူးသေးသော သူ့အဝါရောင်အလံကလေးနှင့် သူ့ကာယ စွမ်းရည်ကို သူ ယုံကြည်သည်။ သူ့လေ့ကျင့်မှုကို သူအားထားသည်။သူ့ စိတ်တည်ငြိမ်မှုကို သူ အားကိုးသည်။ ပြိုင်ဘက်အပေါ် အနိုင်ရမည်ဟူသော သူ့ ယုံကြည်ချက်ကို သူ အလေးထားသည်။ ဤသို့ဖြင့် သူကပင် ဝိုင်းအတွင်း သို့ဝင်ကာ အဝါရောင်အောင်လံကို လွှင့်လျက် စစ်မျက်နှာစတင် ဖွင့်နေခြင်း မဟုတ်လော . . .။

"ဟေးလား . . . ယောကျ်ား . . . ဘသား . . ."

ဆိုင်းချက်နှင့်အညီ သူလက်ဝှေ့ဟန်ရေးတွေ ပြနေစဉ်မှာပင် တစ်ခွင် တစ်ပြင်လုံး တစ်ခဲနက်လျှံထွက်မတတ် အားပေးသံကြီးသည် ပေါ်ထွက် လာသည်။

"ဟေး . . ပုတ္တ လာပြီဟေ့"

"အနိုင်ထိုးလိုက်ကွ ပုတ္တ"

"တစ်မြေသားကို အလဲထိုးလိုက်ကွ၊ ပီတမလ္လကို သီဟိုဠ်တိုင်းဖြစ် လက်သီးတွေ ကျွေးလိုက်စမ်းဟေ့။ သီဟိုဠ်တိုင်းသားရဲ့စွမ်းရည်ကို ပြလိုက်စမ်းပါဟေ့"

အားရပါးရဟစ်နေသော အားပေးသံတို့သည် ထိုးဝိုင်းအတွင်းသို့ ဝင်ရောက်လာနေသည်။ ဝိုင်းထဲသို့ ဝင်လာသော 'ပုတ္တ'ကို ဖက်လဲတကင်း နှုတ်ဆက်လိုက်သည်။ ဒါသည်ပင်လျှင် သူတို့လက်ဝှေ့သမားတွေ၏ ယဉ်ကျေးမှုပေပဲ။

'ပုတ္တ'သည် သူ့အတွက် သတ်မှတ်ထားသော ထောင့်ဆီ





သို့ သွားသည်။ အပေါ်ရုံလွှာကို ချွတ်သည်။လက်အုပ်မိုး ဆုတောင်းသည်။ပုတ္တ လက်ဝှေ့ ရေးပြတော့မည်။ သူ ခဏနေရာဖယ်ပေးလိုက်ရင်းမှ သူ့အတွက် သတ်မှတ်ထားသောထောင့်တွင် အဝါရောင်အလံကို သွားစိုက်လိုက်သည်။ ပြီးနောက် ခင်းထားသောခုံပုကလေးတွင် ထိုင်ချလိုက်ရင်းမှ ပြိုင်ဘက်ဖြစ်သူ 'ပုတ္တ'၏ လက်ဝှေ့ရေးပြနေပုံကို လှမ်းကြည့်နေမိသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



(၃)

'ပုတ္တ' လက်ဝှေ့ရေးပြနေစဉ်မှာပင် သီဟိုဠ်တိုင်း ပြည့်ရှင်မင်းမြတ်သည် လက်ဝှေ့ပွဲကျင်းပမည့်နေရာသို့ အခြွေအရံများခြံရံလျက် ကြွမြန်းလာသည်။ ပွဲတစ်ခွင်လုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်သွားသည်။ မီးကို ရေဖြင့်ငြိမ်းသတ်လိုက်သလိုပင်။'ပုတ္တ'ပင်လျှင် လက်ဝှေ့ရေးပြနေရာမှ ရုတ်တရက်ရပ်လိုက်သည်ကို တွေ့ရသည်။ ပြီးတော့ မတ်တပ်ရပ်လျက်က ဘုရင်မင်းမြတ်ရှိရာသို့ လှမ်း၍ အရိုအသေပေးနေလေသည်။ 'သူ'သည်လည်း ထိုင်နေရာမှထကာ သီဟိုဠ်တိုင်း ဘုရင်မင်းမြတ်ကို အရိုအသေပေးလိုက်ရသည်။ ဘုရင်မင်းမြတ်သည် သူ့အတွက်သတ်မှတ် ထားသောနေရာတွင် နေရာယူပြီးသောအခါမှ လက်ဝှေ့ဝါသနာအိုးတို့၏ အသံတွေသည် ဟိုမှ သည်မှ ထွက်ပေါ်လာသည်။

"ပုတ္တ ကွ"





"ပီတမလ္လ ကွ"

ပရိသတ်တို့သည် မဆိုးလှပါ။ တိုင်းတစ်ပါးသား သူ့အပေါ် အားပေးမှုအချို့ ရှိနေသဖြင့် သဘောထားကြီးသူတွေဟု ပြောရမည်ဖြစ် သည်။ သို့သော် သူတို့သီဟိုဠ်တိုင်းသား 'ပုတ္တ'ကို အားပေးသလောက်တော့ မကျယ်လောင်လှသည်ကို သူ သတိထားနေမိသည်။ ဝိုင်းအလယ်သို့ အနီးကပ်ကြီးကြပ် အဆုံးအဖြတ်ပေးမည့်ပုဂ္ဂိုလ် ဝင်ရောက်လာသည်။ သူသည်လည်း တစ်ချိန်က လက်ဝှေ့အကျော်အမော်တစ်ဦးပင်။

ကြီးကြပ်သူက သူနှင့်ပုတ္တကို လက်ဟန်ဖြင့် လှမ်းခေါ်လိုက်သည်။ ပြီးတော့ သူတို့နှစ်ဦးကို တစ်ဦးချင်းစီ ခြေမှခေါင်း၊ ခေါင်းမှခြေ အပြန်ပြန် အလှန်လှန်စစ်ဆေးသည်။ ကျေနပ်လောက်သောအခါမှ သူနှင့် ပုတ္တကို မျက်နှာချင်းဆိုင်စေသည်။ သူနှင့်ပုတ္တကြားထဲတွင် ကြီးကြပ်သူက လက်ဖြင့်စည်းချထားသလိုခြားထားသည်။ ကြီးကြပ်သူ စည်းချထားသော လက်ကို ဖြုတ်ချလိုက်သည်နှင့် သူနှင့်ပုတ္တတို့၏ လက်ဝှေ့ပွဲကား စလေပြီ။

လက်ဝှေ့ပညာ မည်မျှပင် ကျွမ်းကျင်သည်ဖြစ်စေ၊ လက်ဝှေ့ထိုးသတ်ရာတွင် နည်းဗျူဟာရွေးချယ်မှုနှင့် ထိုနည်းဗျူဟာကို အသုံးချပုံကား အလွန်အရေးကြီးသည်။ နည်းဗျူဟာဖြစ်လာဖို့အတွက်လည်း တွက်တတ်၊ ချက်တတ်ဖို့ အရေးကြီးလှသည်။ဒါသည်ပင်လျှင် လက်ဝှေ့သမား၏ လျှို့ဝှက် ဦးနှောက်တစ်ခုပင်။

ယခု သည်ပြိုင်ပွဲအတွက် ပီတမလ္လသည် အသုံးပြုရမည့်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နည်းဗျူဟာကို တွက်ချက်ထားပြီးနှင့်ပြီ။ လက်ဝှေ့ရေး ဘယ်လောက်သာသာ၊ သူ ဘယ်တော့မှ အရင်တိုက်စစ်မဖွင့်။ ခံစစ်အနေအထားဖြင့်နေမည်။ သူ့မြေ၊ သူ့ပရိသတ်ရှေ့မှာ သူတစ်ချက်နှစ်ချက် အထိုးခံလိုက်မည်။သူ့ကို ပြိုင်ဘက်က အထင်သေးသွားစေရန် ပရိယာယ်ဆင်မည်။ သူ့ပြိုင်ဘက် ထိုးနှက်ချက် ကြောင့် သူခံနေရပုံကို ကြည့်၍ ပရိသတ်တို့ အားရကျေနပ်ဝမ်းသာလာရာမှ သူ့အပေါ် သနားတိမ်းညွတ်လာအောင် သူခေါ်ယူမည်။ ပရိတ်သတ်သည် သူ့အပေါ် တဖြည်းဖြည်း တိမ်းညွတ်လာမည်။ သည်အတောအတွင်း သူသည် ပြိုင်ဘက်၏ ချို့ယွင်းချက်ကို လေ့လာမည်။ မည်သည့်နေရာ ပွင့်နေတတ်သနည်း။ မည်သည့်နေရာကို သူ သတိမထား မပိတ်ဆို့မိသနည်း။ သူသည် ညာသန်လား၊ ဘယ်သန်လား၊ အထိုးနှင့်အကန်တွင် သူမည်သည့်ဘက်၌ အားသန်သနည်း။ အချိန်အဆ၊ အထိန်းအကွပ်တို့သည် မည်သည့်နေရာ၌ အားကောင်း၍ မည်သည့်နေရာ၌ အားပျော့သနည်း။ ဒါကို သူလေ့လာမည်။ တစ်နည်းအားဖြင့် ပထမအချီတွင် သူ့ဘက်မှ ခံစစ်ကိုပင် အတတ်နိုင်ဆုံး ဖွင့်ပေးထားမည်။ ယုတ်စွအဆုံး သွေးထွက်ချင်ထွက်။ နာချင်နာ။ တစ်ပြည်သား၏အစွမ်း မည်မျှရှိမည်ကို သူ့ခန္ဓာကိုယ် အနာခံ၍ ဖော်ထုတ်မည်။ပထမ အချီတွင် သူ အရှုံးခံလိုက်မည်။ပထမအချီ၏ လေ့လာသုံးသပ်ချက်ကို မူတည်၍ ဒုတိယအချီတွင် သူ့စွမ်းအားကို ပြန်လည်မြှင့်တင်လိုက်မည်။ ထိုအခါ ....

'ပုတ္တ'သည် သူမျှော်လင့်ထားသည့်အတိုင်း ကွက်တိဝင်





လာသည်။ သူ့ပရိသတ် အားပေးမှုအရှိန်ဖြင့် သွေးကြွနေသော 'ပုတ္တ'သည် သူ့ကို တရကြမ်းဖိထိုးသည်။သို့သော် သူ့လက်သီးအဆတွေမှာ အားနည်းနေသည်။ အသာကလေး ပုတ်ထုတ်လိုက်ရုံမျှဖြင့်ပင် သူ့လက်တံကြီးတွေမှာ ဘေးသို့ ယိုင်ကားထွက်သွားသည်။ ထိုအချိန်တွင် သူ့ရင်ဘတ်သည် ဟင်းလင်းပွင့်လျက်သား။ ပွင့်သွားသောရင်ဘတ်ကို ကျန်လက်တစ်ဖက်မှလည်း ဆို့ကာပိတ်ဆီးခြင်းမရှိ။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး။ သူအထိုးခံရင်းမှ ပုတ်ထုတ်လိုက်သည်။ 'ပုတ္တ'၏ ရင်ဘတ်ကြီးသည် အဆီးအတားမရှိ ဟာနေ သည်ကို သူ သတိထားမိသည်။ ဘယ်နှစ်ကြိမ်စမ်းစမ်း သည်အတိုင်းပါပဲ။ သူသည် 'ပုတ္တ'၏ အားနည်းချက်ကို တွေ့လိုက်မိပြီ။ ပြီးတော့ 'ပုတ္တ'၏ လက်သီးအဆ အားနည်းမှုကိုလည်း ပုတ်ထုတ်ရင်းမှ သတိထားမိနေသည်။ သို့နှင့် 'ပုတ္တ'၏ လက်သီးကို သူခံနိုင် မခံနိုင် ချိန်ဆကြည့်သည်။ သူ့ စိတ်ထဲမှ ပြုံးလိုက်သည်။

ပရိသတ် စိတ်ကြိုက်အကွက်တစ်ခု သူ ဖန်တီးလိုက်သည်။ 'ပုတ္တ'၏ လက်သီးကို ပုတ်ထုတ်သလိုလုပ်ရင်းမှ ဆွဲယူကာ သူမျက်နှာနှင့် ထိပေးလိုက်သည်။ မေးကိုတော့ မထိစေရ။ အပေါ်နှုတ်ခမ်းနှင့် ပါးစောင်အကြားနေရာသို့ အထိခံလိုက်သည်။ ထိသည်နှင့် သူသည် နောက်သို့ယိုင်၍ ကြမ်းပေါ် ဖင်ထိုင် ချလိုက်သည်။ တစ်ရုံလုံးမှ အားပေးသံတွေ တစ်ခဲနက်ထွက်ပေါ်လာသည်။

''ပုတ္တ ကွ၊ ပုတ္တ၊ ဟုတ်ပြီဟေ့၊ တစ်ပြည်သားကြီး



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖင်ထိုင်ကျ သွားပြီဟေ့ ..''

''ဟာ ..ပီတမလ္လကြီး မရှုမလှခံနေရပြီဟေ့၊ သနားပါတယ်ကွာ။ ဟေ့ .. ပုတ္တ၊ သိပ်အနိုင်မကျင့်ပါနဲ့ကွာ၊လျှော့ထိုးပါဟေ့၊ ပီတမလ္လကြီး မင်းကို မနိုင်နိုင်တော့ပါဘူး''

လဲကျနေရင်းမှ အသံတွေကို ကြားနေရသည်။ ကြမ်းပြင်ပေါ်မှနေ၍ ပုတ္တကိုမော်ကြည့်သည့်အခါ အောင်နိုင်သူ၏ အပြုံးမျိုးဖြင့် ပုတ္တသည် သူ့ အပေါ်မှ စီးမိုးထားသည်။ ကြီးကြပ်သူက သူ့ကို ထရန် လက်ဟန်ပြ၍ နံပါတ်ရေတွက်နေသည်။ သူ တဖြည်းဖြည်းချင်း အားယူထလိုက်သည်။ နှုတ်ခမ်းထောင့်စွန်းက စီးကျလာသောသွေးတွေကို လက်ဖမိုးဖြင့် သပ်ချလိုက် သည့်အခါ ပရိသတ်ထံမှ အသံတွေ ထပ်ထွက်လာပြန်သည်။

''ဟာ၊ ပီတမလ္လကြီး ခံသွားရပြီဟေ့၊ သွေးတွေတောင် ထွက်ကုန်ပြီဟ''

ကြီးကြပ်သူက သူတို့နှစ်ယောက်ကြား လက်ဆန့်တန်းဖြတ်ချရင်းမှ ထိုးသတ်ရန်ဟန်ရေးပြင်ကြရပြန်သည်။ ဘယ်ညာရွေ့လျား ဟန်ရေးပြင် နေစဉ်မှာပင် ပထမအချီပြီးဆုံးသည့် အချက်ပေးမောင်းသံ ထွက်ပေါ်လာသဖြင့် ပွဲကို ခဏရပ်လိုက်ရသည်။'ပီတမလ္လ'သည် 'ပုတ္တ'ကို လှမ်းကြည့်ရင်းမှ စိတ်ထဲမှ ပြုံးလိုက်မိသည်။ ပွဲခင်းတစ်နေရာ စင်မြင့်ထက်ဆီမှ ကျေနပ်အားရ နေသော သီဟိုဠ်တိုင်း ဘုရင်မင်းမြတ်ကို လှမ်းကြည့်ရင်းမှလည်း သူ ပြုံးလိုက်မိပြန်သည်။

၀





(၄)

ဒုတိယအချီ စလေပြီ။

ပီတမလ္လသည် မျှော်လင့်ထားသည့်အတိုင်း ပုတ္တ၏ တိုက်ကွက် အတွင်းမှ ချို့ယွင်းချက်ကို လှမ်းမြင်နေရသည်။ သူသည် ပုတ္တမောအောင် မြှူလိုက်သည်။ ထိုးဝိုင်းအတွင်း၌ ပတ်ပြေးလိုက်သည်။ ပုတ္တက တရကြမ်း လိုက်၍ထိုးသည်။ပရိသတ်ထံမှ အသံထွက်လာသည်။ ''ဟေး ...ပီတမလ္လကြီး ထွက်ပြေးနေပြီကွ၊ ထိုးထိုး ၊ လိုက်ထိုး''။ ပီတမလ္လသည် သူလိုချင်သော အနေအထားသို့ ရောက်လာပြီဖြစ်ကြောင်း သိလိုက်သည်။ ပြေးနေရာမှ ရုတ်တရက်ရပ်လိုက်သည်။ ပုတ္တက ပီတမလ္လကို လှမ်းထိုးလိုက်သည်။ ပုတ္တ အခြေယိုင်သွားပေပြီ။ ပြေးရာမှ ရုတ်တရက်လှမ်းထိုးလိုက်သော လက်သီး သည် အားမရှိ။ ပီတမလ္လသည် သည်အခွင့်အရေးကို လက်လွှတ်ခံ၍ မဖြစ်။ သည်အခွင့်အရေး



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရလာဖို့အတွက် သူသည် ပထမအချီတွင် နှုတ်ခမ်း အကွဲခံထားရသည်။ သည်နေရာတွင် တစ်ကိုယ်လုံးရှိသမျှ စွမ်းအားအကုန်သုံးလိုက်လေမှ ....။ သူသည် ပုတ္တ၏လက်သီးကို လွှဲဖယ်ရင်းမှ ပုတ္တ၏ လွတ်ဟာသွားသော ရင်ဘတ်ရှိရာသို့ ညာခြေဒူးဖြင့် ခုန်တိုက်လိုက် သောအခါ ...။

သဲအိတ်ပေါင်းများစွာတွင် နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့သော ညာ ခြေဒူး။ သည်အပေါ်တွင် ထည့်သွင်းလိုက်သော တစ်ကိုယ်လုံး၏အား။ တော်ရုံတန်ရုံ လွှဲရမ်းလာသောသဲအိတ်တွေ ပေါက်သွားသည်အထိပင် စွမ်းနိုင်သော သူ၏ ညာခြေဒူး အား။ သည်အား၏ အရှိန်ကို ပုတ္တလို ရင်ဘတ် မျိုးက ခံနိုင်မည်တဲ့လား။ သည်ဒဏ်ကို ခံနိုင်ဖို့ဟူသည် ...။ ပုတ္တ၏ ရင်ဘတ် အလယ်ချိုင့်ဆီသို့ သူ၏ ညာဒူးခေါင်းသည် အဆီးအတားမရှိ အရှိန်ပြင်းစွာ ဝင်ရောက်သွားလိုက်နိုင်ကတည်းက လက်ဝှေ့ပွဲသည် ပြီးသွားပြီကို သူသိလိုက် သည်။

ပုတ္တသည် ဗိုင်းခနဲမြေပေါ်သို့ ပက်လက်လန်ကျသွားသည်။ ထို့နောက် ပုတ္တ၏ပါးစပ်မှ သွေးဆုပ်သွေးခဲတို့ ပေါက်ကွဲလွင့်ပျံထွက်လာပုံမှာ ကြည့်၍ပင် ကောင်းနေသေးတော့။ သူ့အတွက် ကြည့်၍ကောင်းနေသော် လည်း ပရိသတ်အတွက်မှာမူ မမျှော်လင့်သောမြင်ကွင်း။ သူတို့တိုင်းသားကို သည်လိုပုံစံနှင့် မမြင်မတွေ့လိုသော မြင်ကွင်း ...။

ပုတ္တသည် သွေးအိုင်ထဲ၌ လဲလျောင်းငြိမ်သက်နေလေပြီ။

ကြီးကြပ်သူ၏ ရေတွက်မှု ဆုံးသွားသော်လည်း ပုတ္တကား လှုပ်ရှား မလာတော့။ ပုတ္တ၏ အဖော်တွေသည် လက်ဝှေ့ဝိုင်းထဲသို့





အပြေးဝင်လာကြသည်။ ပုတ္တကို ထမ်းထုတ်သွားကြသည်။ သမားတော်ကြီးတွေကလည်း အပူတပြင်းနှင့် ဆေးကုပေးနေကြပြီ။လက်ဝှေ့ပွဲကြီးကြပ်သူက သူ့ညာလက်ကို ကိုင်မြှောက်၍ အနိုင်ပေးလိုက်သည်။ပရိသတ်အချို့ဆီမှ လက်ခုပ်သံတွေ ထွက်ပေါ်လာသည်။ သို့သော် အားရလောက်စရာမဟုတ်။ စင်မြင့်ထက်ဆီမှ မျက်နှာညှိုးနေသော သီဟိုဠ်တိုင်းဘုရင်ကြီးကို လှမ်းတွေ့နေရသည်။

မတတ်နိုင်။ အရှုံးအနိုင်ပြိုင်မှတော့၊ သူ မရှုံးလျှင် ကိုယ်အရှုံးပဲ။ သူ မနိုင်လျှင် ကိုယ် အနိုင်ပဲ။ သူ လက်ဝှေ့ရေးပြလိုက်သည်။ ထုံးစံအတိုင်း အဝါရောင်အလံကလေးသည် တလူလူ တဝဲဝဲ တလွင့်လွင့်။ သူ လက်ဝှေ့ ရေးပြပြီးသောအခါ သီဟိုဠ်တိုင်း ဘုရင်မင်းမြတ်ကိုယ်တိုင် သူ့အား အောင်လံတော်ဆုနှင့် ငွေသားကို ချီးမြှင့်လေသည်။ ဆုချီးမြှင့်ရင်းမှ သီဟိုဠ် တိုင်းဘုရင်ကြီး၏ ချီးမွမ်းစကားနှင့် အတူထွက်ပေါ်လာသော ချီးမြှင့်မှု တစ်ခု သည်ပင်လျှင် သူ့အတွက် ဘဝအပြောင်းအလဲတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်လေ ....။

"မောင်မင်းရဲ့ လက်ဝှေ့စွမ်းပကားကို ငါကိုယ်တော်မြတ်ကျေနပ် အားရလှပါပေတယ်။ သည်တော့ မောင်မင်း ဟိုတိုင်းသည်တိုင်းကူးပြီး လှည့်လည်လက်ဝှေ့ထိုးနေမယ့်အစား သီဟိုဠ်တိုင်းမှာပဲ နေပါ။ သီဟိုဠ်တိုင်း ဘုရင်ရဲ့ နန်းသုံးလက်ဝှေ့သမားအဖြစ် မောင်မင်းကို ဒီကနေ့ကစပြီး ခန့်ထားလိုက်ပြီ"



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၅)

နန်းတွင်းသုံး လက်ဖွေ့သမားအဖြစ်ပင် ချီးမြှောက်ခံခဲ့ရသော သူ့အောင်မြင်မှုကား မသေးလှ။ဘုရင်မင်းမြတ်၏ မြှောက်စားထားသော အရှိန်အဟုန်ကြောင့်လား မသိ။ သူ့ကို ဘယ်နေရာတွေ့တွေ့ အားလုံးက တရိုတသေရှိလှသည်။ သူ သည်လိုဘဝ၊ သည်လိုနေရာ၊ သည်လိုချီးမြှင့် မြှောက်စားခံရဖို့အတွက် ပုတ္တသည် သူ့ကို ယှဉ်ပြိုင်ထိုးသတ်ရင်းမှ အသက်ပင် ဆုံးသွားခဲ့ရရှာသည်။ ဤသည့်အတွက် သူ စိတ်မကောင်းပါ။ သို့သော် မတတ်နိုင်။ ထိုပွဲတွင် 'ပုတ္တ'မသေက သူ သေရမည်သာ။

တစ်ခါတစ်ခါတော့လည်း သူ စဉ်းစားကြည့်မိသည်။ တစ်ဖက်ပြိုင် ဘက်အပေါ် အနိုင်ရလိုမှုအတွက် သူ့ကိုယ်ကာယကို ကြံ့ခိုင်သည်ထက် ကြံ့ခိုင်အောင်၊ သန်စွမ်းသည်ထက် သန်စွမ်း





အောင် လေ့ကျင့်နေရသည်မှာ ရက်လနှစ်တွေ ရှည်လျားလာပေပြီ။ ငယ်စဉ်ကတည်းက သည်အသက်မွေး ဝမ်းကျောင်းလုပ်ငန်းတစ်ခုမှလွဲ၍ အခြား သူဘာမျှမလုပ်တတ်။ အချိန်ပြည့် လေ့ကျင့်၊ စိန်ခေါ်၊ ပွဲစောင့်၊ ပွဲတောင်း။ ထိုးသတ်၊ အရှုံးအနိုင်တွက်ချက်။ အခကြေးငွေရယူ၊ ထိုငွေကြေးဖြင့် ဘဝရပ်တည်။သည်လိုနှင့် သူ့ဘဝသည် ကြာတောင့်ကြာမြင့်လှချေပြီ။ သူ အသက်ကြီးသွားလျှင်ရော သည်လိုဆက် ထိုးသတ်၍ ရဦးမည်လော။ မရနိုင်တော့။ တော်ပါသေး၏။ သူ့လက်ဖွေ့ သရဖူသက်တမ်း နေမဝင်မီမှာပင် သူသည် သီဟိုဠ်တိုင်းဘုရင်၏ ချီးမြှောက် မှုဖြင့် နန်းတွင်းသုံး လက်ဖွေ့သမားဖြစ်ခဲ့ရသည်။ သည့်နောက် နောင်တက်လာမည့် လူငယ်လက်ဖွေ့သမားတွေကို သူ ဒိုင်ခံလေ့ကျင့်ပေးနေရသည်။ ထို့ကြောင့် သူသည် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင် မထိုးသတ်ရသောအချိန်၌လည်း လက်ဖွေ့နည်းပြဆရာတစ်ဦးအဖြစ် စားရေးနေရေးအဆင်ပြေနေလေသည်။ သို့မဟုတ်ပါက အိုမင်းချိန်အထိ စားဝတ်နေရေးအတွက် လက်ဖွေ့ထိုးသတ်နေရသည်ဆိုလျှင် သူ့ဘဝသည် တစ်ချိန်မဟုတ်တစ်ချိန် ရုတ်တရက်နေဝင်သွားရမည်ဖြစ်သည်။ ယခုတော့ ဘုရင်မင်းမြတ်နှင့် သီဟိုဠ်တိုင်းသားတို့ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

ဤသို့ဖြင့် နန်းတွင်းသုံး လက်ဖွေ့သမားအဖြစ် တာဝန်ထမ်းဆောင် နေရင်းမှ တစ်နေ့သ၌ သူသည် ဈေးလမ်းမတစ်နေရာ၌ တရားဟောသံ တစ်ခုကို ကြားလိုက်ရလေသည်။

**"ရဟန်းတို့၊ဤရုပ်ခန္ဓာသည် သင့်တို့ဟာ မဟုတ်ချေ။**



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

**ထိုရုပ်ခန္ဓာ (တွယ်တာနေသောတဏှာ)ကို ပယ်စွန့်ကြကုန်လော့။ ထိုသို့ပယ်စွန့်နိုင်ပါမူ သင်တို့ကား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွားချမ်းသာ အမှန်ပင် ဖြစ်လိမ့်မည်"**

တရားသံသည် သူ့နားစည်မြေးကို ရိုက်ခတ်လျက် သူ့နှလုံးအိမ် အထိ စီးဝင်သွားလေသည်။ သူသည် ထိုတရား၏ အဓိပ္ပါယ်ကို အထပ်ထပ် အခါခါစဉ်းစားကြည့်၏။ ဤရုပ်ခန္ဓာကြီးသည် ကိုယ့်ခန္ဓာ မဟုတ်ဘူးတဲ့၊ ခံစားရတာသည်လည်း ငါ(ကိုယ်တိုင်)မဟုတ်ဘူးတဲ့ ....။

ရုပ်ပိုင်းဆိုင်ရာတွေ သန်မာထွားကြိုင်း၊ ဖွံ့ဖြိုးလာအောင် နှင့် ခံနိုင်ရည်ရှိအောင် အချိန်ပြည့် အမြဲတစေလေ့ကျင့်နေရသော သူ့အဖို့ ဤတရားစကားသည် အထူးအဆန်းလို ဖြစ်နေသည်။ သူက သူ့ရုပ်ခန္ဓာကို သူ့အပိုင်ဟု ထင်နေသည်။တရားက သူ့အပိုင်မဟုတ်ဟု ဆိုသည်။သူက ခံစားရသမျှသည် သူခံစားနေရသည်ဟု ထင်သည်။ တရားက ခံစားရသမျှသည် ငါ(ကိုယ်ပိုင်) မဟုတ်ဘူးတဲ့။ ဘယ်လိုပါလိမ့်။ သူ ဝေခွဲမရဖြစ်ပြီ၊ စဉ်းစားရင်းမှပင် တရိပ်ရိပ်ဖြင့် သူ့စိတ်ထဲ အဖြေတစ်ခုခုတွေ့သလို ထင်လာရသည်။ သူ့ဘဝကို သူပြန်တွေးဆသည်။ လက်ဝှေ့ထိုးသတ်တိုင်း နာကျင်ခဲ့ရသော နာကျင်မှုတို့သည် သူ့ခန္ဓာကိုယ်ပေါ်မှာ အမြဲတမ်းနေနေသလား။ ဆေး လိမ်း၊ ဆေးသောက်၊ အနားပေးလိုက်လျှင် ပျောက်သွားသည်သာ။ ပျောက် သွားပြီးလျှင် တစ်ခါပြိုင်ပွဲဝင်ပြန်။ နာကျင်ရပြန်။ ဆေးလိမ်း၊ ဆေးသောက်၊ နားလိုက်ပြန်တော့ ပြန်ပျောက်သွားရပြန်။





ဟုတ်ပြီ။ ဒါဆိုရင် နာကျင်မှု၊ ခံစားမှုဝေဒနာသည် ကိုယ့်အနားမှာ အမြဲမနေ။ အမြဲတမ်းလည်း မခံစားရ။ သို့ဆိုလျှင် နာကျင်မှုသည် ငါ (ကိုယ်ပိုင်)မဟုတ်တာ သေချာပြီ။ ဒါပေမယ့် သူ့ရုပ်ခန္ဓာကတော့ သူနှင့် အတူရှိနေတာပဲ။ သူပိုင်မဟုတ်လို့ ဘယ်သူ့အပိုင်ဖြစ်မှာလဲ။ ဒါကိုတော့ သူရှင်းရှင်းလင်းလင်း မသိနိုင်သေး။ သည်တရားစကားတစ်ခွန်းသည် သူ၏ ဘဝကို အပြောင်းအလဲတစ်ခု ထပ်မံဖြစ်ပေါ်စေပြန်သည်။

သည်တရားဓမ္မသည် အမှန်တွေဖြစ်မည်။ သူသည် ထိုတရား၏ အဓိပ္ပါယ်တွေကို အပြည့်အဝခံစားနားလည် သိမြင်ချင်လာသည်။ သို့ဆိုလျှင် သူသည် လက်ဝှေ့သမားကြီးဘဝနှင့် အရှိုးထုတ်နေက သိခွင့်ရမည်မဟုတ် တော့။ တရား၏ နက်နဲသိမ်မွေ့သော သဘောတွေကို သူ အပြည့်အဝသိချင်လာသည်။ ထို့ကြောင့် သူသည် တရားဓမ္မတို့ကို အချိန်ပြည့်သိခွင့်ရနိုင်မည့် နေရာနှင့်ဘဝကို ရွေးချယ်လိုက်မိသည်။

သူ၏ ခြေလှမ်းများသည် လက်ဝှေ့ရုံမှသည် မဟာဝိဟာရကျောင်းတော်ဆီသို့။

သူ၏ဘဝသည်လည်း လက်ဝှေ့သမားကြီးမှသည် ရဟန်းဘဝဆီသို့။

"လက်ဝှေ့သမားကြီး ပီတမလ္လတစ်ယောက် ရဟန်းပြု လိုက်ပြီဟေ့" ဆိုသော သတင်းစကားသည် သီဟိုဠ်တိုင်းတစ်ခွင်လုံး ပျံ့နှံ့သွားသည်။ အားလုံးက ရင်သပ်ရှုမောအံ့သြကုန်ကြသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ဓမ္မာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

"ဘယ်လိုက ဘယ်လို မျက်စိလည်သွားသလဲ မသိဘူး နော်။လက်ဝှေ့သမားကြီးဘဝကနေ ရတ်တရက်ကြီး ရဟန်းဖြစ် သွားရတယ်လို့"

"သူများကို နိုင်တာများခဲ့လို့ ပြန်ရှုံးရမှာကြောက်လို့ ထင်ပါရဲ့၊ ရှောင်ပြေးသွားတာပါကွာ"

အသံတွေက မျိုးစုံထွက်လာသည်။သို့သော် သူသည် ထိုအသံများကို အာရုံမပြုမိတော့။ သူ အာရုံပြုမိသည်မှာ ဘုရားရှင်၏ တရားဒေသနာ တော်များသာတည်း။ မဟာဝိဟာရ ကျောင်းတိုက်မှ မထေရ်ကြီးများကလည်း သူ့အပေါ် အထူး ဂရုစိုက်၍ တရားတော်များ သင်ကြားပြသပေးကြလေသည်။ သူသည် ဝိနည်းဥပဒေပိုင်းကို အထူးဂရုပြု၍ သင်ကြားသည်။ ဝါတော်အနည်းငယ်ရသောအခါ အဖော်ရဟန်းသုံးကျိပ်နှင့်အတူ "ဂဗလဝါလိယ အင်္ဂဏ" အရပ်သို့ ကြွသွားသည်။ ထိုအရပ်၌ပင် သမထ၊ ဝိပဿနာတရားများကို နေ့ညမပြတ် ကြိုးစားအားထုတ် လေတော့သည်။





(၆)

အချိန်မည်မျှကြာသွားသည်မသိ။ အတွေးတွေဖြင့် လွင့်မျောသွားလိုက်တာ။ ခုနက မှတ်စိတ်သည်ပင် ဘယ်ပျောက် သွားသလဲ မမှတ် မိတော့။ သူတွေးခဲ့သော သူ့ဘဝပုံရိပ် ဖြစ်စဉ် တန်းကြီးသည် သူသတိရ လိုက်ချိန်တွင် တိခနဲပြတ်ကျ ရပ်တန့် သွားတော့သည်။

ဩော် ..သတိကလေး တစ်ချက်လွတ်ရုံဖြင့် တစ်ဘဝ စာလုံး ဖြစ်သမျှပုံရိပ်တွေက အစီအရီဝင်လာလိုက်ကြတာ။ မရေမတွက်နိုင်သော ပုံရိပ်တွေသည် စိတ်အစဉ်တန်းတွေအဖြစ် ဆက်ကာ ဆက်ကာ ပေါ်လာလေ သည်။ယခုတော့ ထိုပုံရိပ်တို့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည့် မှတ်စိတ်၏မျက်မှောက်တွင် တုံ့ခနဲရပ်ကာ ကွယ်ပျောက်သွားကြပေပြီ။

ပျံ့လွင့်နေသော စိတ်တွေကို တဖြည်းဖြည်းချင်း ပြန်လည်စုစည်းလိုက်မိသည်။ တွေးနေသောအတွေးကို "တွေးတယ်၊ တွေးတယ်"ဟု ဆက်ကာ ဆက်ကာ မှတ်လိုက်ရသည်။ထိုင်နေသည့် အချိန်မှာလည်း ကြာမြင့် လာပြီဖြစ်သည်။ စကြံလျှောက်ရန် သူစိတ်ကူးမိလိုက်သည်။

သည်တော့မှ ခန္ဓာကိုယ်နေရာအနှံ့ နာကျင်နေသမျှတို့သည် ထင်ထင်ရှားရှားပေါ်လာတော့သည်။ခုနကတော့ သမာဓိ၏ အရှိန်ဖြင့် နာကျင်ကိုက်ခဲနေမှုတို့သည် ငုပ်နေသလို ဖြစ်နေသည်။ သူစကြံလျှောက်ရင်း ရှုမှတ်ခဲ့သည်မှာ မနည်းတော့ပေ။ ထိုင်လျက်ရှုမှတ်သည့် အချိန်များ၌ ထိုင်းမှိုင်း ငိုက်မျဉ်းမှု၊ ထိနမိဒ္ဓတွေ ဝင်လာတိုင်း သူသည် စကြံလျှောက်၍ ရှုမှတ်လေ့ရှိသည်။ စကြံလျှောက်၍ ရှုမှတ်ခဲ့လွန်းသဖြင့်လည်း သူ့ခြေဖဝါးတွေသည်ပင် ကျိန်းစပ်နေပေပြီ။ ခြေတစ်ဖဝါးချရန်ပင် သူ့အတွက် အခက်အခဲဖြစ်နေသည်။

သို့သော် သူအားမလျှော့။ နာကျင်ခံခက်မှုကို ဦးစားပေး၍ ထိုင် လျက် မှိန်း၍မှတ်နေလျှင် ကြာလျှင် ထိနမိဒ္ဓဝင်မည်။ သက်သက်သာသာ နေလျှင် သူသည် တရားရဖို့ လွဲချော်ပေတော့မည်။ နာကျင်ခံခက်မှုကို ရှုမှတ်ရင်းမှပင် သူသည် ခြေဖဝါးအစား ဒူးနှစ်ဖက်ထောက်၍ စကြံလျှောက်ကြည့်သည်။

ထိမှု၊ သိမှု။





သည်ဒူးနှစ်ဖက်သည် တစ်ချိန်က သူ လက်ဝှေ့သမားကောင်း ဖြစ်ရန်အတွက် နှစ်ရှည်လများ အထူးလေ့ကျင့်ထားခဲ့သော ဒူးနှစ်ဖက်ပင်။ ဟိုတုန်းက သူများအပေါ် အနိုင်ရဖို့သည် ဒူးနှစ်ဖက်ကို လေ့ကျင့်ထားခဲ့ သမျှတွေသည် ယခုအခါ ကိုယ့်ခန္ဓာအိမ်ပေါ်က ရုပ်တရား၊ နာမ်တရားတို့၏ သဘောသဘာဝများကို ရှာဖွေလေ့လာဖို့အတွက် အထောက်အကူပစ္စည်း ဖြစ်လာပေပြီ။

တိတ်ဆိတ်ငြိမ်သက်နေသော ည။ ထိုညက လသာနေလေသည်။ လသာနေသဖြင့် ချောင်းစပ်သဲသောင်ခင်းတွင် ဒူးနှစ်ဖက်ဖြင့် စကြံလျှောက် နေသော သူ့ဘဝမှာ ငြိမ်းချမ်းလှပါဘိ။ သီတင်းသုံးဖော် ရဟန်းသုံးကျိပ်တို့ သည်လည်း သူ့နေရာနှင့်သူ တရားအားထုတ်နေကြသည်။

သူသည် ဒူးနှစ်ဖက်ကို အားပြု၍ သဲသောင်ပြင်တန်းပေါ်၌ ခေါက်တုံ့ ခေါက်ပြန် စကြံလျှောက်နေမိသည်။ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်" ခုနက အတွေးဝင်လာသဖြင့် လွင့်ပျံ့သွားသော အာရုံတို့၏ နေရာတွင် မှတ်စိတ်တွေဖြင့် အစားထိုးပေးနေရသည်။ သည်တုန်းမှာပင် "ဝုစ်"ခနဲ အသံတစ်ခုကို သူကြားလိုက်ရလေသည်။

အသံသည် ထွက်ပေါ်ရာအရပ်၌ပင် ပျောက်ဆုံးသွား သည်ဟု သူ ထင်လိုက်မိသည်။သို့သော် အသံနှင့်အတူ လေးလံသော အရာဝတ္ထုကြီး တစ်ခုက သူ့ရင်ဝကို လာဆောင့်သည်။ ထိုအရာဝတ္ထုကြီးသည် သူ့ရင်ဝကို ဖောက်ထွင်းသွားလေတော့သည်။ ထိုအခါမှ သူသည် လုံ့သွားရှည်ဖြင့် ပစ်ခတ်အထိုးခံလိုက်ရပြီဖြစ်ကြောင်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သိသွားတော့သည်။ သူသည် စင်္ကြံလျှောက်နေရာမှ သဲသောင်ခုံပေါ်သို့ ပက်လက်လန်လဲကျသွားသည်။ နာလွန်း၍ သူတစ်ချက်အော်လိုက်မိသည်။

သူ့အော်သံကြောင့် အနီးအနားမှ တရားအားထုတ်နေကြသော သီတင်းသုံးဖော်တို့သည် သူ့ထံ ပြေးလာကြသည်။ သောင်ပြင်သွေးပွက်အိုင် ထဲ၌လဲနေသောသူ့ကို ဖေးမထူပွေ့ကြသည်။

"အရှင် ပီတမလ္လ၊ အရှင် .. အရှင်သတိထား"

သတိ။ ဟုတ်သည်။ သတိထားရမည်။ ယခုအချိန်မှစ၍ သူသည်သတိကို လက်လွှတ်ခံ၍ မဖြစ်တော့။ ချောင်းတစ်ဖက်ကမ်းမှ လုံ့ပိုင်ရှင်မုဆိုးသည်လည်း ကြောက်လန့်တကြား ထွက်ပြေးလေပြီ။ လရောင်အောက် သဲသောင်ပြင်ပေါ်တွင် ဒူးနှစ်ဖက်အားပြု၍ စင်္ကြံသွားနေသော သူ့ကို သားကောင်အမှတ်ဖြင့် မှားယွင်းထင်မှတ်ကာ လုံ့သွားရှည်ဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်မည်။

မပြေးသော်လည်း ကန်ရာရှိခဲ့ပေပြီ။သူသည် ဝိပါက်ကြမ္မာဆိုသည် ကို ရုတ်တရက်နားလည်လိုက်သည်။ ဘုရားရှင်၏ ဝိပါက်တော်(၁၂)ပါးနှင့် ပတ်သက်၍ ဓမ္မဝိဟာရကျောင်းတိုက်မှ ဥပဇ္ဈာယ်အရှင်မြတ်တို့၏ သင်ကြား ပို့ချချက်တွေကို ပြန်လည်ကြားယောင်လာသည်။ ဘုရားရှင်ဘဝတွင် ခါးနာခြင်း ဝေဒနာကို ခံရသောကာယိကဒုက္ခ။ ထိုဒုက္ခသည် ဘုရားရှင် မဖြစ်မီ တစ်ခုသောဘဝဆီက လက်ဝှေ့သမားဖြစ်ခဲ့ဖူးသော အကြောင်းနှင့်





ဆက်စပ် နေသည်။ လက်ဝှေ့သမားဘဝက ပြိုင်ဘက်ကို စင်ပေါ်မှကန်ချရင်း ခါးကျိုး သွားအောင်လုပ်ခဲ့သော အကြောင်းဝိပါက်သည် အကျိုးတရားအဖြစ် ဘုရားရှင် ဖြစ်လာသည့် ဘဝသို့ လိုက်ပါလာခဲ့သည်။ ဘုရားရှင်တောင်မှ သည်ဝိပါက်၊ ကံကြမ္မာတို့၏အကျိုးကို ခံရသေးလျှင် သူလို သာမန်ပုဂ္ဂိုလ်မှာ ပို၍ပင် ခံထိုက်သေးတော့သည်။

ထိုသောအခါ သူသည် "ပုတ္တ"ကို ပြန်မြင်ယောင်သည်။ သူ၏ပြင်းထန်လှသော ညာဘက်ဒူးချက်ကြောင့် သွေးပွက်ပွက်အန်၍ လက်ဝှေ့ ထိုးဝိုင်းအတွင်း၌ သေဆုံးသွားသော "ပုတ္တ"။ ထိုစဉ်က အောင်နိုင်သူအဖြစ် လက်ပမ်းပေါက်ခတ် ပျော်မြူးခဲ့သော သူ။ယခုတော့ ထိုဒူးနှစ်ဖက်ကို အမှီပြု၍ စင်္ကြံလျှောက်နေစဉ်မှာပင် မုဆိုးတစ်ယောက်၏ လုံ့သွားက ရင်ဝကို ထုတ်ချင်းခတ်ဖောက်ကာ သူ့ကို သွေးအိုင်ထဲ လဲစေခဲ့ပြီ။ သူ့ပါးစပ်မှ သွေးတွေ တပွက်ပွက်အန်ကျနေချိန်တွင် သူ့အာရုံရိပ်၌ "ပုတ္တ" တစ်ယောက် သူ့ ဒူးချက်ဖြင့် သွေးပွက်ပွက်အန် သေဆုံးနေပုံကို ပြန်မြင်ယောင်လာသည်။

အတိတ်ပုံရိပ်သည် တဖြည်းဖြည်းပေါ်လာရင်းမှ တဖျပ်ဖျပ်ပျောက်ဆုံးသွားပြန်သည်။ သူ့ရင်ဝသည် အဆမတန် နာကျင်နေ၏။ သည်ဝေဒနာကို လက်လွှတ်ခံ၍ မဖြစ်။ သူသည် သည်ဒဏ်ရာဖြင့်ပင် မကြာမီ အသက်ဆုံးရှုံးရပေတော့မည်။ ဤသည်ကိုလည်း သူ သိနေပြီ။ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် သူ သတိထားလိုက်သည်။ သွေးပွက်ပွက်ထွက် နေသော သူ့ပါးစပ်မှ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထွက်လာသော စကားလုံးတွေသည် တစ်ချက် တစ်ချက် မပီမသဖြစ်နေပေပြီ။

“အရှင်ဘုရားတို့ . . . တပည့်တော် ရင်ဝက လုံကြီးကို ဆွဲထုတ်ပေး ကြပါ။ပြီးတော့ ဒီသွေးတွေထွက်နေတဲ့ လုံပေါက်ရာကြီးကို ရသမျှမြက်ခြောက် တွေနဲ့ ပိတ်ဆို့ပေးကြပါ”

သီတင်းသုံးဖော် ရဟန်းတို့လည်း သူ့ဆန္ဒအတိုင်း အလျင်အမြန် ဆောင်ရွက်ကြလေသည်။ ကျောဘက်ဆီသို့ ထုတ်ချင်းပေါက်သွားသော လုံကို ဆွဲနုတ်နေစဉ် သူ့မှာ အသည်းခိုက်အောင် နာကျင်လှသည်။ ထို နာကျင်မှုဝေဒနာကြီးကို သူသည် တည့်တည့်ရှုမှတ်နေမိသည်။ သတိကား ဘယ်ဆီကိုမျှ ထွက်မသွားတော့။ နာကျင်မှုဝေဒနာကလည်း ထင်ရှားလွန်းသဖြင့် သတိသည် ထိုအာရုံပေါ်၌ ကပ်ထားသည်သို့ရှိသည်။ သူ့ရင်ဘတ်ကို မြက်ခြောက်တို့ဖြင့် ဆို့ပိတ်ပြီးသောအခါ သီတင်းသုံးဖော် ရဟန်းတွေကို သူတောင်းဆိုလိုက်သည်။

“အရှင်ဘုရားတို့၊တပည့်တော်ကို ဟောဟိုကျောက်ဖျာကြီးပေါ်မှာ တင်ထားပေးခဲ့ကြပါ။ အရှင်ဘုရားတို့လည်း ကိုယ့်နေရာကိုယ်သွားပြီးတော့ ကိုယ့်တရားကိုသာ ရှုမှတ်တော်မူကြပါဘုရား။ တပည့်တော်ကိုလည်း အခု အချိန်မှာ လွတ်လွတ်လပ်လပ် ရှုမှတ်နိုင်အောင် အခွင့်ပေးတော်မူကြပါ”

သီတင်းသုံးဖော် ရဟန်းတို့သည်လည်း သူ့ဆန္ဒကို ဖြည့်ဆည်းသည့် အနေဖြင့် သူပြောသည့်အတိုင်း ဆောင်ရွက်ကြသည်။သူ့ကိုပွေ့ချီကာ ကျောက်ဖျာပေါ်သို့ ဖြည်းညင်းညင်သာစွာ





ပွေ့တင်ကြသည်။ ပြီးတော့ သူ့ကို ထားလျက် သူတို့၏ တရားအားထုတ်ရာ နေရာအသီးသီးသို့ ထွက်ခွာသွားကြလေသည်။

ယခုတော့ ကျောက်ဖျာကြီးပေါ်တွင် သူတစ်ယောက်တည်း . . . ။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၇)

မကြာမြင့်တော့သော အချိန်တွင် သူအမှန်တကယ် သေဆုံးရတော့ မည်ဖြစ်သည်။

ဤသည်မှာ မလွဲမသွေသေချာနေပြီ။ အဘယ်ကြောင့် ဆိုသော် သူ့တွင် သေလောက်သောဒဏ်ရာ ရရှိထားပြီးဖြစ်၍ပင်။ ယခု သူ့အနားတွင် မည်သူမျှမရှိ။ တစ်လောကလုံးတွင် သူတစ်ယောက်တည်း ရှိနေဘိသကဲ့သို့။

သီတင်းသုံးဖော် ရဟန်းတို့သည်လည်း သူ့ဆန္ဒကို ဖြည့်စွမ်းသော အားဖြင့် သူ့ကို ကျောက်ဖျာထက် ပက်လက်လှန်တင် ထားရစ်ကာ ထွက်ခွာ သွားနှင့်ကြပြီ။ သူကလည်း သီတင်းသုံးဖော် တွေကို ‘ထားခဲ့ပါ’ဟု ကတိက ဝတ် တောင်းခဲ့ပြီးပြီ မဟုတ်လော။





ယခုအချိန်တွင် သေကောင်ပေါင်းလဲ ဒဏ်ရာနှင့်သူ့ကို မည်သူက ဖေးမကူညီမည်နည်း။ မည်သူမျှ မကူညီနိုင်။ ပြင်းထန်လှသော ဒဏ်ရာ အရှိန်အဟုန်ကြောင့် သူ့ကိုယ်ကို မတ်မတ်ရပ်ဖို့ပင် သူ့ခြေလက်တို့က မကူညီ နိုင်တော့ပါလား။ သူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းများသည် ယခင်က အသုံးဝင် သန်စွမ်းခဲ့သလောက် ယခုတော့ ဘာမျှအစွမ်းအစ မရှိတော့သလိုပါလား။

သူ့နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာတွင် သိမ်းဆည်းထားသော စကားလေးတစ်ခွန်းသည် ဖျတ်ခနဲအသံထုတ်လွှင့်ပေးလိုက်သလို သူကြားလိုက်ရသည်။

“ရုပ်ခန္ဓာဟူသည် သင်တို့ကိုယ်ပိုင်မဟုတ်။ ထိုရုပ်ခန္ဓာပေါ်၌ စွဲလမ်းတွယ်တာနေသော တဏှာကို စွန့်လွှတ်ကြလော့”

ဘုရားရှင်ကိုမမီခဲ့၊ မဖူးမြော်ခဲ့ရသော်လည်း ဘုရားရှင်သည် နူးညံ့ချိုသာသော အသံတော်ဖြင့် သူ့အနား လာပြောနေဘိသကဲ့သို့ သူခံစား နေရသည်။ ဓမ္မပီတိကြောင့် ဖြစ်လာသော မျက်ရည်စတို့သည် မျက်ဝန်း နှစ်ဖက်၌ ရစ်ဖွဲ့သီးခိုလာလေသည်။ စို့တက်လာသော မျက်ရည်စတို့ဖြင့် ပရိနိဗ္ဗာန်ပြုခဲ့ပြီးဖြစ်သော ဘုရားရှင်ကို ရည်မှန်း၍ အာရုံပြုမိရင်းမှ စိတ်ထဲမှ လျှောက်ထားနေမိသည်။

“ရုပ်ခန္ဓာဟူသည် ကိုယ်ပိုင်မဟုတ်မှန်း တပည့်တော်ဘဝနှင့် တစ် ထပ်တည်း သိနေပါပြီ အရှင်ဘုရား။ ရုပ်ခန္ဓာပေါ်၌ စွဲလမ်းတွယ်တာ မက်မော ခဲ့သော တဏှာဟူသည့် သဘောသဘာဝကြီးကိုလည်း တပည့်တော် မျက်မြင်ဒိဋ္ဌ တွေ့နေရပါပြီ အရှင်ဘုရား။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဟောကြားခဲ့သော အဆုံးအမတရားတွေကို တပည့်တော်တို့အတွက် ချန်ထားရစ်ကာ ပရိနိဗ္ဗာန်စံဝင်တော်မူသွားပြီဖြစ်သော အရှင်ဘုရား၏ ကျေးဇူးတော် အနန္တကိုလည်း ယခုအခါ တပည့်တော် မည်သို့ဆပ်ရမည်ပင် မသိတော့ပါဘုရား။ ကျေးဇူးတော်အနန္တဆိုသည့်အတိုင်း အရှင်ဘုရား၏ ကျေးဇူးတွေမှာ များပြားလှပါသည်ဘုရား။ အရှင်ဘုရား၏ ကျေးဇူးတရားကို ဆပ်သောအားဖြင့် တပည့်တော်သည် အရှင်ဘုရား၏ အဆုံးအမကို တပည့်တော်အသက်နှင့်ခန္ဓာ နောက်ဆုံးတွဲယှဉ်နေသည့် အချိန်ထိ တလေးတမြတ် နားထောင်ရင်းမှ အရှင်ဘုရားအဆုံးအမအတိုင်း ရသမျှအချိန်လေး အတွင်းမှာ တရားကို အစွမ်းကုန်ကြိုးစားအားထုတ်သွားပါတော့မည်ဟု တပည့်တော် အဓိဋ္ဌာန်ပြုပါသည် အရှင်ဘုရား''

သစ္စာလေးပါးမြတ်တရားကို ထုတ်ဖော်ညွှန်ပြ ဟောကြားသွားခဲ့သည့် မြတ်ဘုရားရှင်၏ အနန္တကျေးဇူးတော်များကို အာရုံပြုကြည်ညိုလိုက်မိသောအခါ သူ့ဒဏ်ရာသည်ပင် တစ်ဝက်သက်သာသွားသည်သို့ရှိသည်။ စိတ်အစဉ်သည် လင်းထင်ကြည်စင်သွားပေပြီ။

ပက်လက်လှန်ထားသဖြင့် ကောင်းကင်ပြင်ကြီးသည် သူ့ကိုစီးမိုး ထားသကဲ့သို့ ရှိနေသည်။ နက်မှောင်သော ကောင်းကင်ပြင်ကြီးတွင် လမင်းကြီးသည် ထိန်ထိန်သာနေသည်။ ကြယ်တာရာတို့သည် ဟိုတစ်စ၊ သည် တစ်ပွင့်ဖြင့် စိန်မှုန်တွေ ကြဲပက်ထားသလိုပင်။ သည်တော့မှ သူသည် အာကာသ၏သဘောကို





တွေးတောဆင်ခြင်မိ၏။ ''အာကာသ–ဓာတု'' ဟူသည့် အဓိပ္ပါယ်ကို သူဆင်ခြင်မိ၏။

''ရုပ်ကလာပ်မှုန့်ချင်း ဟင်းလင်းဖြစ်ခြင်း၊ မရောမယှက်ပိုင်းခြား ခြင်းသဘော''

ထို့ကြောင့်ပင်လျှင် သူ၏ခန္ဓာအိမ်အတွင်းသို့ လုံသွားကြီးက ထုတ်ချင်းပေါက်ဝင်ရောက်နိုင်ခဲ့သည် မဟုတ်လော။ ရုပ်ကလာပ်မှုန့်တွေသည် တစ်စု၊ တသီးတခြားစီပေပဲ၊ စုစည်းပေါင်းစပ်ထား၍သာ အပေါင်းအစု–ကာယဖြစ်နေခြင်း မဟုတ်လော။

ဆင်ခြင်မှုနှင့် ရှုမှတ်မှုတို့သည် သူ့အာရုံတွင် ရောထွေးယှက်တင် ဖြစ်နေ၏။ သူ့တွင် အချိန်မရှိတော့ပြီ။ အချိန်တွေနည်းလွန်းမက နည်းနေပေပြီ။ သည်အချိန်သည် သူ သင်ယူခဲ့ရသော အဘိဓမ္မာသဘော တွေကို ဆင်ခြင်တွေးဆနေဖို့ မဟုတ်တော့။

ရှုမှတ်မှုကို အဓိကထားရတော့မည်။ ဒဏ်ရာနာကျင်မှုအပေါ်၌ စူးစူးစိုက်စိုက် သူကြည့်မှ ဖြစ်တော့မည်။ အာရုံကို တည့်ပေးလိုက်သောအခါ ရှုမှတ်စိတ်သည် အားကောင်းလာသည်။ နာကျင်မှုမှသည် ဝေဒနာဟူသော ခံစားနေရသည့် သဘောကို သူတွေ့ရသည်။ သည့်နောက် ခန္ဓာငါးပါးကို တစ်ခုချင်းစီ စရိုက်တစ်မျိုးစီ သူ ခွဲခွဲခြားခြားမြင်လာသည်။

ခံစားနေရသည့် ခံစားမှု။

ခံစားနေရသည်ကို သိနေမှု။

ခံစားနေခြင်းကိုပင် ပြုပြင်ပေးနေမှု။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခံစားနေသည်ကိုပင် မှတ်သားသိမ်းဆည်းနေမှု။

ခံစားနေရအောင် ဖောက်ပြန်ပေးရသည့် ရုပ်တရား။

သူသည် နာမ်ခန္ဓာလေးပါးနှင့် ရုပ်ခန္ဓာတစ်ပါးတို့ကို တစ်ခုချင်းစီကြည့်သည်။ ပြီးတော့ သူတို့ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်နေပုံကို မြင်လာသည်။သူတို့ တစ်ခုချင်းစီ လှုပ်ရှားမှုများကို တွေ့လာသည်။ ဖောက်ပြန်မှုကြောင့် ခံစားရ၊ ခံစားမှုကြောင့် မှတ်သားပေးရ၊ မှတ်သားသမျှ သိခွင့်ရ၊ သိခွင့်ရသမျှ ပြုပြင်ပေးနေရ။ တစ်သိပြီး တစ်သိ။

အသိတွေ တစ်ခုပြီးတစ်ခု ဖြစ်လာသည်။ လှုပ်ရှားပုံ၊ ပြောင်းလဲပုံ၊ ကိုယ့်စရိုက်၊ ကိုယ့်ပုံစံအတိုင်း လှုပ်ရှားနေကြပုံတို့ကို အပိုင်းပိုင်းအစစဖြင့် သူမြင်လာသည်။ သူတို့ သရုပ်ပြနေသည်ကို သူက ထိုင်ကြည့်နေရသလို ဖြစ်လာသည်။ ထိုအခါ သူသည် လုံ့ထိုးခံရသောဝေဒနာရှင် မဟုတ်တော့။ နာကျင်မှုက သပ်သပ်၊ သူက သပ်သပ်ဖြစ်သည်။ တစ်ဖန် နာကျင်မှုက သပ်သပ်၊ ခံစားမှုက သပ်သပ်ဖြစ်သည်။ ခံစားမှုသည်လည်း သူမဟုတ်တော့ ပြန်။ ရှုမှတ်ရင်းမှပင် 'သူ' ပျောက်သွားလေသည်။ 'သူ'မရှိတော့ပြီ။

ကဲ ‥ ဘယ်မှာလဲ 'ငါ' …

သူသည် မရှိခြင်းကို အရှိလုပ်ခဲ့သည်မှာ တစ်ဘဝလုံး ပါလား။ ခံစားမှုကို ကြည့်ရင်းမှ ခန္ဓာငါးပါး ကွဲပြားပုံကို သူမြင်သည်။ ခန္ဓာငါးပါး ကွဲပြားပုံကို တစ်ခုချင်းစီ မြင်ရင်းမှ ငါမရှိခြင်းကို တွေ့မြင်ခွင့်ရပြီ။ငါ မရှိခြင်းကို တွေ့မြင်သောအခါ စွဲလမ်းမှု တဏှာသည် သူ့အလိုလိုနေရာမယူနိုင်တော့ပြီကို အမြင်တွင် ရှင်းလာ





သည်။

မရှိခြင်းကို တွေ့ရာမှ အနိစ္စလက္ခဏာကို သူသဘော ပေါက်လာသည်။

အတ္တ မရှိတော့သောအခါမှ အနတ္တလက္ခဏာသည် ထင်လင်းလာသည်။

သုခ မရှိပါလားဟု သဘောပေါက်သောအခါမှ ဒုက္ခ လက္ခဏာကို တွေ့မြင်လာသည်။

အနိစ္စ၊ဒုက္ခ၊အနတ္တ လက္ခဏာကြီးသုံးပါးကို အပြန်ပြန် အလှန်လှန် ရှုမှတ်သုံးသပ်နေမိတော့သည်။

အလို ထိုသို့သုံးသပ် ဆုံးဖြတ်နေခြင်းသည်ပင်လျှင် 'သူ' မဟုတ်ပါ တော့လား။ 'ငါ'မဟုတ်ပါတော့လား။ 'ငါ'မြင်တယ်၊ 'ငါ'သိခွင့်ရနေတယ် မဟုတ်တော့ပါလား။တွေ့နေသော ဉာဏ်သည် ပင်လျှင် အကြောင်းဆုံခိုက် အခိုက်အတန့်ပေါ်လာသော အသိ တရားလေး တစ်ခုပါလား။ဉာဏ်သည်လည်း အနတ္တ။

ဉာဏ်သည်ပင်လျှင် သင်္ခါရ။

ထိုအခါ သင်္ခါရတရားကြီးကို သင်္ခါရတရားကပင် ရှုမှတ်နေခြင်းပင် ဖြစ်တော့သည်ဟု အကြွင်းမဲ့လက်ခံလိုက်ပြီး သောအခါ ….။

အချိန်မည်မျှ ကြာသွားပြီကို မသိလိုက်ရတော့ပါ။ ချောင်းဟန့်သံကလေးကို ပထမသဲ့သဲ့ကြားသလိုရှိသည်။ နောက် တော့ ချောင်းဟန့်သံ ကလေးကို ကြားရပြီဟု သိလိုက်သည်။ မိုတ်ထားသော မျက်လုံးအစုံကို အမှတ်သတိဖြင့် ဖြည်းညင်းစွာ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ဖွင့်ကြည့်လိုက်မိသည်။ သီတင်းသုံးဖော် ရဟန်းအချို့၏ မျက်နှာသည် သူ့အပေါ်၌ စီးမိုးထားသည်ကို ပီတမလ္လ မထေရ်မြတ်သည် တွေ့မြင်လိုက်ရလေသည်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တတို့ဖြင့် ပြည့်စုံ တော်မူသော ဘုရားရှင်၏ အဆုံးအမကို ဘုရားသားတော်ပီသစွာ အသက်နှင့် စောင့်ထိန်းကျင့်ကြံခဲ့ပြီဖြစ်၍ အကျိုးများခဲ့ရပြီဖြစ်သော သူဖြစ်စဉ်ကို သိစေဖို့ သီတင်းသုံးဖော် ရဟန်းတို့အား ဖွင့်ပြောရန် ပီတမလ္လ မထေရ်မြတ်သည် စိတ်ကူးရလိုက်မိသည်။ ပွေ့ထူဖေးမမှုကြား အားယူရင်းမှ တည်ငြိမ်လေးနက် သော အသံတော်ဖြင့် ဥဒါန်းကျူးရင့်တော်မူလေသည်။

**“ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ၊ သဗ္ဗလောကဂ္ဂ ဝါဒိနော။**
**န တုမှာကံ မိဒံ ရူပံ၊ တံ ဇဟေယျာထ ဘိက္ခဝေါ။”**

“ငါ့ရှင်တို့ တစ်လောကလုံးတွင် အမြတ်ဆုံးသော အယူဝါဒရှိ တော်မူ၍ အမြတ်ဆုံးသော တရားဓမ္မကို ဟောကြားတော်မူတတ်သော ဘုရားမြတ်စွာ၏ တပည့်တော်အတွက် ပေးသနားတော်မူခဲ့သော မိန့်ခွန်း တော်မှာ ‘ရဟန်းတို့၊ ဤရုပ်ခန္ဓာသည် သင်တို့ဟာ မဟုတ်ချေ။ ထိုခန္ဓာ၌ တွယ်တာနေသော တဏှာကို ပယ်စွန့်ကြကုန်လော့’ဆိုတဲ့ တရားတော်ပဲဖြစ်ပါတယ်ဘုရား”

**အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ၊ တေသံ ဝူပသမော သုခေါ။”**

“ငါ့ရှင်တို့၊ ဖြစ်ပျက်မှုသဘောမျှသာရှိသော သင်္ခါရ





တရားတို့သည် အမြဲမရှိပါ။ တပည့်တော် သန္တာန်၌ရှိသော ရုပ်နာမ် သင်္ခါရတရားတွေဟာ လည်း ဖြစ်ပြီး ချုပ်ပျောက်ကုန်ကြပါတယ်၊ တပည့်တော်မှာ ထိုသင်္ခါရဓမ္မ အားလုံး၊ ခဏမစဲ တဖွဲဖွဲနှိပ်စက်နေ သော ရောဂါအားလုံး ကင်းပျောက် ချုပ်ငြိမ်းသွားပြီဖြစ်၍ အတုမရှိ ချမ်းသာရပါပြီ ငါ့ရှင်တို့”

ပီတမလ္လ မထေရ်မြတ်ကြီးသည် တရားအားထုတ်ဖော် အားထုတ်ဖက်၊ သီတင်းသုံးဖော် သီတင်းသုံးဖက်တို့ကို မှာကြားလိုသည်ကို မှာကြားခဲ့ပြီးပေပြီ။ မထေရ်မြတ်ကြီးသည် အတုမရှိ အနိူင်းမဲ့ချမ်းသာကြီးကို အာရုံပြု နေလေသည်။ သီတင်းသုံးဖက် မထေရ်များက မထေရ်မြတ်ကြီးအား ကြည်ညိုလေးမြတ်စွာ ဦးခိုက်ကန်တော့ပန်းဆင်ရင်းမှ လျှောက်ထား ပြောကြားလိုက်သော အသံတို့သည် ဂဗလဝါလိယ အင်္ဂဏာအရပ်၏ သဲသောင်ပြင်၌ ပဲ့တင်ထပ်သွားလေသည်။

“အရှင်ဘုရား ပီတမလ္လ၊ မြတ်စွာဘုရားရှင်သာ သက်တော်ထင်ရှား ရှိတော်မူပါသေးလျှင် အရှင်ဘုရားရဲ့ ဦးခေါင်းတော်ကို ရွှေလက်တော် ဆန့်တန်းပြီး ချီးမွမ်းအားပေးတော်မူကာ သုံးသပ်တော်မူမှာ မလွဲပါဘုရား”

သို့သော် ထိုအသံကို ပီတမလ္လ မထေရ်မြတ်ကြီး မကြားတော့ပါ။

မထေရ်မြတ်ကြီးသည် မိမိခန္ဓာအိမ်ပေါ်မှ ရရှိလာသော ဝေဒနာကို အရင်းပြုကာ သဘာဝတရားအစစ်ကို ရှာဖွေတွေ့ရှိသွားခဲ့ပြီ ဖြစ်သည်။ မထေရ်မြတ်ကြီး၏ သဘာဝဓမ္မလေ့လာမှု




http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။




ကား ပြီးဆုံးသွားနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ပီတမလ္လ မထေရ်မြတ်ကြီးသည် မြတ်စွာဘုရားရှင်နှင့်တကွ ရဟန္တာ မထေရ်မြတ်ကြီးတို့သာ စံဝင်ကြွမြန်းနိုင်သော နိဗ္ဗာန်ရွှေပြည်သို့ မမိုတ် မသုန်သောသတိဖြင့် ကြွမြန်းရောက်ရှိသွားနိုင်ခဲ့ပြီ ဖြစ်ပါတော့သည်။





http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။



- အနေကဇာတိ သံသာရံ၊ သန္ဓာ ဝိသံ အနိဗ္ဗိသံ၊
  ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ၊
- ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊
- သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
  ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။
- ငါ၏ ဘဝခန္ဓာအမျိုးမျိုးကို တည်ဆောက်လာသော
  ဟယ်... တဏှာလက်သမား ...၊

ငါသည် သင့်ကို အမှန်တကယ် မသိခဲ့သောကြောင့်
သင့်ကို ရှာဖွေရင်း ဘဝများစွာ သံသရာပတ်လုံး
တခြောက်ခြောက်ပြန်ပြန် ကျင်လည်ပြေးလွှားခဲ့ရပြီးပြီ၊
ယခုမူ ငါသည် သင့်ကိုတွေ့ပြီ၊
ဤအချိန်ကစပြီး သင်သည် ငါ့အတွက် ဘဝခန္ဓာ
အသစ်ထပ်မံ ဖြစ်အောင် လုပ်ခွင့်ရတော့မည်
မဟုတ်၊ ငါသည် သင့်ခန္ဓာအိမ်ရဲ့ အခြင်ရနယ်
တွေကိုလည်း ဖျက်ချလိုက်ပြီ၊
အမိုးစွန်းအထွတ်ကိုလည်း လှဲလိုက်ပြီ၊
ယခု ငါ့စိတ်သည် သင်၏နယ်ပယ်မှ လုံးဝကင်းလွတ်
သော နိဗ္ဗာန်ကို မြင်နေပြီ၊
ငါရဲ့စိတ်သည် သင့်တဏှာရဲ့နယ်မှ လွတ်ပြီ၊
ကျွတ်ပြီ ....။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။

## ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခြင်း

### အခန်း(၆)

မန်ကျည်းရွက်တွေကြားထဲမှ ထိုးဖောက်၍ထွက်ကျလာသော နံနက်ခင်းအလင်းမျှင်တို့မှာ ကြည့်၍ပင် ကောင်းနေသေးသည်။ကျွန်တော့် ရှေ့တွင် လှည်းတစ်စီးသည် လှည်းလမ်းမအတိုင်း အိပုံ၊ အိပုံနှင့် သွားနေ လေသည်။ နွားညီနောင်တို့ ခွာယက်သဖြင့် လည်းကောင်း၊ လှည်းဘီးတို့၏ လှုပ်ရှားမှုကြောင့်လည်းကောင်း လှည်းလမ်းမပေါ်တွင် ဖုန်မှုန့်တွေသည် ခုန်ထ လွင့်ပျံလာသည်။ လွင့်ပျံလာသော ဖုန်မှုန့်တွေသည် သည်အတိုင်းမနေ၊ မန်ကျည်းပင် ထနောင်းပင်ကြားထဲက ထိုးကျလာသော နေရောင်ခြည် အလင်းရောင်များနှင့် ပေါင်းဆုံမိကြသည်။ ထိုအခါ အလင်းတန်းတို့သည်





အမျှင်အစင်းအဖြစ် မန်ကျည်းပင်၊ ထနောင်းပင်တို့ကြားမှ စီးထွက်စိမ့်ကျ လာသယောင် ထင်နေရသည်။

ကျွန်တော်သည် ပုဂံဒေသ၏ နံနက်ခင်းအလှအပကို ငေးရီခံစား ကြည့်နေမိသည်။ ထိုသို့ ကြည့်နေရင်းမှာပင် အတွေးတစ်ခုတိုးဝင်လာသည်။ ကျွန်တော်မြင်နေရသည့် အလင်းအမျှင်တန်းတွေသည် တကယ်တော့ ပုံရိပ် ယောင်တွေပင်။ လှည်းဖြတ်မသွားမီ၊ ဖုန်လုံးတွေထမသွားမီက နေရောင်ခြည် တွေသည် မန်ကျည်းပင် ထနောင်းပင်တို့ကြားမှ ထိုးဖောက်လာနေသည်ဟု မထင်ရ။ ခုနက နေရောင်ခြည်ပြင်ကြီးသည်ပင်လျှင် မန်ကျည်းပင်၊ ထနောင်းပင်တို့၏နောက်ကွယ်၌ ရှိနေသည်ဟုထင်ခဲ့ရသည်။ ဖုံလုံးတွေလွင့်ပျံ လိမ့်တက်လာကာ နေရောင်ခြည်နှင့်သွားရောက်ပေါင်းဆုံမိမှပင် အလင်းတန်း တို့သည် မန်ကျည်းပင်၊ ထနောင်းပင်တို့၏ရှေ့သို့ အတန်းလိုက်၊ အမျှင်လိုက် စိမ့်ထွက်ဖြာကျနေသည်ဟု ထင်လာရသည်။

နေရောင်ခြည်ကို အာရုံဟုသတ်မှတ်လျှင်၊ ဖုန်လုံး၊ ဖုန်မှုန့်တွေကို ဒွါရဟုသတ်မှတ်လျှင် အာရုံနှင့်ဒွါရတို့ဆုံတွေ့သောအခါ ဖြစ်ပေါ်လာသော အလင်းအမျှင်တန်းတို့သည် ‘စိတ်’နှင့်တူလှသည်။ ဒွါရ (၆)ခုကြောင့် စိတ် (၆)မျိုးဖြစ်ရပြန်သည်။ မျက်စိကြောင့် မြင်သိစိတ်၊ နားကြောင့် ကြားသိစိတ်၊ နှာခေါင်းကြောင့် နံသိစိတ်၊ လျှာကြောင့် စားသိစိတ်၊ ကိုယ်ခန္ဓာတစ်ခုလုံးကြောင့် ထိသိစိတ်၊ စိတ်ကူးတွေးတောမှုကြောင့် ကြံသိစိတ်။ အားလုံးသည် ဖြစ်ပေါ်ဆဲခဏလေးမျှသာ။ ဖြစ်ပေါ်ခိုက်တဒင်္ဂလေး



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွေ့သာ။

တကယ်တော့ နေရောင်ခြည်တွင် မူလလာရာအရပ် နေမင်းကြီး ရှိနေသည်။ဖုန်လုံး၊ဖုန်မှုန့်တွေသည်လည်း မူလလာရာ အရပ်ဖြစ်သည့် မြေပြင် ပေါ်မှ မြေကြီးတွေရှိနေသည်။ ဖုန်မှုန့်တွေ ဖြစ်ပေါ်လာဖို့ လှုံ့ဆော်ချက်အဖြစ် လှည်းက ဖြတ်သွားရသည်။ နွားတွေက ခွာယက်သွားသည်။နေရောင်ခြည် ဖြစ်ပေါ်လာဖို့အတွက် ညမှ နေ့သို့ကူးခဲ့ရသည်။ အားလုံးသည် သဘာဝတရားတွေချည်း ဖြစ်သည်။ သဘာဝတရားတွေသည် သူ့သဘာဝအလိုက် ပြုပြင်မှု၊ စီရင်မှု၊ ဖန်တီးမှုများဖြင့် မရပ်မနားလှည့်ပတ်နေခြင်းဖြစ်သည်။ သူလည်း သူ့သဘာဝ၊ သူ့လှုံ့ဆော်ချက်၊ သူ့ပြုပြင်စီရင်ဖန်တီး ချက်တွေနှင့်ဖြစ်သည်။ သဘာဝတစ်ခုနှင့် သဘာဝတစ်ခုတို့ အကြောင်းသင့်၍ ပေါင်းဆုံကြသောအခါ နောက်ထပ်သဘာဝ တစ်ခု မွေးဖွားလာသည်။ တစ်နည်းအားဖြင့် အကျိုးတရားတစ်ခု ဖြစ်လာသည်။ ဤသည်ပင်လျှင် ပြုပြင်စီရင်ဖန်တီးမှုတည်းဟူ သော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား ဟု ဆိုရမည်ဖြစ်သည်။

ခုနက အလင်းအမှောင်တန်းတွေကို သေသေချာချာ ပြန် ရှုစိုက်ကြည့်မိပြန်သည်။ အလင်းမှောင်တန်းကို နေရောင်ခြည်သက် သက်ဟု ခေါ်၍ မရတော့။ ဖုန်မှုန့်တွေကိုလည်း ဖုန်မှုန့်များသက်သက် ဟုခေါ်၍မရတော့။ နေရောင်ခြည်နှင့် ဖုန်မှုန့်တို့ပေါင်းဆုံမိခိုက် ဖြစ်ပေါ်လာသော ပုံရိပ်အသစ်သည် အလင်းမှောင်တန်းတို့ပင်တည်း။ သည်လို အလင်းမှောင်တန်းမျိုးဖြင့် ရှခင်းပုံရိပ် တွေကို ပန်းချီကား





များ၊ ဓာတ်ပုံများ၌ များစွာတွေ့ခဲ့ရဖူးပါသည်။ ယခုမူ မျက်မြင်ဒိဋ္ဌ တွေ့နေရခြင်းဖြစ်သည်။ ပန်းချီကား၊ ဓာတ်ပုံများ၌ စိမ့်ထွက်ဖြာ ကျနေသော အလင်းမှောင်တန်းတို့မှာ ထိုပန်းချီကား၊ ထိုဓာတ်ပုံ တွေ မပျက်စီးသွားမီအထိ တစ်သမတ်တည်းစိမ့်ထွက် ဖြာကျနေ မည်သာဖြစ်သည်။ ယခု မျက်မြင်တွေ့နေရသော အလင်းမှောင်တန်း တို့မှာမူ များမကြာမီသောကာလ၌ နေလုံးကြီးအပေါ်သို့မြင့်တက် သွားသည့်အခါ ပျောက်ကွယ်ဆိတ်သုဉ်းသွား လိမ့်မည်ဖြစ်ပါသည်။

ရှေ့ကသွားနေသောလှည်းနှင့် ခပ်ခွာခွာဖြစ်သွားအောင် ခဏရပ် နေလိုက်မိသည်။ သို့မဟုတ်လျှင် အိပ့် အိပ့်သွားနေသော လှည်း၏နောက်မှ ဖုန်မှုန့်တွေလိုက်ရှုနေရသလိုဖြစ်နေမည်။ လှည်းကြီးကတော့ နောက်ကို လှည့်မကြည့်စတမ်း လှည်းလမ်း အတိုင်း သွားနှင့်ပြီ။

ဤ ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းသို့ ကျွန်တော်ရောက်နေခဲ့သည်မှာ ရက်အတန်ကြာခဲ့ပေပြီ။ ဝန်ထမ်း ဘဝမှ အနားယူခွင့်ရလိုက်သဖြင့် လွတ်လပ်ပေါ့ပါးသွားသည့် စိတ်အစဉ်ဖြင့် ကျွန်တော်သည် သဘာဝတရားကြီးကို အနှောင်အဖွဲ့ ကင်းစွာ လေ့လာခွင့် ရရှိနေလေသည်။သည့်အတွက် ကျွန်တော် သည် အားလုံးကို လိုက်လိုက် လှဲလှဲကျေးဇူးတင်နေမိသည်။ ပုဂံဒေသ လွင်ပြင်ကျယ်ကြီးနှင့် ပုဂံမနက်ခင်းများသည် ကျွန်တော် ၏ သဘာဝတရားရှာဖွေလေ့လာမှုအတွက် ကောင်းသော အထောက်အပံ့တွေ ဖြစ်နေပေသည်။ ကျွန်တော်သည် ပုဂံဒေသ ၌ အခြေပြု၍ သမိုင်းကြောင်းအဆက်ဆက်၊ ခေတ်အဆက်ဆက်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရှိခဲ့ဖူးလေ သော ဇာတ်ကောင်တို့၏ ဘဝဖြစ်စဉ်တွေကို စာအုပ်စာတမ်းတွေမှ တစ်ဆင့် သိခွင့်ရနေသည်။ တစ်နည်းအားဖြင့် ကျွန်တော်သည် သူတစ်ပါး ခန္ဓာအိမ် တွေမှတစ်ဆင့် သဘာဝဓမ္မကို လေ့လာနေမိခြင်းဖြစ်သည်။

ခန္ဓာအိမ်ပေါ်က အလှအပဆိုတာ တကယ်တော့ လှည့်စားခြင်း တစ်မျိုးပေပဲဟု သိရှိမာ၏ပုပ်ပွနေသော အလောင်းကောင်အပေါ် သံဝေဂ ဉာဏ်ဖြင့် ရှုမြင်ရင်းမှ သံသရာမှလွတ်မြောက်သွားခဲ့သော သာမဏေ၊ ခန္ဓာ အိမ် (၃၂)ကောဋ္ဌာသအစုအဝေးတို့၏ အပြစ်ကို ရှုမြင်ရင်းမှ ဘိက္ခုနီဖြစ်ခဲ့သော်လည်း သားအပေါ် မြတ်နိုးတွယ်တာမိသော မိခင်တို့၌ဖြစ်တတ်သော သံယောဇဉ်ကြောင့် သံဝေဂဉာဏ်တို့မှေးမှိန်ခဲ့ရမှုကို သားရဟန္တာကပင် တရားပြန်ပြလေမှ သမုဒယသစ္စာကိုသိမြင်ကာ သံသရာမှလွတ်မြောက်ခဲ့ရသော အရှင်ကုမာရကဿပ၏မယ်တော်၊ ပြစ်မျိုးမဲ့မထင် မိမိ၏ ခန္ဓာအိမ်ပေါ်မှ အလှအပကို မက်မောတမ်းတ စွဲလမ်းခဲ့သမျှတွေသည် ဘုရားရှင်၏ရှေ့ မှောက်၌ မိမိထက်လှလွန်းသူတစ်ဦး၏ ခန္ဓာအိမ် ပျက်စီးရွတ်တွပြောင်းလဲသွားပုံ အဆင့်အဆင့်မြင်ကွင်းအားရှုမြင်ပြီးသကာလ သံဝေဂဉာဏ်ထင်လင်းလျက် အရဟတ္တမဂ်ဉာဏ်ထူးကိုပင် ရခဲ့လေသော ခေမာမိဖုရား၊ ရုပ်ကြမ်း–စိတ်ကြမ်းလက်ငှေ့သမားဘဝမှသည် ရုပ်ဟူသည် ကိုယ်ပိုင်မဟုတ်ဟူသော သံဝေဂဉာဏ်ဖြင့် ရဟန်းပြုခဲ့ရာမှ နောက်ဆုံး ရုပ်တရားတို့၏ ဖောက်ပြန် ပြောင်းလဲမှုကို ဆင်ခြင်ဉာဏ်ပွားရင်းပင် ခန္ဓာဇာတ်သိမ်း။ အေးငြိမ်းသည့် အသိတရားထူးကိုရခဲ့သည့် သီဟိုဠ်ခေတ်





မှ လက်ငှေ့သမားတစ်ဖြစ်လဲ ပီတ မလ္လမထေရ်မြတ်။ သည်ရုပ်ပုံလွှာတို့သည် ကိုယ်ရခဲ့သော ခန္ဓာအိမ်အသီးသီးပေါ်တွင် မမေ့မလျော့သောသတိတရားတို့ဖြင့် အသိဉာဏ်ဘက်ဆီသို့ ပြောင်းလဲပုံဖော်သွားခဲ့သော သာဓကတွေဖြစ်သည်။ သည်ရုပ်ပုံလွှာတွေအပြင် မိမိခန္ဓာအိမ်ကို အရင်းတည်ရှုမြင်ရင်းမှ သံဝေဂဉာဏ် ထင်ဟပ်ကာ ပရမတ္ထ ဉာဏ်အလင်းတွေ ရသွားခဲ့သူတွေအများကြီးရှိနေပါသေးသည်။ တစ်ဦးချင်းစီ၏ ပါရမီ၊ စရိုက်အသီးသီးနှင့် ကျွတ်တမ်းဝင်ခဲ့သောဖြစ်စဉ်တွေက စိတ်ဝင်စားစရာပင်။

သူများခန္ဓာအိမ်တွေမှတစ်ဆင့် သဘာဝဓမ္မကိုလေ့လာခဲ့သဖြင့် အထိုက်အလျောက်တော့ အသိတရားဖြစ်ရပါသည်။ ဆိုရလျှင် စကားလုံး အက္ခရာတွေမှတစ်ဆင့် သဘာဝဓမ္မကို အတန်အသင့်သိခွင့်ရခဲ့ခြင်းဖြစ် ပါသည်။ ထိုသို့သိခွင့်ရသောအခါ သံဝေဂဉာဏ်အချို့ထင်ဟပ်လာပါသည်။ သို့သော် ဤအသိ၊ ဤသံဝေဂဟူသည် ခိုင်မာမှုမရှိနိုင်။ ဖတ်ခိုက်၊ လေ့လာ ခိုက်၊ သိခိုက်၊ သံဝေဂရခိုက်ကလေးမှာဖြစ်လာသည့် သဘောတစ်ခုသာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကိုယ်ပိုင်အသိဟု မဆိုနိုင်သေးပါ။ ကိုယ်ပိုင်အသိမဟုတ်သေးသမျှ ခိုင်မာမှုမရှိနိုင်။ ကိုယ်ပိုင်အသိဖြစ်ဖို့ ကျွန်တော်ကြိုးစားရဦးမည်။

ကိုယ့်ခန္ဓာအိမ်ကို ကိုယ်အရင်းပြု၍ သဘာဝဓမ္မတို့ကို လေ့လာခဲ့သမျှ ကျွန်တော်ပြန်စဉ်းစားကြည့်မိသည်။ သံသရာအတွက် ''ဟင်း''ချနိုင် လောက်သော ကျေနပ်အားရမှုမျိုး ကျွန်တော့်တွင် မရှိသေးပါ။ သည့်အတွက် ရင်မောသလို ဖြစ်သွား



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရသည်။ ယခုနေသာ ကျွန်တော်သေဆုံးခဲ့ပါက ကျွန်တော်၏ လားရာသည် စိတ်ချရလောက်သော အနေအထားမရှိသေးပါ။ ယခုလက်ရှိ ကျွန်တော်သိရှိထားသော အသိဉာဏ်ကလေးသည် သံသရာခရီး အတွက် လုံလောက်မှုမရှိသေးပါ။ သို့သော် ကျွန်တော် စိတ်မပျက်ပါ။ အား လျော့မသွားပါ။ ကျွန်တော့်ကြိုးစားအားထုတ်မှု၊ နှလုံးသွင်းဆင်ခြင်မှုတွေ အားနည်းနေသေး၍ဖြစ်မည်။ အသိဉာဏ်ရှာဖွေမှု အရှိန်အဟုန်မြှင့်တင်ဆဲကာလ၌ အသေမစောဖို့ အတွက်သာ ဆုတောင်းရပါသည်။ သည်ဘဝ သည်ခန္ဓာအိမ်ကို အရင်းပြု၍ သံသရာအတွက်ထောက်ရာတည်ရာ သဘာဝဓမ္မကို ကျွန်တော်ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်ခွင့်ရသွားချင်ပါသည်။ ဤသည်မှာ ကျွန်တော်၏ပြင်းပြသောဆန္ဒဖြစ်ပါသည်။

ထို့ကြောင့်လားမသိ။ အားတက်စရာ ကောင်းသည်များကိုလည်း ကျွန်တော်တွေ့နေရပါသေးသည်။ ကာမဂုဏ်ကို ချမ်းသာသည်ဟူသော အထင်အမြင်နှင့် အလွန်အမင်းခံစားခြင်းဟူသော **"ကာမသုခလ္လိကာနုယောဂ"** ဟူသော လက်ယာစွန်းအကျင့်မျိုး၊ စိတ်ဓာတ်မျိုး၊ ယုံကြည်မှုမျိုးသည် ကျွန်တော့်ခန္ဓာအိမ်တွင် ကိန်းအောင်းမနေခြင်းဖြစ်ပါသည်။ ထို့ပြင် မိမိကိုယ် မိမိ ပင်ပန်းအောင်၊ ဆင်းရဲအောင်ဖန်တီး၍ ရုပ်တရားဘက်မှ ကိလေသာကို အတင်းအဓမ္မဖိနှိမ်နှိပ်ကွပ်သော **"အတ္တကိလမထာနုယောဂ"** ဟူသော လက်ဝဲစွန်း အကျင့်မျိုး၊ စိတ်ဓာတ်မျိုး၊ ယုံကြည်မှုမျိုးသည်လည်း ကျွန်တော့် ခန္ဓာအိမ်တွင် ကိန်းအောင်းမနေခြင်းက ကျွန်တော့် အတွက် ကံကောင်းလှပါသည်။





ဘုရားရှင်ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသွားခဲ့သော သစ္စာလေးပါးမြတ်တရားသည်ပင် ဘုရားရှင်၏ ခန္ဓာအိမ်ကို အရင်းပြု၍ လေ့လာ တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။တစ်နည်းအားဖြင့် လက်ဝဲစွန်းမရောက်၊လက်ယာစွန်း မကျသော အလယ်အလတ်ကျင့်စဉ်ဖြစ်သည့် မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြင့် ခန္ဓာအိမ်ပေါ်မှတစ်ဆင့် သစ္စာတရားကို ရှာဖွေဖော်ထုတ်သွားခဲ့ခြင်းဖြစ်ပါသည်။

ဆိုရလျှင် အလယ်အလတ်အကျင့်မြတ်သည်လည်း သည်ခန္ဓာအိမ်ပေါ်မှာပင် အရင်းပြုရပါသည်။ အစွန်းတရားနှစ်ဖက်အကျင့်ဆိုးတို့သည်လည်း သည်ခန္ဓာအိမ်ပေါ်မှာ အရင်းပြုရသည်ချည်းဖြစ်ပါသည်။ လောကတွင် အမြတ်ဆုံးသောရတနာသုံးပါးဖြစ်သည့် ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာတို့ကို တကယ့်ရတနာစစ်၊ ရတနာမြတ်ဟု သတ်မှတ် နှလုံးသွင်း၍ နက်နက်ရှိုင်းရှိုင်းကြည်ညိုသွားမိသည့် ကုသိုလ်စိတ်၏ အကျိုးပေးကြောင့် ထင်သည်။ ကျွန်တော်သည် လက်ဝဲစွန်းအယူ၊ လက်ယာစွန်းအယူများကို ကိုင်စွဲကျင့်ကြံအားထုတ်မှု မလုပ်မိခဲ့ပေ။ဤသည်မှာ ဘုရားရှင်၏ သာသနာတော် အထင်အရှားရှိနေသေးခြင်း၏ကျေးဇူး၊ သာသနာတော်ကို အသက်သဖွယ်စောင်းထိန်းကျင့်သုံးလိုက်နာလာခဲ့သော ရဟန်းသံဃာတော် အရှင်မြတ်တို့၏ ဟောကြားညွှန်ပြကြသော ကျေးဇူးကြောင့်ဟု ဆိုရမည် ဖြစ်ပါသည်။

သို့နှင့် ကျွန်တော်သည် ခန္ဓာဇာတ်သိမ်း အေးငြိမ်းရာအမှန်ဖြစ်သည့် မဂ္ဂင်ရှစ်ပါးလမ်းကြောင်းပေါ်၌ သတိပဋ္ဌာန်အကျင့်မြတ်ကို ယုံယုံကြည်ကြည် အားထုတ်ဖြစ်သွားခြင်းဖြစ်ပါသည်။ ဤသို့



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆိုလိုက်၍ သူတော်ကောင်း တရားအားထုတ်နေကြောင်း တိုင်းသိပြည်သိကြေညာမောင်းခတ်နေတဲ့ သူပဲဟု ပြောခဲ့ပါကလည်း ကျွန်တော်ခေါင်းငုံ့ခံရတော့မည်သာဖြစ်သည်။ ကောင်းတာလုပ်မိမှတော့ မကောင်းတာပြောလည်းခံရတော့မှာပဲဟု ဆင်ခြင်နှလုံးသွင်းမိပါသည်။ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော် စာရင်းထဲထည့်သွင်း ပါကလည်း ကျွန်တော်လည်စင်းခံရတော့မည်ဖြစ်သည်။ သို့သော် မည်သို့ သောထင်မြင်ချက်ပေးမှုများပင်ရှိပါစေ၊ ကျွန်တော့် ယုံကြည်ချက်သည် ဦးလှည့် ခေါင်းယမ်း စမ်းတဝါးဝါးလမ်းများဘက်ဆီသို့ ဘယ်သောအခါမျှ ယိမ်းယိုင်သွားတော့မည်မဟုတ်ဆိုသည်ကိုမူ ကျွန်တော့်ကိုယ်ကျွန်တော် နားလည်နေမိပါသည်။

အကယ်၍သာ ဘုရားရှင်မပွင့်ထွန်း၊မပေါ်ပေါက်ခဲ့ပါက ဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တို့သည် ဘုရားကိုယ်စားအဆုံးအမဒေသနာ များအဖြစ် မကျန်ရစ်ခဲ့ပါက၊ တရားဒေသနာတို့ ကျန်ရစ်ခဲ့သော်လည်း သံဃာတည်းဟူသော ဘုရားသားတော်အစဉ်အဆက်တို့သည် တယုတယ ကိုင်တွယ် ထိန်းသိမ်းခြင်းမရှိခဲ့ပါက၊စည်းစနစ်တကျစောင့်ရှောက်ခြင်းမရှိခဲ့ပါက ကျွန်တော်တို့သည် သံသရာမှ လွတ်မြောက်ရာတရားများကို သိခွင့်ရလိမ့်မည်မဟုတ်ပါ။ သစ္စာလေးပါးမြတ်တရားသည် ဘယ်နားနေလို့ ဘယ်လိုရှိမှန်း ကျွန်တော်တို့ သိရမည်မဟုတ်ပါ။

တရားဒေသနာစက်ဝန်း စတင်လည်ပတ်ခဲ့သည့် မိဂဒါဝုန်တောအုပ် အတွင်းမှသည် **"ဟန္ဒ ဒါနိ ဘိက္ခဝေ၊အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"**ဟု နောက်ဆုံး





နှုတ်ဆက်တရားစက်ဝန်း ရပ်ဆိုင်း ခဲ့သည့် ကုသိနာရုံပြည် အင်ကြင်းတောအုပ်အထိ လေးဆယ့်ငါးဝါကာလအတွင်း ဘုရားရှင် ဟောကြားခဲ့သော ဒေသနာတို့ကား များပြားလှပါဘိ။ သတ္တဝါအနန္တတို့၏အလို၊ စရိုက်၊ အာသာတို့အပေါ်မူတည်၍ ဟောကြားခဲ့သောဒေသနာတွေကား စုံလှပါဘိ။ နေရာဌာနကွဲပြားမှု၊ အဟောခံပုဂ္ဂိုလ် တို့၏ ပါရမီစရိုက်ကွဲပြားမှုတို့ကြောင့်သာ ဒေသနာတော်တွေသည် အမျိုး ပေါင်းစုံလှသော်လည်း ဦးတည်ချက်ကား တစ်ခုတည်းသာရှိသည်။

သတ္တဝါအနန္တတို့ အမှန်တကယ် ဆင်းရဲဒုက္ခခပ်သိမ်းချုပ်ငြိမ်းစေဖို့။

သတ္တဝါမှန်သမျှတို့ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို သိရှိနားလည် နိုင်ကြစေဖို့။

ကျွန်တော်တို့သည် ဖြစ်ခဲ့ပြီးသောအကြောင်းဟူသမျှကြောင့် အကျိုးပေးအဖြစ် ယခုလက်ရှိပိုင်ဆိုင်နေသော ဘဝတစ်ခုကို ရနေပြီဖြစ်သဖြင့် ဤအဆင့်ထိမူ ပြင်၍မရတော့ပါ။ တစ်နည်းအားဖြင့် တောင်းခဲ့သောဆု၊ ညွတ်ခဲ့သောအာရုံ၊ ရည်မှန်းပြုခဲ့သော ကုသိုလ်၊ မသိ၍လုပ်ခဲ့မိသော အကုသိုလ်အသီးသီးတို့ကြောင့် လက်ရှိခန္ဓာအိမ်အသီးသီးကို ပိုင်ဆိုင်ခွင့်ရ နေကြပြီ။ သည်ခန္ဓာအိမ်ကို အရင်းတည်၍ပင် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေကိုလည်း ကိုယ်စီကိုယ်စီခံစားနေကြရပြီ။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း အရဆိုလျှင် ဖဿ(အထိအတွေ့)မှသည် ဝေဒနာ(ခံစားမှု)အထိဖြစ်၍နေပေ ပြီ။ ဝေဒနာ(ခံစားမှု)မှသည် တဏှာ(စွဲလမ်းမှု)



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆီသို့လည်း ဆက်လက် ဦးတည်နေကြပြီ။

ဤသည်မှာလည်း မူလအရင်းအမြစ်ဖြစ်သည့် အဝိဇ္ဇာ (မသိမှု)၏ ကွင်းဆက်အကျိုးပင်တည်း။ အဝိဇ္ဇာ(မသိမှု)သည် ပဋိစ္စသမုပ္ပါဒ်၏ အဆင့် တိုင်း၌ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ခရီးဆက် ဖြစ်ဖို့ရာ "ခန္ဓာအိမ်ရှင်"ကို တွန်းပို့နေသည်။ ခန္ဓာအိမ်ရှင်ကလည်း ခန္ဓာအိမ်ကို ခန္ဓာအိမ်ဟု သဘောမထား တတ်။ "ငါ့ခန္ဓာအိမ်၊ ဒါဟာ ငါ့ခန္ဓာပဲ"ဟု အထင်မှား အမြင်မှားဖြစ်နေသောအခါ အဝိဇ္ဇာ(မသိမှု)၏ ဆောင်ရွက်မှုတွေသည် တစ်ခုပြီးတစ်ခု အောင်မြင်နေတော့သည်။

**"အဝိဇ္ဇာ"ဆိုတာဘာလဲ၊ အဝိဇ္ဇာဆိုတာ မသိတာ၊ သစ္စာလေးပါးမသိတဲ့တရားဟာ အဝိဇ္ဇာပဲလို့မှတ်ထားကြ၊ သူက ခေါင်းဆောင် နေတယ်၊ နောက်ဘဝက သစ္စာမသိတဲ့ အလွန်မိုက်မဲတဲ့ အဝိဇ္ဇာက ဝမ်းထဲမှာ ကိန်းနေတယ်။ သူက ရှိတာနဲ့ သင်္ခါရက ပြုပြင်တယ်၊လူ့ပြည် ရချင်လို့ သင်္ခါရက ပြုပြင်လို့ ရလာခဲ့တယ်။**

**ဒီသင်္ခါရဆိုတာ စေတနာပဲ၊ ဒကာတို့တစ်တွေ သင်္ကန်း၊ ဆွမ်း၊ ကွမ်းစတဲ့ ဒါနဝတ္ထုတွေ လှူဒါန်းပြီးနောက် လူ့ဘဝ ချမ်းသာ ဖြစ်ရပါလို၏ ရ–ရပါလို၏နဲ့ဆိုပြီး ဆုတောင်း ခဲ့ကြတယ်၊ လှူဒါန်းတာက စေတနာ၊ ကုသိုလ်သင်္ခါရပြုပြီး တဏှာနဲ့ဆုတောင်းယူခဲ့ကြတယ်။**

**အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ ကုသိုလ် ပြုတာ တဏှာနဲ့ဆုတောင်း။ မရမနေနိုင်ဘူးဆိုတော့ ဥပါဒါန်**





**ကလည်း တစ်ပါ တည်း စွဲလမ်းလိုက်တော့တာပဲ၊ နောက်ပြီး ကာယကံနဲ့ရှိခိုး၊ ဝစီကံနဲ့ ဆုတောင်းကြဆိုတော့ ကံနဲ့ပြုပြင် လိုက်တာကိုး၊ အဲဒီတော့ ဘဝဆိုတဲ့ ကမ္မဘဝ ရတာပဲလို့ မှတ်ကြ၊ ကုသိုလ်တရားဟာ နိဗ္ဗာန်ကိုလည်း ပေးနိုင်တယ်၊ လူ့နတ်ချမ်းသာကိုလည်း ပေးနိုင်တယ်"**

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အထူးပြု ဟောကြားတော်မူသွား ခဲ့သော မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမများကို ကြား ယောင်မိသည်။ အဝိဇ္ဇာ(မသိမှု)သည် သင်္ခါရ(ဖြစ်ပျက်ပြောင်းလဲမှု၊ ပြုပြင်မှုအစဉ်တန်းကြီး)ကို မွေးထုတ်ပေးလိုက်သည်။ သင်္ခါရ(ပြု လုပ်မှု)ကတစ်ဖန် ဝိညာဏ် (ပဋိသန္ဓေ) အခြေအနေတွေ ထပ်မံပေါ် ပေါက်လာသည်။ ဝိညာဏ်(ပဋိသန္ဓေ)တွေ ဖြစ်ခွင့်ရသောအခါ နာမ၊ ရူပဆိုသော နာမ်ရုပ်တွေဖြစ်ပေါ်လာပေပြီ။ ဤသို့ဖြင့် နာမ်ရုပ် တွေက သူတို့အလုပ်လုပ်နိုင်ဖို့အတွက် ထပ်ပွားအာရုံခံ ကိရိယာတွေ ဖြစ်သည့် သဠာယတန (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်) တွေကို ဖြစ်ပေါ်စေခဲ့ပြန်သည်။ ထိုအခါ ထိုအာရုံခံကိရိယာတွေကို အာရုံက လာတိုက် ခြင်းဆိုသော ဖဿ(အထိအတွေ့)ဖြစ်လာ သည်။ ပစ္စည်းတွေ တပ်ဆင် လိုက်မှတော့ မထိခလုတ်၊ ထိခလုတ် တွေဖြစ်ပြီပေါ့။

ဖဿဟူသော အထိအတွေ့ကြောင့် မျက်စိမှ မြင်တွေ့ရ သည့် အဆင်းအပေါ် အကောင်းအဆိုး ခွဲခြားခံစားသည့်ဝေဒနာ၊ နားမှကြားရသည့် အသံအပေါ် အကောင်းအဆိုး ခွဲခြားခံစားသည့် ဝေဒနာ၊ နှာခေါင်းမှရသည့် အနံ့အပေါ်၊ လျှာမှရသည့်အရသာ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အပေါ်၊ ကိုယ်အထိအတွေ့မှ ခံစားရသည့် ခံစားချက်အပေါ် စိတ်ကူးအကြံအစည်မှရသည့် ခံစားချက်အပေါ်စသည်တို့၌လည်း အကောင်းအဆိုးခွဲခြားခံစားသည့်ဝေဒနာတို့သည် တရစပ်ဖြစ်ပေါ်လာချေပြီ။ ထိုအခါ ခန္ဓာအိမ်ရှင်သည် ယခင်ကထက် အလုပ်များလာရသည်။ အာရုံတွေသည် နားမှလည်းဝင်၊ မျက်စိမှလည်းဝင်၊ နှာခေါင်းမှလည်းဝင်၊ ကိုယ်မှလည်းဝင်၊ လျှာမှလည်းဝင်၊ စိတ်ကူးမှလည်းဝင်နှင့် ဝင်ချင်တိုင်းဝင်နေသောအခါ ခန္ဓာအိမ်ရှင်သည် မျက်စိလည်လေပြီ။

ထိုအခါ ခန္ဓာအိမ်ရှင်သည် အာရုံကိုအာရုံဟု မမြင်တော့၊ မိမိ ခန္ဓာအိမ်အပေါ်၌ တပ်ဆင်ထားသော အာရုံခံကိရိယာကိုလည်း ဒွါရဟု မမြင်တော့။ ထိုအခါ အာရုံနှင့်ဒွါရတိုက်ခိုက်ခြင်း(ထိတွေ့ခြင်း)ဟူသော ဖဿသဘောကိုလည်း နားမလည်နိုင်တော့။ နားမလည်နိုင်ဖို့အတွက်လည်း အရင်းအမြစ် စဖြစ်ကတည်းက မူလသန္ဓေရှင်ကြီးဖြစ်သည့် အဝိဇ္ဇာက ဖုံးပေးထားသည်ကိုး။ အမှောင်ဖုံးတယ်ဆိုတာ ဒါမျိုးပေါ့။ ထိုအခါ ခန္ဓာ အိမ်ရှင်ကြီးသည် မသိမှု၊ စွဲလမ်းမှုတို့၏ တွန်းပို့မှုကြောင့် ရှေ့သို့သာ အရှိန်နှင့် သွားနေမိတော့သည်။ ကိုယ်ဘယ်ကလာခဲ့သလဲ၊ ကိုယ်ဘယ်လိုဖြစ်ခဲ့ရသလဲ၊ ကိုယ်ဘယ်လိုဆက်ဖြစ်နေအုံးမလဲ၊ ဘယ်လောက်အထိ မရပ်မနား ဖြစ်နေဦး မှာလဲ၊ စက်ဝိုင်းသံသရာထဲမှာ ဘယ်လောက်ထိ မသိဇောနှင့် လည်ပတ် နေဦးမှာလဲ စသည်ဖြင့် ကိုယ့်ကိုယ်ကို ရပ်ပြီးလေ့လာကြည့်ဖြစ်ဖို့ အချိန်မယူ နိုင်တော့။ ကိုယ့်ခန္ဓာအိမ်၏ တရားခံကို လေ့လာဖော်ထုတ်ဖို့အတွက်လည်း အချိန်ယူရကောင်း





မှန်းပင် မသိနိုင်တော့။

ထားပါတော့လေ။မသိမှုနှင့် ရှေ့သို့ဆက်တိုးကြည့်ကြပါဦးစို့၊ ဝေဒနာ မှသည် စွဲလမ်းမှုတဏှာဆီသို့။ ဝေဒနာပစ္စယာ တဏှာ၊ တဏှာဆီရောက် ပါပြီတဲ့။ ဒီလောက်နဲ့ ရပ်နေပါ့မလား၊ သည်မျှအားကောင်းမောင်းသန် စီးဆင်းလာခဲ့သော အရှိန်ကြီးသည် တော်ရုံသံဝေဂ၊ တော်ရုံအသိဉာဏ်နှင့် ရပ်မသွားနိုင်ပေ။ ကဲ ‥ ဘာလုပ်ကြမလဲ၊ အဝိဇ္ဇာနှင့်တဏှာတို့ ပေါင်းမိကြ ပြီလေ။ တဏှာ(လိုချင်မှု)သည် အားကြီးလာသောအခါ ပြင်းထန်စွာစွဲလမ်းမှုတည်းဟူသော ဥပါဒါန်၏သဘာဝသည် ဖြစ်ထွန်းပေါ်ပေါက်လာချေပြီ။ သည် အရှိန်အဟုန်အားသည် ဘဝကို ဖြစ်ပေါ်စေတော့သည်။ ကဲ ‥ ဘဝသစ်တခု ရလာချေပြီ၊ ဘာနှင့်စကြမည်နည်း။

"ဇာတိ"ပေါ့ ....။

သည်နေရာအရောက်တွင် ကျွန်တော်ပင်လျှင် မောဟိုက်သလိုလို ခံစားလာရသည်။ ဒါတောင် အတွေး၏အရှိန်ကလေးမျှပင် ရှိသေး၍သာ။ အဝိဇ္ဇာ(မသိမှု)အခြေခံနှင့် တဏှာ(လိုချင်မှု)တို့ ပေါင်းစပ်ပြီးစီးဆင်းလာသော သဘာဝ ရေစီးကြီးသည်ကား ပို၍ပင် ကြောက်ဖွယ်ကောင်းလှသည်။ ကျွန်တော်တို့သည် ကြောက်ရမှန်း မသိသဖြင့် ကြောက်လည်းမကြောက် တတ်ခဲ့။ ကျွန်တော်တို့ ကြောက်တတ်သည်မှာ လူကြီးမိဘများက ခြောက်လုံး၊ လှန့်လုံးဖြင့်ပြောခဲ့သော တစ္ဆေ၊ သရဲများအပေါ်၌ ပညတ်နိမိတ်ယူကာ စိတ်ကူးဖြင့် ကြောက်ခဲ့ကြခြင်းသာဖြစ်သည်။

တကယ်ကြောက်ရမည်က 'ဘဝ'ဖြစ်ပေါ်လာခြင်းကိုသာ



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

ဖြစ်ပါသည်။ ဘဝတစ်ခုဖြစ်လာခဲ့ခြင်း၏ မရပ်မနားခြင်းသဘော ကိုသာ ကြောက် တတ်ရမည်ဖြစ်သည်။ ကျွန်တော်သည် ယခုလက်ရှိ ကျွန်တော်ခံစားခွင့်ရ နေသည့် ကျွန်တော့်ဘဝအစဆီသို့ စိတ်ကူး ဖြင့်လှမ်းကြည့်မိသည်။

“ပြီးခဲ့တာတွေ ပြီးပါပြီကွာ၊ ထားလိုက်ပါတော့”ဟု ပြော၍မရပါ။ ပြီးခဲ့သောအတိတ်၊ လျှောက်ခဲ့သောလမ်း၊ လှမ်းခဲ့သော ခြေလှမ်း၊ ဖြတ်သန်းခဲ့သောအတွေ့အကြုံ၊ ဆင်ခြင်ခဲ့သောအသိ တရားတို့မှနေ၍ ဘဝဆိုသည့် သင်ခန်းစာကို ဖော်ထုတ်လေ့လာ ရပေမည်။ တော်ပါသေးသည်။ ထိုသို့ ဖော်ထုတ်လေ့လာနိုင်ရန် အတွက် သတ္တဝါအနန္တထဲတွင် “လူ”ဟူသော အသိဉာဏ်ရှိသည့် ပုဂ္ဂိုလ်ဖြစ်လာခဲ့၍သာ။ အတိတ်ကံစုစည်းမှု၌ အကုသိုလ် ရာခိုင်နှုန်းများခဲ့ပါက “လူ”ဖြစ်ဖို့ပင် ခက်ချေရော့မည်။ လူဖြစ် လာပါပြီတဲ့။ ကာမဂုဏ်အာရုံတွေနှင့် အပျော်အပါး၊ အငိုအရယ်တွေ ကြားထဲ နစ်မွန်း မသိနစ်နေပါကလည်း အသိဉာဏ်ရှာဖွေဖို့အတွက် အချိန်ရမည်မဟုတ်တော့။ ကုသိုလ်အကျိုးပေး အရှိန်ကလေး တစ်ခုဖြင့် လူဖြစ်လာခဲ့ကြသော်လည်း လူ့လောက၌တွေ့ရသည့် ကာမဂုဏ်အာရုံတွေကို တရှိုက်မက်မက်ခံစားရင်း ကံအဟောင်း ထုပ်ဖြေစားကာ ဘာအသိဉာဏ်မျှမရလိုက်ပါဘဲ လူ့လောက ကြီးထဲက ထွက်ခွာသွားခဲ့ကြသူတွေလည်း တစ်ပုံတစ်ပင်။

“လူ့ဘဝရလာတာ အသိဉာဏ်ရဖို့ပါ”ဆိုသော ဆရာကောင်း သမားကောင်းတွေနှင့် တွေ့ဆုံခွင့်ရခဲ့သောကျေးဇူး ကြောင့်သာ ကျွန်တော်သည် အသိဉာဏ်ရှာဖွေခြင်းခရီးစဉ်ကို





ရေးဆွဲမိခဲ့ခြင်းဖြစ်သည်။ ထိုအခါ အသိဉာဏ်ရှာဖွေနေရသော အချိန်တို့၏ တန်ဖိုးကြီးမားပုံကို နားလည်လာ ရသည်။ ထို့အတူ အသိဉာဏ်ရှာဖွေခြင်းအကြောင်းကြောင့် အသိဉာဏ်ဖြစ် ခွင့်ရ လာသည့် အကျိုးကိုလည်း ခံစားလာရသည်။ ထိုအခါ ဘဝသည် ရှင်သန်လာသည်။ အသက်ရှိလာသည်။ အဓိပ္ပါယ်ရှိလာသည်ဟု ခံစားနေမိသည်။

အသိဉာဏ်၏ အရှိန်အဝါကြောင့် ဘဝသည် နွေးနွေး ထွေးထွေးနှင့် ရှင်သန်လာခဲ့သည်ဆိုသော်လည်း ဘဝ၏အစကား ဒုက္ခကြီးမားလှပါဘိ။

“ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်”

လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ခန့်က ကျွန်တော် သည် ကျွန်တော့်မိခင်၏ ကျဉ်းမြောင်းမဲမှောင်သော ဝမ်းဗိုက် အတွင်း၌ သန္ဓေသား အဖြစ် ကြီးစွာသောဒုက္ခကိုခံခဲ့ရပါသည်။ မိခင်မေတ္တာကိုရနေသည် ဆိုသော် ငြားလည်း မိခင်သည် ကျွန်တော့် ကို ကတ္တီပါ၊ သားမွေးစကလေး များဖြင့် ထုပ်ပွေ့မထားနိုင်ပါ။ သဘာဝတရားအရ ကျွန်တော့်ခန္ဓာကိုယ် အဆင့်ဆင့် ဖွံ့ဖြိုး မတိုးတက်မီ မိခင်သည် ကျွန်တော့်ကို ပုပ်နံ့ညှီဟောင်လှသော ဝမ်းဗိုက် အတွင်း၌ပင် ထည့်ထားရပါသည်။ သို့သော် မိခင်သည် ကျွန်တော့်ကို နေရာ ကျယ်ကျယ်မပေးနိုင်ပါ။ မိခင်၏ တစ်ထွာသော ဝမ်းဗိုက်အတွင်း၌ပင် ကျွန်တော်သည် မရမကကိန်းအောင်းနေရ၍ ကျွန်တော့်မှာ အနေ ကျဉ်းကျပ်လှပါသည်။ သည်အနေအထိုင် သည် သက်သက်သာသာ မဟုတ်သည်ကတော့ သေချာပါသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဤသို့သော အနေကျဉ်းကျပ်မှုဖြင့် ကျွန်တော်သည် ခေါင်း၊ ခါး၊ ခြေလက်၊ ခက်မငါးဖြာစုံလင်ပြည့်စုံလာ သည်အထိ ကိုးလကျော်ကျော် နေခဲ့ရပါသည်။ ကျွန်တော့်ကို ဝမ်းဗိုက်ထဲ ထည့်သွင်းသိမ်းဆည်းထားရသဖြင့် ကျွန်တော့်မိခင်သည်လည်း မသက်သာလှပါ။ ထိုကာလများသည် မိခင်ရောကျွန်တော်ပါ အကြီးအကျယ်ဒုက္ခရောက်ခဲ့ရသော ကာလများဟု ဆိုရမည်ဖြစ်ပါသည်။ထို့ကြောင့် ဒုက္ခဟူသည် တစ်ဦးတစ်ယောက်တည်းမလာ။ အဖော်အပေါင်းနှင့်လာတတ်သည်ဟူသော စကားသည်ပင်လျှင် အကြွင်းမဲ့မှန်ကန်နေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုမှတစ်ဖန် မိခင်သည် ကျွန်တော့်အပေါ် မည်မျှချစ်မြတ်နိုး ပါသည် ဆိုသော်ငြားလည်း မိခင်ကိုယ်တိုင်ကပင်လျှင် ခန္ဓာ၊ နာမ်ရုပ် အစုအဝေးဖြစ်နေသဖြင့် မိခင်၌ အလိုဆန္ဒ၊ အာသာတွေလည်း ရှိနေပြန်ပါ သည်။ ထိုအခါ မိခင်သည် အလိုဆန္ဒအာသာတို့၏ တောင်းဆိုမှုကြောင့် အပူ၊ အအေး၊ အခါး၊ အစပ်တို့စားမိပြန်ပါသည်။ ထိုအချိန်တွင် ကျွန်တော် သည် မိခင်ထံမှ အာဟာရကို မှီဝဲကာ ကြီးထွားနေရသဖြင့် နေမထိ၊ လေမထိ ရသေးသော ကျွန်တော့်အသား နုထွတ်ထွတ် နီတာရဲကလေးသည် ဆတ်ဆတ်ခါ နာကျင်ခံခက်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်သည်။မိခင်က ရေခဲတွေ၊ အအေးတွေ စားသောအခါ ကျွန်တော့်မှာ ခိုက်ခိုက်တုန်အောင် ချမ်းလှပါသည်။ မိခင်က ရေနွေးပူပူတွေ သောက်ချလိုက်သောအခါ ကျွန်တော့်ခန္ဓာအိမ်သည် ကျက်လောင်သွားမတတ် ခံစားခဲ့ရပါသည်။ ဤသို့ သောက်စားသည်ကို မိခင်တို့





က ချဉ်ခြင်းတပ်သည်ဟု ဆိုကြပြန်ပါသည်။ သို့သော် မည်မျှပူပူ၊ မည်မျှအေးအေး၊ မိခင်ဝမ်းဗိုက်အတွင်း မလှုပ်နိုင်သေးသော ကျွန်တော်သည် အော်လည်းမအော်နိုင်ခဲ့ပါ။ ကျွန်တော်အော်လျှင်လည်း ကျွန်တော့်အသံကို မည်သူမျှကြားမည်မဟုတ်ပါ။

သည်အတောအတွင်းမှာပင် ကျွန်တော်၏ဖွားဖက်တော်များဖြစ်သည့် အဝိဇ္ဇာနှင့်တဏှာတို့က ကျွန်တော့်ခန္ဓာအိမ် ကြီးထွားဖွံ့ဖြိုးတိုး တက်လာစေရန် ကျွန်တော့်မိခင်၏အာဟာရကို မှီဝဲစေကာ အပူတပြင်း လုံးပန်းနေကြပြန်သည်။ ဘဝ၏အစ၊ ခန္ဓာအိမ်တစ်ခု၏ စတင်ဖြစ်တည် လာမှုအတွက် ချမ်းသာသုခဟူ၍ တစ်ကွက်မျှ ရှာမတွေ့ပါ။ ထို့ကြောင့်ပင် ဘုရားရှင်သည် ဓမ္မစကြာသစ္စာတရားစက်ဝန်း စတင်ထွန်းလင်းစေသည့်အခါ ''ဇာတိပိ ဒုက္ခာ'' အစချီလျက် ပဋိသန္ဓေတည်ရခြင်း၏ ဒုက္ခကို ဟောတော်မူခဲ့ခြင်းပင်။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း လည်ပတ်မှုအရ ဘဝရသည့်အခါ ဇာတိဆို သည့် ဒုက္ခသည် လာ၍မိတ်ဆက်ပေပြီ။ ဇာတိရသည်နှင့် ဇရာဆိုသည့် အိုခြင်းဒုက္ခသည်လည်း နောက်ဆက်တွဲဖြစ်လာခဲ့ပေပြီ။ ခန္ဓာအိမ်မှန်သမျှ သည် နေ့စဉ်နှင့်အမျှ ဇရာ၏နယ်ပယ်ထဲသို့ ချင်းနင်းဝင်ရောက် နေရသည်။အဟောင်းတွေ လဲပေးနေရသည်။ အသစ်တွေ အစားထိုး ဖြည့်ဆည်းနေ ရသည်။ အဟောင်းရုပ်နာမ်တို့၏ နေရာတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်လာသော အသစ်အသစ်သော ရုပ်နာမ်တို့ မပြတ်နေရာယူပေးနေရသည်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"မမြဲခြင်းဟူသော တရားတစ်ခုသာမြဲ၍ ကျန်သောတရားအားလုံးသည် မမြဲ"ဟူသော စကား၏အဓိပ္ပါယ်ကို ကျွန်တော်သည် တဖြည်းဖြည်း နားလည်လာခဲ့သည်။ လက်ခံလာသည်။ ယုံကြည်လာသည်။ ကိုယ်တွေ့ဖြစ် နေပြီကိုး။ သက်တမ်းလည်း အတန်အသင့်ကြာလာပြီကိုး။

ဒုက္ခသည် အဖော်အပေါင်းနှင့် လာတတ်သည်ဟူသော စကားကို ကျွန်တော်ထပ်မံသုံးစွဲပါဦးမည်။ ကြည့်ပါ။ ဇာတိဖြစ်သည်နှင့် ဇရာရှိလာသည်။ အိုမင်းမစွမ်းတဲ့။ အိုလာသောအခါ ခန္ဓာအိမ်ကြီးအတွင်းသို့ ရောဂါပေါင်းစုံ တို့သည် ခပ်တည်တည်နှင့် ဝင်ချလာသည်။ ငယ်ငယ်တုန်းကလို ခံနိုင် စွမ်းရည်မရှိတော့သော ခန္ဓာအိမ်ကြီးကို ရောဂါမျိုးစုံတို့က ဗိုလ်ကျအနိုင်ယူ ပေပြီ။ တစ်သက်လုံး စိတ်တိုင်းကျ လိုရာသုံးခဲ့သဖြင့် နွမ်းလျကြေမွနေသော ခန္ဓာအိမ်ကြီးသည် တုံ့ပြန်နိုင်စွမ်းအားတွေ နည်းပါးလာချေပြီ။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှသည် အရွယ်ရောက်သည်အထိ သတိမပါ၊ ဉာဏ်မပါ ထင်တိုင်းသုံးစွဲခဲ့သဖြင့် ခန္ဓာအိမ်ကြီးသည် ထုပ်၊ လျောက်၊ ဒိုင်း။ မြားတွေ ဆွေးမြည့်လာနေပေပြီ။အမိုးတွေ ပေါက်လာပြီ။ အိမ်နံရံတွေ ကွဲအက်လာပြီ။ ကြမ်းပြင်တွေ ပေါက်ပြဲလာပြီ။ ခန္ဓာအိမ်အတွင်းအပြင် လူ့ပစ္စည်းမှန်သမျှသည် ကားပစ္စည်းများကဲ့သို့လည်း အပိုပစ္စည်းရှာဝယ်၍မရ။ ရှိပြီးသားထဲမှပင် ခန္ဓာအိမ်အတွက် ဒုက္ခဖြစ်စေမည့်၊ အဆိပ်အတောက် ဖြစ်စေမည့် အစိတ်အပိုင်းတို့ရှိလာလျှင်တောင် ဖြတ်ထုတ်ပစ်ရသည်။ မလွဲမသွေလာနေပြီလေ။ ဗျာဓိပိဒုက္ခော။ နာရခြင်းဒုက္ခ။





ဒုက္ခသည် အိုရုံ၊ နာရုံနှင့် ရပ်၍မနေပါ။ အကြီးဆုံးသော ဒုက္ခဆီသို့ နောက်ဆုံးပိတ်အနေဖြင့် ခန္ဓာအိမ်ကြီးကို တွန်းပို့ပြန်သည်။ မရဏံပိဒုက္ခံ။ ခန္ဓာအိမ်ပိုင်ရှင်တိုင်း မတွေ့ချင်ဆုံး။ မကြုံချင်ဆုံးသည် သေခြင်းတရားပင် တည်း။ သေခြင်းတရားမှ ရှောင်လွှဲ၍ရအောင် လူတိုင်းကြိုးစားကြသည် ချည်းဖြစ်သည်။ သို့သော် နောက်ဆုံးတွင် သေခြင်းတရားက ခန္ဓာအိမ်ရှင် တိုင်းကို အနိုင်ရသွားကြစမြဲဖြစ်သည်။ အရွယ်ရောက်ပြီးသော မြို့ပြနေလူတန်းစားမှန်သမျှ သူများတကာ၏အသုဘကို မပို့ဖူးသူမရှိနိုင်ဟု ထင်ပါသည်။ တောလည်း တောကျေးလက်အလျောက်၊ မြို့လည်းမြို့နေအလျောက် မိမိပတ်ဝန်းကျင်၊ ဆွေမျိုးမိတ်ဆွေတို့ထဲမှ အသက်ကြီးသူ၊ ငယ်သူမရွေး သေဆုံးနေကြသည်သာဖြစ်သည်။ တစ်နည်းအားဖြင့် လူသေကို တွေ့ခဲ့ဖူးကြသူချည်း ဖြစ်ပါသည်။သို့သော် ထိုသေခြင်းတရားသည် ကိုယ်နှင့် မဆိုင်၊ ကိုယ်နှင့်မပတ်သက်ဟု ခံယူထားကြသည်က များလှပါသည်။မသိမသာနှင့် သေခြင်းတရားကို လွှဲဖယ်ရှောင်ရှားနေကြသူ များပါသည်။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကို ငါလည်းတစ်နေ့သေရမည်ဟု မည်သူမျှ ရာနှုန်းပြည့်လက်ခံချင်စိတ်မရှိပါ။ သေခြင်းတရားနှင့် ဘာသိဘာသာ နေလိုကြသည်သာ။ သို့သော် အချိန်တန်တော့ မရဏမင်းက ကိုယ့်အိမ်ရှေ့မှာ တံခါးလာခေါက်တော့သည်။ ကိုယ့်ခန္ဓာအိမ်ကြီးကလည်း ထိုအချိန် တွင် မရဏမင်းကို လက်သင့်ခံ နေရာပေးရပါတော့သည်။ ဥစ္စာ၊ ရာထူး၊ စည်းစိမ်တည်းဟူသော ခန္ဓာအိမ်ပြင်ပ အရှိန်အဝါများကြောင့် ပတ်ဝန်းကျင် အပေါ် မည်မျှမျက်နှာကြော



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မာနိုင်တဲ့သူဖြစ်ခဲ့စေကာမူ မရဏာမင်း၏ တင်းမာ ပြတ်သားမာကြောလှသော မျက်နှာရှေ့တွင်မူ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး သည့်ပမာ ရှိကျိုးသွားရပါတော့သည်။ မရဏာမင်း၏ အမိန့်သံသည် ကမ္ဘာပေါ်ရှိ မည်သည့်အမိန့်သံကိုမဆို ကျော်လွှားနိုင်စွမ်းရှိပါသည်။ တကယ်တော့ မရဏာမင်းသည် သဘာဝတရား၏ ကိုယ်စားလှယ် ဖြစ်ပါသည်။ သူသည် ဆုံးဖြတ်ချက်ချပြီးက မပြင်တတ်သူ ဖြစ်သည်။ သူဆွဲခေါ်ရမည့် ခန္ဓာအိမ်ရှင်မှာ လုပ်လက်စကုသိုလ် (အကုသိုလ် ဖြစ်ချင်လည်း ဖြစ်နိုင်ပါသည်) အလုပ်တွေ မပြီးပြတ်သေး၍ စောင့်ဆိုင်းနေရိုးထုံးစံမရှိပါ။ သည်အချိန်၊ သည်ကာလတွင် သည်သို့သောအကြောင်းဖြင့် ခန္ဓာအိမ်ရှင်သည် ဇာတ်သိမ်းရမည်ကို အဆိုပါ ခန္ဓာအိမ်ရှင် စတင်ဖြစ်ခဲ့သည့် သန္ဓေသားဘဝကတည်းက (ဇာတိဖြစ် ကတည်းက) စရန်သတ်ခဲ့ပြီးသားဖြစ်ပါသည်။

''မင်း လူဖြစ်ချင်သလား။ အသက်ရှင်ချင်သလား။ ဖြစ်ပါ၊ ရှင်ပါ၊ ဒါပေမယ့် ဒီအချိန်၊ ဒီကာလရောက်ရင်တော့ မင်းကို ငါလာခေါ်မှာနော်၊ အဲဒီကျမှ မင်းငြင်းဖို့ စိတ်မကူးနဲ့''

မရဏာမင်းသည် ဇာတိ၏မိတ်ဆွေကြီးဖြစ်သည်။တစ်နည်းအားဖြင့် ဇာတိဟုဆိုလိုက်သည်နှင့် မရဏာသည် အရိပ်အဖြစ် တစ်ပါတည်း ပါလာပြီးသားဖြစ်သည်။

သာမန်ပုထုဇဉ်တို့သည် မရဏာမင်းကို ဖိန့်ဖိန့်တုန်အောင် ကြောက် ကြသော်လည်း ခန္ဓာအိမ်၏သဘာဝများကို ဆုံးခန်းတိုင် လေ့လာသိမြင်သွားခဲ့ပြီဖြစ်သော အရိယာသူတော်စင်တို့ကမူ ကောင်းမွန်ပျူငှာစွာပင် ဆီးကြိုနေပါသေးသည်။ အရိယာတို့သည်





မရဏာမင်းနှင့် ရင်ဆိုင်တွေ့သည့် အခါ ဖက်လှဲတကင်းရှိလှသည်။ မရဏာမင်းကလည်း ထုံးစံအတိုင်းမို့သာ အရိယာသူတော်စင် ခန္ဓာအိမ်ရှင်တို့ရှေ့မှောက်သို့ ရောက်ခဲ့ရသော်လည်း အခြားသူတွေအပေါ်မှာလို မျက်နှာမမာရဲတော့ပါ။ အကြောက်တရားကို ရရှိထားသူတို့သည် ကိုယ့်ကိုမကြောက်ဘဲ ရဲဝံ့စွာရင်ဆိုင်ရင်း လှိုက်လှိုက်လှဲလှဲကြိုဆိုခြင်းကို ခံရသောအခါ ရွံ့သွားတတ်သည်မှာ သဘာဝတရား တစ်ခုပင်ဖြစ်ပါသည်။ မရဏာမင်းကလည်း သိနှင့်နေပါသည်။ ''သည်ပုဂ္ဂိုလ် တွေ၊သည်ခန္ဓာအိမ်ရှင်တွေကို ငါသည် တစ်ခါပဲ ဒုက္ခပေးလို့ရတော့မယ်၊ နောင်ဘယ်သောအခါမျှ သူတို့နှင့်ငါ ပြန်ဆုံဆည်းခွင့်ရတော့မည်မဟုတ်'' ဆိုသည်ကို မရဏာမင်းသည် သဘောပေါက်နေပါလိမ့်မည်။ ခန္ဓာအိမ်ရှင်ချင်း အတူတူ နောက်ဆုံးခန္ဓာအိမ်ရှင်အဖြစ် ပြင်ဆင်ထားပြီးဖြစ်သည့် အရိယာသူတော်စင်တို့သည် မရဏာမင်းလာခေါ်သည့်ကိစ္စကို ပူဆွေးစရာ၊ ဝမ်းနည်းကြေကွဲစရာ၊သောကဖြစ်စရာအဖြစ် မသတ်မှတ်တော့။ သူတော်စင်တို့တွင် နောက်ထပ်ခန္ဓာအိမ်ဖြစ်စရာ မရှိတော့ပြီ။ နောက်ခန္ဓာအိမ်အစုအပေါင်း၏ အစဖြစ်တည်မှု ဇာတိသည်လည်း ဖြစ်မလာနိုင်တော့ပြီကိုလည်း သူတို့ကိုယ် သူတို့ သိနေပေသည်။

မြင့်မြတ်သူတို့တွင် ဘဝပြန်ဖြစ်စေနိုင်သော အကြောင်းတရားတို့ မရှိကြတော့။ဘဝပြန်မဖြစ်တော့သည်နှင့် ဒုက္ခ၏အပေါင်းအသင်းများဖြစ် သည့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတွေလည်း မကြုံနိုင်တော့။ ''အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော''ဟူသည့် မချစ်မနှစ်သက်သူတို့နှင့် အတူတကွနေထိုင်ရမည့် ဒုက္ခအကျိုးပေး



[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွေလည်းမရှိတော့။ "ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော" ဟူသည့် ချစ်နှစ်သက်သောသူတို့နှင့် ကွဲကွာရခြင်းဒုက္ခအကျိုးပေးတွေလည်း မကြုံရတော့။ မြင့်မြတ်သူတို့တွင် အကြောင်းတရားတွေ ကုန်ဆုံးခဲ့ကြပြီ။ ဘဝဖြစ်စေသော အကြောင်းတရားတွေ ခန်းခြောက်ခဲ့ကြပြီ၊ ဇာတိဖြစ်စေ သော အကြောင်းတရားတွေ ချုပ်ပျောက်သွားခဲ့ကြပြီ။ မည်မျှ အားကျဖွယ် ကောင်းလိုက်ပါသနည်း။

အမုန်တော့ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်၍ ခက်မငါးဖြာ တပ်ဆင် ခံထားကြရသော ခန္ဓာအိမ်ရှင်တွေချည်းဖြစ်ပါသည်။ သို့သော် ဘဝထဲက အချိန်တွေကို အသုံးပြုခဲ့ကြပုံချင်း မတူညီကြသောအခါ အသိဉာဏ် အဆင့် အတန်းတွေ ကွာခြားသွားကြခြင်းဖြစ်သည်။ သဘာဝတရားကြီးသည် လူသားအားလုံး၊ သတ္တဝါအားလုံးကို နေ့နှင့်ညဟူသော ပြောင်းလဲခြင်းသဘော တရားကြီးအား နေ့စဉ်နှင့်အမျှပေးနေပါသည်။ တစ်နည်းအားဖြင့် လူတို့ကိုယ်တိုင်သတ်မှတ်ထားသော'အချိန်'ကာလဆိုသည်ကို လူတို့အား အညီအမျှ ပေးလိုက်ပါ၏။ 'လူ'ဟုခေါ်သော ခန္ဓာအိမ်ရှင်တို့သည် ထို 'အချိန်'တွေကို မည်သို့သုံးစွဲခဲ့ကြသနည်း။

မွေးဖွား၊ အရွယ်ရောက်၊ ကျောင်းနေ၊ ပညာသင်၊ အလုပ်ဝင်၊ အိမ်ထောင်ပြု၊ စီးပွားရှာ၊ ကာမဂုဏ်အာရုံခံစား၊ မျိုးဆက်ဖြန့်၊ အသက်ကြီး၊ အလုပ်မှနား၊ လူရာမဝင်ဖြစ်၊ တတိယအရွယ်ရောက်ပြီ၊ ဘာဝနာလေး ဘာလေး လုပ်ဦးမှပဲဟု စိတ်ကူးဝင် (မဝင်သူတွေလည်းရှိ)၊ ဘုရားရိပ် တရား ရိပ်ချဉ်းကပ်၊ ဘယ်လိုနားလည်ရမလဲကို အစရှာမရ၊ ယောင်ဝါးဝါး၊ စမ်း တဝါးဝါးအသိ





ဖြင့် ရှာဖွေရင်းသေဆုံး၊ သေခါနီးအစွဲမတတ်၊ အာရုံမပြုတတ်သောအခါ တစ်ဘဝလုံး လှိုင်လှိုင်ကြီးသုံးစွဲခဲ့သည့် ပညတ်နိမိတ်တွေပေါ် အာရုံရောက်၊ လားရာဂတိမကောင်း၊ အနိမ့်ဆုံးဘဝဆီ ဦးတည်၊ သံသရာထဲ တိုးဝင်၊ သံသရာ၏သားကောင်ဖြစ်၊ ဆင်းရဲဒုက္ခတွေ ထပ်တလဲလဲခံစားရ၊ ဆင်းရဲကင်းရာဆိုသော အဓိပ္ပါယ်ကို လူ့ခန္ဓာအိမ်ရခဲ့စဉ်က နားလည်အောင် မကြိုးစားခဲ့သည့်အပြစ်ကို ခံရပေပြီ။ ထိုထိုသော ကျွန်တော်တို့လို "လူ" တွေကို (ခန္ဓာအိမ်ရှင်တွေကို) ဘုရားရှင်သည် ကြီးမားလှသော မဟာကရုဏာဉာဏ်တော်ကြီးဖြင့် ရင်နှစ်သည်းချာ သားရတနာတွေကဲ့သို့ သနားကြင်နာစွာဖြင့် ကြည့်တော်မူသွားခဲ့ပေပြီ။

"မောဟ(အဝိဇ္ဇာ)နဲ့မွေး၊ မောဟနဲ့ပျော်၊ မောဟနဲ့သေကြတဲ့လူ တွေပါလား၊ ရခဲလှသော လူ့အဖြစ်ကို တန်ဖိုးမဲ့စွာနေထိုင်ရင်း သေဆုံး သွားကြပါပကောလား"ဟု ဘုရားရှင်သည် ကြီးမားလှသော မဟာကရုဏာ ဖြစ်တော်မူခဲ့ပေမည်။ ကျွန်တော်တို့ကမူ ဘုရားရှင်၏ ဉာဏ်တော်ကွန်ယက် အတွင်း ကျွတ်ထိုက်သော ပုဂ္ဂိုလ်သတ္တဝါအဖြစ် စာရင်းမဝင်နိုင်လောက်အောင် အကုသိုလ်အရှိန်အဝါကြီးမားခဲ့ကြသဖြင့် (ဆိုရလျှင်)ဘုရားရှင်၏ ဉာဏ်တော်ကွန်ယက်အပြင်ဘက်ရောက်နေသဖြင့် ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်ခဲ့သည့် လွန်ခဲ့သောနှစ်ပေါင်း (၂၆၀၀)ကျော်က ကျွတ်တမ်းဝင်ခဲ့ကြသော လူ၊ နတ်၊ ဗြဟ္မာ၊ သိန်းသန်းကုဋေအုပ်စုထဲ၌ ပါမသွားခဲ့ကြခြင်းဖြစ်သည်။ မည်မျှ သံဝေဂရဖွယ် ကောင်းလိုက်ပါသနည်း။

**- တဏှာဆိုတဲ့တရားက အခုမှရှိတာမဟုတ်ဘူး။**



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



**စိတ်ထဲ ကပ်ပြီးတော့ စေတသိက်တစ်ခုအနေနဲ့ ပါနေတဲ့တရားပဲ၊**

- **အကြင်တဏှာသည် ဘဝကိုဖြစ်စေတတ်၏။ နှစ်သက်တတ်၊ မခွဲမခွာနိုင်အောင် စွဲလမ်းနေတတ်သော ရာဂသဘောနှင့်တကွဖြစ်၏။**
- **တဏှာကို အကူအညီပေးတဲ့ အဖော်သဟဲတွေက အဝိဇ္ဇာရယ်၊ အကုသိုလ်၊ ကုသိုလ်ကံတွေရယ်။**
- **သုခဆိုတာ၊ သုခအစစ်မဟုတ်ဘူး။ အကုန်လုံးဖြစ်ပျက်နေတဲ့ ဒုက္ခချည်းပဲ ..။**
- **လူဖြစ်ရပါလို၏။ နတ်ဖြစ်ရပါလို၏လို့ ဆုတောင်းတာဟာ ဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ရပါလို၏လို့ ဆုတောင်းတာနဲ့ အတူတူပဲ။**
- **ဒုက္ခကို ဒုက္ခမှန်းသိဖို့တော့ အရေးကြီးတယ်။ ဒုက္ခကို ပယ်လို့မရဘူး။ ဒုက္ခကိုဖြစ်စေတတ်တဲ့အကြောင်းရင်း တဏှာကိုသာ ပယ်ရမှာပဲ။**
- **အဲဒါကြောင့် ပဋိသန္ဓေနေရခြင်းဆင်းရဲလို့ဆိုတဲ့ ဇာတိဒုက္ခ ကိုကြောက်ရင် သေသေချာချာစဉ်းစားပါ။ အဲဒီဇာတိနဲ့ ဘာကြောင့်တွေ့ကြုံရသလဲ၊ တဏှာလောဘ အရင်းခံပြီး ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ ကံတွေကို ပြုလုပ်ခဲ့လို့ ဇာတိဒုက္ခနဲ့ တွေ့ကြုံရတာ။ ဒီလိုဆိုရင် အဲဒီအရင်းခံတဏှာကို ပယ်ရမယ်။**





- **ဒီခန္ဓာကိုယ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ရှိနေသေးသရွေ့တော့ တဏှာအရင်းခံပြီး ပြုတဲ့ကံတွေကတော့ နှိပ်စက်နိုင်သမျှ နှိပ်စက်နေတာပဲ ...။**

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ အသံတော်ကို ကြားလာရသည်သို့ရှိသည်။ ဆရာတော်ကြီးသည် ဘုရားရှင်၏ တပည့်သား သံဃာတော်ပီသစွာ သာသနာ့တာဝန်ကို မနေမနားထမ်းဆောင် ခဲ့ရင်းမှ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို ထပ်ဆင့်ဟောကြား ရှင်းလင်းပြတော်မူခဲ့ခြင်းဖြစ်ပါသည်။

- **လောကီ ကာမဂုဏ် အာရုံတွေထဲမှာနေတဲ့ စိတ်က လောကီကာမဂုဏ်က ခွဲခွာပြီးတော့ ဘယ်လိုနေမှ သမာဓိရတယ်ဆိုတဲ့ အကြောင်းအရာတွေကို သူဘယ့်နှယ် လုပ်ပြီး သဘောပေါက်မလဲ။ သူ့နေရာနဲ့သူ ရောက်မှ သဘောပေါက်နိုင်မယ်။**
- **တရားနဲ့တန်တဲ့ နေရာရောက်လို့ တရားကို သိမြင်နိုင်လောက်တဲ့အကျင့်ကို ကျင့်လို့ရှိရင် ဒီတရားကို သိမြင်တာပါ။ ကိုယ်တွေ့မြင်ရမှ သေသေချာချာ ယုံလာတာပါ။**

ဆရာတော်၏ တရားသံကို ကြားယောင်နေမိရင်းမှပင် ကျွန်တော့် အာရုံတွင် မိဂဒါဝုန်တောအတွင်း၌ ပဥ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာတရား ဟော တော်မူနေသော ဘုရားရှင်ကို မှန်းဆမြင်ယောင်လာသည်။ ငြိမ်းအေးသော ရသတစ်ခုသည် ရင်ထဲ၌ဖြစ်



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

တည်လာသည်သို့ ထင်ရသည်။ မျက်မြင်မဟုတ်ပါဘဲနှင့် မှန်းဆ မြင်ယောင်ရုံမျှဖြင့်ပင် တရားတော်သည် အေးမြလွန်းလှပါတကား။

- **စက္ခုဥဒါပါဒိ** = **ငါဘုရားတွင် ရှင်းရှင်းလင်းလင်း သိမြင်နိုင်သော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာခဲ့ပေပြီ။**
- **ဉာဏံဥဒါပါဒိ** = **ငါဘုရားတွင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာက စ၍ ဤခန္ဓာအိမ်သည် ဒုက္ခပဲဟုသိမြင်နိုင်သော ဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာခဲ့ပေပြီ။**
- ပညာဥဒါပါဒိ = **ငါဘုရားတွင် အမျိုးမျိုးအဖုံဖုံ သိနိုင်သော ပညာဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာခဲ့ပေပြီ။**
- **ဝိဇ္ဇာဥဒါပါဒိ** = **ငါဘုရားတွင် ထိုးထွင်း၍ သိမြင်နိုင်သော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ် ပေါ်လာခဲ့ပေပြီ။**
- **အာလောကော ဥဒါပါဒိ** = **ငါဘုရားတွင် မောဟအမှောင်ကိုပယ်ဖျောက်နိုင်သော ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာခဲ့ပေပြီ။**



## မြသန်းစံ

ကြည်ညိုလေးမြတ်စိတ်ကြောင့်ပင် ဘုရားရှင်၏ အသံတော်ကိုပါ ကြားလာရသလို ထင်ရသည်။ဘုရားရှင်သည် ဒုက္ခသစ္စာကို ဖွင့်ဆိုပြသည်။ ထို့နောက် ဒုက္ခဟူသော အကျိုးဖြစ်ပေါ်လာစေသည့် သမုဒယသစ္စာဟူသော အကြောင်းတရားကို ရှင်းပြသည်။ တစ်ဖန် ဒုက္ခအပေါင်းချုပ်ငြိမ်းကင်း ပျောက်ရာဖြစ်သော နိရောဓသစ္စာကို ဟောကြားရှင်းပြသည်။ ထို့နောက် ဒုက္ခအပေါင်းချုပ်ငြိမ်းကင်းပျောက်ရာဖြစ်သော နိဗ္ဗာန်တည်းဟူသော အကျိုးတရား ဖြစ်ထွန်းပေါ်ပေါက်စေမည့် အကြောင်းတရား အကျင့်မြတ်ဖြစ်သည့် မဂ္ဂသစ္စာတရားကို ဟောကြားတော်မူလေသည်။

ဘုရားရှင်၏ သစ္စာလေးပါး ရှင်းပြပုံသည် ကွင်းဆက်မိလှသည်။

ပထမ – လောကီနယ်၏အကျိုးသစ္စာနှင့် အကြောင်းသစ္စာနှစ်ပါး ကို အရင်ရှင်းပြသည်။ **ဒုက္ခသစ္စာ** နှင့် **သမုဒယသစ္စာ**။

ဒုတိယ – လောကုတ္တရာနယ်၏ အကျိုးသစ္စာနှင့် အကြောင်းသစ္စာနှစ်ပါးကိုရှင်းပြသည်။ **နိရောဓသစ္စာ** နှင့် **မဂ္ဂသစ္စာ**။

အကျိုးလိုချင်လျှင် အကြောင်းလုပ်။ အကြောင်းလုပ်လျှင် အကျိုး ဖြစ်မည်။

ပထမအဆင့်ဖြစ်သည့် လောကီနယ်ထဲ၌သာ ကျင်လည်ကျက်စား နေချင်လျှင် သမုဒယတွေမွေး၊ သမုဒယသစ္စာကိုလုပ်၊ တဏှာနှင့်အဝိဇ္ဇာ နှင့်မွေ့လျော်၊ ထိုအကြောင်းတွေကို အထပ်ထပ် လုပ်နေမိလျှင် ဒုက္ခဟူသော အကျိုးတရားကို မလွဲမသွေရလိမ့်မည်။ ပြေး၍မလွတ်။



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒုတိယအဆင့်ဖြစ်သည့် လောကီမှလွန်မြောက်သည့် လောကုတ္တရာ နယ်၌ ငြိမ်းအေးမှုအကျိုးကို လိုချင်လျှင် မဂ္ဂသစ္စာကိုကျင့်၊ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်ဖြင့် နေထိုင်ကျင့်ကြံ၊ ထိုသို့ စောင့်ထိန်းလိုက်နာ ကျင့်ကြံသောအကြောင်းကြောင့် နိရောဓသစ္စာတည်းဟူသော ချုပ်ငြိမ်းခြင်းအကျိုးကို မလွဲမသွေရလိမ့်မည်။ ကေန်အမှန်။

ရှင်းရှင်းကလေးဖြစ်ပါသည်။ တရားတော်က ရှင်းသလောက် နားလည်နိုင်ဖို့လည်း ခက်လှပါသည်။ ရိုးရိုးကလေးသိလိုက်ရင်ဖြင့် လွယ်လွယ် ကူကူနားလည်သွားနိုင်ပါသည်။အဆန်းတကြယ် စိတ်ကူးဉာဏ်တွေ ကွန့်မြူး လျှင် အာရုံတွေရှုပ်ထွေးပြီး နားလည်နိုင်ဖို့ ဝေးသည်ထက် ဝေးသွားပါလိမ့်မည်။

သစ္စာဟူသည် အမှန်တရားဖြစ်ပါသည်။ အမှန်တရားကတော့ သူ့ ဘက်မှတာဝန်ဝတ္တရားအတိုင်း မပျက်မကွက်ပြသနေမည်သာတည်း။ ကျွန်တော်တို့ဘက်ကသာ ကြည့်တတ်ဖို့လိုပါသည်။ စိတ်ပါဝင်စားစွာနှင့် ကြည့်ချင်လိုစိတ်လည်း ရှိရပါမည်။ စိတ်ကအဆန်းကြိုက်သည်။ အပြောင်း အလဲကြိုက်သည်။ တရားတော်က ရိုးသည်။ မပြောင်းမလဲ မဖောက်မပြန် အမြဲရှိနေသည်။ (တစ်နည်းအားဖြင့် ဖောက်ပြန်ပြောင်းလဲခြင်းကို အမြဲပြသနေသည်) အကြည့်ခံဘက်က သည်အတိုင်း၊ သည်အတိုင်း ...။ ကြည့်သူ ဘက်ကသာ ကြည့်ချင်လိုက်၊ မကြည့်ချင်လိုက်နှင့် အပြောင်းအလဲများနေခြင်း ဖြစ်ပါသည်။ တကယ်တော့ နောက်ဆုံးတွင် ကြည့်သူဟူ၍လည်း မရှိပါ။ အကြည့်ခံဟူ၍လည်း မရှိပါ။ ကြည့်





သူ၊ အကြည့်ခံမရှိတော့မှသာ ပုဂ္ဂိုလ် သတ္တဝါ ငါပဲ၊ သူပဲဟူသော အစွဲများသည် သဘာဝတရားကြီးထဲတွင် ပျော်ဝင်ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ထိုအခါ သဘာဝတရားကို ခံစားနေသော ပုဂ္ဂိုလ်သတ္တဝါဟူသည် မရှိတော့ပါ။''ငါ ..ငြိမ်းချမ်းတဲ့အာရုံတွေ ခံစားခွင့်ရနေတယ်၊ ခံစားနေရတယ်၊ ငါချမ်းသာနေလိုက်တာ'' ဟူသော သဘောထားအမြင်ခံယူချက်သည်ပင်လျှင် ငြိမ်းချမ်းမှုကို အတ္တတံဆိပ်တုံး အတင်းရိုက်နှိပ်ထားသည်နှင့်တူနေပါသည်။ အမှန်တော့ ငြိမ်းချမ်းမှုသာလျှင် သဘာဝ၏အရင်းအမြစ်ဖြစ်ပါသည်။ ငြိမ်းချမ်းမှုကို ခံစားသူဟူ၍ မရှိပါ။ ငြိမ်းချမ်းမှုကို ခံစားခွင့်ရနေသူဟု ကိုယ့်ကိုယ်ကိုစွဲမှတ်နေလျှင်လည်း အပြီးတိုင် လွတ်မြောက်သွားသူဟု ခေါ်၍မရနိုင်သေးပါ။ ကမ်းမြင်နေသော်လည်း လှော်ခတ်နေရဆဲ၊ ပင်ပန်းနေဆဲပုဂ္ဂိုလ်သာ ဖြစ်နေပါမည်။ ကမ်းသို့ကပ်ပြီး လှော်ခဲ့သောလှေ၊ ခတ်ခဲ့သောတက်နှင့် ဖြတ်ခဲ့သော ရေပြင်ကျယ်ကို နောက် လှည့်မကြည့်စတမ်း ထွက်ခွာ၍ ကမ်းတက်သွားမှသာလျှင် အပြီးတိုင် လွတ်မြောက်သွားသူဖြစ်ပါလိမ့်မည်။

ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မကို လေ့လာခဲ့ကြသည့် လူသားတွေထဲတွင် ဘုရားရှင်သည် သဘာဝဓမ္မကို ကျယ်ကျယ်ပြန့်ပြန့် မြင့်မြင့်မားမား အသိနိုင်ခဲ့ဆုံးသော အတုမရှိ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘုရားရှင်၏ အနှိုင်းမဲ့သဗ္ဗညုတဉာဏ်တော်ဖြင့် ချမှတ်ခဲ့သော မဂ္ဂင်လမ်းကြောင်းပေါ်မှတစ်ဆင့် သဘာဝဓမ္မကို အဆင်သင့်လေ့လာသွားကြရုံပဲဖြစ်ပါသည်။ သည်နည်းလမ်း



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း

အမှန်၊ လမ်းကြောင်းအမှန် တွေ့နိုင်ဖို့အတွက် ဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း အနှစ်နှစ်ကာ ပါရမီဖြည့်ဆည်းခဲ့ရသည်ကိုလည်း မျှဝေခံစား စာနာနားလည်နိုင်ဖို့ လိုပါသည်။ လွယ်လွယ်ကူကူနှင့်သိခဲ့ရသော သစ္စာတရားမျိုး မဟုတ်ပါ။ မတန်မဆသော အရင်းအနှီးတွေ ပေးဆပ်ခဲ့ပြီးမှ သိခဲ့ရသော သစ္စာလေးပါး မြတ်တရားဖြစ်ပါသည်။ သည်သစ္စာလေးပါးမြတ်တရားကို ကျွန်တော်တို့ သိခွင့်ရစေဖို့အတွက် ဘဝအဆက်ဆက်တွင် ဘုရားရှင်ကိုယ်တော်တိုင် အရင်းအနှီးပြုခဲ့ရသော ခန္ဓာအိမ်ပေါင်းကား မနည်းလှပါ။သာမန်ပါရမီတို့ထက် ထူးကဲပေးဆပ်ရသော ဥပပါရမီ၊ ပရမတ္ထပါရမီစသည့် အရင်းအနှီးကြီးတွေ ပေးဆပ်ခဲ့ပြီးမှ သိမြင်ခွင့်ရခဲ့ရသော သံသရာလွတ်ရာ သစ္စာတရား ဖြစ်ပါသည်။

သစ္စာတရားအမှန်ကို သိမြင်တော်မူသော ဉာဏ်တော်တို့ ကိန်းဝပ်ရာ ဘုရားရှင်ဖြစ်ခဲ့၍လည်း ''လက်ဖျစ်တစ်တွက်လောက်မျှပင် ဖြစ်သော ဘဝကို ငါဘုရားချီးမွမ်းတော်မမူ၊ လက်ဖျစ်တစ်တွက်စာမျှသော ဘဝသည် ပင်လျှင် မစင်ကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှ၏'' ဟု ဆုံးမတော်မူခဲ့ခြင်းမှာ အကြောင်းရှိပါသည်။ ဘုရားရှင်ကတော့ အပြီးတိုင်လွတ်မြောက်သွားခဲ့ပြီးသူ ဖြစ်ပါသည်။ အဓိကမှာ ကျွန်တော်တို့၏ အကျိုးအတွက်သာဖြစ်ပါသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊မရဏဟူသော ဘဝစက်ဝန်းထဲတွင် ချာချာလည်နေခြင်းဖြင့် တစ်ဘဝပြီးတစ်ဘဝ ဒုက္ခများနေရမည့်အဖြစ်ကို ဘုရားရှင်သည် ကြည့်မြင်တော်မမူရက်၍ဖြစ်ပါသည်။ ထို့ကြောင့် ဒုက္ခကို ဒုက္ခမှန်းသိဖို့နှင့် ဒုက္ခမှန်းအမှန်တကယ်သိလာသည့်အချိန်တွင်



## မြသန်းစံ

ဒုက္ခကိုစွန့်ပယ်နိုင်သည့် အသိနှင့်အကျင့်တွေ မွေးမြူကျင့်ကြံနိုင်ဖို့အတွက် တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် အနမတဂ္ဂသံသရာတွင် ဘဝများစွာ အထပ်ထပ်ကျင်လည်ခဲ့ပြီးမှ ဒုက္ခအပေါင်း၏ တရားခံအစစ်ကို တွေ့ရှိခဲ့သဖြင့် ဘုရားရှင်တည်းဟူသော နောက်ဆုံးခန္ဓာအိမ်မှတစ်ဆင့် အောက်ပါ အတိုင်း ကျူးရင့်တော်မူခဲ့လေသည်။

**– အနေကဇာတိ သံသာရံ၊ သန္ဓာ ဝိသံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။**
**– ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။**
**သဗ္ဗာ တေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။**
**– ငါ၏ ဘဝခန္ဓာအမျိုးမျိုးကို တည်ဆောက်လာသော**
**ဟယ် ...တဏှာလက်သမား ...၊**
**ငါသည် သင့်ကို အမှန်တကယ် မသိခဲ့သောကြောင့်**
**သင့်ကိုရှာဖွေရင်း ဘဝများစွာသံသရာပတ်လုံး**
**တပြောင်းပြန်ပြန် ကျင်လည်ပြေးလွှားခဲ့ရပြီးပြီ။**
**ယခုမူ ငါသည် သင့်ကိုတွေ့ပြီ။**
**ဤအချိန်ကစပြီး သင်သည် ငါ့အတွက် ဘဝခန္ဓာ**
**အသစ် ထပ်မံဖြစ်အောင် လုပ်ခွင့်ရတော့မည်**
**မဟုတ်။ ငါသည် သင့်ခန္ဓာအိမ်ရဲ့ အခြင်ရနယ်**
**တွေကိုလည်း ဖျက်ချလိုက်ပြီ။**
**အမိုးစွန်းအထွတ်ကိုလည်း လှဲလိုက်ပြီ။**



http://sagarwarmyae.net/ စကားဝါမြေမှ ကြိုဆိုပါတယ်......။

**ယခုငါ့စိတ်သည် သင်၏နယ်ပယ်မှ လုံးဝကင်းလွတ်**
**သော နိဗ္ဗာန်ကို မြင်နေပြီ။**
**ငါ့ရဲ့စိတ်သည် သင့်တဏှာရဲ့နယ်မှ လွတ်ပြီ၊**
**ကျွတ်ပြီ ....။**

ကြက်သီးမွေးညင်းများပင် ထမိသည်။ ဤဥဒါန်းကျူးရင့်မှုမျိုးကို ကျွန်တော်တို့သည် မည်သည့်အချိန်တွင် ကျူးရင့်နိုင်မည်နည်း။ ယုံယုံကြည်ကြည်၊ ကြိုးကြိုးစားစားဖြင့် သတိပဋ္ဌာန်အကျင့်မြတ်ကို ဆက်လက် ကျင့်ကြံအားထုတ်သွားမည်ဆိုလျှင် ကျွန်တော်တို့သည်လည်း တစ်ချိန်သောအခါ၌ ကိုယ်ပိုင်ဉာဏ်ထင်ဟပ်လျက် ဤကဲ့သို့ကျူးရင့်နိုင်မည်ဖြစ် ပါသည်။ ဘယ်အချိန်၊ ဘယ်ကာလဟု အချိန်အပေါ်တွင် အာရုံပြုပြဋ္ဌာတ် မထားဘဲ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်သွားဖို့ဖြစ်ပါသည်။ ဘယ်အချိန်၊ ဘယ်ကာလမှာ ဘယ်လိုပုံစံလေးနဲ့ဆိုလျှင်ဟု အစွဲတွေထားလျှင် ပဉ္စတ်နယ်ထဲမှာပင် တဝဲလည်လည်ရှိနေပါလိမ့်မည်။ အတ္တရှိနေသရွေ့ အနတ္တကို သိခွင့်မရပါ။ ပညတ်ဖုံးနေသရွေ့ ပရမတ်ကို မမြင်ပါ။ အမှားကာနေသမျှ အမှန်ကို မတွေ့ပါ။ အမှားအယူ မိစ္ဆာဒိဋ္ဌိနယ်ပယ်၌ ခြေချနေမိသေးသမျှ အမှန်အယူ သမ္မာဒိဋ္ဌိနယ်ပယ်သို့ ခြေဦးလှည့်နိုင်မည်မဟုတ်ပါ။ အရေးကြီး သည်မှာ အခါမလပ်ဖြစ်ပေါ်နေသော ကိလေသာတွေနှင့် ရင်ဆိုင်ရင်းမှ ကိလေသာတွေ မျက်ခြည်ပြတ်နိုင်မည့် အခွင့်ကောင်းကို ဉာဏ်ကြီးကြီး သတိရှိရှိနှင့် စောင့်ဆိုင်းနေဖို့ပဲဖြစ်ပါသည်။ တစ်သံသရာလုံးပေါင်းဖက်လာခဲ့သော ကိလေသာတွေကလည်း လွယ်လွယ်ကူကူနှင့် မျက်ခြည်





ဖြတ်ခွင့် ပေးလိမ့်မည်မဟုတ်ပါ။ တရားလမ်းကြောင်းသည် လောကြီး၍လည်းမရ၊ ဆန္ဒစော၍လည်းမရ၊ လိုချင်လွန်း၍လည်းမရဆိုသည်ကို ကျွန်တော်အထိုက်အလျောက် သဘောပေါက်လာခဲ့ရပြီဖြစ်ပါသည်။ သည်လမ်းကြောင်း ပေါ်တွင် အချိန်အဆမှန်ကန်ဖို့နှင့် ကိုယ့်ကိုယ်ကို အရိုးသားဆုံး နားလည်နိုင်ဖို့သည် အရေးကြီးလှပါသည်။

တစ်ချိန်တွင် ကျွန်တော်သည်လည်း ယခုလက်ရှိရထားသော ခန္ဓာအိမ်ကြီးကို အပြီးတိုင်စွန့်လွှတ် စွန့်ခွာသွားရပါမည်။ မည်သို့မည်ပုံ စွန့်လွှတ် စွန့်ခွာသွားမည်ဆိုသည်ကိုမူ ဘဝ၏နောက်ဆုံးအချိန်အထိ ကိုယ့် ခန္ဓာအိမ်အရင်းပြု၍ သဘာဝဓမ္မတို့အား ကျွန်တော်မည်ကဲ့သို့ ဆက်လက်လေ့လာ သိမြင်သွားသည်ဆိုသည့်အပေါ်၌ မူတည်နေပါသည်။

အကယ်၍သာ ဘုရားရှင်၏ အဆုံးအမအတိုင်း သဘာဝဓမ္မကို ကျွန်တော့်ခန္ဓာအိမ်ပေါ်မှတစ်ဆင့် မျက်ဝါးထင်ထင် တွေ့မြင်သွားနိုင်ခဲ့လျှင်မူ .....။

**မြသန်းစံ**
**၂၄-၁၁-၂၀၀၀**
**(ပုဂံညောင်ဦးမြို့)**

❍

# ကျမ်းကိုးစာရင်း


၁။ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီပေါင်းချုပ် (ပ၊ ဒု၊ တတွဲများ)နှင့် လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး။

၂။ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာန်တရားတော်၊

၃။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ။

၄။ မဟာစည်ဆရာတော်ဘုရားကြီး၏
(က) ဝိသုဒ္ဓိမဂ် မြန်မာပြန် (ပ၊ ဒု၊ တ၊ စတုတ္ထတွဲများ)
(ခ) ဝိပဿနာရှုနည်း (ပ၊ ဒု)
(ဂ) နိဗ္ဗာန်ဆိုင်ရာတရားတော်၊
(ဃ) ဗောဇ္ဈင်တရားတော်၊

၅။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် (ပထမတွဲမှ ဆဋ္ဌမတွဲအထိ)

၆။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏
(က) ဓမ္မစကြာတရားတော်၊
(ခ) အနတ္တလက္ခဏသုတ်တရားတော်၊
(ဂ) အခြေပြုပဋ္ဌာန်းတရားတော်၊

၇။ မော်ဘီသာသနာ့ဝန်ဆောင်ဆရာတော် အရှင်ကုမာရ၏ ဓမ္မပဒပန်းကုံး။

၈။ ဆရာတော် အရှင်ဓမ္မသာမိဘိဝံသ၏ ဓမ္မပဒဝတ္ထုတော်ကြီး (ပ၊ ဒုတွဲ)

၉။ သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရ၏ ဝိဇယသုတ္တန်အသံသွင်းတရား(၁၅)ခွေတွဲနှင့်ဟောစဉ် တရားတိပ်ခွေများ။

၁၀။ မဟာဗောဓိမြိုင်ဆရာတော်၏
(က) ပဋိဘာနဉာဏဒဿနကထာကျမ်း (ပ၊ ဒု)
(ခ) ပဋိပက္ခဥဒ္ဒေသကကထာ၊
(ဂ) နယ သင်္ခေပကထာ၊
(ဃ) ဟောစဉ်တရားတိပ်ခွေများ။

၁၁။ ဓမ္မဒူတ အရှင်ပညာဇောတ၏
(က) မွေးမေ့မေတ္တာ၊
(ခ) ဟောစဉ်တရားတိပ်ခွေများ။

၁၂။ ဆရာတော် ဦးဇောတိက(မဟာမြိုင်တောရ)၏ ဟောစဉ်တရား တိပ်ခွေများ။

၁၃။ ငွေဥဒေါင်း၏ ဗုဒ္ဓစာပန်းချီ (ပထမတွဲမှ ဆဋ္ဌမတွဲထိ)

၁၄။ သစ္စာဒီပက ဆရာကြီးဦးကြည်၏
(က) မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်၊
(ခ) ဒိဋ္ဌဓမ္မာ၊
(ဂ) မဇ္ဈိမပဋိပဒါရှင်းချက်၊

၁၅။ ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ။

၁၆။ ဦးလှခင် (ဆန်းညွန့်ဦး)၏ ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး။
၁၇။ ဦးဟုတ်စိန်၏ ပါဠိမြန်မာအဘိဓာန်၊
၁၈။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊
၁၉။ ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပ၊ ဒု)
၂၀။ ဆရာကြီး ဦးရွှေအောင်၏
(က) ကိုယ်ကျင့်ဗုဒ္ဓဝင်၊
(ခ) လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်၊
၂၁။ ဦးဆန်းလွင် ၊ ဦးဟန်ငွေး (သုတေသန) ဘာသာပြန်
(ဂိုးလ်စတိန်း၏ ကိုယ်တွေ့ဝိပဿနာ)

